THE CARTER CENTER

# ၂၀၁၅ မြန်မာနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ခြင်း

## အစီရင်ခံစာ

## အကြောင်းအရာများ


မြန်မာပြည်မြေပုံ ..........၅
အဓိကအချက်အလက်များ..........၆
မြန်မာနိုင်ငံရှိကာတာစင်တာ ..........၁၆
ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနည်းလမ်းများ ..........၁၈
ရွေးကောက်ပွဲအကဲဖြတ်ရန်သတ်မှတ်ချက် ..........၁၉
ရွေးကောက်ပွဲကြိုစောင့်ကြည့်လေ့လာခြင်းနှင့်ရေရှည်စောင့်ကြည့်လေ့လာသူများစေလွှတ်ခြင်း ..........၂၀
ရေတိုလေ့လာစောင့်ကြည့်သူများစေလွှတ်ခြင်း ..........၂၁
ခေါင်းဆောင်မှုကိုယ်စားလှယ်အဖွဲ့ ..........၂၂
ရွေးကောက်ပွဲနောင်းပိုင်းလေ့လာစောင့်ကြည့်ခြင်း ..........၂၂
နိုင်ငံရေးနောက်ခံသမိုင်း..........၂၃
ပြုပြင်ပြောင်းလဲရေးအတွက်တောင်းဆိုချက်များနှင့် ၁၉၉၀ ရွေးကောက်ပွဲ ..........၂၄
၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ..........၂၅
၂၀၁၀ ခုနှစ်ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ..........၂၆
တိုင်းရင်းသားပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေးစေ့စပ်ဆွေးနွေးခြင်းများ..........၂၇
ရခိုင်ပြည်နယ်နှင့်ရပ်ရွာပဋိပက္ခ..........၂၉
ရွေးကောက်ပွဲဆိုင်ရာဓလေ့ထုံးစံများနှင့်အထွေထွေရွေးကောက်ပွဲများအတွက်မူဘောင် ..........၃၁
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင် ..........၃၁
ဥပဒေရေးရာမူဘောင်..........၃၄
ရွေးကောက်တင်မြှောက်ပွဲစနစ်..........၃၅
နယ်နိမိတ်သတ်မှတ်ခြင်း ..........၃၆
ရွေးကောက်ပွဲစီမံခန့်ခွဲမှု..........၃၈
ဖွဲ့စည်းပုံ..........၃၉
ခန့်အပ်တာဝန်ပေးခြင်းလုပ်ငန်းစဉ် ..........၃၉
လွတ်လပ်မှုနှင့်စွမ်းဆောင်နိုင်မှု..........၄၀
ပွင့်လင်းမြင်သာမှု ..........၄၁
မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း ..........၄၂
မဲဆန္ဒရှင်စာရင်းများပြင်ဆင်မွမ်းမံခြင်း ..........၄၃
မဲလွှဲပြောင်းခြင်းနှင့်ပြည်တွင်းရွှေ့ပြောင်းမဲဆန္ဒရှင်များ..........၄၅
ကိုယ်စားပြုခြင်းနှင့် မဲဆန္ဒရှင်စာရွက်များ..........၄၆
ယာယီမှတ်ပုံတင်ကိုင်ဆောင်သူများ ..........၄၇
ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ ..........၄၈
အရည်အချင်းပြည့်မီသောကိုယ်စားလှယ်လောင်းများ ..........၄၈

ကိုယ်စားလှယ်လောင်းကန့်သတ်ချက်များ ............................................................................ ၄၉
ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း .............................................................................. ၄၉
ကိုယ်စားလှယ်လောင်းစီစစ်ရေးလုပ်ငန်းစဉ် ........................................................................ ၅၀
ကိုယ်စားလှယ်လောင်းအရည်အချင်းမပြည့်မီခြင်းအားအယူခံဝင်ခြင်းနှင့်သုံးသပ်ချက် ............................. ၅၂
မဲဆန္ဒရှင်ပညာပေးခြင်း ............................................................................................ ၅၄
ရွေးကောက်ပွဲအကြိုနိုင်ငံရေးစည်းရုံးလှုံ့ဆော်သောကာလ ...................................................... ၅၆
ရွေးကောက်ပွဲအကြိုနိုင်ငံရေးလုပ်နိုင်ခွင့်များ..................................................................... ၅၆
မဲဆွယ်စည်းရုံးခြင်းကာလ ........................................................................................... ၆၀
နိုင်ငံရေးပါတီများ ................................................................................................... ၆၀
မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်ခြင်း ............................................................................. ၆၂
မဲဆွယ်စည်းရုံးရေးတွင် မီဒီယာ၏ ဖြန့်ကျက်နိုင်မှု............................................................... ၆၄
ရွေးကောက်ပွဲ ဖျက်သိမ်းခြင်းနှင့် လက်နက်ကိုင်အဖွဲ့များ ချုပ်ကိုင်ရာဒေသများတွင် မဲဆွယ်စည်းရုံးခြင်း ....... ၆၅
စည်းရုံးလှုံ့ဆော်ရေးကာလအတွင်းဘာသာရေးကွဲပြားမှုများအပေါ် လက်ခံနိုင်မှု မရှိခြင်း ........................ ၆၆
မဲဆွယ်စည်းရုံးရေး ကုန်ကျငွေ စီမံမှု ........................................................................... ၆၈
မဲပေးခြင်း၊မဲရေတွက်ခြင်းနှင့်ရလာဒ်များအားထည့်သွင်းခြင်း ..................................................... ၇၁
ကြိုတင်မဲပေးခြင်း .................................................................................................. ၇၂
ရွေးကောက်ပွဲနေ့..................................................................................................... ၇၃
မဲရုံဖွင့်လှစ်ခြင်း ..................................................................................................... ၇၄
မဲပေးခြင်း ............................................................................................................. ၇၅
မဲရုံပိတ်ခြင်းနှင့်ရေတွက်ခြင်း ...................................................................................... ၇၈
မဲများကိုဇယားကွက်တွင်ထည့်သွင်းဖော်ပြခြင်း ................................................................. ၈၁
ရလာဒ်ကြေငြာခြင်း................................................................................................... ၈၃
ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင်အမျိုးသမီးများပူးပေါင်းပါဝင်ခြင်း ........................................... ၈၄
ရွေးကောက်ပွဲအုပ်ချုပ်ရေး............................................................................................ ၈၆
ရွေးကောက်ပွဲလုံခြုံရေး .............................................................................................. ၈၇
ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း............................................................................ ၈၉
အရပ်ဖက်မှ လူမှုစောင့်ကြည့်လေ့လာသူများအဖွဲ့အတွက် အခွင့်အလမ်း.......................................... ၉၀
နိုင်ငံတကာစောင့်ကြည့်လေ့လာခြင်း ............................................................................... ၉၁
ရွေးကောက်ပွဲ အငြင်းပွားမှုဖြေရှင်းခြင်း.......................................................................... ၉၂
ရဲတပ်ဖွဲ့တိုင်ကြားမှုများနှင့်ဖြန့်ဖြေရေးကော်မတီ၏အခန်းကဏ္ဍ .................................................. ၉၄
ရွေးကောက်ပွဲပြီးနောက် ကန့်ကွက်တိုင်ကြားခြင်းများ ........................................................... ၉၅
ရွေးကောက်ပွဲအပြီးဆွေးနွေးညှိနှိုင်းမှုများ ........................................................................ ၉၉
အကြံပြုချက်များ .................................................................................................... ၁၀၀
မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်ထောင်စုလွှတ်တော်သို့ ........................................................... ၁၀၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ........................................................................၁၀၄
စကားလုံး၊ဝေါဟာရနှင့်အတိုကောက်များ ........................................................................၁၀၉

မြန်မာနိုင်ငံမြေပုံ


INDIA
Kachin
CHINA
Sagaing
MYANMAR
Chin
Shan
Mandalay
LAOS
Magway
Rakhine
Naypyidaw
Kayah
Bago
THAILAND
Kayin
Yangon
Ayeyarwady
Mon
Tanintharyi

## အဓိကအချက်အလက်များ

၂၀၁၅၊နိုဝင်ဘာ၈ရက်နေ့ တွင်မြန်မာနိုင်ငံတွင်၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံသောအထွေထွေရွေး ကောက်ပွဲကိုကျင်းပခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင်သပိတ်မှောက်ပြီးရွေးကောက်ပွဲမဝင်ခဲ့သူများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ကာတာစင်တာသည် မြန်မာ့ရွေးကောက်ပွဲဖြစ်စဉ်ကို၂၀၁၄၊ ဒီဇင်ဘာလ မှ ၂၀၁၆ မတ်လအထိလေ့လာခဲ့ပါသည်။ ရွေးကောက်ပွဲနေ့နှင့် ယခင်လများအတွင်း ၎င်းတို့၏ နိုင်ငံရေးပိုင်းဆိုင်ရာအခွင့်အရေးကို ဂုဏ်သိက္ခာရှိရှိ စိတ်အားထက်သန်စွာဖြင့် ကျင့်သုံးခဲ့ကြသည့် မြန်မာနိုင်ငံရှိပြည်သူများကို ကာတာစင်တာမှ ဂုဏ်ပြုအပ်ပါသည်။ ၎င်းတို့သည် ဆန္ဒမဲပေးသူများ၊ လေ့လာစောင့်ကြည့်သူများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတာဝန်ရှိအရာရှိများ၊ လူမှုအဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများအဖြစ်ဖြင့် ဒီမိုကရေလုပ်ငန်းစဉ်တွင် ပါဝင်ထမ်းဆောင်ကြခြင်းသည် မှတ်မှတ်သားသားဖြစ်ရုံမက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြည့်ဝသည့် ရွေးကောက်ပွဲဖြစ်စေမှုကို စနစ်ကျစွာ ဟန့်တားထားသည့် အရာအမျိုးအပြားကို ပြန်လည်ထိန်းညှိရန်အတွက် အလွန်အရေးပါလှပါသည်။ အားနည်းချက်အချို့ ရှိနေသေးသော်လည်း ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်အရ မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် တည်ရှိနေပြီး လိုအပ်သည့်ပန်းတိုင်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး၊အမျိုးသားရင်ကြားစေ့ရေးပန်းတိုင်ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူတကွ ပူးပေါင်းပါဝင်သွားရန် အလွန်ပင်အရေးကြီးပါသည်။

ကာတာစင်တာသည် မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်မှ စတင်ကာ ရန်ကုန်တွင် ရုံးခန်းဖွင့်လှစ်ထားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ၏ဖိတ်ကြားမှုဖြင့် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ကာ ၂၀၁၅ခု နှစ်ဇူလိုင်လအတွင်းတွင်ကာတာစင်တာသည်ရွေးကောက်ပွဲအကြိုကာလနှင့်ပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို စုစည်းရယူနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များအားလုံးသို့ ရေရှည်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား စေလွှတ်ခဲ့သည်။ ၂၀၁၅ခုနှစ်၊ မတ်လ၃၀ရက်နေ့တွင် UEC သည် ကာတာစင်တာအား ၂၀၁၅ ရွေးကောက်ပွဲများအား လေ့လာစောင့်ကြည့်ရန် တရားဝင်ဖိတ်ကြားခဲ့သည်။ ဇူလိုင်လ (၈) ရက်တွင် UEC သည် ရွေးကောက်ပွဲများအား နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ဩဂုတ်လ (၁) ရက်တွင် ကာတာစင်တာသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်ကို တရားဝင်စတင်ခဲ့ပြီးရွေးကောက်ပွဲပြင်ဆင်နေမှုများနှင့် မဲဆွယ်စည်းရုံးရေးကာလများကို စောင့်ကြည့်အစီရင်ခံရန် ရေရှည်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ပြန်လည်စေလွှတ်ခဲ့သည်။ ရေရှည်လေ့လာသူ ၆ယောက်နှင့်အတူ ရန်ကုန်အခြေစိုက် အထူးပြုအဖွဲ့ဝင် ၄ယောက်ဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့်လုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကာတာစင်တာသည် တိုင်းနှင့်ပြည်နယ်အားလုံးရှိ မဲရုံပေါင်း ၂၄၅ရုံတွင် မဲထည့်ခြင်းနှင့် မဲရေတွက်ခြင်းတို့ကို လေ့လာစောင့်ကြည့်ရန် စောင့်ကြည့်လေ့လာသူ ၆၂ဦးအား စေလွှတ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူ အဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၂၅နိုင်ငံမှ လာရောက်ကြခြင်းဖြစ်သည်။ ကာတာစင်တာသည် ကနဦးထုတ်ပြန်ချက်အား ရွေးကောက်ပွဲအပြီး နှစ်ရက်အကြာတွင် ထုတ်ပြန်ခဲ့နိုင်ခဲ့သည်။ စောင့်ကြည့်လေ့လာခြင်းအား ကာတာစင်တာ၏ အဓိကဘုတ်အဖွဲ့ဝင်ဖြစ်သော ဂျေဆင်ကာတာ၊ အိုင်ယာလန်နိုင်ငံ

သမ္မတဟောင်း မေရီရော်ဘင်ဆင် နှင့် နီပေါရွေးကောက်ပွဲကော်မရှင် ဥက္ကဌဟောင်း ဘို့ချ်ရပ်ချ် ပိုခရယ်လ်တို့မှ အတူတကွဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ကာတာစင်တာ၏ ရွေးကောက်ပွဲလေ့လာရေး မစ်ရှင်သည် အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာရေးစံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

**နောက်ခံသမိုင်း**

၂၀၁၅ ရွေးကောက်ပွဲသည် ၂၀၁၁ က အသွင်ပြောင်းခဲ့သော နိုင်ငံအုပ်ချုပ်ရေးစံနစ်အတွက် အခြေခံ အုတ်မြစ်တရပ် ဖြစ်ပါသည်။ ဒီမိုကရေစီပန်းတိုင်ကို ဦးတည်သော အသွင်ကူးပြောင်းမှုသည် တပ်မတော်ဘက်မှ အရာရှိများ၊ အရပ်သားအစိုးရများ၊ အငြိမ်းစားယူထားသော စစ်ဘက်ဆိုင်ရာ အစိုးရအရာရှိများ၊ ထိပ်တန်းခေါင်းဆောင်များ အစရှိသူများက ဟန်ချက်ညီညီ ထိန်းညှိပေးနေပါသည်။ မည်သို့ဆိုစေကာမူ ဤအသွင်ကူးပြောင်းမှုသည် နိုင်ငံရေးတခေတ် အစပြုစေခဲ့သည်။ နိုင်ငံရေးပါတီ အသီးသီးများမှလည်း လုပ်ဆောင်မှုများ ခြဲ့ထွင်လာခဲ့ပြီး အတိုက်အခံပါတီဖြစ်သော အမျိုးသားပါတီ အဖွဲ့ ချုပ်သည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် တနေရာမှလွဲ၍ အနိုင်ရရှိခဲ့ပါသည်။

နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ ကာလကြာရှည်ခဲ့ပြီဖြစ်သည့် တိုင်းရင်းသားရေးရာတွင်လည်း တိုးတက်မှု ရှိခဲ့ပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ၁၄ဖွဲ့၊ ၂၀၁၃ ဩဂုတ်လတွင် အပစ်အခတ် ရပ်စဲရေးရယူပြီး တနိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ရန် ကြိုးပမ်းခဲ့ ပါသည်။ သို့သော်လည်း ၂၀၁၅ အောက်တိုဘာလတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၈ဖွဲ့ နှင့်သာ တနိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါသည်။ စာချုပ်ချုပ်ဆိုထားသည့် အဖွဲ့များကို မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး နိုင်ငံ၏ဒီမိုကရေစီရေစီးကြောင်းတွင် ပါဝင် စေခဲ့ပါသည်။

မူဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကလည်း မြန်မာ့နိုင်ငံရေးလမ်းစဉ်တွင် အနှောက်အယှက်တခု အနေဖြင့် ရှိနေဆဲပင်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ က အစပြုခဲ့သော ပဋိပက္ခမှာလည်း ယခု အချိန်အထိ အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်း အကျဆုံးပြည်နယ်ဖြစ်ပြီး ၎င်း၏အဆင်းရဲဆုံးသော မြောက်ပိုင်းနယ်စပ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှင့် နယ်နိမိတ်ချင်း ထိဆက်လျက်ရှိသည်။ လူဦးရေ သုံးသန်းကျော်နေထိုင်ပြီး သုံးပုံနှစ်ပုံခန့်သည် တိုင်းရင်းသား ရခိုင်ဗုဒ္ဓဘာသာများဖြစ်ကြပြီး ကျန်တစ်ပုံမှာ မူဆလင်များဖြစ်ကြသည်။ မူဆလင်လူမျိုး အများစုသည် ဗြိတိသျှကိုလိုနီ အုပ်ချုပ်စဉ်အတွင်း မြန်မာနိုင်ငံသို့ တောင်အာရှမှ သူတို့၏မျိုးနွယ်ကို လိုက်ရှာခဲ့သည်။ ထိုလူအများစုသည် "ရိုဟင်ဂျာ" အဖြစ် ကိုယ်တိုင်ခံယူထားသည်။ အစိုးရသည် ရိုဟင်ဂျာကို တိုင်းရင်းသားအဖွဲ့အဖြစ် မသတ်မှတ်ပဲ သူတို့အား "ဘင်္ဂလီ" ဟု တရားဝင် ခေါ်ဝေါ်သုံးစွဲ ကြသည်။ အကြမ်းဖက်မှုများခြေမှုန်းရန် အစိုးရသည် မူဆလင်လူဦးရေကို အခြားကန့်သတ်မှုများ၊ တွန်းအားပေးမှုများပြုလုပ်ခြင်းနှင့် အိုးအိမ်မဲ့ရိုဟင်ဂျာများကို ဒုက္ခသည်စခန်းများတွင် သီးခြား နေစေခြင်းဖြင့် ဒေသခံလူများကိုခွဲခြားထားခဲ့သည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေမူဘောင်

ရွေးကောက်ပွဲများကို ပြည်ထောင်စုလွှတ်တော် (အမျိုးသားနှင့်ပြည်သူ့လွှတ်တော်) အတွက် ကျင်းပပေးရခြင်းဖြစ်ပြီး ဤသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံပုံဥပဒေနှင့်အညီ ဖြစ်သည်။ အခြေခံဥပဒေ၏ ပေးထားချက်များအတွင်း ဒီမိုကရေစီကျ ရွေးကောက်ပွဲဆိုင်ရာ ပုံစံနှင့်နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် ဖွဲ့စည်းပုံအရ သက်ရောက်မှုရှိသော အချက်များစွာပါဝင်နေသည်။ ထပ်လောင်း၍ အခြေခံဥပဒေ ပြင်ဆင်မှုလုပ်ငန်းစဉ်အပေါ် တင်းကျပ်ထားမှုသည် အခြေခံဥပဒေပြင်ဆင်ရန် ဥပဒေပြု လွှတ်တော် နှစ်ရပ်၏ လေးပုံသုံးပုံထောက်ခံမှုရရှိရမည့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှ မဲပေးခွင့်ရှိသူများ၏ အများစုထောက်ခံမှုရရှိရန် လိုအပ်သည်ဟူသော ရွေးကောက်ပွဲဆိုင်ရာ စနစ်အပြောင်းအလဲ ပြုလုပ်ရန် အခက်အခဲကိုဖြစ်ပေါ်စေသည်။ တပ်မတော်မှ လွှတ်တော်နှစ်ရပ်လုံးတွင် ၂၅ရာခိုင်နှုန်း ရယူထိန်းချုပ်ထားသောကြောင့် ၎င်းကန့်သတ်ချက်များသည် ရွေးကောက်ပွဲရလာဒ်များအပေါ် စိုးရိမ်မှုရှိရန်မလိုပဲ တပ်မတော်၏ အရေးပါမှုကို အာမခံပေးထားသည်။

သို့သော်လည်း မြို့နယ်များအကြားတွင် မဲပေးသူအရေအတွက် ကွဲပြားမှုရှိနေပြီး၊ ၎င်းစနစ်သည် ဒီမိုကရေစီကျ ရွေးကောက်ပွဲများ၏ မရှိမဖြစ်အစိတ်အပိုင်းဖြစ်သော သာတူညီမျှမဲရရှိမှုကို သေချာမှုမပေးပေ။ မဲပေးပိုင်ခွင့်တွင် အရေးကြီးသည့်ချွင်းချက်များအား ရှင်းလင်းထားသော်လည်း အချို့အချက်များတွင် နိုင်ငံတကာစံနှုန်းများတွင် မဲပေးပိုင်ခွင့်အပေါ် ကန့်သတ်ထားသည့် လုံလောက်သည့် အကြောင်းပြချက်များကို ဖော်ပြထားခြင်းမရှိသည်ကိုတွေ့ရသည်။ ထို့အပြင် ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်၊ နိုင်ငံတော်သမ္မတ အရည်အချင်းသတ်မှတ်ချက်သည် အထူးသဖြင့် တစ်စုံတစ်ဦးအား ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ထားပုံရပြီး ပြန်လည်သုံးသပ်ရန် လိုအပ်ပေသည်။

UECအား စည်းမျဉ်းများ ကျယ်ပြန့်စွာထုတ်ပြန်နိုင်သည့် အခွင့်အာဏာနှင့် အခြေခံဥပဒေဆိုင်ရာ ကန့်အသတ်များကို ပေးအပ်ထားသော်လည်း ရွေးကောက်ပွဲဥပဒေများမှာ ယေဘုယျအားဖြင့် လက်ခံနိုင်ဖွယ်ရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ယခုကျင်းပခဲ့သောရွေးကောက်ပွဲတွင် အထောက်အပံ့ဖြစ်စေသည်။ သို့သော်လည်း အခြေခံဒီမိုကရေစီအခွင့်အရေးများနှင့် လွတ်လပ်မှုကို ပိုမိုကာကွယ်ရန် သိသာထင်ရှားသော ဥပဒေပြုပြင်ပြောင်းလဲရေးသည် လိုအပ်ပေသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပြုသူများ၊ ရွေးကောက်ပွဲတာဝန်ရှိသူများသည် အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူ ရွေးကောက်ပွဲဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည်များကို အတူတကွ အဖြေရှာသင့်သည်။ အဓိက နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များအား လက်မှတ်ရေးထိုးခြင်းသည် အရေးကြီးခြေလှမ်းဖြစ် တစ်ခုဖြစ်လာမည်ဖြစ်သည်။

## ရွေးကောက်တင်မြှောက်ခြင်းစနစ်နှင့် ကန့်သတ်ချက်များသတ်မှတ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရှိ ပြည်နယ်နှင့်တိုင်း၁၄ခုကို ကိုယ်စားပြုသည့် နေရာ ၃ ပုံ ၄ ပုံမှာ ရွေးကောက်ခံဖြစ်သည်။ နိုင်ငံတကာစံညွှန်းများအောက်တွင်ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်များ၏ သင့်တော်သော နယ်နိမိတ်သတ်မှတ်ခြင်းသည် တနိုင်ငံလုံးမဲပေးနိုင်ခွင့်နှင့် တန်းတူကိုယ်စားပြုခြင်း၏

အခြေခံမှုများ ကျေပွန်စွာ ဆောင်ရွက်နိုင်မှုအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။ နယ်နိမိတ်များသည် ဆန္ဒမဲပေးသူတိုင်း၏ အကြမ်းအားဖြင့် တန်းတူညီမျှ မဲပေးအာဏာရှိခဲ့သောကြောင့် မူလအခြေ အနေကို ထိန်းသိမ်း ထားခဲ့သည့် တန်းတူမဲပေးနိုင်ခွင့်၏ မူတစ်ရပ်အနေဖြင့်ရေးဆွဲထားခဲ့သင့်သည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲမှု

ပွင့်လင်းမြင်သာပြီး ပညာရှင်ပီသစွာလုပ်ဆောင်မှုများကြောင့် လွတ်လပ်ပြီးဘက်မလိုက်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုသည် ထိရောက်သေချာသော နိုင်ငံသားများပါဝင်နိုင်သည့် စစ်မှန်သော ဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ပြည်တွင်းနှင့်နိုင်ငံတကာ ဥပဒေများတွင် ဖော်ပြထားသည့် အခြေခံကြသော ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများအတွက် လိုအပ်သောအဆင့်များ သေချာစွာလုပ်ဆောင်ရန်မှာလည်း ရွေးကောက်ပွဲစီမံခန့်ခွဲမှုအပိုင်း၏ တာဝန် တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးဆိုင်ရာပါတီများ မှတ်ပုံတင်ခြင်းနှင့် ၎င်းတို့၏လှုပ်ရှားမှုများ ကြီးကြပ်သကဲ့သို့ အထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင် ရန် တာဝန်ရှိသည်။ ပြည်ထောင်စုအဆင့်ကော်မရှင်သည် မြို့တော်နေပြည်တော်တွင်ထိုင်ပြီး ကော်မရှင်ခွဲများသည် ပြည်နယ် / တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် / ကျေးရွာအုပ်စုအဆင့်များတွင် အလုပ်လုပ်သည်။ ရွေးကောက်ပွဲနေ့အတွက် မဲရုံများကို ရပ်ကွက် / ကျေးရွာအုပ်စု တစ်ခုချင်းစီတွင် ထူထောင်ခဲ့သည်။ ကော်မရှင်သည် ၎င်းလုပ်ဆောင်ရမည့် ကျယ်ပြန့်သော လုပ်ပိုင်ခွင့် အခွင့်အာဏာ များအား သတ်မှတ်ထားသည့်အတိုင်း လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး ၎င်းဆောင်ရွက်ချက်များကို လွှတ်တော်တွင် ဆွေးနွေးခြင်း သို့မဟုတ် တရားစီရင်ကြီးကြပ်ခွင့်မရှိပေ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC) ၏ ဆုံးဖြတ်ချက်များအား အယူခံဝင်ရန် အကြောင်းကိစ္စမရှိပေ။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် (UEC) ရှုပ်ထွေးသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား စိန်ခေါ်မှုအချို့မှလွဲ၍ အောင်မြင်စွာကိုင်တွယ်နိုင်သည်ကို တွေ့ရသည်။ ရွေးကောက်ပွဲစီမံခြင်းများသည် ဘက်လိုက်မှုရှိသော ရလာဒ်များကို ဦးတည်စေသည့် ဥပဒေနှင့် ဖွဲ့စည်းပုံအရ အမှီနိမကင်းသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်ခွဲများသည် ၎င်းတို့၏အလုပ်များ အား အရေးကြီးသည့် ချွင်းချက်အနည်းငယ်မှအပ ကောင်းမွန်စွာ စေတနာထားဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် (UEC) ၏အကောင်းဆုံးလုပ်ဆောင်ချက်များထဲမှ တစ်ခု မှာ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် များစွာသော တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ် နိုင်ခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအပြီးတွင်လည်း တိုင်ပင်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ခဲ့ပါသည်။

## မဲပေးပိုင်ခွင့် ရှိခြင်းနှင့်မဲဆန္ဒရှင်စာရင်းသွင်းပြုစုခြင်း

အနည်းဆုံးအသက်၁၈နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် ဥပဒေအရ မဲပေးနိုင်သူဖြစ်ပါက မဲပေးပိုင်ခွင့် ရှိသည်။ ဘာသာရေးနှင့်စပ်ဆိုင်သောသူများ၊ အကျဉ်းချထားခြင်းခံနေရသူများ၊ သက်ဆိုင်ရာ တရားရုံးများမှ စိတ်မူမမှန်ဟု ကြေငြာထားခြင်းခံရသူများ၊ ငွေကြေးဆိုင်ရာဒေဝါလီခံနေကြသူများ၊

အခြားနိုင်ငံသားအဖြစ် ခံယူထားသည်ဟု ယူဆရသူများပါဝင်သည့် အချို့သောနိုင်ငံသားအုပ်စုများ သည် မဲပေးပိုင်ခွင့်မရှိကြပေ။ ထိုကန့်သတ်ချက်များမှ အချို့ဖြစ်သော ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ ငွေကြေးဒေဝါလီခံနေရသူများ၊ ပြစ်မှုပြင်းထန်မှုမလိုက်ပဲ အကျဉ်းကျနေသူများသည် ကမ္ဘာလုံးဆိုင်ရာ မဲပေးနိုင်ခွင့်စည်းမျဉ်း ICCPR၊ အခန်း (၂၅) တွင် အပြည့်အဝပုံဖော်ထားသော "ယုတ္တိမရှိသော ကန့်သတ်ချက်များမပါဝင်ပဲ" ဟူသောအချက်နှင့် ကိုက်ညီမှုမရှိကြောင်း ဆုံးဖြတ်နိုင်သည်။

UEC နှင့် ၎င်း၏လက်အောက်ခံများသည် ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ခဲ့ပါက မဲဆန္ဒရှင် စာရင်းများ၏ အရည်အသွေးတိုးတက်ရန် သိသာထင်ရှားသော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ သည်။ မည်သို့ပင်ဆိုစေ မဲဆန္ဒရှင်စာရင်းများတွင် သိသိသာသာ အမှားအဓိကအကျိုးဆက်အနေဖြင့် အခြေခံကျသော အချက်အလက်ရင်းမြစ်များ မမှန်ကန်မတိကျခြင်းများနှင့် လက်ရေးမှုမှ ဒစ်ဂျစ်တယ် ပုံစံသို့ ပြောင်းလဲရာတွင် အမှားများအနည်းဆုံး အတိုင်းအတာပါဝင်ခဲ့သည်။ မြို့နယ်နှင့် ရပ်ကွက် / ကျေးရွာအုပ်စု ကော်မရှင်ခွဲများသည် လူဝင်မှုကြီးကြပ်ရေးအရာရှိများမှ ထိန်းသိမ်းထားသည့် "အိမ်ထောင်စုစာရင်း" (တနည်းအားဖြင့် ပုံစံ၆၆/၆ အဖြစ်)ကို အခြေခံသော ၎င်းတို့၏သက်ဆိုင်ရာ နယ်နိမိတ်အတွင်း နေထိုင်သောနိုင်ငံသားအရည်အချင်း ပြည့်မီသူများပါဝင်သည့် မဲဆန္ဒရှင်စာရင်းများ ကိုပြင်ဆင်ခဲ့သည်။ အဆိုပါအိမ်ထောင်စုစာရင်းများတွင် ပါဝင်နေသော မမှန်ကန်၊ မတိကျမှုများ များစွာပါဝင်နေခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ ယခင် TRC ကိုင်ဆောင်သူများ၏ မဲပေးရန် ချက်ချင်း ပိတ်ပင်ခံထားရမှုသည် အခြေခံကျသော နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ၏ ပြင်းထန်သောဆန့်ကျင်မှု တစ်ခုဖြစ်သည်။ ဆုံးဖြတ်ချက်၏ အကျိုးရလာဒ်သည်လည်း ခွဲခြားဆက်ဆံခံရမှုကို ပေါ်ထွက်လာစေ သည်။ ယခင် TRC ကိုင်ဆောင်ထားသူများ၏ အဖွဲ့တစ်ခုတည်းမဟုတ်သော်လည်း ဖျက်သိမ်းခြင်းသည် ရခိုင်ပြည်နယ်၏ ဘူးသီးတောင်၊ မောင်းတောနှင့်စစ်တွေမြို့နယ်များရှိ အပြောင်းအလဲ၏ အခြေခံကျ သော လွတ်လပ်ခွင့်အပါအဝင် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများ အများဆုံး အသုံးပြုခြင်းမှ ကာကွယ်ထားသောအခြေအနေတွင် နေထိုင်နေသော၊ နိုင်ငံရေးလုပ်ငန်းစဉ်မှ ဘေးဖယ်ထားသော ရိုဟင်ဂျာလူဦးရေအပေါ်တွင် ကြီးစွာသောထိခိုက်မှုဖြစ်ခဲ့သည်။

## အရည်အချင်းပြည့်မီသောကိုယ်စားလှယ်လောင်းစာရင်းသွင်းပြုစုခြင်း

ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံး ၁၀နှစ်ဆက်တိုက် မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ရမည်ဖြစ်ပြီး မွေးဖွားသည့်အချိန်တွင် မိဘနှစ်ပါးလုံးသည် နိုင်ငံသားဖြစ်ရမည်။ မိဘများအမြဲနေထိုင်မှုနှင့် နိုင်ငံသားဖြစ်မှုလိုအပ်ချက်များသည် ၎င်းတို့အား အကျိုးအကြောင်း မဆီလျော်သော သို့မဟုတ် ခွဲခြားဆက်ဆံခြင်းခံရသော စသည့်လိုအပ်ချက်များကို မဖယ်ရှားသင့်သည့် ရွေးကောက်ပွဲအတွက် အရည်အချင်းပြည့်မီစွာ ရပ်တည်ရန်မှမဟုတ်ရင် နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုမရှိပေ။ စုစုပေါင်းအများအားဖြင့် နိုင်ငံသားဖြစ်မှု၊ အသက်နှင့်နေထိုင်ခွင့် လိုအပ်ချက်များ ကြောင့် အဆိုပြုခံထားရသူ ၉၉ယောက် ငြင်းပယ်ခံခဲ့ရပြီး UEC ကိုယ်စားလှယ်လောင်း ၁၀ဦးကို ပြန်လည်လက်ခံပေးခဲ့သော်လည်း မည်သို့ပင်ဆိုစေ၊ လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိခဲ့ခြင်းနှင့် UEC သည် အခြားအကြောင်းကိစ္စများကို ဘာကြောင့် ပြန်လည်သုံးသပ်ခြင်းမရှိခဲ့ခြင်း သို့မဟုတ် ကိုယ်စားလှယ်လောင်းများ စာရင်းတင်သွင်းသည် သို့မဟုတ် စာရင်းတင်သွင်းခြင်းမရှိသည်တို့အား ပြန်လည်သုံးသပ်ရာတွင် မည်သည့်အချက်များကို အခြေခံ၍ဆုံးဖြတ်သည်ကိုရှင်းလင်းခဲ့ခြင်းမရှိပေ။

## နိုင်ငံရေးအခြေအနေနှင့်မဲဆွယ်စည်းရုံးရေးကာလ

ပွင့်လင်းလာသော နိုင်ငံရေးလုပ်နိုင်ခွင့်နှင့် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့များ၊ မီဒီယာများ အများအပြားပေါ်ထွက်လာခြင်းသည် ပိုမိုသက်ဝင်ပြီး ပွင့်လင်းသော ရွေးကောက်ပွဲမဲဆွယ်ခြင်းများကို ပြုလုပ်လာနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးထားသည်။ သို့သော်လည်းပဲ နိုင်ငံရေးရပိုင်ခွင့်များကို အပြည့်အဝအသုံးချနိုင်ခြင်းသည် ကန့်သတ်မှုများရှိသော ဥပဒေများ၊ ပြည်သူ့လှုပ်ရှားမှုများအား ကန့်သတ်တားဆီးသော ဒေသဆိုင်ရာအစိုးရများ၏ အရေးပါသောအမူအကျင့်များ၊ ရွေးကောက်ပွဲမတိုင်မီနှစ်အတွင်း အကြမ်းမဖက်သော ဟောပြောမှုများနှင့် မိန့်ခွန်းများအား အစိုးရ၏လူသိများသော ဖြိုခွဲမှုများကြောင့် အခက်အခဲများဖြစ် ပေါ်နေခဲ့သည်။ ငြိမ်းချမ်းသောနိုင်ငံရေးနှင့် အရပ်ဖက်လုပ်ဆောင်ချက်များအား အလားတူကြောက်စိတ်များမရှိပဲ ပြုလုပ်နိုင်သော ဝန်းကျင်များအား ဖြစ်စေရန် ပိုမိုဖြေလျှော့ပေးသော နိုင်ငံရေးလုပ်နိုင်ခွင့်များ လိုအပ်သည်။

ကာတာစင်တာအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီ ၉၁ ခုအနက် အကြီးဆုံးပါတီနှစ်ခု ဖြစ်ကြသော NLD နှင့် USDP မှာ လူသိများထင်ရှားသောမဲဆွယ်စည်းရုံးခြင်းနှင့် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသော ပါတီအချို့ မဲဆွယ်စည်းရုံးခြင်းကိုတွေ့ရှိခဲ့ကြသည်။ နိုင်ငံအနှံ့ နေရာအတော်များများတွင် အဆင်ပြေအေးချမ်းစွာ မဲဆွယ်စည်းရုံးနိုင်ခဲ့သော်လည်း အချို့သောနေရာများတွင် အဆင်မပြေမှုများရှိခဲ့သည်။ ရဲမှတ်တမ်းအရ ရွေးကောက်ပွဲနေ့ နီးကပ်လာသည်နှင့်အမျှ ပါတီကိုယ်စားလှယ်လောင်းများ တိုက်ခိုက်ခံရ မှု ပိုများလာခဲ့ပြီး အမှုတွဲပေါင်း ၁၅မှု ရှိခဲ့ပါသည်။

လက်ရှိနှစ်များရှိ မြန်မာနိုင်ငံ၏ အားပါပြီးကန့်သတ်မှုများ လျော့နည်းလာသောမဲဆွယ်စည်းရုံးရေးကာလ ရရှိခဲ့သောနိုင်ငံရေးလုပ်နိုင်ခွင့် အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှုမှာ အရေးကြီးသော တိုးတက်လာမှုဖြစ်သည်ကို ထင်ရှားစွာတွေ့နိုင်သည်။ အစိတ်အပိုင်းအတော်များများတွင် အာဏာပိုင်များသည် ၎င်းတို့၏အပြုအမူများကို နိုင်ငံတကာ၏ ကျင့်ထုံးများအတိုင်း ကျိုးကြောင်းညီညွှတ်စွာ ကျင့်သုံးခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဥပဒေမူဘောင်များသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် အသင်းအဖွဲ့လွတ်လပ်ခွင့်တို့ကို လုံလောက်စွာ အကာအကွယ်မပေးပဲ ပြန်လည်ပြင်ဆင်သင့်သည်။ လူ့အခွင့်အရေးကာကွယ်သူများနှင့် ဂျာနယ်လစ်များအား နှောင့်ယှက်စော်ကားခြင်းများသည် နိုင်ငံရေးဝန်းကျင်အတွင်း နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အဆုံးသတ်သင့်နေပြီဖြစ်သည်။

## မဲဆွယ်စည်းရုံးရေးကုန်ကျငွေစီမံမှု

ပွင့်လင်းမြင်သာပြီး မျှတမှုရှိသော မဲဆွယ်စည်းရုံးရေးကုန်ကျငွေစီမံမှုသည် နိုင်ငံသားများ၏ ပြည်သူ့ရေးရာများတွင် ပါဝင်ပါတ်သက်ခွင့်နှင့် ကိုယ်စားလှယ်လောင်း၊ ပါတီများအကြား ညီမျှမှုတို့အကြား နိုင်ငံ၏ထိန်းညှိပေးခြင်းအတွက် အရေးကြီးသော အခိပ္ပါယ်သက်ရောက်သည်။

စည်းမျဉ်းများသည် မဲဆွယ်မှုအသုံးငွေများနှင့် ရံပုံငွေအရင်းအမြစ်များအား ကန့်သတ်ခြင်း၊ မဲဆွယ်ခြင်းကုန်ကျငွေများအား အစီရင်ခံတင်ပြရန် လိုအပ်ခြင်း၊ တင်ပြရန်ပျက်ကွက်သော ကိုယ်စားလှယ်လောင်းများအား အရည်အချင်းပျက်ယွင်းသူအဖြစ် အမိန့်ချမှတ်နိုင်ခြင်းတို့ဖြစ်သည်။ UEC အနေဖြင့် ဥပဒေများနှင့် ကိုက်ညီမှုနှင့် မဲဆွယ်ခြင်းများအား စည်းမျဉ်းများမှ အုပ်ချုပ်နိုင်ခြင်းအား စောင့်ကြည့်ကြီးကြပ်နိုင်သည့် အာဏာရှိသော်လည်း ယင်းစည်းမျဉ်းများ၏ အကျိုးသက်ရောက်မှုကိုကန့်သတ်ပြီး မဲဆွယ်ခြင်းအတွက် ဝင်ငွေ၊ ထွက်ငွေများအား စောင့်ကြည့်ခြင်းအတွက် အစီအမံမရှိပေ။ မဲဆွယ်ခြင်းကုန်ကျငွေစီမံခြင်းသတင်းအချက်အလက်များ၏ ရွေးကောက်ပွဲကြို လျှို့ဝှက်ချက်များအတွက် လိုအပ်ချက်တစ်စုံတစ်ရာမရှိပဲ မဲဆွယ်စဉ်အသုံးပြုခဲ့သော ငွေကြေးလျှို့ဝှက်ချက်များ၏ အခြေခံအချက်များကိုသာ ကိုယ်စားလှယ်လောင်းများမှ ရွေးကောက်ပွဲအပြီးတင်ပြရန် လိုအပ်သည်။

## မဲဆန္ဒရှင်ပညာပေးခြင်း

ပြီးပြည့်စုံပြီး ထိရောက်သောမဲဆန္ဒရှင်ပညာပေးခြင်းသည် မဲပေးမည့်သူများအားလုံးကို ၎င်းတို့၏ အခွင့်အရေးများနှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်းအဆင့်များကို မဲပေးရမည့်နေ့မတိုင်ခင် ရှင်းလင်းထားခြင်းဖြင့် နိုင်ငံသားများသည် ၎င်းတို့၏ဆန္ဒမဲပေးခြင်းအခွင့်အရေးကို အသုံးချနိုင်မည်ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့များအား လိုက်လံစွာယုံကြည်ခဲ့ကြသော ကော်မရှင်ခွဲများ၏ မဲဆန္ဒရှင် ပညာပေးခြင်းများတွင် ပြင်ဆင်ဆောင်ရွက်မှုမရှိခဲ့သော်လည်း ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများသည် မှန်ကန်သည့် မဲပေးခြင်းအဆင့်များကို အဓိကအာရုံစိုက်ကာ မဲဆန္ဒရှင်ပညာပေးခြင်းကို ၎င်းတို့မဲဆွယ်စည်းရုံးခြင်း၏အဓိကအစိတ်အပိုင်းအနေဖြင့်ထည့်သွင်းဆောင်ရွက်ပြခဲ့သည်။ယင်းဆောင်ရွက်ချက်များတွင် အိမ်တိုင်ရာရောက်မဲဆွယ်ခြင်းအတွင် အများပြည်သူအားပြသနိုင်ခဲ့ခြင်းနှင့် ရိုက်နှိပ်ထားသောအချက်အလက်များ ဖြန့်ဝေခြင်းတို့ပါဝင်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ဖြည့်စွက်အားစိုက်ပါဝင်ခြင်းနှင့် ပါတီနှင့်ကိုယ်စားလှယ်လောင်း မဲဆွယ်စည်းရုံးခြင်းများ၏ ကျယ်ပြန့်စွာရောက်ရှိနိုင်ခဲ့ခြင်းများသည် မဲဆန္ဒရှင်အများအပြားသည် ရွေးကောက်ပွဲအဓိကအချက်များအား လေ့လာသိရှိနိုင်ခဲ့ခြင်း ၏ အဓိကအနစ်သာရဖြစ်ခဲ့သည်။

## ရွေးကောက်ပွဲနေ့နှင့် ကြိုတင်ဆန္ဒမဲပေးခြင်း

ရွေးကောက်ပွဲကော်မရှင်၏ အချက်အလက်များကို အကိုးကားအရ မြန်မာနိုင်ငံ၏ ၆၉% ကျော် (၃၄.၃) သန်းသော ပြည်သူလူထုသည် ဆန္ဒမဲပေးနိုင်ကြပါသည်။ ရွေးကောက်ပွဲကို ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ကျင်းပခဲ့ပါသည်။ ရှမ်းပြည်နယ်၏ မြို့နယ်(၇)မြို့နယ် တိတိကျကျဆုံစေကာမူ (၄၁၆)ခရိုင် ရွာခုတို့သည် လုံခြုံရေး အခြေအနေအရ ရွေးကောက်ပွဲကျင်းပ၍ မရခဲ့ပါ။ ကာတာစင်တာ၏ စောင့်ကြည့်လေ့လာရေးသားသူများသည် ပြည်နယ်နှင့်တိုင်းအားလုံးတွင်ရှိသော (၂၄၅)ခုသော မဲရုံများကို စောင့်ကြည့်လေ့လာခဲ့ကြပါသည်။ ရွေးကောက်ပွဲနေ့၏ ဆန္ဒမဲပေးခြင်းရေတွက်ခြင်းအစရှိသည်တို့သည် နိုင်ငံတကာ စံချိန်စံညွှန်စည်းမျဉ်းများ အတိုင်း လုပ်ဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။ တချို့သော လုပ်ငန်းဆောင်တာများသည် နောင်သောအခါပြုလုပ်မည့် ရွေးကောက်ပွဲများတွင် တိုးတက်လာမည်ဟု

မြင်ရပါသည်။ သို့သော်လည်း စစ်ဘက်ဆိုင်ရာများ၏ ကြိုတင်ဆန္ဒမဲပေးခြင်းများ၏ လုပ်ငန်းဆောင်တာများသည် ပွင့်လင်းမြင်သာမှု မရှိသည့်အပြင် နိုင်ငံတကာလမ်းစဉ်နှင့်လည်း မညီပါ။

**ကြိုတင်ဆန္ဒမဲပေးခြင်း**

ကြိုတင်ဆန္ဒမဲပေးခြင်းသည် မဲဆန္ဒနယ် ပြင်ပမှ မဲမသမာမှု မဲပေးခြင်းနှင့် စပ်လျင်းသော အရာဖြစ်ပြီး ၂၀၁၀ ခုနှစ်က အဓိက မဲမသမာမှု ဟု ထင်ရသော အရာဖြစ်ခြင်း အထူးသတိပြုရသည့် အရာတစ်ခုလည်းဖြစ်ပေသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ မည်သို့သော သက်ခံမှုပေးထားစေကာမူ လက်တွေ့ဆောင်ရွက်သောအချိန်တွင် မည်သည့် ပွင့်လင်းမြင်သာမှုမျိုးကိုမှ ကြိုတင်ဆန္ဒမဲပေးခြင်းတွင် မတွေ့ရပါ။ ရွေးကောက်ပွဲကော်မရှင်မှလည်း ကြိုတင်ဆန္ဒမဲတောင်းခံခြင်း၊ မဲမပေးသောအရပ်ဒေသ၊ မဲပေးသောမဲရုံများ စောင့်ကြည့်လေ့လာသူများနှင့် ပါတီဝင်များလည်း လေ့လာနိုင်ခွင့် မပေးခဲ့ပါ။ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းဆောင်တာသည် မဲပေးသော လမ်းတန်များအထဲတွင် အားအနည်းဆုံးနေရာဖြစ်ခဲ့ပြီး နိုင်ငံတကာစံညွှန်းနှင့်လည်း မကိုက်ညီပါ။ ရှေ့နောက်လာမည့် ရွေးကောက်ပွဲများတွင် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သင့်သော အရာဖြစ်ပါသည်။

ခြုံငုံသုံးသပ်လျှင် မဲပေးခြင်း လုပ်ငန်းဆောင်တာသည် သည်ကောင်းမွန်စွာ စီစဉ်နိုင်သည်ကို တွေ့ရပါသည်။ ကာတာစင်တာမှ ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာသူများသည် (၉၅) % သော မဲရုံများကို စောင့်ကြည့်ခဲ့သည်အရ ဤလုပ်ငန်းဆောင်တာများသည် ငြိမ်းအေးသော ပတ်ဝန်းကျင်အနေအထား၊ အဆင်ပြေချောမွေ့သော မဲပေးခြင်းလုပ်ငန်းစဉ် မဲပေးသောသူများ စာရင်းတွင် ပါမပါ ညီညီညာညာ စစ်ဆေးပေးမှု အစရှိသည်တို့အပေါ်တွင် ပြည့်ကျပ်ခြင်း၊ အစီစဉ်မကျနေခြင်း အစရှိသည်တို့က လုပ်ငန်းစဉ်ကို နှောင့်နှေးစေပြီး အပျက်သဘောဆောင်စေပါသည်။ ပုံမှန်မဟုတ်သော လုပ်ငန်းစဉ် (၄၀) ကို စောင့်ကြည့်လေ့လာရေးသမားများက သတင်းပို့ပေးခဲ့ပါသည်။ မဲရုံဝန်ထမ်း၏ အတွေ့အကြုံမရှိခြင်း၊ ဥပဒေနှင့်မညီသော မဲဆန္ဒပေးခြင်း အစရှိသည်တို့ဖြစ်ပွားစေခဲ့သည်။ မသန်စွမ်းမဲပေးသူများကို လိုအပ်ပါက အကူအညီပေးရန် စီစဉ်ထားပေးသော်လည်း၊ မဲရုံတော်တော်များများ၌ လွယ်ကူစွာ ဆန္ဒမဲပေးရန် မရပါ။

ဥပဒေပြဌာန်းသည့်အလျောက် မဲဆန္ဒရေတွက်ရန် အဆင်မပြေခဲ့ပါ။ ကိစ္စရပ်တော်တော်များများ၌ လိုအပ်ချက်များစွာကို တွေ့မြင်ရပါသည်။ သို့သော်လည်း စောင်ကြည့်လေ့လာရေးသမားများကမူ ထိုလှစ်ဟာချက်များက မဲရေတွက်မှုလုပ်ငန်းစဉ်ကို ထိခိုက်ခြင်းမရှိဟု သိရပါသည်။ ပယ်မဲအရေအတွက်များက ရေတွက်ခံမဲ အရေအတွက်တစ်ဝက်ကျော်ကျော် ဖြစ်နေမှု (တံဆိပ်နှစ်ခါရိုက်ခြင်း) မဲဆန္ဒပေးသူအနေဖြင့် ရည်ရွယ်မဲဖြစ်နိုင်သည်ကို ကာတာစင်တာမှ စောင့်ကြည့်လေ့လာရေးသမားများက တွေ့ရှိရပါသည်။ စောင့်ကြည့်လေ့လာရေးသမားများနှင့် ပါတီကိုယ်စားများသည် ရလဒ်ထုတ်ပြန်မှုများကို ခေါင်းစဉ်တပ်ခွင့်မရှိပါပေ။ နိုင်ငံရေးပါတီဝင်များသည် မဲရုံအများစုတွင် တွေ့ရှိရသော်လည်း လူထုအဖွဲ့အစည်းပင် စောင့်ကြည်ရေးသမားမျာကမူ ၃၀% ခန့်သာ တွေ့ရပါသည်။

## ဇယားဆွဲခြင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခြင်း

ရလဒ်ထုတ်ပြန်ကြေညာခြင်းသည် လမ်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှု အရှိဆုံးသော အပိုင်းအဖြစ် တွေ့ရပါသည်။ တချို့ မတူညီမှုများ တွေ့ရှိရသော်လည်း ထိုအရာများက လုပ်ငန်းဆောင်တာများကို မထိခိုက်ပါ။ ကာတာစင်တာမှ မှ စောင့်များက စောင့်ကြည့်လေ့လာရေးသမားအများစုသည် ဤဇယားကွက်နှင့် ရလဒ်ထုတ်ပြန်ခြင်းကို လေ့လာနိုင်သော်လည်း မြို့နယ် (၄)ခုတွင်မူ တာဝန်ရှိသူမှ လေ့လာခွင့်မရှိသော နေရာအဖြစ် သတ်မှတ်ကာ လေ့လာခွင့်မရခဲ့ပါ။ ရွေးကောက်ပွဲ ကော်မရှင်၏ သဘောတူညီချက်အရ မဲဆန္ဒနယ် ပြည်သူလူထု၏ နောက်ဆုံးရလဒ်များကို အများပြည်သူများ၏ နေရာတွင် မဖော်ပြထားပါ။ ကိုယ်စားလှယ်လောင်းများ ပါတီတာဝန်ခံများ အများပြည်သူလူထုတို့လေ့လာရန် ကန့်သတ်ထားကာ နောက်အဆင့်များတွင် ထုတ်ပြန်ထားသော ရလဒ်များကို လေ့လာခြင်းမှ ပွင့်လင်းမြင်သာမှုကို အဟန့်အတားဖြစ်စေပါသည်။

ပြည်နယ်နှင့်တိုင်းကော်မရှင်ခွဲများက ပေးပို့သော မှန်ကန်သော တိကျသေချာသော ရလဒ်များကို တရားဝင် လက်ခံရရှိသည်နှင့် ရွေးကောက်ပွဲကော်မရှင်မှ နိုင်ဝင်ဘာ (၉)-(၂၀) ကြားထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။ နောင်လာမည် ရွေးကော်ပွဲများအတွက်တင် အများပြည်သူသိရှိနိုင်စေရန် အင်တာနက်အပါဝင် ပွင့်လင်းမြင်သာမှုရှိစေရန် သတင်းထုတ်ပြန်ပေးသင့်ပါသည်။

## ရွေးကောက်ပွဲ စောင့်ကြည့်မှု

ရွေးကောက်ပွဲဥပဒေအရ စောင့်ကြည့်လေ့လာရေးကို အတိအလင့်ခွင့်ပြုပေးထားသော အဟုတ်သော်လည်း ရွေးကောက်ပွဲကော်မရှင်မှ ပြည်တွင်းပြည်ပမှ စောင့်ကြည့်လေ့လာရေးသမားများကို အပြုသဘောဆောင်သော ပြောင်းလဲမှုများကိုပြင်ရန် ပထမဆုံးနှင့် ဖိတ်ကြားခဲ့ပါသည်။ ရွေးကောက်ပွဲကော်မရှင်သည်။ ပြည်ပစောင့်ကြည့်လေ့လာ ရေးသမား (၁၀၀ကျော်) (၅၂) ခုသော အဖွဲ့အစည်းမှ (၁၁၀၀၀) ကျော်တို့နှင့် ဆွေးနွေးညှိနှိုင်းပြီးတွင် စောင့်ကြည့်ရေး စည်းမျဉ်းလုပ်ငန်းဆောင်တာတို့ကို အတုယူခဲ့ပါသည်။ စည်းမျဉ်းဥပဒေများ နိုင်ငံတကာအနှင့်တူညီပါသည်။ စောင့်ကြည့်လေ့လာရေးသမားများသည် လွတ်လပ်စွာ လှုပ်ရှားခွင့်နှင့် အပိုင်းတော်တော်များများတွင် ဝင်ရောက်ခွင့်တို့ဖြစ်သည်။ မည်သို့ဆိုစေကာမူ မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်ဆန္ဒမဲပေးခြင်း၊ အချို့သော နေရာများရှိ ရလဒ်ထုတ်ပြန်မှု ရှိသည်တို့သည် ပွင့်လင်းမြင်သာမှု ရှိရမည်ဆိုသော နိုင်ငံတကာနှင့် စံချိန်နှင့် မကိုက်ညီသည်တို့ကို တွေ့ရပါသည်။ ရွေးကောက်ပွဲကော်မရှင်၏ အစောပိုင်းဖိတ်ကြားမှုသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးကို မြှင့်တင်လိုသောဆန္ဒဖြင့် ကာတာစင်တာမှ ရွေးကောက်ပွဲတစ်နှစ်ကျော်၏ စောင့်ကြည့်လေ့လာခြင်းအမှုတို့ကို တတ်တက်ကြွကြွကူညီ ဆောင်ရွက်ပေးသည်ကို မြင်ရပါသည်။ ကာတာစင်တာ အနေဖြင့် ကော်မရှင်ကို ပြည်တွင်းပြည်ပမှ စောင့်ကြည့် လေ့လာရေးသမားများနှင့် ယခုထက်ပိုမိုပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အား ထည့်စေချင်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များ

ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားဖွယ် ဆုံးဖြတ်ချက်များသည် ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် ပညာရှင်ဆန်သော အပြုအမူကိုယ်တွယ်မှုတို့အပေါ်တွင် နိုင်ငံတကာစံညွှန်းနှင့်အတူ စပ်လျဉ်း၍ ဖော်ပြပါသည်။ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျော်မရှင်ခွဲများ၏ အဆင့်တိုင်းတွင် ရွေးကောက်ပွဲ ကာလအတွင်း ဖြစ်ပေါ်ခဲ့သော သတင်းမီဒီယာ အချက်အလက်များနှင့် နိုင်ငံရေးပါတီ ကိုယ်စားပြုသူတို့၏ ကိစ္စရပ်များကိုဦးစားပေးစိစစ်ပါသည်။ ကိစ္စရပ်တော်တော်များများ တွင်တော့ ထိရောက်သော ဆုံးဖြတ်ချက်များ ချပေးခဲ့ပါသည်။ တချို့သော အစောအတက်သော အရာများကို ရွေးကောက်ပွဲအလွန် ပါတီတစ်ချို့၏ ရလဒ်အပေါ် လက်မခံနိုင်မှုများတွင် တွေ့ရပါသည်။ ခုံသမာဓိအဖွဲ့ကမူ အထက်ဖော်ပြပါ။ ကိစ္စရပ်များအားလုံးကို ကြားနာခြင်း၊ ပညာသားဆိုင်ရာ တရားမျှတမှုရှိစွာနှင့် ဖြေရှင်းခြင်းတို့ကိုပြုလုပ်ပြီး ဖြစ်ပါသည်။ အခုံးရ၏ ရွေးကောက်ပွဲအငြင်းပွားဖွယ်ဖြစ်ရပ်များကို ကိုယ်တွယ်ဆုံးဖြတ်သော ဘောင်သည် နိုင်ငံတကာစံညွှန်းနှင့် အနည်းငယ်ကွဲလွဲသည်ကို မြင်ရပါသည်။ ကျိုအရာများသည် လွတ်လပ်စွာ တရားစီရင်ပေးသော စိမံခန့်ခွဲပေးသည် အထောက်အပံ့မရှိခြင်း၊ ဖော်ပြပါကိစ္စရပ်များကို ထုချေလွှာတင်ရန် သတ်မှတ်ရက် မရှိခြင်း၊ ဖော်ပြပါကိစ္စရပ်များအတွက် သတ်မှတ်ချိန်မထားပေးခြင်း၊ ကိစ္စရပ်များဖြေရှင်းရန် သတ်မှတ်ရက်မရှိခြင်း၊ အလွဲသုံးစားဖြစ်ရပ်များကြောင့် ရလဒ်ကို ပြန်ပြောင်းရန် စိန်ခေါ်နိုင်ခြင်းမရှိခြင်းတို့က သက်သေပြနေပါသည်။

## အမျိုးသမီးထုနှင့် တိုင်းရင်းသားလူမျိုးစုတို့၏ပါဝင်လှုပ်ရှားမှု

ယခုရွေးကောက်ပွဲတွင်အမျိုးသမီးထု၏ ပါဝင်ပတ်သက်ဆောင်ရွက်မှုများသည် ယခင်ရွေးကောက်ပွဲများထက်ပိုမိုပါဝင်လာခဲ့ပြီး အပြုသဘောဆောင်သော တိုးတက်မှုဟုယူဆရပါသည်။ (၆၀၃၉) ကိုယ်စားလှယ်လောင်းများမှ (၁၃%) (၈၀၀ အယောက်သည် အမျိုးသမီးများဖြစ်ပါသည်။ (၁၄၆) ယောက် ရွေးချယ်ခံရပါရာ (၁၂.၅) တိုင်းနှင့်ပြည်နယ်၏ ရာခိုင်နှုန်းသော အရွေးခံရပါသည်။ အမျိုးသမီးများအားလုံးသည် ကော်မရှင်နှင့် ကော်မရှင်ခွဲများ အားလုံးအတွက် ကိုယ်စားပြုပါသည်။ တိုင်းရင်းသားကိုယ်စားပြု ပါတီအများအပြား ပါဝင်ယှဉ်ပြိုင်ခဲ့ကျပါသည်။ သို့သော်လည်း နိုင်ငံရေးကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုမှာမူ ၂၀၁၀ ကထဲက လျော့ကျခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားပါတီသည် လွှတ်တော်အတွင်း နေရာအနည်းငယ်သာ အနိုင်ရခဲ့ပါသည်။ ကော်မရှင်၏ ကိုယ်စားပြုခြင်းကို ဖေးမခြင်းအားဖြင့် ကော်မရှင်အဖွဲ့ဝင် ၈ ယောက်အား ထပ်တိုးအဖွဲ့ဝင်များအဖြစ် တိုင်းရင်းလူနည်းစုများမှ ၂၀၁၅ ခုနှစ် ဧပြီလတွင် သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များကို ကိုယ်စားပြုရန် ရွေးချယ်ခဲ့ပါသည်။ ကော်မရှင်ခွဲများကို ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်းလုံးပေါ်လိုက်ပြီး ၎င်းတို့ သက်ဆိုင်ရာ ပြည်နယ်ပေါ်မူ တည်ပြီး ကွဲပြားခြားနားသွားပါသည်။

ကာတာစင်တာအနေဖြင့် လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်၏ သာတူညီမျှပေါင်းစည်းပါဝင်နိုင်ရန် ရေးရှုမှုကို အထူးပင်ဝမ်းသာအားပေးမိပါသည်။

## နိဂုံးချုပ်နှင့် ထောက်ခံချက်များ

ကာတာစင်တာ အနေဖြင့် မြန်မာပြည်သူ/ပြည်သားအားလုံးကို ၎င်းတို့၏ ဒီမိုက ရေစီလမ်းကြောင်းပေါ်ရောက်ရှိစေသော ယခုရွေးကောက်ပွဲကြီးအောင်မြင်စွာ ပြီးဆုံးခဲ့မှုနှင့် ၎င်းတို့ပါဝင်သက်ရောက်အားထုတ်မှုအပေါ် အလွန်ပင် ဂုဏ်ထူမိပါကြောင်း ပြောကြားလိုပါသည်။ ကာတာစင်တာအနေဖြင့် ယခု အစိုးရသစ်နှင့် ပြန်လည် အသစ်ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်တို့အပေါ် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲတွင်လည်း ဒီမိုကရေစီနည်းကျကျနှင့် သာတူညီမျှ ပြန်လည်ဖွဲ့စည်းနိုင်ရေးအပေါ် အထူးပင် အားပေးတိုက်တွန်းမိပါသည်။

အချုပ်အားဖြင့်ဆိုရသော်၊ ကာတာစင်တာ အနေဖြင့် ယခုရွေးကောက်ပွဲ ဖြစ်စဉ်အားလုံးကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာနှင့် ပတ်သက်သော တရားဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခြင်း အပါအဝင် နိဂုံးချုပ်အနေဖြင့် ထောက်ခံပေးလိုက်ပါသည်။ ယခုထောက်ခံချက်များသည် ကာလရှည်ကြာ စောင့်ကြည့်လေ့လာမှုအရ နိုင်ငံတကာလေ့လာမှုအရ နိုင်ငံတကာစံချိန်နှင့်အညီ ဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ကြောင်း ထောက်ခံပါသည်။
ကာတာစင်တာ အနေဖြင့် ရွေးကောက်ပွဲကော်မရှင်၊ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများတို့နှင့် ပူးပေါင်းကာ ဒီမိုကရေစီလမ်းကြောင်း ပေါ်ပြန်လည်ရောက်ရှိရန် ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှုအား ပိုမိုခွန်းအားပြည့်ကာ ကူညီပေးသွား မည်ဟု ဝန်ခံကတိပြုပါသည်။

## မြန်မာနိုင်ငံရှိကာတာစင်တာ

ကာတာစင်တာသည်မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စတင်ကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား စေလွှတ်ခြင်းအပါအဝင်ဖြစ်ပေါ်လျှက်ရှိသော ပြောင်းလဲမှုဖြစ်စဉ်များတွင် အပြုသဘောသက်ရောက်မည့်ကူညီမှုများပေးရန်များစွာသောစစ်တမ်းမစ်ရှင်များနှင့်အစပြုပတ်သက်ခဲ့ပါသည်။

၂၀၁၃ခုနှစ်ဧပြီလနှင့်စက်တင်ဘာလများတွင် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ လာရောက်လည်ပတ်ပြီးနောက်တွင် မြန်မာအစိုးရသည် နိုင်ငံအတွင်း ရွေးကောက်ပွဲစောင့်ကြည့် လေ့လာခြင်းများလာရောက်ပြုလုပ်ရန် ကာတာစင်တာအား ဖိတ်ကြားခဲ့ပါသည်။ ထိုနှစ်၏ အောက်တိုဘာလအတွင်းတွင်ရန်ကုန်မြို့၌ ဌာနေရုံးဖွင့်လှစ်ကာ ရေရှည်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများထားရှိသွားရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်(UEC)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးနိုင်ရန်စတင်ခဲ့ပါသည်။

UEC၏ဖိတ်ကြားမှုဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ၂၀၁၅ ခုနှစ် ဇူလိုင်လ အတွင်းတွင် ကာတာစင်တာသည် ရွေးကောက်ပွဲအကြိုကာလနှင့် ပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်သော သတင်းအချက် အလက်များကို စုစည်းရယူနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များ အားလုံးသို့ ရေရှည်ရွေး ကောက်ပွဲစောင့်ကြည့်လေ့လာသူများအား စေလွှတ်ခဲ့သည်။ ၎င်းကာလ အတွင်းကာတာစင်တာသည် ရွေးကောက်ပွဲကာလ အကြိုနိုင်ငံရေးအခြေအနေ၊ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများ၊ အခြေခံဥပဒေပါ ဥပဒေမူဘောင်များအားဆန်းစစ်၍ အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာနှစ်စောင် ထုတ်ပြန်ခဲ့သည် (၂၀၁၅၊ မတ်လနှင့် ဩဂုတ်လအတွင်း)။

၂၀၁၅ ခုနှစ်မတ်လ၃၀ရက်နေ့တွင် UEC သည်ကာတာစင်တာအား ၂၀၁၅ ရွေးကောက်ပွဲများအား လေ့လာစောင့်ကြည့်ရန် တရားဝင်ဖိတ်ကြားခဲ့သည်။ ဇူလိုင်လ(၈)ရက်တွင် UEC သည် ရွေးကောက်ပွဲ များအား နိုဝင်ဘာလ(၈)ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ဩဂုတ်လ(၁)ရက်တွင် ကာတာစင်တာသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်ကိုတရားဝင်စတင်ခဲ့ပြီး၊ ရွေးကောက်ပွဲပြင်ဆင်နေမှုများနှင့် မဲဆွယ်စည်းရုံးရေးကာလများကို စောင့်ကြည့်အစီရင်ခံရန် ရေရှည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ပြန်လည်စေလွှတ်ခဲ့သည်။ ကာတာစင်တာသည် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲ ဆိုင်ရာ မဲဆွယ်စည်းရုံးခြင်းများနှင့်ပတ်သက်၍ အစီရင်ခံစာများကို ၂၀၁၅ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်းတွင်ထပ်မံထုတ်ပြန်ခဲ့သည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကာတာစင်တာသည်တိုင်းနှင့် ပြည်နယ်အားလုံးရှိ မဲရုံပေါင်း ၂၄၅ ရုံတွင် မဲထည့်ခြင်းနှင့် မဲရေတွက်ခြင်းတို့ကို လေ့လာစောင့်ကြည့်ရန်စောင့်ကြည့် လေ့လာသူ ၆၂ ဦးအားစေလွှတ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံပေါင်း ၂၅ နိုင်ငံ မှလာရောက်ကြခြင်းဖြစ်သည်။ ကာတာစင်တာသည် ကနဦးထုတ်ပြန်ချက်အား ရွေးကောက်ပွဲအပြီး နှစ်ရက်အကြာတွင် ထုတ်ပြန်ခဲ့နိုင်ခဲ့သည်။ စောင့်ကြည့်လေ့လာခြင်းအား ကာတာစင်တာ၏ အဓိက ဘုတ်အဖွဲ့ဝင်ဖြစ်သော ဂျေဆင်ကာတာ၊ အိုင်ယာလန်နိုင်ငံ သမ္မတဟောင်းမေရီရော်ဘင်ဆင်နှင့် နီပေါရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဟောင်း ဘို့ချ်ရပ်ချ်ပိုခရယ်လ်တို့မှ အတူတကွဦးဆောင်ခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲနောင်းပိုင်းကာလတွင် ကာတာစင်တာသည် မြေပြင်စောင့်ကြည့်မှုများဆက်လက်ပြုလုပ် ခြင်းများကို ရေရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဆက်လက်ထားရှိ၍ရွေးကောက်ပွဲ နောက်ဆက်တွဲပြဿနာများအားဖြေရှင်းခြင်း၊ ရွေးကောက်ပွဲရလာဒ်များအား နိုင်ငံအနှံ့တုန့်ပြန်မှုများကို စောင့်ကြည့်လေ့လာခဲ့သည်။ ၂၀၁၆ခုနှစ်ဖေဖော်ဝါရီလနောင်းပိုင်းတွင် ရွေးကောက်ပွဲနောင်းပိုင်း ကာလအတွင်း စင်တာ၏တွေ့ရှိချက်များအဖြစ်အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ကာတာစင်တာ၏ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ချက်များ၏ ရန်ပုံငွေအတွက် United States Agency for International Developmentအဖွဲ့၊ the United Kingdom Foreign Commonwealth Officeနှင့်the Danish and Norwegian Ministries of Foreign Affairsတို့မှပံ့ပိုးခဲ့ခြင်းဖြစ်သည်။

### ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနည်းလမ်းများ

၁၉၈၉ခုနှစ်မှစ၍ ကာတာစင်တာသည် နိုင်ငံပေါင်း (၃၉) နိုင်ငံတွင် ရွေးကောက်ပွဲပေါင်း(၁၀၀) ခုကိုစောင့် ကြည့်လေ့လာခဲ့ပြီးဖြစ်သည်။ စင်တာသည် ၂၀၀၅ခုနှစ်တွင် ကုလသမဂ္ဂ၏ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း ဆိုင်ရာအခြေခံစည်းမျဉ်းများ ကြေငြာစာတမ်း (Declaration of Principles for International Election Observation) နှင့်နိုင်ငံတကာ ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာခြင်း ကျင့်ဝတ်များ(Code of Conduct for International Election Observation) တို့အားသဘောတူ လက်မှတ်ရေးထိုးထားသော အစိုးရမိတ်ဖက် အဖွဲ့ အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတစ်ကာ အဖွဲ့ပေါင်း(၅၀)ကျော်အနက်တစ်ခု အပါအဝင် ဖြစ်သည်။ [1] သဘောတူလက်မှတ်ရေးထိုး ထားသောအဖွဲ့များအနေဖြင့် မူလအခြေအနေမှန်အတိုင်း ပေါ်ပေါက်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ ရေးလုပ်ငန်းများအဖြစ် သေချာမှုရှိရန်နှင့်၊ ကြေငြာစာတမ်းနှင့်ကျင့်ဝတ် များ၏လမ်းညွှန်မှုများ အတိုင်းရည်ရွယ်ချက်၊ အတိုင်း အတာ၊ နှင့်လုပ်ငန်းများဆောင်ရွက်မှုတို့ကိုသေချာ စေရန်ခံဝန်ကတိပြုထားရသည်။

ကာတာစင်တာအနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် နိုင်ငံအတွင်း ဒီမိုကရေစီနည်းလမ်းများအားကောင်း၊ တိုးတက်လာစေရန် အထောက်အပံ့ဖြစ်စေသော အကြံပြုချက်များပေး ခြင်းသာမက၊ ဒီမိုကရေစီတိုးတက် ထွန်းကားလာရန်ညီမျှမှုနှင့် မှတ်ကျောက် တင်ခံနိုင်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် အာမခံချက်ပေးနိုင်သော ရလာဒ်များအပေါ် ယုံကြည်မှု တိုးမြင့် လာစေသည့်အခြေအနေဖြစ်ပေါ်ရန် အထောက်အပံ့ပေးနိုင်သည့် အဓိကအခန်း ကဏ္ဍတွင် ပါဝင်သည် ဟုယုံကြည်ပါသည်။

ကာတာစင်တာသည် ထပ်မံ၍ယုံကြည်သည်မှာ ရွေးကောက်ပွဲအစမှီနှင့်နှောင်းပိုင်းကာလ နှစ်ခုလုံးတွင် စောင့်ကြည့်လေ့လာသူများအား ကွင်းဆင်းစေခြင်းသည် အရည်အသွေးရှိသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း အဖြစ်မြှင့်တင်ပေးနိုင်သည်ဟူ၍ဖြစ်သည်။ နိုင်ငံတကာ စောင့်ကြည့် လေ့လာသူများအား ကြာရှည်စွာစေလွှတ်နိုင်ခြင်းသည် ပြည်တွင်းအခြေအနေများကို ပိုမိုနားလည်ရန် အကူညီပေးသည့်အပြင်၊ ရွေးကောက်ပွဲနှင့် ဆက်စပ်သူများနှင့်တန်ဘိုးရှိသော ဆက်ဆံရေးများ တိုးမြှင့်နိုင်ရန် အခြေအနေပေးသည်။ မြန်မာနိုင်ငံတွင်ကာတာစင်တာ၏ နိုင်ငံတွင်း ကြာရှည်စွာရှိ နေနိုင်ခြင်းသည် ရွေးကောက်ပွဲဖြစ်စဉ်များတင်မကပဲ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ်များကိုပါ အားသေချာစွာလေ့လာသုံးသပ်နိုင်စေနိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိကာတာစင်တာ၏ လုပ်ငန်းစဉ်ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ်ညီမျှမှု နှင့်မှတ်ကျောက်တင်ခံနိုင်သည့် လေ့လာမှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အရပ်သားများ အပြည့်အဝ ဦးဆောင်သောအစိုးရဖြစ်ပေါ်လာရေး အကူးအပြောင်းတွင် တစ်တပ်တစ်အားပါဝင်ကာ အထောက်အပံ့ ဖြစ်စေရန်ဖြစ်သည်။ စင်တာတည်ရှိနေစဉ်အတွင်းတွင် ပြည်တွင်းစောင့်ကြည့် လေ့လာ ရေးအဖွဲ့များ၏ မှတ်ကျောက်တင်ခံနိုင်မှုကို အားဖြည့်ကူညီရန်၊ နိုင်ငံအတွင်းရှိအခြားသော ဒီမိုကရေစီ ဖော်ဆောင်မည့်သူများအတွက် အခြေခံကောင်းများဖြည့်ဆည်းပေးရန်နှင့်၊ မှတ်ကျောက် တင်ခံနိုင်

[1] ကြေငြာစာတမ်းများနှင့်ပတ်သက်၍ သိရှိလိုပါက၊ www.cartercenter.org/peace/democracy/des_declaration.html တွင် ကြည့်ရှုနိုင် ပါသည်။

သော ရွေးကောက်ပွဲများအား နိုင်ငံတကာအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှုနှင့် အကူအညီများရလာရန် နမူနာပြဆောင်ရွက်သွားရန်ရည် ရွယ်ထားသည်။

နိုင်ငံတကာနှင့်ပြည်တွင်းမှ ဝန်ထမ်းများပါဝင်သော စောင့်ကြည့်လေ့လာရေးပင်မအဖွဲ့သည် ပါတီခေါင်းဆောင်များ၊ အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ပုံမှန်ဆက်ဆံရေးများ ထူထောင်ထားနိုင်ခဲ့သည်။ စင်တာ၏ အဓိကကျသော လုပ်ငန်းစဉ်မှာ ရေတိုနှင့်ရေရှည် စောင့်ကြည့်လေ့လာသူများမှ နိုင်ငံတစ်ဝန်းအောက်ခြေအထိဆင်းကာ အချက်အလက်များကောက်ယူခြင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုများကြောင့် စင်တာသည် ရွေးကောက်ပွဲဖြစ်စဉ်များကို အများပြည်သူသို့တိကျသော ကြေငြာချက်နှင့် အစီရင်ခံစာများကို ပြည်တွင်း၊ ပြည်ပမီဒီယာများမှ တစ်ဆင့် ကျယ်ပြန့်စွာထုတ်ပြန်နိုင်ခဲ့ပေသည်။ စင်တာသည် အကြံပြုချက်များပါဝင်သော ရွေးကောက်ပွဲကြို အစီရင်ခံစာ လေးခု (၂၀၁၅ခု နှစ်မတ်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ) ကိုလည်းကောင်း၊ ရွေးကောက်ပွဲအပြီး နှစ်ရက်အကြာတွင် အကြိုထုတ်ပြန်ကြေငြာချက် (၂၀၁၅၊ နိုဝင်ဘာလ၁၀ရက်) ကိုလည်းကောင်း၊ ရွေးကောက်ပွဲနှောင်းပိုင်းအစီရင်ခံစာအား ၂၀၁၆ခုနှစ် ဖေဖော်ဝါရီတွင်လည်းကောင်း၊ အသီးသီးထုတ်ပြန်ကြေငြာခဲ့သည်။[2]

တစ်ပြိုင်နက်တည်းမှာပင် စင်တာသည် ရွေးကောက်ပွဲဖြစ်စဉ်များအား ပံ့ပိုးပေးနေကြသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အနီးကပ်မိတ်ဖက်ဆောင်ရွက်ခြင်း၊ ပြည်တွင်းနှင့်ပြည်ပမှ ပါဝင်သော များပြားလှသည့် ပူးပေါင်းဆောင်ရွက်ချက်များတွင် ပါဝင်ခဲ့သည်။ စင်တာသည် ပြည်တွင်းနှင့်ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပုံမှန်တွေ့ဆုံကာ အချက်အလက်များဝေမျှခြင်း၊ ရေတိုစောင့်ကြည့်လေ့လာသူများချထားရာတွင် ဒေသအနှံ့အပြား ကာမိစေရန်နှင့် နေရာထပ်ခြင်းများအား လျှော့ချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

## ရွေးကောက်ပွဲဆန်းစစ်လေ့လာခြင်းအတွက်သတ်မှတ်ချက်များ

ကာတာစင်တာသည် ရွေးကောက်ပွဲများအား၊ International Covenant on Civil and Political Rights (ICCPR) အပါအဝင် ၎င်းနိုင်ငံများရှိ ရွေးကောက်ပွဲဥပဒေများနှင့် ဒီမိုကရေစီကျ ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံတကာစံနှုန်းများအတိုင်း၊ လေ့လာဆန်းစစ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူစာချုပ်အချို့ကို လက်မှတ်ရေးထိုးထားပြီး ICCPRအဖွဲ့ဝင်အဖြစ်တော့ မရရှိသေးပေ။ [3] အဖွဲ့ဝင်မဖြစ်သေးသော်လည်းမြန်မာနိုင်ငံရွေးကောက်ပွဲဖြစ်စဉ်အပေါ်ကာတာစင်တာ၏ယခုအစီရင်ခံစာတွင် နိုင်ငံ့တာဝန်ရှိသူများသည် နိုင်ငံတကာစံနှုန်းနှင့် လိုက်လျောညီထွေရှိသော ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်ဟူသော အမြင်ကိုထည့်သွင်းဖော်ပြထားခြင်းသည် ICCPR အခန်း၂၅မှ လိုက်နာရမည့်အချက်ပေါ်တွင် အခြေခံထားကာ ဆန်းစစ်ထားခြင်း ဖြစ်သည်။ [4] ဒီမိုကရေစီနည်းကျ

---

[2] ကာတာစင်တာမြန်မာ၏အစီအရင်ခံစာများအား http://electionstandards.cartercenter.org/latest-news-from-our-election-observation-mission-in-myanmar/ တွင်ရရှိနိုင်ပါသည်

[3] မြန်မာနိုင်ငံသည်ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်းကို ၂၀၁၁ခုနှစ် ဒီဇင်ဘာလနှင့် ကုလသမဂ္ဂအမျိုးသမီးများအားခွဲခြား ဆက်ဆံမှုများအားလုံးပပျောက်ရေး သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်ဇူလိုင်လတို့တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

[4] ICCPR ၏အခန်း (၂၅)တွင် ဖော်ပြထားသည်မှာ "နိုင်ငံသားအားလုံးသည်အခန်း(၂)တွင် ဖော်ပြထားသောအခွင့်ထူးများနှင့် မခိုင်လုံသောတားမြစ်ချက်များမပါဝင်ပဲ(က)

ရွေးကောက်ပွဲများဖြစ်ရန် အခြားသောစံနှုန်းများနှင့် ညွှန်ပြချက်များကိုလည်း ဤအစီရင်ခံစာတွင် ရည်ညွှန်းထားသေးသည်။[5] ဤအစီရင်ခံစာမှရွေးကောက်ပွဲဖြစ်စဉ်အစိတ်အပိုင်းတွင် လေ့လာဆန်းစစ်မှုများပြုနိုင်သည့် သင့်လျော်သော နိုင်ငံတကာစံနှုန်းများကို မိတ်ဆက်ပေးထားသည်။ စာရွက်စာတမ်းများ၏စာရင်းကို နောက်ဆက်တွဲ (XX) တွင် ဖော်ပြပါရှိပါသည်။

## ရွေးကောက်ပွဲကြိုကာလ စောင့်ကြည့်လေ့လာခြင်းနှင့် ရေရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအားစေလွှတ်ခြင်း

စင်တာသည် မြန်မာနိုင်ငံအတွင်း ၂၀၁၃ခုနှစ်မှ စတင်ဝင်ရောက်ကာ ရွေးကောက်ပွဲကြိုကာလ အခြေအနေနှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများကို လေ့လာဆန်းစစ်ရန် ရေရှည်ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူအဖွဲ့နှစ်ဖွဲ့ကို ၂၀၁၄ခုနှစ်ဒီဇင်ဘာတွင် စေလွှတ်ခြင်းဖြင့် ရေရှည်ကွင်းဆင်း လေ့လာခြင်းကိုစတင်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပမည် နေ့ရက်ကြေငြာခြင်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှဖိတ်ကြားပြီးနောက်တွင် ကာတာစင်တာ၏ ရွေးကောက်ပွဲစောင့်ကြည့် လေ့လားခြင်းမစ်ရှင်ကို ၂၀၁၄၊ ဩဂုတ်လတွင်စတင်ခဲ့သည်။ စင်တာသည် နိုင်ငံတကာမှ ရေရှည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ခြောက်ဦးနှင့် ကျွမ်းကျင်သူများပါဝင်သော ပင်မအဖွဲ့လေးဖွဲ့ တို့ကို စေလွှတ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများအား ပင်မအဖွဲ့များမှကျွမ်းကျင်သူများအပြင် ပြည်တွင်းရှိ ရွေးကောက်ပွဲနှင့်ပါဝင်ပတ်သက်သူများ၊ နိုင်ငံတကာကိုယ်စားလှယ်များမှ စက်တင်ဘာလ စောပိုင်းအတွင်း ရန်ကုန်မြို့တွင်ရှင်းလင်းပို့ချခဲ့သည်။ မတူညီသောနိုင်ငံများမှနှစ်ဦးစီပါဝင်သည့် အဖွဲ့ များအား မစ်ရှင်အတွင်း မြန်မာနိုင်ငံ၏တိုင်းနှင့်ပြည်နယ်၁၄ခုတို့တွင် သွားရောက်လေ့လာရန် စေလွှတ်ခဲ့သည်။ ရေရှည်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ၂၀၁၆ ခုနှစ်မတ်လအထိ ၎င်းတို့၏ စောင့်ကြည့်လေ့လာခြင်းများကိုပြုလုပ်ခဲ့ကြသည်။

ရွေးကောက်ပွဲကြိုကာလအတွင်းတွင် ရေရှည်ရွေးကောက်ပွဲစောင့်ကြည့်သူများသည် ပါတီခေါင်းဆောင်များ၊ ရွေးကောက်ပွဲတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ဘေးဖယ်ခံအုပ်စုများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ ပြည်တွင်းစောင့်ကြည့်လေ့လာသူများ၊ သတင်းထောက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မဲဆန္ဒရှင်များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့နှင့် အကြောင်းအရာလေးခုပေါ်တွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ၊ (၁) ရွေးကောက်ပွဲကြို ဘေးကင်းမှုနှင့်လုံခြုံရေးအခြေအနေ၊ (၂) ရွေးကောက်ပွဲစီမံမှုနှင့် မဲဆန္ဒရှင်ပညာပေးများ ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်မှုများ၊ (၃) နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်း၊ မီဒီယာနှင့်ကျင့်ဝတ်များ၊ (၄) အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ပါဝင်မှု၊ ဘေးဖယ်ခံအုပ်စုများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ အစရှိသည်တို့ ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများသည် ကိုယ်စားလှယ်လောင်း စာရင်းသွင်းခြင်း၊ လူထုအစည်းအဝေးများ၊ အပြိုင်မဲဆွယ်စည်းရုံးခြင်းများနှင့် ရွေးကောက်ပွဲနှင့်

---

အများပြည်သူဆိုင်ရာကိစ္စရပ်များအားတိုက်ရိုက်ဖြစ်စေ၊ကိုယ်စားလှယ်အားလွတ်လပ်စွာရွေးချယ်၍ဖြစ်စေပါဝင်နိုင်စေရန်(ခ)မဲပေးသူများ၏ဆန္ဒနှင့် အညီလွတ်လပ်စွာ ဖော်ပြနိုင်သောလျှို့ဝှက်မဲ လက်မှတ်ကိုင်ဆောင်ခွင့်နှင့် ရွေးကောက်ခံခြင်း(သို့) မဲပေးခြင်းများအားစစ်မှန်သောကမ္ဘာလုံးဆိုင်ရာမဲပေးပိုင်ခွင့် တူညီစွာရရှိရန်(ဂ) ပြည်သူ့ဝန်ဆောင်မှုများ၊ အထွေထွေသာတူညီမျှမှုများကို ၎င်းတို့နိုင်ငံတွင်လက်လှမ်းမီရန်၊ စသောရပိုင်ခွင့်နှင့် အခွင့်အရေးများကိုရရှိခံစားနိုင်စေရမည်”

[5] Election Obligation and Standards: A Carter Center Assessment Manual, The Carter Center (2014).

ဆက်စပ်သည့် အငြင်းပွားမှုဆိုင်ရာ ကြားနာမှုများကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။ စောင့်ကြည့်လေ့လာခြင်းများ အားလုံးတွင် အမျိုးသမီးများအား ခွဲခြားမှုမရှိခြင်းနှင့် ပါဝင်ခွင့်ရှိမရှိကို အဓိကအဖြစ်ထည့်သွင်းခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည်ရေတို စောင့်ကြည့်လေ့လာသူများ စေလွှတ်ရန်အတွက် ပြင်ဆင်မှုများနှင့်အပတ်စဉ်အစီရင်ခံစာများ၊လိုအပ်ချက်အရ ချက်ချင်းလိုအပ်သည့် ဖြစ်စဉ်အစီရင်ခံစာများကို ပြင်ဆင်တင်သွင်းခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ရေရှည်စောင့်ကြည့်လေ့လာသူများအား ပိုမိုထိရှလွယ်သည့် ဒေသများသို့စေလွှတ်ကာ ကြိုတင် ဆန္ဒမဲပေး ခြင်း၊ ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်များနှင့် မဲရေတွက်ခြင်းလုပ်ငန်းများအား လေ့လာစောင့်ကြည့်စေခဲ့သည်။

## ရေတိုရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအားစေလွှတ်ခြင်း

ရွေးကောက်ပွဲနေ့မတိုင်မီကတည်းက ကာတာစင်တာသည် ရေတိုစောင့်ကြည့်လေ့လာသူ (၅၂) ယောက်ကို ပင်မအဖွဲ့နှင့် ရေရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ဆက်သွယ်ပူးပေါင်းစေကာ နိုင်ငံ (၂၅) နိုင်ငံမှ စုစုပေါင်း (၆၂) ယောက်သော စောင့်ကြည့်လေ့လာသူများကို ဖြန့်ကျက်စေလွှတ်ထားခဲ့ပါသည်။ ရေတိုစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံရှိနိုင်ငံရေး အခြေနေ၊ ရွေးကောက်ပွဲဆိုင်ရာ မူဘောင်နှင့် ပြင်ဆင်မှုများ၊ လုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ၊ ဖြန့်ကျက်စေလွှတ်မှု ထောက်ပံ့ပို့ဆောင်ရေး၊ ရွေးကောက်ပွဲနေ့ပြုလုပ်ပုံနည်းလမ်းများနှင့် အစီရင်ခံခြင်းဆိုင်ရာလိုအပ်ချက်များအစရှိသည်တို့ကို နှစ်ရက်တာ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှရရှိခဲ့ပါသည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ဦးစီးဦးရွက်ပြုလုပ်ခဲ့သောသရုပ်ပြမဲပေးခြင်း သရုပ်ပြခြင်းလည်း ပါဝင်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် စင်တာ၏ရွေးကောက်ပွဲ အကဲဖြတ်နည်းပညာဖြစ်သော (ELMO)[6] ခေါ် လက်ကိုင်တက်ဘလက်များမှ တဆင့်စောင့်ကြည့်လေ့လာမှုစာရင်းများ တင်ပြမှုကို အီလက်ထရောနစ်ဖြင့် အသုံးပြုသင်တန်းကိုပါ ရရှိခဲ့ပါသည်။ ထို့အပြင် ရေရှည်စောင့်ကြည့်သူများမှ ရေတိုစောင့်ကြည့်လေ့လာသူများအား အရပ်ဒေသဆိုင်ရာ ရှင်းလင်းမှုများ ပေးခဲ့ပါသည်။

စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲနေ့မတိုင်မီ နှစ်ရက်အလိုကတည်းက နိုင်ငံစုံအသင်းများတွင် ၄င်းတို့တာဝန်ကျရာဒေသများသို့ စေလွှတ်ခြင်းခံခဲ့ရသည်။ ထိုအတောအတွင်း၌ ၄င်းတို့သည် ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လုံခြုံရေးအရာရှိများ၊ မဲရုံဝန်ထမ်းများ၊ အခြားနိုင်ငံတကာ နှင့် ပြည်တွင်းလေ့လာသူများနှင့် အခြားဒေသခံ သက်ဆိုင်သူများနှင့် ပိုမိုကောင်းမွန်သောဒေသခံရွေးကောက်ပွဲပတ်ဝန်းကျင်ရရှိရန် တွေ့ဆုံခဲ့ပါသည်။ ရွေးကောက်ပွဲနေ့တွင် ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများသည် ပြည်နယ်နှင့်တိုင်းများရှိ မဲရုံ(၂၄၅)ရုံတွင် မဲရုံဖွင့်လှစ်ခြင်း၊ ဆန္ဒမဲပေးနည်းလမ်းများ၊ မဲရုံပိတ်ခြင်းနှင့် လျှို့ဝှက်မဲများရေတွက်ခြင်းတို့ကို စောင့်ကြည့်လေ့လာရင်း လည်ပတ်ခဲ့ပါသည်။ မဲရုံတစ်ရုံချင်းစီ၌ အဖွဲ့တစ်ဖွဲ့ချင်းစီသည် စံသတ်မှတ်ထားသာ မေးခွန်းများဖြင့်

---

[6] ELMO ဆိုသည်မှာ ကာတာစင်တာ၏ ရွေးကောက်ပွဲစောင့်ကြည့်မှုအချက်အလက်များ ကောက်ခံခြင်းနှင့်အစီရင်ခံခြင်များပြုလုပ်သည့် open- sourceစနစ်ဖြစ်သည်။ ELMO ပစ္စည်းများဖြင့် စောင့်ကြည့်လေ့လာသူများသည် အချက်အလက်များအား တက်ဘလက်၊ စာတိုစနစ်(သို့)အွန်လိုင်း တိုက်ရိုက်ပေးပို့ခြင်းများမှ ရုံးချုပ်အထိအချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည်။ ELMOစနစ်သည် စောင့်ကြည့်လေ့လာသူများ၏ တွေ့ရှိချက်များအားစုစည်း၍ သုံးသပ်ခြင်းများတွင် အထောက်အကူပြုပေးသည်။ စင်တာသည် ELMO အားရွေးကောက်ပွဲစောင့်ကြည့်မှုများတွင်သာမက လူ့အခွင့်အရေးစောင့်ကြည့်လေ့လာခြင်းများနှင့် အခြားသောကွင်းဆင်းအချက်အလက်ရယူခြင်းများတွင် အသုံးပြုသည်။ စင်တာသည် ELMO အားအခြားအဖွဲ့အစည်းများပါအသုံးပြုရနိုင်စေရန်ဖန်တီးထားခြင်းဖြစ်သည်။

အီလက်ထရောနစ် စာရင်းများကို ဖြည့်သွင်းရင်း စောင့်ကြည့်လေ့လာခဲ့သည် (အသုံးပြုစာရင်းများ၏ နမူနာများကိုပူးတွဲပါတွင်ကြည့်ရန်) ELMO ကိုအသုံးပြု၍ အချက်အလက်စုပေါင်းခြင်းများကို ရန်ကုန်ရှိ ဗဟိုအဖွဲ့ဝန်ထမ်းများမှ ရွေးကောက်ပွဲနေ့ဖြစ်စဉ် တလျှောက်စီစစ်ခဲ့ကြသည်။ ကျန်ရှိနေသော စောင့်ကြည့်လေ့လာသူအများစုအား ရွေးကောက်ပွဲနေ့အပြီး နောက်၂ရက်တွင် ဖယားကွက်သုံးပြီး မဲရေတွက်ခြင်းအချို့ သို့မဟုတ်အားလုံးကိုစောင့်ကြည့် လေ့လာရန်ဖြန့်ကျက် စေလွှတ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် နိုဝင်ဘာ (၁၂) ရက်နေ့ မထွက်ခွာခင် ရန်ကုန်တွင် တာဝန် ဆောင်ရွက်ချက်များကို ပြန်လည်အစီရင်ခံကြရသည်။

## ခေါင်းဆောင်များ၏အခန်းကဏ္ဍ

ထိပ်သီးနိုင်ငံရေးခေါင်းဆောင်များနှင့် ကာတာစင်တာမှ ရာထူးကြီးတာဝန်ရှိသူများ ပါဝင်သောအဖွဲ့ သည် မြန်မာနိုင်ငံသို့ ရေတိုစောင့်ကြည့်လေ့လာလွှဲအပ်ခြင်းကို ဦးဆောင်လမ်းပြခဲ့သည်။ ထို ခေါင်းဆောင်မှုအသင်းတွင် ကာတာစင်တာ၏ အဓိကဘုတ်အဖွဲ့ဝင်ဖြစ်သော ဂျေဆန်ကာတာ၊ အာရီလန်၏ သမ္မတဟောင်း မေရီရောဘင်ဆင်၊ နီပေါနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်ဟောင်း ဘို့ချ်ရပ်ချ်ပိုးရယ် တို့ပါဝင်ခဲ့သည်။ သူတို့နှင့်အတူ ကာတာစင်တာရှိ ဒီမိုခရေစီအစီအစဉ်၏ဒါရိုက်တာ ဒေါက်တာဒေးဗစ်ကာရိုလ်း၊ တွဲဖက်ဒါရိုက်တာရော့နသန်စတုန်းစထရစ်နှင့် မြန်မာကာတာစင်တာ၏ ဒါရိုက်တာ မစ်စတာဖရယ်လ်ထရစ်ရောစကီးတို့မှ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ရွေးကောက်ပွဲရှေ့ရက်များနှင့်ရွေးကောက်ပွဲပြီးရက်များတွင် ခေါင်းဆောင်မှုအသင်းသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဌနှင့် နိုင်ငံခြားရေးဝန်ကြီးတို့အား နေပြည်တော်တွင်လည်းကောင်း၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ လူထုအခြေပြုကိုယ်စားလှယ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများ စက်မှုလက်မှုဆိုင်ရာ ကူညီထောက်ပံ့ပေးသူများ၊ သံတမန်ရေးရာ ကိုယ်စားလှယ်များနှင့် ရန်ကုန်တွင်လည်းကောင်း တွေ့ဆုံခဲ့သည်။ ရွေးကောက်ပွဲ နေ့တွင် ပူးတွဲခေါင်းဆောင်များသည် ရန်ကုန်ဒေသရှိ မဲရုံနေရာများသို့ သွားရောက်ခဲ့ကြသည်။ နိုဝင်ဘာ ၁၀ ရက်နေ့တွင် ခေါင်းဆောင်မှုအသင်းသည် ရန်ကုန်စီဒိုးနားဟိုတယ်ရှိ သတင်းစာ ရှင်းလင်းပွဲ၌ ကာတာစင်တာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းမစ်ရှင်၏ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များ၏ ပဏာမကြေငြာချက်ကို တင်ပြခဲ့ကြသည်။

## ရွေးကောက်ပွဲနောင်းပိုင်းကာလစောင့်ကြည့်လေ့လာခြင်း

ရေတိုစောင့်ကြည့်လေ့လာသူများ ထွက်ခွာသွားပြီးနောက် ဗဟိုအသင်းနှင့် ရေရှည်စောင့်ကြည့် လေ့လာသူများသည် ဖယားကွက်များသုံးပြီး မဲရေတွက်ခြင်းနှင့် ရလာဒ်များကြေငြာခြင်းတို့ပါဝင်သော ရွေးကောက်ပွဲပြီးဖြစ်စဉ်ကို ဆက်လက်စောင့်ကြည့် လေ့လာခဲ့ကြသည်။ အသင်းများသည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ရွေးကောက်ပွဲပြီး အငြင်းပွားမှုနှင့် စည်းရုံးလှုံ့ဆော်ရေး အသုံးစရိတ် ကြားနာခြင်း များကို အနီးကပ်စောင့်ကြည့်ခဲ့ကြသည်။ ဗဟိုအသင်းသားများနှင့်အတူ ရေရှည်စောင့်ကြည့်လေ့လာ သူများသည် ရှမ်း၊ ကရင်နှင့် မွန်ပြည်နယ်များနှင့် ရန်ကုန်တိုင်း၊ နေပြည်တော် ပြည်ထောင်စု နယ်မြေများတွင် ယူအီးစီ၏ရွေးကောက်ပွဲနောက် သုံးသပ်ခြင်းဖြစ်စဉ်တွင် စောင့်ကြည့်လေလာခဲ့ကြပြီး

နောင်လာမည့် ရွေးကောက်ပွဲများတွင် သက်ဆိုင်သူများ၏ မည်ကဲ့သို့တိုးတက်နိုင်လာခဲ့သည့် အမြင်များကိုကြားရန်တွေ့ဆုံခဲ့သည်။ ၂၀၁၆ခုနှစ်ဖေဖော်ဝါရီလတွင် ကာတာဟင်တာသည် ရွေးကောက်ပွဲပြီးဖြစ်စဉ်ပေါ်လူထုအစီရင်ခံစာကို သတင်းထုတ်ပြန်ကြေငြာခွင့်ပြုခဲ့သည်။

ရေရှည်စောင့်ကြည့်လေ့လာသူများသည် ၂၀၁၆ခုနှစ်မတ်လအထိရှိနေပြီး ၄င်းတို့၏ရွေးကောက်ပွဲပြီးနောက်ပိုင်းကာလများရှိ တွေ့ရှိချက်များသည် ၂၀၁၆ခုနှစ်မတ်လတွင် ပြုလုပ်ခဲ့သော ယူအီးစီ၏တနိုင်ငံလုံးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းရှင်းလင်းပွဲတွင် တင်ပြခဲ့သော အကြံပြုချက်မူကြမ်းနှင့်ဤအစီရင်ခံစာတွင် ထည့်သွင်းထားသော အကြံပြုချက်များအပေါ် ကြီးမားစွာအထောက်အပံ့ ဖြစ်စေသည်။

## နိုင်ငံရေးနောက်ခံသမိုင်း

မြန်မာနိုင်ငံ(ဗမာပြည်)သည် ဗြိတိသျှကိုလိုနီအဖြစ် နှစ်ပေါင်း၆၀ကျော် ဗြိတိသျှထိန်းချုပ်မှုလက်အောက်ခံနယ်မြေအဖြစ် နှစ်ပေါင်း၁၀၀ကျော်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်၏သိမ်းပိုက်မှုခံကာလအဖြစ်နေခဲ့ပြီးနောက် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံသည် ၁၉၄၇၊ ၁၉၅၁နှင့် ၁၉၅၆တို့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ (ကိုလိုနီအုပ်ချုပ်ရေးပြီးနောက်) မှတဆင့် အမျိုးမျိုးသော ပါတီစုံဒီမိုကရေစီစနစ်များဖြင့် ဆယ်စုနှစ်တစ်စုကိုကြုံတွေ့ခဲ့သည်။ ဤကာလ၌အစွန်အဖျားဒေသများတွင် သိသာထင်ရှားသော နိုင်ငံရေးဆိုင်ရာပျက်စီးမှုများ၊ တိုင်းရင်းသားပဋိပက္ခများအဖြစ် အထင်ကရဖြစ်ခဲ့ပြီး နောက်ဆုံးမှာ ဗိုလ်ချုပ်နေဝင်းမှ ၁၉၅၈ခုနှစ်တွင် တစ်ဦးအာဏာသိမ်းရန် ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၆၀ခုနှစ်ရွေးကောက်ပွဲမှ တဆင့်အရပ်သားအခွင့်အာဏာ ပြန်လည်ပေးအပ်နေခဲ့စဉ်တွင် ဦးနေဝင်းသည် အခြားအာဏာသိမ်းမှု ဖြစ်သော စစ်အုပ်ချုပ်ရေးငါးဆယ်ခုနှစ်ကို လမ်းညွှန်ခြင်းဖြင့် ဦးဆောင်ကြိုးပမ်းခဲ့သည်။

၁၉၆၂ခုနှစ် အာဏာသိမ်းပြီးနောက် ဦးနေဝင်းသည် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" ဟု လူသိများသော သဘောတရားကို စတင်အကောင်အထည်ဖော်ခဲ့သည်။ အခွင့်အာဏာကို ဗဟိုပြု၍ ၁၉၄၇ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဆိုင်းငံ့ခံခဲ့ရပြီး နိုင်ငံရေးအခြေအနေများသည်လည်း ကန့်သတ်ခံခဲ့ရသည်။ နိုင်ငံရေးပါတီများအားလုံးသည် နိုင်ငံတော်အဆင့် ဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အတွက် ပိတ်ပင်ထားခံခဲ့ရသည်။ နိုင်ငံတော်အဆင့်မှ မီဒီယာကိုထိန်းချုပ်ခဲ့ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခဲ့ကြသည်။ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ ဗမာလူမျိုးစုများ ထောင်သောင်းချီထွက်ပြေးမှု အကျိုးသက်ရောက်မှုအနေဖြင့် အကြီးအကျယ်စီးပွားရေး တဟုန်ထိုးကျဆင်းခြင်းကြောင့် တိုး၍သီးသန့်ဆန်လာခဲ့သည်။ ၁၉၇၄ခုနှစ်တွင် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် မဆလနှင့် စစ်ရေးအရာရှိများသူတို့၏ ရာထူးများကိုစိုးမိုးခြယ်လှယ်ကြသော်လည်း တန်ခိုးအာဏာမှ ဥပဒေလွှတ်တော်သို့ အမည်အားဖြင့် ပြောင်းလဲခဲ့ကြသည်။

## ပြုပြင်ပြောင်းလဲရေးအတွက်တောင်းဆိုချက်များနှင့်၁၉၉၀ရွေးကောက်ပွဲ

ရွေးကောက်ပွဲများကို ၁၉၇၄၊ ၁၉၇၈၊ ၁၉၈၁နှင့် ၁၉၈၅ခုနှစ်တို့တွင် ကျင်းပခဲ့သော်လည်း နိုင်ငံရေးပါတီများပေါ်တွင် မဆလလက်ထက် အခြားတားမြစ်ချက်တစ်ခုပါဝင်သော ပြင်းထန်စွာ ကန့်သတ်ထားသောနိုင်ငံ ရေးဆိုင်ရာဝန်းကျင်တွင် ပြုလုပ်ခဲ့ရပြီး တင်းကြပ်စွာ ထိန်းချုပ်ထားခြင်း ခံခဲ့ရသည်။ ဦးနေဝင်းသည် ၁၉၈၁ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အာဏာရှင်အဖြစ် ဆက်လက်ကျင့်သုံးရန် မဆလဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် စီးပွားရေးဖရိုဖရဲဖြစ်မှုများနှင့် ပြည်တွင်းငွေကြေးကျဆင်းမှုတို့ကြောင့် နိုင်ငံတဝှမ်းတွင် ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။ ၁၉၈၈ခုနှစ် ဇူလိုင်လတွင် ဦးနေဝင်း၏နုတ်ထွက်ခြင်းအပေါ် ဆူပူမှုများနှင့် ပြန်လည်ပြုပြင်ခြင်းအတွက် တောင်းဆိုမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ၁၉၈၈ခုနှစ် ဩဂုတ်လ ၈ရက် နေ့တွင် ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့များမှ ပစ်ခတ်မှုများဖြစ်နေခဲ့စဉ်အတွင်း နိုင်ငံတဝှမ်း၌ သပိတ်မှောက်မှုများ ပေါ်ထွန်းလာခဲ့သည်။

တပ်မတော်မှအာဏာသိမ်းခဲ့ပြီး မဆလကိုဖျက်သိမ်းကာ အရေးပေါ်လုံခြုံရေးဥပဒေကို ချမှတ်ခဲ့သည့် ပြည်နယ်ဥပဒေနှင့် ပြန်လည်ထူထောင်ရေးကောင်စီ (SLORC) ကိုအစပြုခဲ့သည်။ ၁၉၈၈ခုနှစ် ဆန္ဒပြပွဲများ၏ ခေါင်းဆောင်၊ အတိုက်အခံပါတီ NLD ၏တည်ထောင်သူအဖွဲ့ဝင်၊ လွတ်လပ်ရေး ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်ခံခဲ့ရပြီး ထောင်ပေါင်းများစွာမှာလည်း ဖမ်းဆီးခံခဲ့ရ၊ နိုင်ငံမှထွက်ပြေးသွားခဲ့ကြသည်။ SLORCမှ ၁၉၉၀တွင် ရွေးကောက်ပွဲများဆက်၍ ကျင်းပမည်ဟုကြေငြာလိုက်သောအခါ အခြေအနေများ ပို၍တင်းမာလာခဲ့ သည်။[7]

NLD ခေါင်းဆောင်ပိုင်းများမှာ ပြည်ဝင်ခွင့်မရရှိခြင်း သို့မဟုတ် အကျဉ်းချခံရခြင်းများနှင့် မဲဆွယ် စည်းရုံးရေးလုပ်ငန်းများ ကန့်သတ်ခံထားရပြီး ရွေးကောက်ပွဲကြိုကာလမှာ ကန့်သတ်ထိန်းချုပ်မှုများ အလွန်ပင်များပြားခဲ့သည်။ အောင်ဆန်းစုကြည်မှာ နောင်အနှစ် ၂၀ခန့်ထိ ထိန်းသိမ်းခံ ထားရနိုင်သည့် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခြင်းခံထားရသည်။ ထိုကဲ့သို့သော ကန့်သတ်ထိန်းချုပ်မှု ရှိနေ သောကြောင့် လူအများမှာ မဆလခေါင်းဆောင်ဟောင်း အများစုဖြင့် ဖွဲ့စည်းထားသော တဆလပါတီ အနိုင်ရလိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။ သို့သော်လည်းပဲ NLDသည် ပါဝင်ယှဉ်ပြိုင်ခဲ့သည် နေရာ အရေအတွက် စုစုပေါင်း၏ ၈၀ရာခိုင်နှုန်းနှင့် မဲပေးသူများ၏ ၆၀ရာခိုင်နှုန်းနီးပါးအား ရရှိကာ လူကြိုက်များသော ထောက်ခံမှုများ ကျယ်ပြန့်စွာရရှိခဲ့သည်ကို ပြသနိုင်ခဲ့သည်။ စစ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအသစ်ပြန်လည်ရေးဆွဲပြီး စတင်သက်ဝင်သည့်အချိန်အထိ ၄င်းတို့သည် အာဏာအားလွှဲပြောင်းမပေးဟု ကြေငြာကာထွက်ပေါ်လာသော ရလာဒ်များအား အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည်။

မြန်မာနိုင်ငံသည် အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ငြင်းဆန်ခံခဲ့ရသော ဖိနှိပ်ခံဒေသ အဖြစ် ကျန်ရစ်နေခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးလုပ်ပိုင်ခွင့်များသည် အခြေခံအား ဖြင့်မရရှိခဲ့ပေ။ ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများ ရှိနေခြင်းနှင့်စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များကြားဖြစ်ပွားနေသော ပဋိပက္ခများသည် ဒုက္ခသည်များနှင့် အိုးအိမ်မဲ့ ပုဂ္ဂိုလ်များကို ဆက်လက်၍ဖြစ်ပေါ်စေသည်။

---

[7] ၁၉၈၉ခုနှစ်တွင်အစိုးရသည်နိုင်ငံ၏ အမည်အား ဗမာနိုင်ငံမှမြန်မာနိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့သည်။

## ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၀၃ခုနှစ်တွင် စစ်အစိုးရသည် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ် အကျဉ်းချုပ်ရေးနှင့် အပြီးသတ်ရေး၊ အခြေခံဥပဒေမူကြမ်းပေါ်တွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးနှင့် အမျိုးသားရေးဥပဒေပြု လွှတ်တော်အတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အစရှိသော လမ်းစဉ်ခုနှစ်ရပ်ပါဝင်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပေါ်ထွန်းလာရေး လမ်းပြမြေပုံကို ထုတ်ပြန်ကြေငြာခဲ့သည်။ ၂၀၀၇ခုနှစ်တွင် လောင်စာထောက်ပံ့မှုများ ဖယ်ရှားမှုအပေါ် ဆန္ဒပြမှု များသည် ရွှေဝါရောင်တော်လှန်ရေးဟု အမည်ပေးထားသည့် ဗုဒ္ဓဘာသာသံဃာတော်များ ဦးဆောင် သည့် ဆန့်ကျင်အစိုးရနှင့် ဒီမိုကရေစီလိုလားသော ဆန္ဒပြမှုများအဖြစ်သို့ လျှင်မြန်စွာ အသွင်ကူးပြောင်း သွားခဲ့သည်။ အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုသည် ရာပေါင်းများစွာ ဖမ်းဆီးခံခဲ့ရပြီး ဒါဇင်ပေါင်းများစွာ သေစေခဲ့သည်။ ၁၅နှစ်ကျော်စောင့်ပြီး နောက်ခြောက်လအကြာတွင် စစ်အစိုးရသည် နိုင်ငံ၏ အနောက်မြောက်ဘက်ပိုင်း နေရာအများအပြား ပျက်စီးစေခဲ့ပြီး လူပေါင်း ၁၃၈၀၀၀ သေကြေပျက်စီး စေခဲ့သော ဆိုင်ကလုန်းနာဂစ်မုန်တိုင်းပြီး တစ်ပတ်အကြာတွင် ကျင်းပခဲ့သော အခြေခံဥပဒေ ဆန္ဒခံယူပွဲ နောက်ပိုင်းတွင် အောင်မြင်ခဲ့သည့် အခြေခံဥပဒေမူကြမ်းကို ထုတ်ပြန်ကြေငြာခဲ့သည်။

၂၀၀၈ခုနှစ် အခြေခံဥပဒေသည် အထက်နှင့်အောက်လွှတ်တော်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ အသင်းတော်များနှင့် ရွေးကောက်ပွဲအတွက် အခြေခံမူဘောင်များပါဝင်နေသော အကြိမ်ပေါင်းများစွာ ကြည့်ခဲ့ပြီးနောက် ဆက်လက်ကြည့်ရသော လွန်စွာဒီမိုကရေစီနည်းမကျသော မှတ်တမ်းမှတ်ရာအဖြစ် ဒေသအတွက်ဖွဲ့စည်းတည်ဆောက်ပုံ အသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ သည်။ ပါတီစုံစနစ်ကို စတင်အကောင်အထည်ဖော် ခဲ့သော်လည်း တပ်မတော်ကို သာလွန်သော နိုင်ငံရေး အခန်းကဏ္ဍတစ်ခုအနေဖြင့် ခွင့်ပြုခဲ့ရသည်။ အခြေခံဥပဒေ၏ အငြင်းပွားဖွယ်ရာအင်္ဂါရပ်များတွင် ဗဟို စနစ်ကို လွန်စွာကုပ်တွယ်ထားသော ဖွဲ့စည်းတည်ဆောက်ပုံ၊ အခြေခံဥပဒေအား ပြင်ဆင်နိုင်ရန် အတွက် တပ်မတော်အနေဖြင့် ဗီတိုအာဏာရရှိနေသကဲ့သို့သော ယူနီဖောင်းဝတ် စစ်ဘက်ပုဂ္ဂိုလ်များ အတွက် လွှတ်တော်အမတ်နေရာများ သုံးပုံတစ်ပုံကို ကြိုတင်နေရာပေးထားခြင်း (ပြည်ထောင်စု လွှတ်တော်တွင် အမြင့်မားဆုံး ၇၅ရာခိုင်နှုန်းလိုအပ်သည့်)၊ အာဏာရှိသော အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီပေါ်ရှိ အရေးကြီးနေရာများကဲ့သို့သော ကာကွယ်ရေး၊ ပြည်ထဲရေး နှင့် နယ်စပ်ရေးရာအစရှိသည့် အာဏာအရှိဆုံးသော ဝန်ကြီးဌာနများ၏ အရပ်သား ထိန်းချုပ်မှု မပါသည့် စစ်ရေးထိန်းချုပ်မှုနှင့် အောင်ဆန်းစုကြည်အား သူမ၏သားများက ဗြိတိသျှနိုင်ငံသားများ ဖြစ်သောကြောင့် သမ္မတဖြစ်ရန် အရည်အချင်းပြည့်မီသော တာဝန်ထမ်းဆောင်ခြင်းမှ ပိတ်ပင်ခံထားရ သည့် ကန့်သတ်ချက်များ ပါဝင်သည်။

## ၂၀၁၀ခုနှစ်ရွေးကောက်ပွဲနှင့်၂၀၁၂ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ

၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ၁၉၉၀နောက်တွင်း ၂၀၀၈ခုနှစ် အခြေခံဥပဒေ၏ မူဘောင်အောက်တွင် ပထမဆုံးသော ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ စစ်အစိုးရသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အရပ်ဘက်အဖွဲ့အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကို ထူထောင်ခဲ့သည်။ NLD (အောင်ဆန်းစုကြည်သည် အိမ်အကျယ်ချုပ်နှင့် များစွာသော ခေါင်းဆောင်များ ထောင် သို့မဟုတ် ပြည်ဝင်ခွင့် ပိတ်ပင်ခံထားနေရဆဲ) နှင့် အခြားပါတီများစွာသည် ရွေးကောက်ပွဲအား သပိတ်မှောက်ခဲ့သော်လည်း အမျိုးမျိုးသော တိုင်းရင်းသားအဖွဲ့များနှင့် အကျိုးစီးပွားရေးကို ကိုယ်စားပြုသော များစွာသော ပါတီများစာရင်းသွင်းခဲ့ကြသည်။ စောဦးပိုင်းရွေးကောက်ပွဲများကဲ့သို့ပင် နိုင်ငံရေးနေရာလပ်များကို အလွန်အမင်းတားဆီး ပိတ်ပင်ထားခဲ့ကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအား ခွင့်မပြုခဲ့၍ အထူးသဖြင့် ကြိုတင်မဲပေးခြင်း ဖြစ်စဉ်တွင် တရားမဝင်သော၊ မှုမမှန်မှုများစွာရှိနေသော ရွေးကောက်ပွဲအဖြစ် ယေဘုယျအားဖြင့် မြင်နိုင်ခဲ့သည်။ USDP မှပြည်ထောင်စုလွှတ်တော်တွင် မဲပေးရွေးချယ်ရသော အမတ်နေရာများ၏ ၈၀ရာခိုင်နှုန်းနီးပါး အနိုင်ရခဲ့သည်။ ဗိုလ်ချုပ်ဟောင်းနှင့် USDP၏ ခေါင်းဆောင်ဦးသိန်းစိန် သည် လွှတ်တော်တွင်း ရွေးကောက်ပွဲမှတဆင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

၂၀၁၀ခုနှစ် ရွေးကောက်ပွဲပြီးနောက် အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့ပြီး၂၀၁၁ခုနှစ် အစောပိုင်းတွင် အစိုးရသည် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရာပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ လူစုဝေးခြင်းနှင့် သတင်းလွတ်လပ်ခွင့်နှင့် စည်းမျဉ်းဥပဒေပြန်လည်ပြုပြင်မှုများ အကောင်အထည်ဖော်ခြင်းတို့ကို ဆက်တိုက်စတင်လုပ်ဆောင်ခဲ့ပါသည်။ ဤအခြေအနေတွင် NLD သည် အမှုဆောင် အုပ်ချုပ်ရေးအတွက် ပယ်ဖျက်လိုက်သော လွှတ်တော်အမတ် ၄၅ နေရာများအားဖြည့်ရန် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ပါဝင်ရန်ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်တွင် NLD သည် ထိုအမတ်နေရာများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ၄၄နေရာအနက် ၄၃နေရာကို အနိုင်ရရှိခဲ့သည်။ ၎င်းတို့သည်လွှတ်တော်တွင် အားလုံးသောအမတ်နေရာများ၏ သေးငယ်သောအ စိတ်အပိုင်းမျှသာဖြစ်သော်လည်း ကြားဖြတ်ရွေးကောက်ပွဲသည် အဓိကအတိုက်အခံပါတီ၏ တရားဝင်မှုကို အသိအမှတ်ပြုသော ဦးတည်ခြေလှမ်းတစ်ခုအဖြစ် ကိုယ်စားပြုခဲ့သည်။

၂၀၀၈ခုနှစ်အခြေခံဥပဒေကိုပြင်ဆင်ရန် နောက်ဆက်တွဲ အတိုက်အခံပြုအားထုတ်မှုသည် အောင်မြင်မှုမရှိခဲ့ပေ။ NLD သည် မြန်မာ့လူဦးရေစုစုပေါင်း၏ ၁၀ရာခိုင်နှုန်းနီးပါးရှိ ၅သန်းသော လက်မှတ်များကို အခြေခံဥပဒေကိုပြင်ဆင်ရန် အဓိက ၇၅ရာခိုင်နှုန်း လိုအပ်သည့် ပြဋ္ဌာန်းချက်ပြောင်းလဲခြင်းကို ထောက်ခံကြောင်း (အောင်ဆန်းစုကြည်ကို သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခြင်းမှ တားမြစ်ထားသည့် ပြဋ္ဌာန်းချက်ပြင်ဆင်ခြင်းမျှော်လင့်ချက်နှင့်အတူ) စုဆောင်းနိုင်ခဲ့သော်လည်း လျှောက်ထားချက်သည် တပ်မတော်နှင့်သမ္မတသိန်းစိန်တို့မှပယ်ချခံခဲ့ရသည်။ သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်နှစ်ရပ်လုံး၏ ပြောရေးဆိုရေးရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အောင်ဆန်းစုကြည်

တို့ကြား ဆွေးနွေးပွဲအတွက် ထပ်တလဲလဲ အဆိုပြုချက်များသည်လည်း အနည်းငယ်ဖြစ်ထွန်းခဲ့သည်။ အောက်လွှတ်တော်ပြောရေးဆိုခွင့်ရှိသူမှ ထောက်ပံ့မှုနှင့်ပြင်ဆင်ရေး ဥပဒေကြမ်းကို အခြေတင် ဆွေးနွေးခဲ့သည် သို့ရာတွင် ဗီတိုအာဏာကို ကျော်လွှားရန် လုံလောက်သော စစ်ရေးထောက်ပံ့မှု သိမ်းသွင်းရာတွင် ကျရှုံးခဲ့သည်။ [8] ပိတ်ပင်ထားသောအခြေခံဥပဒေဆိုင်ရာ ပြုပြင်ခြင်းအားစိုက်မှုနှင့် အတူ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲသည် ၂၀၀၈ခုနှစ်အခြေခံဥပဒေမှ စတင်အကောင်အထည်ဖော်ခဲ့သော မူဘောင်အောက်တွင် ကျင်းပခဲ့သည်။

## တိုင်းရင်းသားပဋိပက္ခနှင့်အပစ်အခတ်ရပ်စဲရေးစေ့စပ်ညှိနှိုင်းမှုများ

ဆယ်စုနှစ်များစွာ မဖြေရှင်းနိုင်ခဲ့သော တိုင်းရင်းသားပဋိပက္ခသည်လည်း ကျင်းပခဲ့သော ၂၀၁၅ခုနှစ် ရွေးကောက်ပွဲနိုင်ငံရေးအခြေအနေတွင် ရုပ်လုံးပေါ်ခဲ့သည်။ ကမ္ဘာတွင် အရှည်ကြာဆုံးသော ပြည်တွင်းစစ်များ၏ နေရာဖြစ်သည့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများသည် လူမျိုးရေးဝိသေသလက္ခဏာ၊ ယဉ်ကျေးမှုနှင့်ဘာသာစကားအတွက်ကာကွယ်မှုကဲ့သို့သော သဘာဝသယံဇာတများ ခေါင်းပုံဖြတ်ခြင်း အပေါ် ဒေသခံထိန်းချုပ်ရေးနှင့် ပို၍ကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်သည့် ဗဟိုအစိုးရစနစ် ကို ရရှိရန်တိုက်ခိုက်သည့် နယ်မြေတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအဖြစ် လွတ်လပ်ရေးပြီးနောက် မကြာမီကတည်းကအစဉ်မပြတ် ပဋိပက္ခနယ်မြေအဖြစ်ရှိနေသည်။

တိုင်းရင်းသားမကျေနပ်ချက်များသည်ဒုတိယကမ္ဘာစစ်အတွင်းဗမာအများစုနှင့်အဓိကတိုင်းရင်းသားအဖွဲ့ များအနည်းစုဆန့်ကျင်ဘက်နှစ်ဘက်ထောက်ပံ့မှုများနှင့်ချုပ်ခံခဲ့ရသည်။ပင်လုံအစည်းအဝေး [9] ၁၉၄၇ ခုနှစ်အခြေခံဥပဒေမှတဆင့် တိုင်းရင်းသားအဖွဲ့များကို ပြုလုပ်ထားခဲ့သော လွတ်လပ်ရေးအကြို ကတိကဝတ်များ စတင်အကောင်အထည်ဖော်ရန် ပျက်ကွက်မှုသည်လွတ်လပ်ရေးရပြီး မကြာမီ ပဋိပက္ခဖြစ်ပွားရန် ဦးတည်သွားခဲ့သည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွားခြင်းနှင့် ပြည်ထောင်စုမှ တိုင်းရင်းသားအဖွဲ့များ အချို့ခွဲထွက်ခြင်းဖြစ်နိုင်ချေသည် ၁၉၅၈ နှင့် ၁၉၆၂တို့တွင် ဦးနေဝင်း ဦးဆောင်သော စစ်အာဏာသိမ်းမှုအတွက် အကြောင်းပြချက် တစိတ်တဒေသဖြစ်စေခဲ့သည်။ ၁၉၆၀ တလျှောက်လုံး တပ်မတော်သည် ဒေသဆိုင်ရာတိုင်းရင်းသားအဖွဲ့များအပေါ် အကြီးအကျယ် အကျိုး သက်ရောက်သော ရက်စက်ကြမ်းကြုတ်စွာ သောင်းကျန်းမှုများနှင့် ကြိုးစားအားထုတ်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒေသခံလူဦးရေကိုအခွန်စည်းကြပ်သည့်၊ သဘာဝသယံဇာတများကိုခေါင်းပုံဖြတ်ခဲ့သည့်၊ ထို့အတူအချို့ကိစ္စများတွင်စစ်ဆင်ရေးကို ထောက်ပံ့ရန် အလို့ငှာမူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်မှောင်ခိုကုန်သွယ်မှုတွင်ပါဝင်ပတ်သက်ခဲ့သည့်အပြိုင်အုပ်ချုပ်ရေး ပုံစံများ၏ဖွံ့ဖြိုးမှုဆီသို့ ဦးဆောင်နေသည့် ကျယ်ပြန့်စွာ အကျိုးသက်ရောက်သော နယ်မြေ အပေါ်ညီညွတ်စွာထိန်းချုပ်နိုင်ခဲ့သည်။
၁၉၈၀နောက်ပိုင်းအစတွင် အစိုးရသည် လက်နက်ကိုင်အဖွဲ့များနှင့် အပြန်အလှန် အပတ်အခတ် ရပ်စဲရေး သဘောတူစာချုပ်စေ့စပ်မှုများ စတင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အချို့သည် နောက်ပိုင်းတွင် ယုတ်လျော့လာခဲ့ပြီး အပြန်အလှန်သဘောတူညီမှုများသည် အခြားအဖွဲ့

[8] ၂၀၁၅ခုနှစ်ဖွန်လ၂၅ရက်နေ့တွင် လွှတ်တော်သည်ယခင်ကလိုအပ်ခဲ့သည့် "စစ်ရေးအတွေ့အကြုံ "အစား" ကာကွယ်ရေးအတွေ့အကြုံ" ဟု သမ္မတအတွက် လိုအပ်ချက်များ၏ စကားလုံးရွေးချယ်သုံးနှုန်းမှုကိုပြောင်းလဲရန်အပိုဒ်၅၉(ဃ)ကိုပြင်ဆင်ရန်ဆန္ဒမဲပေးခဲ့ကြသည်။

[9] ၁၉၄၇ပင်လုံအစည်းအဝေး၌အချို့သော လက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်များ (စောင့်ကြည့်သူများသာ စေလွှတ်ခဲ့သည့်ကရင်၊ ကချင်နှင့်ရှမ်း) သည် သူတို့ဒေသရှိသယံဇာတများအပေါ် ထိန်းသိမ်းခြင်းနှင့်အမြင့်မားဆုံးသော ကိုယ်ပိုင်အုပ်ချုပ်ရေးဟုနားလည်ထားသော ပြည်ထောင်စုဗမာနိုင်ငံဖြစ်ပေါ်လာရေးကို သဘောတူညီခဲ့သည်။

များနှင့် ဘယ်သောအခါမှ ရောက်ရှိခြင်း မရှိခဲ့ပေ။ အပစ်အခတ်များသည် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းခြင်းကို ကိုယ်စားပြုခြင်းမဟုတ်ခဲ့သော်လည်း အစိုးရဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများရရှိရေးနှင့် အချို့သောလက်နက်ကိုင်အဖွဲ့များကို တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "အထူးဒေသများ" အဖြစ် အထောက်အကူဖြစ်စေခဲ့သည်။

အချို့သော လက်နက်ကိုင်အဖွဲ့များသည် ၂၀၁၀ရွေးကောက်ပွဲကို လွှတ်တော်အတွင်း လွှမ်းမိုးမှုများ ရရှိနိုင်ရန် အခွင့်အရေးအဖြစ် မြင်နေခဲ့စဉ်တပ်မတော်သည် ပြည်ထောင်စု၏ ပေါင်းစပ်မှုကို ကာကွယ်ရန် တရားမျှတရန်လိုအပ်သောနိုင်ငံရေးဆိုင်ရာ အခန်းဂဏ္ဍအဖြစ်ဆက်၍ အသုံးပြုသည့် ၂၀၀၈ခုနှစ် အခြေခံဥပဒေအောက်ရှိ အထူးသဖြင့် အစိုးရ၏ရည်ရွယ်ချက်အပေါ် သံသယအများကြီး ကျန်ရစ်ခဲ့ကြသည်။ အဓိကအားဖြင့် ကရင်၊ ရှမ်းနှင့်ကချင်ပြည်နယ်များရှိ ကျေးရွာအုပ်စုများတွင် ရွေးကောက်ပွဲဖျက်သိမ်းခြင်းသည် နိုင်ငံရေးဆိုင်ရာ တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များကို ငြင်းပယ်ရန် အကြောင်းပြဖန်တီးသကဲ့သို့ အစိုးရသည် ပဋိပက္ခများကို ပွားများစေသည့် လောင်စာဖြစ်ကြောင်း သိမြင်လာခဲ့သည်။ အကန့်အသတ်များရှိနေသော်လည်း တိုင်းရင်းသားပါတီများသည် အမတ်နေရာများ၏ ၁၅ ရာခိုင်နှုန်းအနိုင်ရရှိကာ အခြေအနေအတော် ကောင်းလာခဲ့သည်။ သမ္မတသိန်းစိန်သည် သူအုပ်ချုပ်နေစဉ်အတွင်း တနိုင်ငံလုံးငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရန် သူ့ရည်ရွယ်ချက်ကို အချက်ပြခဲ့သောအခါ ငြိမ်းချမ်းရေးအတွက် အလားအလာများသည် နောက်ထပ်ကျားကန်ခံခဲ့ရသည်။

၂၀၁၁ခုနှစ်အစတွင် အစိုးရသည်အပစ်အခတ်များကို ယုတ်လျော့စေခဲ့သည့်အဖွဲ့များနှင့် သဘောတူညီများများစွာစေ့စပ်ညှိနှိုင်းပြီး ပဋိပက္ခများကို အဆုံးသတ်စေကာ အသစ်သဘောတူညီချက်များ ညှိနှိုင်းပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီရေးစာချုပ်ကို ပြန်လည်အတည်ပြုရန် ရှာကြံခဲ့ပါသည်။ ၂၀၁၁ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၃ခုနှစ် ဩဂုတ်လကြားတွင် အစိုးရသည် မတူညီသော လက်နက်ကိုင်အဖွဲ့ ၁၄ဖွဲ့နှင့် အပြန်အလှန်သဘောတူညီမှုများရရှိခဲ့ပြီး တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA)ဆီသို့ စတင် လုပ်ဆောင်ခဲ့ပါသည်။ NCA စေ့စပ်ညှိနှိုင်းခြင်း ဖြစ်စဉ်သည် အထူးသဖြင့်အစိုးရ မျှော်လင့်ထားသော ၂၀၁၅ အထိဆက်လက်၍ တပ်မတော်နှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ (EAGs) အထူးအားဖြင့် ၂၀၁၁ ခုနှစ် ယုတ်လျော့လာသော ပစ်ခတ်ရေး ၁၇နှစ်ကြာပြီးနောက် မြန်မာတွင် သယံဇာတပေါကြွယ်ဝဆုံးသော၊ ဩဇာအရှိဆုံးသော EAGs တစ်ခုဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)ကြားပဋိပက္ခအဖွင့် အဖြစ်သက်သေထူခဲ့သည်။

၂၀၁၅ခုနှစ် မတ်လတွင်အချို့နေရာများ၌ ဆက်ဖြစ်ပွားနေခဲ့သောပဋိပက္ခနှင့် စေ့စပ်ညှိနှိုင်းရေးဖြစ်စဉ်မှ လက်နက်ကိုင်အဖွဲ့များ အရေးအတွက်ဖယ်ရှားမှုအပေါ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များစိုးရိမ်ပူပန်မှုကျန်နေခဲ့သော်လည်း စာသားမူကြမ်းကိုသဘောတူခဲ့ကြသည်။ ရွေးကောက်ပွဲ နီးကပ်လာခြင်းနှင့်သဘော တူညီချက်များရရှိရေးအတွက် အခွင့်အရေးပြတင်းပေါက်နှင့်အတူ အစိုးရသည် အောက်တိုဘာလ ၁၅ ရက်နေ့ကို NCA လက်မှတ်ရေးထိုးရက်အဖြစ်သတ်မှတ်ခဲ့သည်။ သို့သော် NCA လက်မှတ်ရေးထိုးရန် သဘောတူထားသည့် အဖွဲ့ ၈ ဖွဲ့နှင့် ကချင်လွတ်လပ်ရေးအဖွဲ့၊ ဝပြည်နယ် သွေးစည်းညီညွတ်ရေးတပ်မတော်၊ ရှမ်းပြည်နယ်တိုးတက်ရေးပါတီနှင့် မွန်ပြည်နယ်သစ်ပါတီတို့ပါဝင်သည့် အဓိကအဖွဲ့များပါဝင်ခဲ့ ခြင်းမရှိပေ။ NCA ကို လက်မှတ်ထိုးထားသော အဖွဲ့များသည်

အနာဂတ်တွင် ဒီမိုကရေစီနိုင်ငံရေး အခန်းကဏ္ဍကို လုပ်ဆောင်ရန်ဖန်တီးသည့် အုပ်စုများနှင့်ထိတွေ့ ဆက်ဆံသော ပြစ်မှုအနေဖြင့် "ဥပဒေနှင့်မညီညွတ် သောအသင်းအဖွဲ့" စာရင်းမှ ဖယ်ရှားခံခဲ့ရ သည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲပြီးနောက် ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်၏ နေရာဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြားနှင့် မြန်မာ့တပ်မတော်နှင့် လက်မှတ် ရေးမထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများဆက်၍ ဖြစ်ပွားခဲ့သည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီတွင် NCAလက်မှတ် ရေးထိုးထားသူများ (သို့ရာတွင် လက်မှတ်ရေး မထိုးထားသူများ အပြည့်ပါဝင်ခြင်းမရှိ) တက်ရောက်ခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဖွင့် အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အောင်ဆန်းစုကြည်မှ NLDသည် ဆက်လက် လုပ်ဆောင်နေသော တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို ထောက်ပံ့မည်ဖြစ်ကြောင်း သို့ရာတွင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးအတွက် အသေးစိတ်မူဘောင်ကို NLDဦးဆောင်သည့်အစိုးရသို့ အာဏာလွှဲပြောင်းပြီးနောက် ပြန်လေ့လာသုံးသပ်မည်ဖြစ် ကြောင်းအချက်ပြခဲ့သည်။

## ရခိုင်ပြည်နယ်နှင့်လူမျိုးရေးပဋိပက္ခ

တိုင်းရင်းသားပဋိပက္ခအပြင် မူဆလင်ဆန့်ကျင်စိတ်သဘောထားနှင့် ဗုဒ္ဓဘာသာအမျိုးသားရေး ဝါဒီများသည် မြန်မာနိုင်ငံ၌ အထူးသဖြင့်ရခိုင်ပြည်နယ်တွင် နိုင်ငံရေး၏အရေးပါသော အင်္ဂါရပ်အနေဖြင့် ပေါ်ထွက်လာခဲ့သည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ပိုင်း အကျဆုံးပြည်နယ်ဖြစ်ပြီး ၎င်း၏အဆင်းရဲဆုံးသောမြောက်ပိုင်းနယ်စပ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိဆက်လျက် ရှိသည်။ လူဦးရေသုံးသန်းကျော်နေထိုင်ပြီး သုံးပုံနှစ်ပုံခန့်သည် တိုင်းရင်းသားရခိုင်ဗုဒ္ဓဘာသာများ ဖြစ်ကြပြီး ကျန်တစ်ပုံမှာမူဆလင်များဖြစ်ကြသည်။ မူဆလင်လူမျိုးအများစုသည် ဗြိတိသျှကိုလိုနီ အုပ်ချုပ်စဉ်အတွင်း မြန်မာနိုင်ငံသို့ တောင်အာရှမသူတို့၏ မျိုးနွယ်ကိုလိုက်ရာခဲ့သည်။ ထိုလူအများစု သည်"ရိုဟင်ဂျာ"အဖြစ် ကိုယ်တိုင်ခံယူထားသည်။ အစိုးရသည်ရိုဟင်ဂျာကိုတိုင်းရင်းသားအဖွဲ့အဖြစ် မသတ်မှတ်ပဲ သူတို့အား"ဘင်္ဂလီ"ဟုတရားဝင်ခေါ်ဝေါ်သုံးစွဲကြသည်။

ဒေသခံလူများသည် တဖက်နှင့်တဖက် အချိန်အကြာကြီး ပဋိပက္ခမဖြစ်ပဲနေခဲ့ကြသော်လည်း ဒုတိယ ကမ္ဘာစစ်ပြီးပိုင်းတွင် ရခိုင်နှင့်မူဆလင်ကြားကြိုကြားကြိုကြား တိုက်ပွဲများဖြစ်ပေါ်လာခဲ့ကြသည်။ ရခိုင် ပြည်နယ်ကိုဖြတ်၍ဗုဒ္ဓဘာသာများနှင့်မူဆလင်များကြားလူမှုရေးအကြမ်းဖက်မှုများဖြစ်ပွားခဲ့သော၂၀၁၂ ခုနှစ်ဇွန်လမှစ၍ ဆက်ဆံရေးသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာကာ လူရာပေါင်းများစွာ ထိခိုက်သေကြေခဲ့ပြီး ရိုဟင်ဂျာအများစု သောင်းချီအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ အကြမ်းဖက်မှုများ ခြေမှုန်းရန် အစိုးရသည် မူဆလင်လူဦးရေကို အခြားကန့်သတ်မှုများ၊ တွန်းအားပေးမှုများပြုလုပ်ခြင်းနှင့် အိုးအိမ်မဲ့ရိုဟင်ဂျာ များကိုဒုက္ခသည်စခန်းများတွင် သီးခြားနေစေခြင်းဖြင့်ဒေသခံလူများကို ခွဲခြားထားခဲ့ သည်။[10]

---

[10] ရခိုင်ပြည်နယ်တွင်အခြား မူဆလင်တိုင်းရင်းသားအဖွဲ့များ အထူးသဖြင့်ခမန်းများရှိနေသည်။ ခမန်းမှာတရားဝင်အသိအမှတ်ပြုထားပြီး နိုင်ငံသားအခွင့်အရေးများ ရှိသော်လည်းရိုဟင်ဂျာများကဲ့သို့ တူညီသောကန့်သတ်ချက်များကိုရင်ဆိုင်နေရသည်။

ထိုအချိန်မှစ၍ ရခိုင်ဗုဒ္ဓဘာသာများနှင့် မူဆလင်များကြားယုံကြည်မှုပျောက်ကွယ်ခြင်းများ ပို၍တိုးပွား လာခဲ့သည်။ ရခိုင်တိုင်းရင်းသားဒေသခံသည် အထူးသဖြင့်ရိုဟင်ဂျာကိုရခိုင်ပြည်နယ်၏ တရားဝင် နေထိုင်သူအဖြစ် လက်ခံခြင်းကိုခုခံကြပြီး တစ်ဦးတစ်ယောက်ချင်းစီသည် ထိုကဲ့သို့သော အမြင်ကို လူမှုရေးဖိအားအဖြစ် သိသိသာသာခံယူထားကြသည်။ တိုင်းရင်းသားရခိုင်အများစုသည် ဗမာကြီးစိုး သော မြန်မာအစိုးရ၏ ရည်ရွယ်ချက်များကိုလည်း သံသယဖြစ်လာကြသည်။ အစိုးရသည် အချိန်တို အတွင်း နောက်ထပ်ပဋိပက္ခမဖြစ်ပေါ်အောင် ကာကွယ်ခြင်း အတော်လေးထိရောက်ခဲ့စဉ် အနာဂတ်၌ ဖြစ်နိုင်သော ပြန်လည်သင့်မြတ်ရေးအသုံးစရိတ်များ ပေါ်ပေါက်လာခဲ့သည်။ ထို့မှတပါး အစိုးရသည် ၂၀၁၃ခုနှစ်နှင့် ၂၀၁၄ခုနှစ်ကြား ဗမာဗဟိုချက်မနေရာတွင် မူဆလင်ဆန့်ကြင်အကြမ်းဖက်မှုဖြစ်စဉ် အမျိုးမျိုးဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံတလျှောက်ဗုဒ္ဓဘာသာလူမျိုးများနှင့် မူဆလင်ဆန့်ကျင်စိတ် သဘောထားများကို သည်းခံခဲ့ကြသည်။

ရိုဟင်ဂျာများသည် သူတို့၏အခွင့်အရေးများ ဆက်လက်ပျက်သုဉ်းမှုများကိုမြင်နေခဲ့ရသည်။ အချို့သော ၁၃၀၀၀၀သည် ဒုက္ခသည်စခန်းများတွင် အတွင်းကျစွာကျန်နေသည်။ ဒုက္ခသည်စခန်း အပြင်ရှိ ရွာသားများတဖြစ်လဲ ထိုသူများ (ထောင်ပေါင်းများစွာမှရာပေါင်းများစွာ) သည် သူတို့၏ ပြောင်းရွှေ့မှုနှင့် အသက်မွေးဝမ်းကြောင်း၊ ကျန်းမာရေးနှင့်ပညာရေးအခွင့်အလမ်းများတွင် ကန့်သတ်မှု များ ဆက်၍ရင်ဆိုင်နေရသည်။ ဖိနှိပ်ချုပ်ချယ်မှုများ၊ အလွန်အမင်းဆင်းရဲမွဲတေမှုနှင့် တိုးတက်မှု အတွက် အလားအလာမရှိခြင်းများသည် အင်ဒိုနီးရှားနှင့် မလေးရှားကမ်းရိုးတန်းတွင် ရိုဟင်ဂျာ ထောင်ပေါင်းများစွာနှင့် ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်း လုပ်သားများသောင်းတင်စေခဲ့ သည့် ၂၀၁၅ခုနှစ် "လှေအကြပ်အတည်း" ဆီသို့ဦးတည်နေသော် မြန်မာနိုင်ငံမှ မူဆလင်များ အများအပြားစီးထွက် လာခြင်းကို ဦးတည်နေသည်။

ရိုဟင်ဂျာများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများတွင်၄ င်းတို့၏နိုင်ငံသားဖြစ်ခွင့် အဆင့်အတန်းသည် အကြီးမားဆုံးသော အစိတ်အပိုင်းပင်စည်ဖြစ်သည်။ အများစုသည် အရင်ကကိုင်ဆောင်ခဲ့သော နိုင်ငံသားဖြစ်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် သူတို့၏မြန်မာမျိုးရိုး စဉ်ဆက်အရင်းအမြစ်ကို ရှာနေကြ သည်။ လွန်ခဲ့သော နှစ်၂၀ကျော်ကအများစုသည် ဥပဒေကန့်သတ်ချက်တွင် နိုင်ငံသားဖြစ်မှု အခြေအနေကို ပေးအပ်ထားခြင်းမရှိသည့် ကျန်နေသောလူဦးရေအများစုကို ထုတ်ပေးခဲ့သော "ဝှိုက်ကတ်ဒ်" ဟုသိခဲ့သည့်"ယာယီမှတ်ပုံ တင်ကတ်ဒ်များ "(TRCs) ကိုကိုင်ဆောင်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေ ထိုသူတို့ကိုနိုင်ငံရေးဆိုင်ရာပါတီများ ဖွဲ့စည်းခြင်းနှင့်မဲပေးခြင်းကို ခွင့်ပြုထားခဲ့သည်။ ၂၀၁၄ခုနှစ် စက်တင်ဘာလတွင် လွှတ်တော်သည် TRCsကိုင်ဆောင်ထားသူများကို နိုင်ငံရေး ဆိုင်ရာပါတီများ၏ အသင်းဝင်များအဖြစ် တာဝန်ထမ်းဆောင်ခြင်းကို ပိတ်ပင်ခဲ့ပြီး ၂၀၁၅ခုနှစ် အစောပိုင်းတွင် သမ္မတသည် မြန်မာနိုင်ငံတွင် နောက်ထပ်မသေချာမရေရာစွာ် ရိုဟင်ဂျာများတရားဝင် နေထိုင်ကြောင်း တရားဝင်အခြေအနေကို ဖန်းတီးသည့် TRCsများကို ဖျက်သိမ်းမည် ဖြစ်ကြောင်း မမျှော်လင့်ပဲကြေငြာခဲ့သည်။ လွှတ်တော်သည်နောက်ပိုင်းတွင် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင် များစာရင်းမှ "ယာယီမှတ်ပုံတင်ကိုင်ဆောင်သူများ" ကိုဖယ်ရှားရန် ရွေးကောက်ပွဲဥပဒေများပြင် ဆင်ခဲ့သည်။ ဤစိတ်ပျက်စရာကောင်းသော လူသားချင်းစာနာထောက်ထားမှု အခြေအနေနှင့်အတူ နိုင်ငံရေးအခွင့်အရေးငြင်းဆိုမှုပြဿနာသည် ကာတာစင်တာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက်

စောင့် ကြည့်လေ့လာနေသော ကာလတလျှောက်တွင် အဓိကအကြောင်းကိစ္စတစ်ခုအနေဖြင့် ကျန်နေခဲ့သည်။ ("ယာယီနိုင်ငံသားများ၏ မဲပေးရာတွင်မဲပေးနိုင်ခွင့် အခွင့်အရေးဆုံးရှုံးခြင်း" အခန်းတွင် ကြည့်ရန်)

## ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများနှင့်အထွေထွေရွေးကောက်ပွဲများအတွက်မူဘောင်

ကာတာစင်တာသည် ရွေးကောက်ပွဲတွင် အထွေထွေရွေးကောက်ပွဲများအတွက် မူဘောင်ထဲမှ အချက်များကို သုံးစွဲခဲ့ပါသည်။ အဓိကအကြောင်းအရာများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဥပဒေမူဘောင်၊ ဥပဒေရေးရာမူဘောင်၊ ရွေးကောက်တင်မြှောက်ခြင်းစနစ်၊ နယ်နိမိတ်ကန့်သတ်ချက်များသတ်မှတ်ခြင်း၊ ရွေးကောက်ပွဲစီမံ ခန့်ခွဲမှု၊ မဲဆန္ဒရှင်စာရင်းသွင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းနှင့်မဲဆန္ဒရှင်ပညာပေးခြင်းတို့ ဖြစ်သည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဥပဒေမူဘောင်

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည်ပြည်တွင်းဥပဒေနှင့်နိုင်ငံတကာစည်းမျဉ်းများနှင့် လိုက်လျောညီထွေရှိသော ဒီမိုကရေစီကျရွေးကောက်ပွဲများအား ထိရောက်စွာစီမံခန့်ခွဲရာတွင် မရှိမဖြစ်လိုအပ်သည်။[11] မြန်မာနိုင်ငံသည် အနည်းငယ်သောနိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ နည်းလမ်းများကိုသာ သဘောတူကျင့်သုံးနေသည်၊ သိသာစွာဆိုရသော်မြန်မာသည် International Covenant on Civil and Political Rights (ICCPR) အဖွဲ့ဝင်အဖြစ် ယခုအထိဖြစ်မလာသေးခြင်းဖြစ်သည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ရွေးကောက်ပွဲများကျင်းပရန်အတွက်လိုအပ်သောမူဘောင်များဖြင့်အထောက်အပံ့ပြုထားသည်။ ရွေးကောက်ပွဲဥပဒေနှင့် ၎င်း၏နည်းဥပဒေများသည် အကုန်လုံးမဟုတ်သော်လည်း အများစု၏အားနည်းချက်များကို အခြေခံဥပဒေ၏ပေးထားချက်များတွင် တွေ့ရှိနိုင်သည်။ အခြေခံဥပဒေမူဘောင်သည် စစ်အစိုးရအုပ်ချုပ်ခဲ့သည့် ကာလတွင် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး၊ စစ်တပ်၏ အစိုးရအပေါ် ထိန်းချုပ်ခွင့်နှင့် ရှေ့လာမည့်အပြောင်းအလဲများတွင် ပါဝင်ခွင့်များအပေါ် သေချာစေရန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အခြေခံဥပဒေ၏ ပေးထားချက်များအတွင်း ဒီမိုကရေစီကျရွေးကောက်ပွဲဆိုင်ရာ ပုံစံနှင့်နိုင်ငံရေးလုပ်ငန်းစဉ် အပေါ်ဖွဲ့စည်းပုံအရ သက်ရောက်မှုရှိသော အချက်များစွာပါဝင်နေသည်။ ထပ်လောင်း၍ အခြေခံဥပဒေပြင်ဆင်မှုလုပ်ငန်းစဉ်အပေါ် တင်းကျပ်ထားမှုသည် အခြေခံဥပဒေပြင်ဆင်ရန် ဥပဒေပြုလွှတ်တော်နှစ်ရပ်၏ လေးပုံသုံးပုံထောက်ခံမှုရရှိရမည့်အပြင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှမဲပေးခွင့်ရှိသူများ၏ အများစု ထောက်ခံမှုရရှိရန်လိုအပ်သည်ဟူသော ရွေးကောက်ပွဲဆိုင်ရာစနစ် အပြောင်းအလဲပြုလုပ်ရန် အခက်အခဲကိုဖြစ်ပေါ်စေသည်။ [12] တပ်မတော်မှ လွှတ်တော်နှစ်ရပ်လုံး

---

[11] ICCPR၊ အခန်း(၂) ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ အထွေထွေမှတ်ချက်(၂၅)၊စာပိုဒ် ၅၊ ၇၊ ၉၊ ၁၉ ခ

[12] ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊အပိုဒ်(၄၃၆)

တွင်၂၅ရာခိုင်နှုန်းရယူထိန်းချုပ်ထားသောကြောင့် ၎င်းကန့်သတ်ချက်များသည် ရွေးကောက်ပွဲရလာဒ်များအပေါ် စိုးရိမ်မှုရှိရန်မလိုပဲတပ်မတော်၏အရေးပါမှုကို အာမခံပေးထားသည်။

ကာတာစင်တာမှ ရွေးကောက်ပွဲများအတွက် အခြေခံဥပဒေဆိုင်ရာ မူဘောင်နှင့် ဆက်စပ်နေသော အဓိကအချက်များကို ကောက်နုတ်ထားသည်မှာ၊

- *မဲများသာတူညီမျှရရှိမှု*။ လွတ်လပ်ရေးရစဉ်ကတည်းက အသုံးပြုလာသောမဲဆန္ဒနယ်များ၏ မြို့နယ်များနှင့်ချိတ်ဆက်နေသောစနစ်သည် ပြည်တွင်းမဲဆန္ဒနယ်များနှင့် လွှတ်တော်များကို ကိုယ်စားပြုခြင်းများ၏ ချိတ်ဆက်မှုကို တိုက်ရိုက်နားလည်နိုင်အောင် ဖန်တီးပေးထားသည်။ သို့သော်လည်းပဲ မြို့နယ်များအကြားတွင် မဲပေးသူအရေအတွက် ကွဲပြားမှုရှိနေပြီး၊ ၎င်းစနစ်သည် ဒီမိုကရေစီကျ ရွေးကောက်ပွဲများ၏ မရှိမဖြစ်အစိတ်အပိုင်းဖြစ်သော သာတူညီမျှမဲရရှိမှုကို သေချာမှု မပေးပေ။[13]
- *ဥပဒေပြုရေးနှင့်အဓိကဝန်ကြီးဌာနများအပေါ်တပ်မတော်မှခန့်အပ်မှုများ*။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုလွှတ်တော်အသီးသီး၏ လေးပုံတစ်ပုံကိုခန့်အပ်ရသည်။ အထက်လွှတ်တော်များတွင် ရွေးကောက်ခံမဟုတ်သူများရှိနေခြင်းသည် နိုင်ငံအချို့တွင်ကျင့်သုံးလျက်ရှိသော်လည်း၊ အောက်လွှတ်တော်တွင်ပါ ခန့်အပ်ထားသည်မှာ အစိုးရ၏အခွင့်အာဏာကို အပ်နှင်းသောပြည်သူများ၏ ဆန္ဒမှန်ကို စစ်မှန်သောရွေးကောက်ပွဲများမှ ဖော်ပြနိုင်မည့်နိုင်ငံတကာ ဒီမိုကရေစီသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပေ။[14]
  တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရပ်သားများ၏ ကွပ်ကဲမှုပြင်ပဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ဒေရေးရာဝန်ကြီးများအား ခန့်အပ်တာဝန်ပေးသည်။ ၎င်းအခြေအနေသည် ရွေးကောက်ပွဲများစီမံအုပ်ချုပ်မှု နောက်ဆက်တွဲများဖြစ်သော ရွေးကောက်ပွဲကော်မရှင်ခွဲများသည် အဆင့်အလိုက် အစိုးရအုပ်ချုပ်ရေးများ၏ တာဝန်ယူထားသော ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေ/အုပ်) အပေါ် များစွာမှီခိုနေရခြင်းဖြစ်သည်။
- *ရွေးကောက်ပွဲစီမံခန့်ခွဲမှု၏ လုပ်ပိုင်ခွင့်နှင့် အမှီအခိုကင်းမှု*။ အခြေခံဥပဒေသည် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအား ခန့်အပ်နိုင်သည့် အခွင့်အာဏာပေးထားသည်။ ထိုခန့်အပ်မှုများကို လွှတ်တော်၏ခွင့်ပြုချက်ရယူရန် လိုအပ်သော်လည်း ခန့်အပ်မှုကိုပယ်ချရန်အတွက်မူ အချက်များများစားစားမရှိပေ။ အခြေခံဥပဒေသည် ယင်းအပေါ်တွင် ရွေးကောက်ပွဲစီမံအုပ်ချုပ်မှု၏ အမှီအခိုကင်းမှုနှင့် ညီမျှမှုအပေါ်တွင် လုံလောက်သော

---

[13]အောက်တွင်ဖော်ပြထားသည့်နယ်နိမိတ်ကန့်သတ်ချက်များအားလျှော့ချခြင်းကဏ္ဍတွင်အသေးစိတ်ကြည့်ရန်

[14] Universal Declaration of Human Rights၊အခန်း(၂၁)တွင်ဖော်ပြထားသည်မှာ၊ ”အစိုးရ၏ အခွင့်အာဏာသည် ပြည်သူများ၏ ဆန္ဒမှတစ်ဆင့် အခြေခံရမည်ဖြစ်ပြီး ၎င်းဆန္ဒများအားအချိန်ကာလအပိုင်းအခြားအတွင်း စစ်မှန်ပြီးကမ္ဘာလုံးဆိုင်ရာသာတူညီမျှ လွတ်လပ်သော မဲပေးခြင်း အဆင့်များ(သို့) လျှို့ဝှက်ဆန္ဒပေးပိုင်ခွင့်ရှိသော ရွေးကောက်ပွဲများမှဖော်ထုတ်ရမည်ဖြစ်သည်”။ ICCPR၊အခန်း(၂၅) အထွေထွေမှတ်ချက်၂၅၊စာပိုဒ်၇တွင်ဖော်ပြထားသည်မှာ”ပြည်သူအများမှအများအကျိုးပြုလုပ်ငန်းများဆောင်ရွက်မည့်ကိုယ်စားလှယ်များအား လွတ်လပ်စွာ ရွေးချယ်ခံရမည့်ကိုယ်စားလှယ်များအနေဖြင့် အစိုးရအခွင့်အာဏာအားအသုံးပြုရာတွင် ဖြတ်သန်းလာသော ရွေးကောက်ပွဲအဆင့်များကို တာဝန်ခံရမည့်အပြင်အစိုးရအာဏာကိုလည်း အကျိုးရှိစွာအသုံးချရမည်ဟုအခန်း(၂၅)တွင် အတိအလင်းဖော်ပြ ထားသည်။

အာမခံချက် ပေးမထားပေ။ ထပ်မံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များကိုလွှတ်တော်တွင် ဆွေးနွေးခွင့် (သို့) တရားစီရင်ရေး အယူခံပိုင်ခွင့်မရှိပေ။ ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုအပိုင်း၏ဆုံးဖြတ်ချက်များကိုအခြေခံအားဖြင့်အယူခံဆွေးနွေးခွင့်ရှိရမည့်ဖြစ်သည်။[15]

- *မဲဆန္ဒရှင်အရည်အချင်းသတ်မှတ်ခြင်း*။ အခြေခံဥပဒေသည် အသက်၁၈နှစ်ပြည့်ပြီးသည့် မည်သည့်နိုင်ငံသားမဆို မဲပေးပိုင်ခွင့်ပေးထားပြီး၊ မဲပေးပိုင်ခွင့်တွင် အရေးကြီးသည့်ချွင်းချက်များအား ရှင်းလင်းထားသော်လည်း အချို့အချက်များတွင် နိုင်ငံတကာစံနှုန်းများတွင် မဲပေးပိုင်ခွင့်အပေါ် ကန့်သတ်ထားသည့် လုံလောက်သည့်အကြောင်းပြချက်များကို ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။[16]
- *ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်*။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲပေးပိုင်ခွင့်ရှိသူဖြစ်ရမည်၊ အသက်၂၅နှစ်ပြည့်ပြီးသူဖြစ်ရမည် (အထက်လွှတ်တော်အတွက် ၃၀နှစ်ပြည့်ပြီးဖြစ်ရမည်) ၊မြန်မာနိုင်ငံတွင် ၁၀နှစ်ဆက်တိုက် နေထိုင်ပြီးသူဖြစ်ရမည်၊ နိုင်ငံသားမိဘနှစ်ဦးမှမွေးဖွားလာသူဖြစ်ရမည်တို့ ဖြစ်ကြသည်။ တွဲဖက်နိုင်ငံသားများနှင့် နိုင်ငံသားအဖြစ်ကူးပြောင်းခံယူထားသူများ၊ နှင့် ပြည်သူ့ဝန်ထမ်းများ (တပ်မတော်မှ အမည်စာရင်း တင်သွင်းခံရသူများမပါဝင်) သည် ဝင်ရောက်အရွေးချယ်ပိုင်ခွင့်မရှိပေ။ [17] နိုင်ငံတကာဥပဒေများတွင် ကိုယ်စားလှယ်လောင်းအား ဖုံးကွယ်ထားခြင်း (သို့) နိုင်ငံသားပြောင်းလဲခံယူထားမှုအပေါ် မဲပေးခွင့်ကန့်သတ်ခြင်း (သို့) ကိုးကွယ်ယုံကြည်မှုကို ယေဘုယျအားဖြင့် ကြောင်းကျိုးညီညွတ်မှုမရှိဟူ၍ ဆုံးဖြတ်ကြသည်။[18]
- *နိုင်ငံတော်သမ္မတအရည်အချင်းသတ်မှတ်မှုအပေါ်တွင် ကန့်သတ်ချက်များ*။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (အခန်း၅၉[စ]) တွင် မိမိ၏မိဘတစ်ပါးပါး၊ ဇနီး(သို့)ခင်ပွန်း၊ အခြားနိုင်ငံသားခံယူထားသော တရားဝင်သားသမီးများရှိနေသူ မည်သူမဆို မြန်မာနိုင်ငံသမ္မတတာဝန်အား ရယူခွင့်မရှိပေ။ မိမိ၏မိဘတစ်ပါးပါး၊ ဇနီး(သို့)ခင်ပွန်း၊ အခြားနိုင်ငံသားခံယူထားသောတရားဝင်သားသမီးများ ရှိနေသူ မည်သူမဆိုမြန်မာနိုင်ငံသမ္မတတာဝန်အားထမ်းဆောင်ခွင့်မရှိခြင်းသည် ကျိုးကြောင်းဆီလျော်မှုမရှိပေ၊ အထူးသဖြင့် တစ်စုံတစ်ဦးအားရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ထားပုံရပြီးပြန်လည်သုံးသပ်ရန်လိုအပ်ပေသည်။

---

[15] ICCPR၏အခန်း၂၃နှင့်ကမ္ဘာ့လုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း၏အခန်း၈တို့တွင်ကြည့်ပါ။Declaration on criteria for free and fair electionsရှိInter-Parliamentary Union(IPU)အား၁၉၉၄ခုနှစ်မတ်လ၂၆ရက်တွင်၊စာပိုဒ်၄(၉)တွင်ကန့်ကွက်သူမရှိအတည်ပြုနိုင်ခဲ့သည်။မြန်မာနိုင်ငံသည်၂၀၁၂မှစ၍IPUအဖွဲ့ဝင်ဖြစ်လာခဲ့သည်။

[16] မဲဆန္ဒရှင်စာရင်သွင်းခြင်းအသေးစိတ်အားအောက်ဖော်ပြပါခေါင်းစဉ်တွင်ကြည့်ရှုနိုင်သည်။

[17] ရွေးကောက်ပွဲဥပဒေများသည်ဘာသာရေးအားနိုင်ငံရေးအတွက်အသုံးချသူမည်သူမဆိုအရည်အချင်းမမီသူအဖြစ်သတ်မှတ်မည်ဖြစ်သလို( သို့)ဥပဒေနှင့်မညီညွတ်သောအဖွဲ့အစည်းများနှင့်တိုင်းရင်းသားပါတီများအထူးသဖြင့်ယခင်လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်သူများအားရွေးကောက်ပွဲတွင်ပါဝင်ခွင့်မရှိဟုကြေငြာခြင်းခံရမည်ဖြစ်သည်။

[18] အထွေအထွေမှတ်ချက်၂၃၊စာပိုဒ်၃တွင်ဖော်ပြထားသည်မှာ၊အခွင့်အရေးများအားပြည်သူများရယူခံစားရာတွင်မည်သည့်လူမျိုး၊အသားအရောင်၊လိင်ကွဲပြားမှု၊ဘာသာစကား၊ကိုးကွယ်ယုံကြည်မှု၊နိုင်ငံရေး(သို့)အခြားအမြင်များ၊နိုင်ငံသားဖြစ်မှု(သို့)လူမှုဖြစ်တည်ရာများ၊ပိုင်ဆိုင်မှု၊မွေးဖွားရာ(သို့)အခြားအခြေအနေများအပေါ်လိုက်၍ကွဲပြားမှုမရှိစေရ။မွေးဖွားရာအလိုက်နိုင်ငံသားခံယူခွင့်နှင့်နိုင်ငံသားကူးပြောင်းခြင်းခံယူထားသူများအကြားကွဲပြားမှုများကိုမူအခန်း(၂၅)နှင့်ဆက်စပ်သောမေးခွန်းများရှိလာနိုင်စရာရှိသည်၊ဟုဖော်ပြထားသည်။အထွေအထွေမှတ်ချက်၂၆၊စာပိုဒ်၄၊အထွေအထွေမှတ်ချက်၂၅၊စာပိုဒ်၁၅နှင့်၊IPU၏Declaration on criteria for free and fair electionတွင်ကြည့်ပါ။

## ဥပဒေရေးရာမူဘောင်

အခြေခံဥပဒေသည် ရွေးကောက်ပွဲများ၏၊ ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများ အရည်အချင်းသတ်မှတ်ခြင်း၊ UEC၏ဖွဲ့စည်းပုံနှင့်ရွေးချယ်ခန့်အပ်ခြင်း၊ များပါဝင်သည့်အခြေခံများအား လမ်းညွှန်ပေးသည်။ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲများသည် ၂၀၁၀ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေများပါဝင်သောရွေးကောက်ပွဲဥပဒေသုံးခု [19] ဖြင့်ကျင်းပပြုလုပ်လျှက်ရှိသည်။ ၎င်းတို့သည်UECမှ ထုတ်ပြန်ထားသည့်ဖြည့်စွက်ထားသောဥပဒေ၊ နည်းဥပဒေများဖြစ်ကြသည်။

ရွေးကောက်ပွဲများဥပဒေပြုခြင်းတွင် ကွာဟချက်များပါဝင်ပြီး အချို့မှာရှင်းလင်းချက်များမပါဝင်ပဲ၊ UEC အား စည်းမျဉ်းများ ကျယ်ပြန့်စွာထုတ်ပြန်နိုင်သည့် အခွင့်အာဏာကိုပေးအပ်ထားသည်။ UECသည် လူတစ်ဦးချင်း၏ မဲပေးပိုင်ခွင့်နှင့်ရွေးကောက်ခံခြင်း အခွင့်အရေးကိုမြင်သာစွာ အကျိုးသက်ရောက်စေသည့် လုပ်ငန်းစဉ်များအား စနစ်ကျအောင် လုပ်ဆောင်ရန် ကျန်ရှိနေသည်။ ယင်းတို့မှာ မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်း စာရင်းသွင်းခြင်းအတွက် အချိန်ကာလသတ်မှတ်ခြင်း၊ ကော်မရှင် အဖွဲ့ခွဲများ ခန့်အပ်ခြင်းနှင့်ပါဝင်မှု၊ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးခြင်း စည်းမျဉ်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ လက်လှမ်းမီနိုင်မှု၊ မဲလက်မှတ်များ ရိုက်နှိပ်ရာတွင် ပွင့်လင်းမြင်သာရှိမှု၊ ကြိုတင်ဆန္ဒမဲပေးရာတွင် သတ်မှတ်ချက်များနှင့် အချိန်ကာလ၊ ဆန္ဒမဲလက်မှတ်အတည်ပြုခြင်း စည်းမျဉ်းများ၊ မဲများရေတွက်စာရင်းသွင်းခြင်းနှင့် ရလာဒ်များအား ကြေငြာခြင်းနှင့် ရွေးကောက်ပွဲသုံး ပစ္စည်းများအား လုံခြုံစွာသိမ်းဆည်းခြင်းစဉ်းများ၊ စသည်တို့ဖြစ်ကြသည်။ UEC၏ အခွင့်အာဏာ အောက်တွင်ရှိသော ရွေးကောက်ပွဲအငြင်းပွားမှုဆိုင်ရာများအား ဖြေရှင်းရာတွင် ရှင်းလင်းသော ဥပဒေများပြုပေးရန် လိုအပ်သည်။ အချို့သောအငြင်းပွားမှုများမှာ နည်းစနစ်ရှုထောင့်အဖြစ် တွေ့မြင်နိုင်ပြီး မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်းအခွင့်အရေးများအား ကာကွယ်လျက်အများပြည်သူ၏ ယုံကြည်မှုကိုတိုးမြှင့်ရာတွင် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာအတွက် အရေးကြီးသကဲ့သို့ ရှုမြင်ရမည် ဖြစ်သည်။

UECအား စည်းမျဉ်းများကျယ်ပြန့်စွာထုတ်ပြန်နိုင်သည့် အခွင့်အာဏာနှင့်အခြေခံဥပဒေဆိုင်ရာကန့်အသတ်များကို ပေးအပ်ထားသော်လည်း ရွေးကောက်ပွဲဥပဒေများမှာ ယေဘုယျအားဖြင့် လက်ခံနိုင်ဖွယ်ရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ယခုကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အထောက်အပံ့ဖြစ်စေသည်။ သို့သော်လည်း အခြေခံဒီမိုကရေစီအခွင့်အရေးများနှင့် လွတ်လပ်မှုကိုပိုမို ကာကွယ်ရန် သိသာထင်ရှားသော ဥပဒေပြုပြင်ပြောင်းလဲရေးသည် လိုအပ်ပေသည်။ နိုင်ငံရေး ခေါင်းဆောင်များ၊ ဥပဒေပြုသူများ၊ ရွေးကောက်ပွဲတာဝန်ရှိသူများသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် အတူ ရွေးကောက်ပွဲဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး

---

19 အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)ရွေးကောက်ပွဲဥပဒေ၊ ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်) ရွေးကောက်ပွဲဥပဒေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ကိုယ်စားလှယ်လောင်းစာရင်းသွင်းခြင်းနှင့်ယင်းဥပဒေသုံးခု ပေါင်းစပ်ခြင်းမှ တစ်ပါးထို ဥပဒေသုံးခုမှာအသေးစိတ်တူညီမှုများရှိသည်။

အတွက် လိုအပ်သည်များကိုအတူတကွ အဖြေရှာသင့်သည်။ အဓိကနိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များအား လက်မှတ်ရေးထိုးခြင်းသည်အရေးကြီး ခြေလှမ်းဖြစ် တစ်ခုဖြစ်လာမည် ဖြစ်သည်။

**ရွေးကောက်တင်မြှောက်ခြင်းစနစ်**

စစ်မှန်သော ဒီမိုကရေစီကျရွေးကောက်ပွဲ၏ သရုပ်မှာမဲဆန္ဒရှင်များမှ ၎င်းတို့၏ ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်နိုင်ခွင့်ရှိကြသလို၊ အခွင့်အာဏာအားသုံးစွဲရာတွင်လည်း တာဝန်ခံမှုရှိစေရသည်။ နိုင်ငံတကာဥပဒေမှ ရွေးကောက်တင်မြှောက်ခြင်းကို စနစ်ကိုအတိအလင်းဖော်ဆောင် မထားသော်လည်း ရွေးချယ်သူများ၏ဆန္ဒကိုလွတ်လပ်စွာဖော်ပြခွင့်ရှိရန် အာမခံချက်ပေးနိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ရမည်ဟု ပါရှိသည်။[20] အခြေခံဥပဒေနှင့်ရွေးကောက်ပွဲဥပဒေများမှ တည်ဆောက်ထားသော မူဘောင်အရ မဲဆန္ဒရှင်များသည် ပြည်ထောင်စုအဆင့်ရှိ လွှတ်တော်နှစ်ရပ်နှင့် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်များ၏ ၇၅ရာခိုင်နှုန်းသောနေရာများအတွက် ရွေးချယ်ပေးရသည်။ [21] ပြည်ထောင်စုလွှတ်တော်များနှင့်၊ တိုင်းနှင့်ပြည်နယ်လွှတ်တော်များရှိ အရွေးချယ်ခံ ကိုယ်စားလှယ်များသည် ထိပ်ဆုံးရောက်ရှိသူ အနိုင်ရသောစနစ် (မဲအများဆုံးရရှိသော ကိုယ်စားလှယ် အရွေးခံရခြင်း) အောက်တွင် မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးစီ ရွေးချယ်ခံကြရသည်။ ကိုယ်စားလှယ်များသည် ငါးနှစ်တာသက်တမ်းအတွက် ရွေးချယ်ခံကြရသည်။ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်တွင် ရွေးကောက်ခံ ၁၆၈ဦးရှိပြီး အောက်လွှတ်တော်တွင် ရွေးကောက်ခံ၃၃၀ဦး ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးများရှိ လွှတ်တော်များ၏ ရွေးကောက်ခံဦးရေမှာ ထိုပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ်အရေအတွက်အပေါ်တွင်မူတည်သည်။

ပြည်နယ်/တိုင်းဒေသကြီးများရှိ လွှတ်တော်အဆင့်တွင် တိုင်းရင်းသားလူနည်းစုများအတွက် ကိုယ်စားပြုရန် ”တိုင်းရင်းသားလူမျိုးစုရေးရာဝန်ကြီး” အမည်ဖြင့် သီးသန့်နေရာများရှိသည်။ ၎င်း သီးသန့်နေရာအား အနိုင်ရရန် ပြည်နယ် (သို့) တိုင်းဒေသကြီးများရှိ တိုင်းရင်းသားလူနည်းစုဦးရေမှာ တစ်ပြည်လုံးရှိ စုစုပေါင်းလူဦးရေ၏ ၀.၁ရာခိုင်နှုန်းအနည်းဆုံး ရှိရမည်ဖြစ်သည် (၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ (၅၁၄၀၀)ဦးရှိရမည်)။[22]

ပြည်နယ်(သို့)တိုင်းဒေသကြီးများရှိ တိုင်းရင်းသားလူနည်းစုများသည် အများစုနေထိုင်ကြလျှင် ထိုသီးသန့်နေရာရရှိမည် မဟုတ်ပေ (ဥပမာ၊ ရှမ်းပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားများအတွက် သီးသန့်နေရာမရှိပေ၊ သို့သော်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှမ်းတိုင်းရင်းသားများအတွက်မူ ရှမ်းတိုင်းရင်း

[20] ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း၊ အခန်း၂၁(၃)၊နှင့် ICCPR အခန်း ၂၅။ UNHCRအထွေထွေမှတ်ချက်၂၅၊ စာပိုဒ်၂၁တွင်၊ ICCPR သည်မည်သည့် ရွေးကောက်ပွဲကိုမဆိုတွန်းအား မပေးသော်လည်းပဲ နိုင်ငံတစ်ခု၏စနစ်သည်အခန်း (၂၅)အရအကာအကွယ်ပေးထားသောအခွင့်အရေးများနှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ပြီးမဲဆန္ဒရှင်များ၏ ဆန္ဒကိုလွတ်လပ်စွာဖော်ပြနိုင်ခွင့်ကိုအာမခံရမည်၊ ဟူ၍ဖြစ်သည်။

[21] အထက်တွင်ဖော်ပြခဲ့သည့် အတိုင်းကျန်ရှိသော၂၅ရာခိုင်နှုန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှခန့်အပ်သည်

[22] ”ပြည်တွင်းရှိတိုင်းရင်းသားများ” အဖြစ်၁၉၈၂ခုနှစ်တွင်ပြဌာန်းခဲ့သော နိုင်ငံသားဥပဒေအရတရားဝင်အသိအမှတ်ပြုထားသော ၁၃၅ မျိုးသော တိုင်းရင်းသား လူမျိုးစုများကိုသာတိုင်းရင်းသားရေးရာဝန်ကြီးဌာနဆိုင်ရာ နေရာများရရှိနိုင်သည်။ ၎င်းအမျိုးအစားသတ်မှတ်မှု၏ တိကျမှုကိုပြင်းထန်စွာစမ်းသပ်ခံနေရပြီးတိုင်းပြည်အတွင်းနေထိုင်လျှက်ရှိသောအုပ်စုများစွာမှအသိအမှတ်ပြုခြင်းမခံရပေ။

သားရေးရာဝန်ကြီးရွေးကောက်အတွက် ဆန္ဒမဲပေးရန် အခွင့်အရေးရှိသည်)။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများရရှိထားသော တိုင်းရင်းသားအုပ်စုများရှိသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် တိုင်းရင်းသားလူနည်းစုများအတွက် သီးသန့်နေရာ မရှိပေ။[23] တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအားမဲ ပေးရန် အရည်အချင်းသတ်မှတ်ရာတွင် ကော်မရှင်ခွဲများသည် မဲဆန္ဒရှင်ဖခင်၏လူမျိုးကို ယူရန် ညွှန်ကြားခံခဲ့ရသည်။ ထို့ကြောင့်မတူညီသော တိုင်းရင်းသားလူမျိုး မိဘနှစ်ဦးမှမွေးဖွားလာသူများသည် ဖခင်၏ တိုင်းရင်းသားဖြစ်သော တိုင်းရင်းသားရေးရာဝန်ကြီးကိုသာ မဲပေးနိုင်မည်ဖြစ်သည်။

၂၀၁၄ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၅ခုနှစ်ဦးပိုင်းကာလများတွင် လွှတ်တော်သည် အထက်လွှတ်တော်အတွက် အချိုးကျစနစ်ကို မိတ်ဆက်ရန်စဉ်းစားခဲ့သော်လည်း ၂၀၁၅ခုနှစ်ရွေးကောက်ပွဲများမတိုင်မီ ပြောင်းလဲမိတ်ဆက်နိုင်ခဲ့ခြင်း မရှိပေ။ မဲအများဆုံးရရှိသူအနိုင်ရသောစနစ်ကို အသုံးပြုခြင်းသည် မူအားဖြင့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံရွေးကောက်ပွဲစနစ်၏အခြေနေမှာ ရွေးကောက်ခံမဟုတ်သည့် တပ်မတော်မှကိုယ်စားလှယ်များဥပဒေပြုရေးတွင် ၂၅ရာခိုင်နှုန်းပါဝင်နေခြင်းသည် နိုင်ငံတကာစံနှုန်းများနှင့် ရှင်းလင်းမြင်သာစွာကိုက်ညီမှုမရှိပေ။

## နယ်နိမိတ်ကန့်သတ်ချက်များသတ်မှတ်ခြင်း

နိုင်ငံတကာ စံညွှန်းများအောက်တွင် ရွေးကောက်ပွဲဆိုင်ရာနယ်နိမိတ်များ၏ သင့်တော်သော နယ်နိမိတ်သတ်မှတ်ခြင်းသည် တနိုင်ငံလုံး မဲပေးနိုင်ခွင့်နှင့် တန်းတူကိုယ်စားပြုခြင်း၏ အခြေခံမူများ ကျေပွန်စွာဆောင်ရွက်နိုင်မှုအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။ [24] နယ်နိမိတ်များသည် ဆန္ဒမဲပေးသူတိုင်း၏ အကြမ်းအားဖြင့် တန်းတူညီမျှမဲပေး အာဏာရှိခဲ့သောကြောင့် မူလအခြေအနေကို ထိန်းသိမ်းထားခဲ့သည့်တန်းတူမဲပေးနိုင်ခွင့်၏ မူတစ်ရပ်အနေဖြင့် ရေးဆွဲထားခဲ့သင့်သည်။[25]

မြန်မာနိုင်ငံတွင် မဲဆန္ဒနယ်များကို မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များအရေအတွက် သို့မဟုတ် လူဦးရေအပေါ်တွင် အစားအုပ်ချုပ်ရေးနယ်နိမိတ်၏အခြေခံအပေါ်တွင် ရေးဆွဲကြသည်။ ပြည်ထောင်စုလွှတ်တော်၏အောက်လွှတ်တော်အတွက်မဲဆန္ဒနယ်များသည်မြို့နယ်များ၏ အုပ်ချုပ်ရေး နယ်နိမိတ်များပေါ်တွင်အခြေခံထားသည်။ အုပ်ချုပ်ရေးနယ်နိမိတ်မှ မဲဆန္ဒနယ်ချိတ်ဆက်ထားသော စနစ်သည် လွတ်လပ်ရေး ရပြီးကတည်းက အသုံးပြုနေသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ်များကြားတိုက်ရိုက်ချိတ်ဆက်မှု တစ်ခုပြုလုပ်နေစဉ်တွင် မဲဆန္ဒရှင်များ အရေအတွက်သည် မြို့နယ်များကြားတွင်ကျယ်ပြန့်စွာ ကွဲပြားခြားနားနေသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အောက်

---

[23] ဥပမာ၊ခနေ၊ကိုးကန့်၊ပအိုဝ်နှင့်ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန်များ၊ရှမ်းပြည်နယ်ရှိ”ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်စစ်ကိုင်းတိုင်းဒေသကြီးရှိနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

[24] UNလူ့အခွင့်အရေးနှင့်ရွေးကောက်ပွဲ :ရွေးကောက်ပွဲ၏ကဏ္ဍများဖြစ်သောဥပဒေးရေးရာ၊စက်မှုလက်မှုပညာနှင့်လူ့အခွင့်အရေးဆိုင်ရာလက်စွဲစာအုပ်၊အပိုဒ်၁၀၃

[25] UNHRC,ယေဘုယျမှတ်ချက်၂၅၊အပိုဒ်၂၁:”လူတစ်ဦးတစ်ယောက်၊မဲတစ်ခုနှင့်မဲဆန္ဒရှင်၏ဆန္ဒမဲ၊ဒေသတစ်ခုချင်းစီ၏ရွေးကောက်ပွဲစနစ်၏မူဘောင်ကြားအခြေခံသဘောတရားသည်အခြားသူ၏ဆန္ဒမဲနှင့်ညီမျှသင့်သည်။ရွေးကောက်ပွဲနယ်နိမိတ်များရေးဆွဲခြင်းနှင့်မဲခွဲဝေခြင်းနည်းလမ်းများသည်၄င်းတို့၏ကိုယ်စားလှယ်များကိုလွတ်လပ်စွာရွေးချယ်ရန်နိုင်ငံသားအခွင့်အရေးကိုအကြောင်းပြချက်မရှိကန့်သတ်ခြင်းသို့မဟုတ်ဖယ်ရှားခြင်းနှင့်မည်သည့်အဖွဲ့ကိုဆန့်ကျင်ခွဲခြားဆက်ဆံခြင်းသို့မဟုတ်မဲဆန္ဒရှင်များ၏ပေးဝေခြင်းတို့အားမှောက်လှန်မထားသင့်ပေ။”

လွှတ်တော်မဲဆန္ဒနယ် အရွယ်အစားများသည် မဲဆန္ဒရှင်ပေါင်း ၁၄၀၈ယောက်မှ ၅၂၁၉၇၆အထိ တန်းထားသည်။ [26] မဲဆန္ဒနယ်အရွယ်အစားမှာယေဘုယျအားဖြင့် မဲဆန္ဒရှင်ပေါင်း ၁၀၅၅၂၄ ရှိနေစဉ်တွင်အသေးဆုံးသော မြို့နယ်ပေါင်း ၁၀ ခုတွင် ယေဘုယျအားဖြင့် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်ပေါင်း ၃၅၇၄ ယောက် နှင့် အကြီးဆုံးသော မြို့နယ်ပေါင်း၁၀ခုတွင် မဲဆန္ဒရှင်ပေါင်း ၂၉၇၀၀၀ကျော် ရှိနေခဲ့သည်။ မဲဆန္ဒနယ်များ၏ အလယ်တတိယတွင်ပင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များမှာ ခန့်မှန်းခြေအားဖြင့် ၇၂၀၀၀ မှ ၁၂၇၀၀၀ အတွင်းရှိခဲ့သည်။

ပြည်နယ်နှင့်တိုင်းတစ်ခုစီတိုင်းတွင် ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်၌ အသင်းဝင်ပေါင်း ၁၂ယောက်ရှိသည်။ အထက်လွှတ်တော်အတွက် မဲဆန္ဒနယ်များသည်မြို့နယ်များ ပေါင်းစပ်ခြင်း သို့မဟုတ် ခွဲထုတ်ခြင်းအားဖြင့်ရေးဆွဲကြသည်။ မြို့နယ်၁၂ခုထက်နည်းသော ပြည်နယ်/တိုင်း များ အတွက် မြို့နယ်ကြီးများကို နှစ်ပိုင်းခွဲပြီးမြို့နယ်၁၂ခုထက်များသော မဲဆန္ဒနယ်ဆစ်ခုဖြစ် အောင် မြို့နယ်ငယ်များအား ပေါင်းစပ်ခဲ့သည်။ UECမှမဲဆန္ဒနယ်များ ဖြစ်ပေါ်စေရန် မည်သည့် မြို့နယ်များ ပေါင်းစပ်ရမည်၊ ခွဲထုတ်ရမည်ကိုဆုံးဖြတ်သည်။ ဤရွေးကောက်ပွဲအတွက် UECသည် ၂၀၁၄ခုနှစ် တနိုင်ငံလုံးဆိုင်ရာ သန်ခေါင်းစာရင်း ကောက်ယူခြင်းမှ လူဦးရေစာရင်းအချက်အလက် ကို အခြေခံ အားဖြင့် အသုံးပြုခဲ့သည်။ ထို့အပြင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် တစ်ခုချင်းစီသည် ၎င်းတို့ကိုယ်စားပြုထားသော အထက်လွှတ်တော် ရွေးကောက်ပွဲတာဝန်ယူရန် အတွက် တစ်ဦးတည်းမဲဆန္ဒနယ်အဖြစ် ကိုက်ညီသည်။[27]

ပြည်နယ်နှင့်တိုင်းအသင်းတော်များအတွက် မြို့နယ်တစ်ခုချင်းစီမှ အမတ်နေရာနှစ်နေရာဖြင့် ကိုယ်စားပြုစေခဲ့သည်၊ ထို့ကြောင့်မဲဆန္ဒနယ်များအား နှစ်ပိုင်းခွဲခြမ်းခြင်းအားဖြင့် ရေးဆွဲခဲ့ကြသည်။ မြို့နယ်များ၏ အရွယ်အစားအမျိုးမျိုးကြောင့် ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်း မဲဆန္ဒနယ်များအသင်း၏ အရွယ်အစားသည်လည်း သိသိသာသာသွေဖယ်နေသည်။

စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲ၏မရှိမဖြစ်လိုအပ်ချက်တစ်ခု၊ ထိရောက်စွာညီတူညီမျှ မဲပေး သည်ဟုပြော၍ မရသောသိသာသာခွဲဝေမှု မဟုတ်ကဲ့သို့ပင် ဆန္ဒမဲပေး လူဦးရေသို့မဟုတ် အမှန် တကယ် လူဦးရေအစား အုပ်ချုပ်ရေးနယ်နိမိတ်များ အသုံးပြုခြင်းဖြင့် မဲဆန္ဒနယ်များသတ်မှန်ရန် ဖန်တီးကြသည်။ ဤရွေးကောက်ပွဲစနစ်၏ရှုထောင့်သည် နိုင်ငံတကာစံညွှန်းများနှင့် ကောင်းသော အလေ့အကျင့်နှင့် ကိုက်ညီမှုမရှိပေ။[28]

---

[26] UECအရမဲဆန္ဒရှင် အရေအတွက်အများဆုံးသော အောက်လွှတ်တော်မဲဆန္ဒနယ်များ (မြို့နယ်များ)မှာ လှိုင်(၅၂၁၉၇၆)၊ ပဲခူး(၃၃၉၇၁၀)၊ ဘားအံ(၃၀၄၇၂၇)တို့ဖြစ်သည်။ မဲဆန္ဒရှင်အရေအတွက်အနည်းဆုံးသော မဲဆန္ဒနယ်များမှာ(၁၄၀၈)၊ ကိုကိုးကျွန်း(၁၅၇၀)၊ စွန်ဖရာဘုံ (၂၀၂၉) တို့ဖြစ်သည်။

[27] ၂၀၀၈ခုနှစ်အခြေခံဥပဒေသည်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဇုန်ငါးခုနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တစ်ခုကိုဖန်တီးခဲ့သည်၊ တစ်ခုချင်းစီသည် ဒေသအတွင်း အဓိကဗမာမဟုတ်သောတိုင်းရင်းသားအုပ်စုများနှင့် တိုင်းပြည်၏နေရာအစိတ်အပိုင်းများတွင် တွေ့ရသောပုံမှန်ခရိုင်/ မြို့နယ်/ ရပ်ကွက်ပုံစံထက် အနည်းငယ်ခြားနားသောအုပ်ချုပ်ရေးပုံစံနှင့်နီးနွယ်ခဲ့ကြသည်။

[28] ICCPR အခန်း(၂၅) တွင်အာမခံချက်ပေးထားသည်မှာ" သာတူညီမျှမဲပေးခွင့်ရရှိရေး"ဖြစ်သည်။ UNလူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် ၂၅၊စာပိုဒ်၂၁တွင်၊ "လူတစ်ဦးလျှင်ဆန္ဒမဲတစ်မဲသက်ရောက်မည်ဖြစ်ပြီးနိုင်ငံ အသီးသီး၏ရွေးကောက်ပွဲမူဘောင်အတွင်းတွင် ရွေးကောက်လိုက်သူတစ်ဦး၏ ဆန္ဒမဲသည်အခြားတစ်ဦး၏ဆန္ဒမဲနှင့်တူညီရမည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲမှု

ပွင့်လင်းမြင်သာပြီး ပညာရှင်ပီသစွာလုပ်ဆောင်မှုများကြောင့် လွတ်လပ်ပြီး ဘက်မလိုက်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုသည် ထိရောက်သေချာသော်၊ နိုင်ငံသားများပါဝင်နိုင်သည့် စစ်မှန်သော ဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုအဖြစ် အသ်အမှတ်ပြုခံခဲ့ရသည်။ ပြည်တွင်းနှင့်နိုင်ငံတကာ ဥပဒေများတွင် ဖော်ပြထားသည့် အခြေခံကြသော ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများအတွက် လိုအပ်သောအဆင့်များ သေချာစွာလုပ်ဆောင်ရန်မှာလည်း ရွေးကောက်ပွဲစီမံခန့်ခွဲမှုအပိုင်း၏ တာဝန် တစ်ခု ဖြစ်သည်။[29]


**ဖွဲ့စည်းပုံ။** မြန်မာနိုင်ငံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးဆိုင်ရာပါတီများ မှတ်ပုံတင်ခြင်းနှင့် ၎င်းတို့၏လှုပ်ရှားမှုများကြီးကြပ်သကဲ့သို့ အထွေထွေရွေးကောက်ပွဲများ ကျင်းပ နိုင်ရန် တာဝန်ရှိသည်။ ပြည်ထောင်စုအဆင့် ကော်မရှင်သည် မြို့တော်နေပြည်တော်တွင် ထိုင်ပြီး ကော်မရှင်ခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်များတွင် အလုပ်လုပ်သည်။ ရွေးကောက်ပွဲနေ့အတွက် မဲရုံများကို ရပ်ကွက်/ကျေးရွာ အုပ်စုတစ်ခုချင်းစီတွင် ထူထောင်ခဲ့သည်။ ကော်မရှင်သည် ၎င်းလုပ်ဆောင်ရမည့်ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အခွင့်အာဏာ များအား သတ်မှတ်ထားသည့်အတိုင်း လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး ၎င်းဆောင်ရွက်ချက်များကို လွှတ်တော်တွင် ဆွေးနွေးခြင်း သို့မဟုတ် တရားစီရင်ကြီးကြပ်ခွင့် မရှိပေ။ UEC ၏ဆုံးဖြတ်ချက် များအား အယူခံဝင်ရန် အကြောင်းကိစ္စမရှိပေ။[30]

ရွေးကောက်ပွဲကန့်သတ်ချက်များ ရေးဆွဲခြင်းနှင့်မဲများအား ခွဲခြားခြင်းနည်းလမ်းများသည်မဲဆန္ဒရှင်များ၏ မဲများအားဖြန့်ဝေရာတွင် အမှားများအဖြစ်စေရန် "The Venice Commission's Code of Good Practice in Electoral Matters၊၂.၂.၁တွင်၊ မဲပေးခြင်းအာဏာများ တူညီမှုရှိစေရန်နှင့်နိုင်ငံများရှိမဲဆန္ဒနယ် အလိုက်နေထိုင်သူများ(သို့) မဲဆန္ဒရှင်အရေအတွက်ကိုထောက်ပံ့ပေးသည်။ "သတ်မှတ်ချက်များမှ လွဲချော်ခြင်းသည် ၁၀% နှုန်းအထက်မကျော်သင့်ပဲ အထူးအခြေအနေများ (လူနည်းစုအနည်းငယ်အတွက် အကာအကွယ်ပေးခြင်း၊ အုပ်ချုပ်ရေး အောက်တွင်လူအများအပြားနေထိုင်ခြင်း)အရချွင်းချက်သည်၁၅%ထက်လုံးဝမကျော်သင့်ပေ"

29 UNHRC, အထွေထွေမှတ်ချက်၂၅၊အပိုဒ်၂၀တွင်သတ်မှတ်ထားသည်မှာ" လွတ်လပ်သောရွေးကောက်ပွဲဆိုင်ရာ အခွင့်အာဏာကိုရွေး ကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်ကိုကြီးကြပ်ရန်နှင့် တရားမျှတစွာနှင့်သမာသမတ်ကျစွာ သေချာစွာကျင်းပနိုင်ရန်နှင့်သဘောတူညီချက်များနှင့် သဟဇာတဖြစ်စေမည့်ဥပဒေများအကောင်အထည်ဖော်ခြင်းနှင့်အညီတည်ထောင်သင့်သည်။

30 ICCPR တောင်းဆိုချက်များ၏အပိုဒ်ခွဲ ၂.၃ တွင်ပါတီများအားသဘောတူညီထားသော အခွင့်အရေးများနှင့်လွတ်လပ်မှုများကို ချိုးဖောက်မှုများအတွက် "တရားစီရင်ရေးကိုးကွယ်ရာများ၏ ဖြစ်နိုင်ချေများတိုးတက်ရန်"ဖော်ပြထားသည်။ လူ့အခွင့်အရေးကြေငြာစာတမ်း၏ အပိုဒ်ငယ်၈တွင်ဖော်ပြထားသည်မှာ"

**ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ**




**ခန့်အပ်ခြင်းလုပ်ငန်းအဆင့်ဆင့်။** ပြည်ထောင်စုအဆင့်ရှိ UEC သည် သမ္မတမှခန့်အပ်၍ လွှတ်တော်မှ အတည်ပြုထားသော အမြဲတမ်းတည်ရှိမည့်အစိတ်အပိုင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် UEC ဥပဒေသည် ကော်မရှင်အဖွဲ့ဝင်များအား အနည်းဆုံးငါးဦးပါဝင်ရန် အထောက်အပံ့ပြုထားသည် (အများဆုံး မည်မျှထိသာရှိရန်ဖော်ပြမထားပေ)။ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲအား ကျင်းပပေးခဲ့သော ကော်မရှင်မှာ အဖွဲ့ဝင်၁၅ဦး ဖြင့်ဖွဲ့စည်းခဲ့သည်။

UEC အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသောအရာများကို ရောက်ရှိပြည့်မီအောင် လုပ်ဆောင်ရန် လိုအပ်သည်။ ၎င်းတို့များထဲမှUECအဖွဲ့ဝင်များသည် အနည်းဆုံးအသက် ၅၀ ရှိရမည်ဖြစ်ပြီး၊ တရားသူကြီး၊ ဥပဒေအရာရှိ (သို့) ရှေ့နေအဖြစ် နှစ်များစွာတာဝန်ထမ်းဆောင်ဖူးသည့် အတွေ့အကြုံရှိရန်လိုအပ်၍ ဂုဏ်သိက္ခာရှိရမည်၊ ကိုယ်ကျင့်တရားကောင်းပြီး အတွေ့အကြုံရှိရမည် ဟုဖွဲ့စည်းပုံအခြေခံဥပဒေကသတ်မှတ်ထားသည်။ UEC အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ၏ အဖွဲ့ဝင်မဖြစ်ရပါ။ လွှတ်တော်တွင် ခန့်အပ်မှုများကို အတည်ပြုရာတွင် အခြေခံဥပဒေ၏ အခြေခံ

လိုအပ်ချက်များနှင့် မကိုက်ညီသူများကိုပယ်ချနိုင်သည့် အနည်းငယ်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

ကော်မရှင်ခွဲများအားလုံးကို UEC မှတိုက်ရိုက်ခန့်အပ်သည်။ မဲရုံတာဝန်ရှိသူများကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်ခွဲမှ ခန့်အပ်သည်။ ရွေးကောက်ပွဲဥပဒေများသည် ခန့်အပ်တာဝန်ပေးခြင်းလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရာတွင် အသေးစိတ်စည်းမျဉ်းများ ထုတ်ပြန်ထားခြင်းမရှိပေ။ ယေဘုယျအားဖြင့် ကော်မရှင်ခွဲများသည်ဒေသအဆင့် အစိုးရအုပ်ချုပ်သူများမှ ကိုးဦးနှင့် အများကယုံကြည်ကိုးစားခြင်းခံရသူခြောက်ဦး (အများစုမှာ စေတနာ့ဝန်ထမ်းများအား ရွေးချယ်ကြသည်) ပါဝင်သောအဖွဲ့ဝင်၁၅ဦးဖြင့် ဖွဲ့စည်းထားသည်။[31]

၂၀၁၅ခုနှစ် ရွေးကောက်ပွဲများပြင်ဆင်ရာတွင် UEC သည် ကော်မရှင်ခွဲများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းပေါင်း၆၀၀၀အတွက် လူအများလျှောက်နိုင်သည့် စနစ်ကိုဖန်တီးခဲ့သော်လည်း မြို့နယ်နှင့် မဲရုံ အဆင့်များတွင် ပြည်သူ့ဝန်ထမ်းများအပေါ်တွင် သိသာစွာမှီခိုခဲ့ပြီး အများစုမှာ အထွေထွေအုပ်ချုပ်ရေးဌာန (ထွေ/အုပ်)၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြို့နယ်အဆင့်ရှိ အခြားအစိုးရ ဌာနများမှဖြစ်ကြသည်။ လက်တွေ့တွင် အရွေးချယ်ခံရသူများအားလုံးနီးပါးသည် လက်ရှိတာဝန်ထမ်း ဆောင်ဆဲ (သို့) အငြိမ်းစားအစိုးရတာဝန်ရှိသူများဖြစ်ကြသည်။

**အမီအခိုကင်းမှုနှင့်စွမ်းဆောင်ရည်။** ပြည်ထောင်စုအဆင့်တွင် UECသည် ကိုယ်ပိုင်ဝန်ထမ်း၊ အသုံးစားရိတ်၊ အခြားပစ္စည်းများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်များ စတင်ချိန်ကတည်းကပါဝင်ကာ အခြားအစိုးရ အစိတ်အပိုင်းများ၏လွှမ်းမိုးမှုမပါဝင်ပဲ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုသွားသည်။ ပြည်ထောင်စုအဆင့်ရှိ UEC ဝန်ထမ်းများသည် ရွေးကောက်ပွဲအတွေ့အကြုံမရှိသော်လည်း ပညာရှင်ပီသကြောင်းပြသနိုင်ခဲ့သည်။ လုပ်ငန်းအဆင့်များ၏အစောပိုင်းတွင် UECသည်ရွေးကောက်ပွဲ၏စီမံခန့်ခွဲမှုများကို သက်ရောက်မှုရှိသော စွမ်းဆောင်ရည်ပိုင်းအခက်အခဲများကြုံတွေ့ခဲ့ရပြီး၊ အဆင့်တိုင်းရှိ ဝန်ထမ်းများအားလုံးအတွက် သင်တန်းနှင့်စွမ်းရည်မြှင့်အစီအစဉ်များရေးဆွဲခဲ့သည်။ ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများသည် ကော်မရှင်ခွဲမှာ ရွေးကောက်ပွဲဥပဒေများ အပေါ်နားလည်မှုအမျိုးမျိုးရှိနေကြသည်ကို တွေ့ခဲ့ရပြီးအထူးသဖြင့် မြို့နယ်အဆင့်နှင့်အောက်တွင် ရွေးကောက်ပွဲလုပ်ထုံးများနှင့် အစီအစဉ်များကိုသိရှိခြင်းမရှိကြပေ။

နိုင်ငံအဝှမ်း အခြေအနေအမျိုးမျိုး ကွဲပြားနေခဲ့သော်လည်း အောက်ခြေပိုင်အုပ်ချုပ်ရေးရှိ ကော်မရှင်ခွဲများသည် စွမ်းဆောင်ရည် သိသာစွာမရှိသည်ကိုတွေ့ရသည်။ အသိသာဆုံးအနေဖြင့် ကော်မရှင်ခွဲများတွင်၎င်းတို့ကိုယ်ပိုင်အမြဲတမ်းဝန်ထမ်းမရှိခြင်းဖြစ်သည်။ရလာဒ်အနေဖြင့်၎င်းတို့သည် ဒေသဆိုင်ရာအစိုးရအုပ်ချုပ်မှု၊ အထူးသဖြင့်ထွေ/အုပ်အပေါ်တွင် လုပ်ငန်းဆောင်ရွက်ချက်များ မှီခိုနေရခြင်း

[31] စေတနာ့ဝန်ထမ်းကော်မရှင်ခွဲအဖွဲ့ဝင်များ အတွက် UEC ဥပဒေနှင့်ရွေးကောက်ပွဲဥပဒေများတွင် ဖော်ပြထားခြင်းမရှိပေ။ ကာတာစင်တာကွင်းဆင်း ဝန်ထမ်းများသွားရောက်ခဲ့သောမြို့နယ်များရှိ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်အများစုမှာ ပြည့်သူ့ဝန်ထမ်း အငြိမ်းစားများဖြစ်ကြသည်။

ဖြစ်သည်။ [32] ပြည်နယ်/တိုင်းဒေသကြီးမြို့နယ်ကော်မရှင်ခွဲ အားလုံးနီးပါးသည် အစိုးရအုပ်ချုပ်ရေးရုံးများတွင် တည်ရှိနေပြီး လိုအပ်သောပစ္စည်းများနှင့် ဝန်ထမ်းများအတွက် ထွေ/အုပ်ရုံးကိုသာ အားထားနေရသည်။

ကော်မရှင်ခွဲများ၏ တာဝန်ရှိသူအများစုသည် လုပ်ငန်းဆောင်ရွက်ချက်များအား ကျိုးရှိရှိ၊ ညီမျှစွာ လုပ်ဆောင်ရန် စိတ်အားထက်သော်လည်း USDPနှင့်မကြာခဏပတ်သက်ကြပြီး ၎င်းတို့သည် အုပ်ချုပ်ရေးပိုင်းများအပေါ် မှီခိုနေရသည့်အတွက် မကြာခဏဆိုသလို ပြည်တွင်းရွေးကောက်ပွဲနှင့် စပ်ဆိုင်သူများ၏မှတ်ကျောက်တင်ခံရခြင်းမရရှိခဲ့ကြသည်ကို ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိရသည်။ အခြားလူပြောများသည့် အမြင်မှာကော်မရှင်ခွဲများသည် USDPကောင်းကျိုးအတွက် ရေးရှုလုပ်ဆောင်ကြသည် (သို့) တာဝန်ရှိသူများအပေါ် ထိန်းချုပ်လွှမ်းမိုးမှုရှိသည် ဟူ၍ဖြစ်သည်။ ရွေးကောက်ပွဲကြိုကာလတွင် ကော်မရှင်ခွဲများ၏ အရင်းအမြစ်များနှင့်စွမ်းဆောင်ရည်တို့အား မြှင့်တင်ရန်ကြိုးပမ်းမှုများသည်ထွေ/အုပ်အပေါ်ပိုမိုမှီခိုမှုများအပေါ်သံသယများအားအနည်းငယ်လျှော့နည်းသက်သာစေသည်(ဥပဒေတွင်ပြင်ဆင် ရန်လိုအပ်သည်)။

၂၀၁၅ခုနှစ်ရွေးကောက်ပွဲအပြီးတွင်အစိုးရသည်ကော်မရှင်ခွဲ၏ဥက္ကဋ္ဌကိုရွေးကောက်ပွဲအမြဲတမ်းဝန်ထမ်းရာထူးအဖြစ်ထားရှိရန်ဆုံးဖြတ်ချက်ချခဲ့ခြင်းသည်ထွေ/အုပ်အပေါ်မှီခိုမှုလျော့နည်းလာမည်ဖြစ်ပြီးအကျိုးစီးပွားပြဿနာများ လျှော့ချပေးနိုင်မည်ဖြစ်သည်။ ယင်းသည်မြို့နယ်အဆင့်ရှိရွေးကောက်ပွဲတာဝန်ရှိသူများ၏ စွမ်းဆောင်ရည်နှင့်အမှီအခိုကင်းမှုအားမြှင့်တင်ပေးနိုင်မည့်ကောင်းမွန်သည့်ခြေလှမ်းဖြစ်ခဲ့သည်။

**ပွင့်လင်းမြင်သာရှိမှု။** UEC နှင့် တွဲဖက်အဖွဲ့များသည်၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ပညာရှင်ပီသစွာနှင့် ယေဘုယျအားဖြင့် ပွင့်လင်းမြင်သာရှိသောအပြုအမူများ ပြသနိုင်ခဲ့သည်ကို ကာတာစင်တာအနေဖြင့် တွေ့ရှိရပါသည်။ စင်တာ၏စောင့်ကြည့်လေ့လာသူများသည် နိုင်ငံတဝှမ်းရှိကော်မရှင်အဖွဲ့ဝင်များအားတွေ့ရှိကာ ကော်မရှင်ခွဲများ၏ လုပ်ငန်းဆောင်တာများ၊ ဥပမာအားဖြင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းများကို လေ့လာခွင့်ရခဲ့သည်။ UECသည်ကာတာစင်တာ အပါအဝင် အခြားစောင့်ကြည့်လေ့လာသူ များအားသတင်းအချက်အလက်များအား ပြည့်ထောင်စုအဆင့်တွင် အလျဉ်းသင့်သောအချက်အလက် များ အမြဲမရနိုင်သော်လည်းမျှဝေပေးရန် လိုလားခဲ့သည် (ဥပမာ၊ မဲရုံအရေအတွက်နှင့်တည်နေရာအား အချိန်နှင့်တပြေးညီ အချက်အလက်ရရှိနိုင်မှု)။ ရွေးကောက်ပွဲပြက္ခဒိန်အားများပြည်သူကိုထုတ်ပြန်ခြင်း၊ UEC ၏ ဥပဒေများပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ကော်မရှင်ခွဲများသို့ ညွှန်ကြားချက်များအား အချိန်နှင့် တပြေးညီ ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲရလာဒ်များကို အင်တာနက်မှအပြင်မဲရုံအလိုက် ထုတ်ပြန်ကြေငြာခြင်းစသောအဆင့်များတွင် ပွင့်လင်းမြင်သာမှုတိုးတက်လာအောင်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။

---

32 ထွေအုပ်ရုံးသည် ပြည်ထဲရေးဝန်ကြီးဌာန၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အမျိုးမျိုးသောစာရင်းသွင်းခြင်းနှင့် ထောက်ခံချက်ပြုလုပ်ခြင်းအဆင့်များ၊ မြေယာစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခံခြင်းအစရှိသည့် ကျယ်ပြန့်သည်ကဏ္ဍများကိုဆောင်ရွက်သည်။ ၎င်း၏အဓိကတာဝန်သည်နိုင်ငံ၏ အများပြည်သူအုပ်ချုပ်ရေးပုံစံများအား စီမံခန့်ခွဲရခြင်းဖြစ်သည်။ ထွေအုပ်နှင့်ပတ်သက်သည့် အသေးစိတ်များကို၊ ကြည့်ပြာချောနှင့် မတ်သယူးအာနီး၊ မြန်မာနိုင်ငံအားအုပ်ချုပ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အပေါ်အမြင်၊ တွင်ကြည့်နိုင်သည်။ https://asiafoundation.org/resources/pdfs/GADEnglish.pdf.

UEC လုပ်ဆောင်ခဲ့သည်များအနက် အကောင်းဆုံးလုပ်ဆောင်ချက်တစ်ခုမှာ နိုင်ငံရေးပါတီများနှင့် အရပ်ဖက် အဖွဲ့အစည်းများနှင့် များစွာသောတိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် မတ်လဆန်းတွင် UEC သည် အရပ်ဖက်အဖွဲ့များနှင့် အစည်းအဝေးကိုးကြိမ် ကျင်းပခဲ့ပြီး၊ ၂၀၁၄ အောက်တိုဘာလဆန်းတွင် နိုင်ငံရေးပါတီများနှင့် အစည်းဝေးခုနစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ အစည်းအဝေးများတွင်၊ UEC သည် ရွေးကောက်ပွဲပြင်ဆင်မှုများအတွက် တက်ရောက်သူစာရင်းများ ပြင်ဆင်ပေးခြင်း၊ မဲဆန္ဒရှင် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် နေရာများစီစဥ်ပေးခြင်း၊ ပြည်တွင်းပြည်ပ လေ့လာသူများအား အသိမှတ်ပြုသည့်လုပ်ငန်းစဥ်အကြမ်းများတွင် တုံ့ပြန်ချက်များ အား ရယူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ၎င်းနိုင်ငံအဆင့်အစည်းအဝေးများသည် ရွေးကောက်ပွဲ မတိုင်ခင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာများနှင့် အစည်းအဝေးများ ပြုလုပ်ပြီး နောက်တွင် ရန်ကုန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တွင်ကျင်းပခဲ့သော တိုင်ဆွေးနွေးပွဲ၏ အဆင့် သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အဆင့်များကဲ့သို့ အတိအကျပြုလုပ်ခဲ့ခြင်းမဟုတ်သော်လည်း ယခင်ထက် သိသာစွာတိုးတက်လာသည်။

သို့သော်လည်း အစိတ်အပိုင်းအားလုံးသည် ပွင့်လင်းမြင်သာမှုမရှိခဲ့ပေ။ ဥပဒေသည် ဆုံးဖြတ်ချက် များအား ကော်မရှင်အနေဖြင့် မည်သို့ချမှတ်သင့်သည်ကို ဖော်မပြထားပဲ ဆုံးဖြတ်ချက်အများစုအား မီဒီယာ(သို့) စောင့်ကြည့်လေ့လာသူများအား အသိမပေးပဲ တံခါးပိတ်အစည်းအဝေများဖြင့် ချမှတ်ခဲ့ သည်။ အချို့သော ကော်မရှင်ခွဲများသည် ကာတာစင်တာ၏ တောင်းဆိုချက်အရ အစည်းအဝေး မှတ်တမ်းများအား ဝေမျှလိုသော်လည်း UEC သည် အစည်းအဝေးမှတ်တမ်းများအား အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိပေ။

**မဲဆန္ဒရှင်စာရင်းသွင်းပြုစုခြင်း။** ကမ္ဘာလုံးဆိုင်ရာမဲပေးနိုင်ခွင့်စည်းမျဉ်းနှင့် ကိုက်ညီစေရန် နိုင်ငံတကာ စံနှုန်းများ ဖော်ပြသည်မှာနိုင်ငံများသည် မဲပေးရန်အကြုံးဝင်သူမည်သူမဆို ထိုအခွင့်အရေးအား အသုံး ချနိုင်ခွင့်ရှိရမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းသွင်းပြုစုခြင်းလိုအပ်ပါက အတားအဆီးမရှိပဲ လုပ်ဆောင်နိုင် ခြင်းအား သေချာခြင်းရှိစေရမည့် တာဝန်ရှိကြောင်းဖြစ်သည်။[33]

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအောက်တွင် အနည်းဆုံးအသက် ၁၈နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းသည် ဥပဒေအရ မဲပေးနိုင်သူဖြစ်ပါက မဲပေးပိုင်ခွင့်ရှိသည်။[34] ဘာသာရေးနှင့် စပ်ဆိုင်သောသူများ၊[35] အကျဉ်းချထားခြင်းခံနေရသူများ၊ သက်ဆိုင်ရာတရားရုံးများမှ

[33] ICCPR၊အခန်း၂၅(ခ) နှင့်UNHRC၊ အထွေထွေမှတ်ချက်၂၅၊ အပိုဒ်၁၁

[34] ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ်၂၉၁(က)။၂၀၁၅၊ ဖွန်လမတိုင်မီနိုင်ငံသားစိစစ်ရေးကတ်မရှိသူ ယာယီမှတ်ပုံတင်ကတ် ကိုင်ဆောင်သူ များသည် ဥပဒေအရမဲပေးခွင့်ရှိခဲ့သည်။ (အောက်ပါအခန်း "ယာယီနိုင်ငံသားကတ်ကိုင်ဆောင်သူများအတွက် အထူးအခွင့်အရေး"တွင် ကြည့်ရန်)

[35] ဤအချက်သည် လူပေါင်း(၄၅၀၀၀၀) ခန့်အားအကျိုးသက်ရောက်စေသည်။ မြန်မာ၏နိုင်ငံတော်နှင့်ကိုးကွယ်ယုံကြည်မှုအား ခွဲခြားထားမှုအား အဓိကပံ့ပိုးပေးသည့်လက်ခံယုံကြည်မှုဖြစ်သည်။ ဒေသတွင်းနိုင်ငံများတွင်အလားတူခွဲခြားထားမှုများရှိနေသည်၊ ဥပမာ၊ ထိုင်း၊ ဘူတန်

စိတ်မူမမှန်ဟု ကြေငြာထားခြင်းခံရသူများ၊ ငွေးကြေးဆိုင်ရာဒေဝါလီခံနေကြသူများ၊ အခြားနိုင်ငံသား အဖြစ် ခံယူထားသည်ဟု ယူဆရသူများပါဝင်သည့် အချို့သောနိုင်ငံသားအုပ်စုများသည် မဲပေးပိုင်ခွင့် မရှိကြပေ။ ထိုကန့်သတ်ချက်များမှ အချို့ဖြစ်သော ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ ငွေကြေးဒေဝါလီခံ နေရသူများ၊ ပြစ်မှုပြင်းထန်မှုမလိုက်ပဲ အကျဉ်းကျနေသူများသည် ကမ္ဘာလုံးဆိုင်ရာ မဲပေးနိုင်ခွင့် စည်းမျဉ်း ICCPR၊ အခန်း(၂၅)တွင် အပြည့်အဝပုံဖော်ထားသော "ယုတ္တိမရှိသော ကန့်သတ်ချက်များ မပါဝင်ပဲ" ဟူသော အချက်နှင့်ကိုက်ညီမှုမရှိကြောင်း ဆုံးဖြတ်နိုင်သည်။[36]

## မဲဆန္ဒရှင်များစာရင်းပြင်ဆင်ခြင်းနှင့်မွမ်းမံခြင်း

UECနှင့် ၄င်း၏လက်အောက်ခံများသည် ယခင်ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်ခဲ့ပါက မဲဆန္ဒရှင်စာရင်း များ၏ အရည်အသွေးတိုးတက်ရန် သိသာထင်ရှားသော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သည်။ မည်သို့ပင်ဆိုစေ မဲဆန္ဒရှင်စာရင်းများတွင် သိသိသာသာ အမှားအဓိက အကျိုးဆက်အနေဖြင့် အခြေခံကျသော အချက်အလက်ရင်းမြစ်များ မမှန်ကန်မတိကျခြင်းများနှင့် လက်ရေးမူမှဒစ်ဂျစ်တယ် ပုံစံသို့ ပြောင်းလဲရာတွင် အမှားများအနည်းဆုံးအတိုင်းအတာပါဝင်ခဲ့သည်။

မြို့နယ်နှင့်ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်ခွဲများသည့် လူဝင်မှုကြီးကြပ်ရေးအရာရှိများမှ ထိန်းသိမ်း ထားသည့် မှတ်တမ်းစာအုပ်များနှင့် အစိုးရထုတ်ပေးထားသော "အိမ်ထောင်စုစာရင်း" (တနည်းအား ဖြင့်ပုံစံ၆၆/၆အဖြစ်)ကို အခြေခံသော ၄င်းတို့၏ သက်ဆိုင်ရာနယ်နိမိတ်အတွင်း နေထိုင်သော နိုင်ငံသား အရည်အချင်းပြည့်မီသူများ ပါဝင်သည့် မဲဆန္ဒရှင်စာရင်းများကို ပြင်ဆင်ခဲ့သည်။ အဆိုပါ အိမ်ထောင်စုစာရင်းများနှင့် မှတ်တမ်းစာအုပ်များတွင် ကွယ်လွန်သူများ၏နာမည်များနှင့် ထိုရပ်ရွာဒေသ များတွင် ကြာရှည်စွာနေထိုင်သူ မဟုတ်သူများ၏နာမည်များ ပါဝင်နေသော မမှန်ကန်၊ မတိကျမှုများ များစွာပါဝင်နေခဲ့သည်။ စာရင်းများအရည်အသွေးသည်လည်း ၄င်းတို့အားထိန်းသိမ်းခြင်းနှင့် မွမ်းမံခြင်း တို့အတွက် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဒေသအစိုးရသို့လွှဲပြောင်းလုပ်ငန်းစဉ်ကြောင့် တစ်နေရာမှတစ်နေရာသို့ သိသိသာသာပြောင်းလဲခဲ့သည်။

ယခင်ရွေးကောက်ပွဲများတွင် အသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းများသည် ကွန်ပျူတာဖြင့် လုပ်ခဲ့ခြင်း မဟုတ်ပေ။ ၂၀၁၅ခုနှစ်ရွေးကောက်ပွဲအတွက် UECသည် ရွေးကောက်ပွဲ ဆိုင်ရာစနစ်များအတွက် အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES) ၏ ထောက်ပံ့မှုဖြင့် ပြည်တွင်းမဲဆန္ဒရှင် စာရင်း မွမ်းမံ အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ အပြုသဘောအားဖြင့်၊ UECသည် စက်တင်ဘာလ၁၄ရက်မှ ၂၇ရက်နေ့အထိ နေရာယူခဲ့သော တရားဥပဒေအရ လိုအပ်သောပြည်တွင်းမဲဆန္ဒရှင်စာရင်းကို ကြိုတင် ဖော်ပြနိုင်ရန်မဲဆန္ဒရှင်စာရင်းများ ဖော်ပြရန် ပဏာမခြေလှမ်းကို ယူခဲ့သည်။ ထိုဖော်ပြနေသော ကာလတလျှောက် တွင်မဲဆန္ဒရှင်များသည် နာမည်များပါဝင်မှုကို ကန့်ကွက်ခြင်းနှင့် စာရင်းများတွင် ပါဝင်ရန် တောင်းဆိုခြင်းတို့ကိုပြုလုပ်ရန် အခွင့်အရေးရရှိခဲ့သည်။ အိမ်ထောင်စုစာရင်းတွင်

---

[36] အထွေထွေမှတ်ချက်၂၅၊ စာပိုဒ်၁၀တွင်ဖော်ပြသည်မှာ၊ "မဲပေးခွင့်အားဥပမာအားဖြင့်မဲပေးခွင့်အနိမ့်ဆုံး အသက်သတ်မှတ်ချက် ထားရှိခြင်းကဲ့သို့သော ယုတ္တိရှိသောကန့်သတ်ချက်များဖြင့်သာငြင်းပယ်နိုင်ခွင့်ရှိသည်"

မပါဝင်ခြင်းနှင့် ဖော်ပြခြင်းမခံရသူများသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ စစ်ဆေးအတည်ပြုထားသည့် ၄င်းတို့၏ အရည်အသွေးပြည့်မီမှုသာ စာရင်းများတွင်ထည့် သွင်းခံရဖို့ ဖြစ်နိုင်သည်။[37]

စနစ်၏ အားနည်းချက်တစ်ခုမှာ မတိကျမမှန်ကန်မှုများအား ဖော်ထုတ်ထိန်းချုပ်ရန် ရွေးကောက်ပွဲ ကော်မရှင်နှင့် အခြားအစိုးရအဖွဲ့အစည်းများ မလိုအပ်ခြင်းပင်ဖြစ်သည်။ မဲဆန္ဒရှင် များအပေါ် သိသိ သာသာနောင့်ယှက်ထားသည့် ကွယ်လွန်သူမိသားစုများ ဖယ်ရှားရန် သို့မဟုတ် ၄င်းတို့ပါဝင်ခြင်း သေချာစေရန် ထောက်ပံ့ပေးသော စာရွက်စာတမ်းစီစဉ်ပေးရန်နှင့် အမှန်ပြင်ပေးရန် အစပျိုးလုပ်ဆောင် ရခြင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်သည်လည်း ရွေးကောက်ပွဲအဖွဲ့များနှင့် အခြားအစိုးရအဖွဲ့များကြား ပူးပေါင်းလုပ်ဆောင်ရာတွင် ထိတွေ့အားနည်းချက်များဖြစ်သည်။ နေရာအများစုတွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ထွေအုပ်အရာရှိများ၊ ကော်မရှင်ခွဲများတစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆောင်ရွက်မှု အားနည်းခဲ့သည်။

ကနဦးဖော်ပြချက်တွင် ကွန်ပျူတာစနစ်ဖြင့် လုပ်ဆောင်ခြင်း လုပ်ငန်းစဉ်မှ ရရှိထားသော ကွဲလွဲ ချက်များနှင့် အမှားများရှိသကဲ့သို့ မူလပထမအိမ်ထောင်စုစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးမှ သတင်း အချက်အလက်များတွင် မှားယွင်းမှုများကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ဤအများပြည်သူ တိုင်ကြား စာများမှ ရလာဒ်သည် မီဒီယာမှကျယ်ကျယ်ပြန့်ပြန့်ဖုံးခဲ့သည်။ UECမှ တနိုင်ငံလုံးဆိုင်ရာ ကနဦး ပြင်ဆင်ကာလ တိုးချဲ့ခြင်းကို ကာတာစင်တာမှ ဤတိုးချဲ့ခြင်းသည် နောက်ပိုင်း အသုံးချခြင်း မရှိခဲ့သည်ကို လေ့လာခဲ့သော်လည်း သိသာစွာကြေငြာခဲ့သည်။ အမှားများ သို့မဟုတ် ကွဲလွဲချက်များ တွင် မွေးစာရင်းအချက်အလက်ပျောက်ဆုံးခြင်း၊ လက်ရေးမူသန်းခေါင်စာရင်းကူးယူခြင်းမှ စာလုံးပေါင်း နှင့် စာရိုက်မှားခြင်း၊ ကွယ်လွန်သူများ ပါဝင်နေခြင်းနှင့် တိုင်းရင်းသားနာမည်များ ဘာသာပြန်ခြင်း အားနည်းချက်များဖြစ်ပေါ်သောအခါ ကလေးမွေးဖွားရက်များ၏ တာဝန်ပါဝင်နေသည်ကိုလေ့လာမိခဲ့ သည်။ အမှားအများစုကို လွယ်ကူစွာရှင်းပြနိုင်ခဲ့ပြီး မဲဆန္ဒရှင်အရည်အချင်းပြည့်မီခြင်းကို အကျိုး သက်ရောက်မှု မရှိခဲ့သော်လည်း UEC ကို အများစုဆီသို့ ၄င်းရှင်းလင်းချက်များ ရှင်းလင်းပြောဆိုရန် နှေးစေခဲ့သည်။

UEC သည် စာရင်းများပြုစုပြင်ဆင်ရာတွင် လူနှင့်စက်ပိုင်းဆိုင်ရာအမှားများကို အသိအမှတ်ပြုခဲ့သော် လည်း ၄င်းငြင်းချက်များကို ချက်ချင်းကိုင်တွယ်ဖြေရှင်းရန် အရေးဆိုထားခဲ့သည်။ ကော်မရှင်ခွဲ များသည် ကာကွယ်စောင့်ရှောက်မှု မရှိသည့်ဆောင်ရွက်ချက်များ ကိုယ်စားတရားဝင်ဆော့ဝဲလ် သုံးခြင်းကို ရပ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ မဲဆန္ဒရှင်စာရင်းတွင် အများပြည်သူ ဆက်ဆံရေး စပ်လျဉ်း အမှားများ ကင်းမဲ့မှုကိုပြသဘောနိူင်းယှဉ်ပါက UEC သည် တိုင်းပြည်ပြင်ပမဲပေးခြင်းတွင် ၄င်းတို့ မည်ကဲ့သို့ပြဿနာများဖြေရှင်းခဲ့သည်ကို လူသိရှင်ကြားနိုက်နိုက်ချွတ်ချွတ်ရှင်းပြခဲ့သည်။

---

[37] ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ကျေးရွာ/ရပ်ကွက်ရှိဒေသခံများ အကြောင်းအခြေခံဗဟုသုတနှင့် ဒေသရပ်ရွာအုပ်ချုပ်ရေး လုပ်ဆောင်ချက်များတွင်အကြံပြုနိုင်သည့်ရပ်ရွာမှလေးစားထိုက်သောသက်ကြီးရွယ်အိုများကော်မတီဖြစ်သည်။

**မဲပေးဒေသပြောင်းရွှေ့ခြင်းနှင့် ပြည်တွင်းရွှေ့ပြောင်းမဲဆန္ဒရှင်များ။** မဲပေးဒေသများ ရွှေ့ပြောင်းခြင်း အတွက် လုပ်ထုံးလုပ်နည်းများသည် အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့် ပြည်တွင်းရွှေ့ပြောင်း လူဦးရေများ (IDPs)အတွက် ရှင်းလင်းမှုမရှိပဲ တစ်ခါတစ်ရံတွင် ဝန်ပိစေခဲ့သည်။ ရွှေ့ပြောင်း လုပ်သားများနှင့် IDPsများမှမဲပေးခြင်းအတွက် စီစဥ်ပေးရန်ဆောင်ရွက်ချက်များသည် အပြုသဘော ပြခဲ့သော်လည်း အချို့ရပ်ရွာပြည်သူများသည်မည်သို့ပင်ဆိုစေထိထိရောက်ရောက်ပြုလုပ်ခြင်းမရှိခဲ့ပေ။

အောက်တိုဘာလ၁၀ရက်နေ့တိုင်အောင် တနိုင်ငံလုံးမဲဆန္ဒရှင်စာရင်းဖော်ပြနေစဉ်အတွင်း ယခု လက်ရှိဒေသတွင် အနည်းဆုံးရက်ပေါင်း ၁၈၀နေထိုင်နေသူများသည် ၎င်းတို့၏အမြဲဒေသမှ လက်ရှိ ဒေသသို့ပြောင်းလဲပေးရန်တောင်းဆိုနိုင်ခဲ့သည်။တောင်းဆိုလွှာ(ဖောင်၃အေ)ကို ဒေသဆိုင်ရာအစိုးရရုံး သို့မဟုတ် ထိုသူ၏အလုပ်ရှင်မှလက်မှတ်ရေးထိုးရသည်။ ဤလိုအပ်ချက်ကို ပြောင်းရွှေ့မဲဆန္ဒရှင် အထူးသဖြင့် ပြောင်းရွှေ့လုပ်သားများ နေထိုင်လုပ်ကိုင်နေသော အစိုးရဦးစီးလုပ်ဆောင်နေသော စက်ရုံများ၊ အခြားသတ္တုတွင်းလုပ်ငန်းများ၊ ၎င်းတို့၏အလုပ်ရှင်များ သို့မဟုတ် အစိုးရအရာရှိများမှ ခြယ်လှယ်ခြင်း သို့မဟုတ်ခြိမ်းခြောက်ခြင်းများပြုလုပ်ခဲ့သည်။ ပုံမှန်မဟုတ်သည့် လွှဲပြောင်းရန် ကြီးမားစွာ တောင်းဆိုမှုများသည် ကျောက်စိမ်းမိုင်းများတွင် အလုပ်လုပ်နေသော ရခိုင်ပြောင်းရွှေ့ လုပ်သားများ အများအပြားရှိသည့် ကချင်ပြည်နယ်ရှိ ဖားကန့်အပါအဝင် အချို့နေရာများတွင် စနစ်တကျသွားခဲ့သည်။[38]

ပြည်တွင်းပြောင်းရွှေ့လူများ (IDPs) များသည် ၎င်းတို့၏မဲပေးဒေသပြောင်းရွှေ့ရန် အလို့ငှာ ဒေသဆိုင်ရာ GAD ရုံး သို့မဟုတ် ပြောင်းရွှေ့လုပ်သားများ၏ အလုပ်ရှင်မှ ထောက်ခံမှုအဖြစ် ၎င်းတို့၏ လက်ရှိနေထိုင်ရာဒေသတွင် အနည်းဆုံးရက်ပေါင်း ၁၈၀နေထိုင်ကြောင်း သက်သေပြရန်လည်း လိုအပ်သည်။ UEC အရ IDPs များ[39]သည် အခြားပြည်တွင်း ပြောင်းရွှေ့လုပ်သားများကဲ့သို့ ၎င်းတို့၏ မဲပေးဒေသပြောင်းရွှေ့ရန် ပုံစံတူဖောင်ကိုအသုံးပြုခဲ့ကြသည်။ လက်တွေ့အားဖြင့် IDP မဲပေးခြင်း အတွက် စီစဥ်မှုများသည် အမျိုးမျိုးဖြစ်ခဲ့ပြီး UECအနေဖြင့် အမျိုးမျိုးသော ဒေသများရှိကြီးမားသောIDP အားအာရုံစူးစိုက်ပြီးစီစဥ်မှုများပြုလုပ်ခြင်း၏ခြုံငုံသုံးသက်ချက်ကိုဖော်ပြနိုင်ခြင်းမရှိခဲ့ပေ။အချို့ဒေသများ တွင်IDPစခန်းမန်နေဂျာများကို IDPတစ်ဦးကထိုနေရာတွင် ရက်ပေါင်း၁၈၀နေကြောင်း ပုံစံစီစစ် လက်မှတ်ထိုးရန် ခွင့်ပြုခဲ့သည်။ ရွေးကောက်ပွဲနေ့အတွက် မဲရုံများကို အခြားဒေသများရှိ အချို့သော IDP စခန်းများအတွင်း စီစဥ်ခဲ့ပြီး IDPs များကို ၎င်းတို့အနီး ကျေးရွာဒေသများ၌ မဲရုံများရှိ မဲဆန္ဒရှင်စာရင်းတွင် ထည့်ပေါင်းထည့်ခဲ့သည်။[40]

---

38 UEC မှသိရသည်မှာဧရာဝတီ၊ မန္တလေး၊ရခိုင်နှင့် ရန်ကုန်တို့ရှိ၃၄မြို့နယ်တွင် ကော်မရှင်ခွဲများသည်စာရင်းများ (၃၁ အပြည့်နှင့် ၃ ခုတစ်စိတ်တစ်ပိုင်း) အားဆက်လက်ထားရှိရန်ကွန်ပျူတာ ဆော့ဖ်ဝဲအသုံးပြုအချက်အလက်များအား အသုံးပြုခြင်း ရပ်ဆိုင်းခဲ့ပြီးအချိန်နှင့်မည်သူကဖြည့်ဆည်းခဲ့သည်ကိုတိုင်းတာခြင်းမရှိနိုင်သည့် အခြားတိုင်းတာမှုများဖြင့်(excelဖိုင်များ)ဖြင့်အစားထိုးခဲ့သည်။

39 နိုင်ငံပြင်ပမဲပေးခြင်းများအား နိုင်ငံရပ်ခြားရှိမြန်မာသံရုံးများမှ UECနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့် အတူဆောင်ရွက်ခဲ့သည်။ နိုင်ငံရပ်ခြားရှိမဲဆန္ဒရှင်များသည် မဲပေးလိုပါက မြန်မာသံရုံးများတွင်စာရင်းပေးရသည် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်ပေးပို့မှုများတွင် ချိတ်ဆက်အားနည်းမှုများကြောင့် နိုင်ငံပြင်ပမဲပေးခြင်းပြဿနာများအားသတင်းရရှိခဲ့သည်။ ကာတာစင်တာသည်နိုင်ငံပြင်ပ မဲပေးခြင်းအဆင့်များအား သွားရောက်မလေ့လာခဲ့ပေ။

40 Myanmar Information Management Unit, ၂၀၁၅ရွေးကောက်ပွဲတွင်မဲများ ရွှေ့ပြောင်းခြင်းများ၏ မြေပုံကိုကြည့်ရန် www.themimu.info/sites/themimu.info/files/documents/18-Sector_Map_Gov_IFES_Pyithu_Hluttaw-Transferred_Votes_MIMU1363v01_11Jan16_A3.pdf.

**ကိုယ်စားပြုခြင်းနှင့်မဲဆန္ဒရှင်စာရွက်များ။** မြန်မာနိုင်ငံရှိ လူဦးရေအကြီးမားဆုံးအပိုင်းတွင် မည်သည့် တရားဝင်အထောက်အထားစာရွက်စာတမ်းများမရှိပေ။ [41] ထိုကဲ့သို့သော စာရွက်စာတမ်းများမရှိသည့် အရည်အချင်းရှိသော မဲဆန္ဒရှင်များသည် ၎င်းတို့၏ သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ၎င်းတို့နေထိုင်ကြောင်း သက်သေခံပေးနိုင်ခြင်းပေါ် မူတည်၍ မဲဆန္ဒရှင်စာရင်းတွင် ထည့်ပေါင်းနိုင်ခဲ့ ကတည်းက အစိုးရထုတ်ပေးသည့် သက်သေခံများသည် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရန်နှင့်မဲပေးရန် လိုအပ်ခဲ့ခြင်းမရှိပေ။

မဲဆန္ဒရှင်ပညာပေးအစဉ်းပိုင်းဖြစ်သော်လည်း တရားဝင်သက်သေခံဖော်ထုတ်ခြင်းသည် လိုအပ်ချက် တစ်ခုဖြစ်နေသည့် ကျယ်ပြန့်သော အထင်လွဲမှားမှုများကျန်နေခဲ့သည်။ ထိုအရာသည် ရွှေ့ပြောင်း လူဦးရေများ ၎င်းတို့၏ ဒေသများမှအဝေးတွင် မည်ကဲ့သို့ သက်သေခံမဲ့နေထိုင်ကြောင်း အထူးသဖြင့် မရှင်းလင်းခဲ့ပေ။ ကာတာစင်တာ ကွင်းဆင်းဝန်ထမ်းများသည် နိုင်ငံ၏အမျိုးမျိုးသောဒေသများရှိ ရွေးကောက်ပွဲအရာရှိများမှ အရည်အချင်းပြည့်မီခြင်းသည် သက်သေခံစာရွက်စာတမ်းများ မရှိခြင်း အပေါ် မည်ကဲ့သို့ မူတည်ကြောင်းနားလည်မှုမှာ ကိုက်ညီခြင်းမရှိကြောင်း တွေ့ရှိခဲ့သည်။ တစ်ချို့ ကိစ္စများတွင်တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများ ဆန့်ကျင်ခွဲခြားဆက်ဆံမှုများအတွက် ဒေသအရာရှိများ၏ သိသိသာသာဆုံးဖြတ်ခွင့် အာဏာကျန်နေသည့် အရှုတ်အထွေးများကို တွေ့မြင်ခဲ့ သည်။

၂၀၁၅ခုနှစ် မှတ်သုံရာသီအတွင်း အကြီးအကျယ်ရေလွှမ်းခြင်းကြောင့် နေရာရွှေ့ပြောင်းရသော ဒေသခံလူများမှ အထူးသဖြင့် အခက်အခဲများကြုံတွေ့ခဲ့ရသော်လည်း သက်သေခံစာရွက်စာတမ်းများ နေရာအနှံ့အပြားတွင်မရှိခြင်းအကြောင်း စိုးရိမ်ပူပန်မှုများကိုတုန့်ပြန်သောအားဖြင့် UEC မှ မဲဆန္ဒရှင် သက်သေခံစာရွက်များ ထုတ်ပေးရန်ဆုံးဖြတ်ခဲ့သည်။ ထိုစာရွက်စာတမ်းများကို ရွေးကောက်ပွဲနေ့ မတိုင်မီ တစ်ပတ်အလိုတွင် ဒေသအစိုးရရုံးများ သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ယူနိုင်သည်။ အချို့နေရာများတွင် ရွေးကောက်ပွဲအရာရှိများမှ အိမ်တိုင်ရာရောက် လိုက်ဝေ ပေးခဲ့ကြသည်။ UEC မှ ထိုစာရွက်စာတမ်းများသည် မဲပေးရန်လိုအပ်မှုမရှိကြောင်း မဲဆန္ဒရှင်ပညာပေး ပစ္စည်းများနှင့် အများပြည်သူကြေငြာချက်များတွင် ရှင်းပြခဲ့သော်လည်း ရွေးကောက်ပွဲနေ့သက်သေခံ လိုအပ်ချက်များနှင့်ပတ်သက်၍ စာရွက်စာတမ်းများသိမြင်ပိုင်ဆိုင်ကြောင်းကို မဖြစ်မနေအဖြစ် နောက်ထပ်မသေချာမရေရာ မဖြစ်စေရန် စာရွက်စာတမ်းများထုတ်ပေးရေးကို စတင်ခဲ့သည်။ အပြုသဘောအားဖြင့် ၎င်းစာရွက်စာတမ်းများသည် ရွေးကောက်ပွဲနေ့တွင် သက်သေခံအဖြစ်နှင့် မဲဆန္ဒရှင်များသည် ၎င်းတို့၏တည်နေရာဒေသကို လွယ်ကူချောမွေ့စွာ ၎င်းတို့မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်ကြောင်းအာမခံခဲ့သည်။ စင်တာစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင် အရေအတွက်များသည် ၎င်းတို့တွင် သင့်လျော်သော သက်သေခံများ မရှိခြင်းနှင့် သိသာသော

[41] ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းကောက် အချက်အလက်အရလူဦးရေ၏ပျမ်းမျှ ၂၇.၃ ရာခိုင်နှုန်း(လူပေါင်း၁၁သန်းကျော်)သည် ကိုယ်စားပြု စာရွက်စာတမ်းများမရှိပေ။ ၂၀၁၄ခုနှစ်မြန်မာ့လူဦးရေနှင့်အိမ်ထောင်စု သန်းခေါင်စာရင်း၊သန်းခေါင်စာရင်းအစီရင်ခံစာ၊ စာတွဲ၂၊ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန(၂၀၁၅မေ)၊ဇယားဂျီ၁၊စာမျက်နှာ၂၀၇

ပြဿနာများ ဖန်တီးရန်ခြုံငုံစာရင်း၏ တိကျမှန်ကန်မှု မထင်ရှားခြင်းတို့ကြောင့် သိသိသာသာ လျော့နည်းနေကြောင်းမတွေ့ခဲ့ပေ။

**ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသူများ။** ၂၀၁၅ခုနှစ်ဖွန်လမတိုင်မီ ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသူများ (TRCs) သည် ၂၀၀၈ခုနှစ် အခြေခံဥပဒေဆိုင်ရာဆန္ဒခံယူပွဲ၊ ၂၀၁၀ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများ အပါအဝင်ယခင်ရွေးကောက်ပွဲများ၌ မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်ခဲ့ခြင်းနှင့် ဥပဒေအရမဲပေးနိုင်သည်။[42]

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတမှမတ်လအကုန်တွင် TRCs များ ပျက်ပြားဖျက်သိမ်းမည်ဟု ကြေငြာခဲ့သည်။ အခြေခံဥပဒေဆိုင်ရာ တရားရုံးမှဥပဒေပြဌာန်းချက်အရ TRC ကိုင်ဆောင်ထားသူများသည် အဆိုပြုထားသော အမျိုးသားရေးဆန္ဒခံယူပွဲတွင် မဲပေးရန်ခွင့်ပြုခြင်းသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၅ခုနှစ်ဖွန်လတွင် လွှတ်တော်သည် အရည်အချင်း ပြည့်မီသော မဲဆန္ဒရှင်များစာရင်းမှ "ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသူ" ကိုဖယ်ရှားရန်ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေများကိုပြင်ဆင်ခဲ့သည်။ ဤဆုံးဖြတ်ချက်သည် ရာထောင်ချီသော အရင်ယာယီ မှတ်ပုံတင်ကိုင်ဆောင်ထားသူများအား ထိခိုက်စေခဲ့သည်။ တရုတ်နှင့်အိန္ဒိယနွယ်ဖွား အများအပြား ပါဝင်နေသော အချိန်ကာလတွင် ဖျက်သိမ်းခြင်းသည် ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်းတောနှင့် စစ်တွေမြို့နယ်များရှိ မူဆလင်လူမျိုးများပေါ်တွင် ကြီးမားစွာရိုက်ခတ်ခဲ့သည်။ ထိုလူအများစုမှာ ရိုဟင်ဂျာအဖြစ် ကိုယ်တိုင်သတ်မှတ်ခေါ်ဝေါ်ကြသည်။

TRCs များ ဖျက်သိမ်းပြီးနောက်ပိုင်းတွင် အစိုးရသည် ယခင်TRC ကိုင်ဆောင်ထားသူများ၏ နိုင်ငံသားဖြစ်မှုအခြေအနေကို မှန်ကန်ကြောင်း အတည်မပြုနိုင်ခင် ၄င်းတို့အား ယာယီသက်သေခံစာရွက်စာတမ်းအသစ်များနှင့် အစားထိုးပေးမည်ဟု ကြေငြာခဲ့သည်။ ယေဘုယျအားဖြင့်၊ ကာတာစင်တာ ဝန်ထမ်းများသည် ရခိုင်ပြည်နယ်ရှိမြို့နယ်အဆင့် လူဝင်မှုကြီးကြပ်ရေးအရာရှိများ အကြားတွင် စာရွက်စာတမ်းအသစ်များ ပြုလုပ်ဆောင်ရွက်မှုအကြောင်း အသိပညာအနည်းငယ်သာ ရှိကြောင်း တွေ့ရှိခဲ့သည်။ ထိုသူတို့အား မဲဆန္ဒရှင်စာရင်းတွင် ရွေးကောက်ပွဲမတိုင်မီ စီစစ်အတိပြုခြင်း လုပ်ငန်းစဉ်မှ တဆင့်နိုင်ငံသားအဖြစ် ခွင့်ပြုခဲ့သည်ဟု ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ခွဲမှ ကာတာစင်တာအား ပြောကြားခဲ့သည်။ သို့ရာတွင်လက်တွေ့အနေဖြင့် ထိုစီစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်သည် ရိုဟင်ဂျာများ အဓိကနေထိုင်သည့် ရခိုင်ပြည်နယ်၏မြောက်ပိုင်းမြို့နယ်များတွင် ရပ်ဆိုင်းခဲ့သည်။ အာဏာပိုင်များသည် ယခင်TRCကိုင်ဆောင်ထားသူများ မည်သူသည် ၄င်းတို့၏ နိုင်ငံသားဖြစ်မှုကို အတည်ပြုနိုင်ခဲ့ပြီး မဲပေးရန်ပြန်လည်၍ စာရင်းပေးသွင်းနိုင်ခဲ့သည့် အကြောင်းအရာ သတင်းအချက်များကို မဖော်ပြနိုင်ခဲ့ပေ။

[42] TRCs(သို့မဟုတ်"ဖြူကတ်") များသည်မြန်မာနိုင်ငံသားများမှ မြန်မာနိုင်ငံသားအဖြစ်ဆုံးဖြတ်ခံထားရသူများအား ယာယီသို့သော် အကန့်အသတ်မရှိ လွှဲပြောင်းနိုင်သည့်အခွင့်အရေး

သတ်မှတ်ထားသော IDP စခန်းများရှိမူဆလင်နိုင်ငံသားများသည်လည်း ၎င်းတို့၏ အခွင့်အရေးဖြစ်သော မဲပေးရန်လေ့ကျင့်ရာတွင် အခက်အခဲများရင်ဆိုင်ခဲ့ရသည်။ စစ်တွေရှိဒေသဆိုင်ရာ ရွေးကောက်ပွဲ အုပ်ချုပ်ရေးအရာရှိများသည် မဲဆန္ဒရှင် စာရင်းပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းစဉ်တွင် မူဆလင် ဒေသခံများမှ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းဟု ဆိုသောရိုဟင်ဂျာဒေသခံလူများ သို့မဟုတ် IDP စခန်းများသို့ လွယ်ကူချောမွေ့စွာ ဝင်ရောက်ရန်တွန့်ဆုတ်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။ အပြန်အလှန်အားဖြင့် မူဆလင်ဒေသခံခေါင်းဆောင်များသည် အရာရှိများသည် နောက်ဆုံးစာရင်းတွင် အရည်အချင်းပြည့်မီသော မူဆလင်မဲဆန္ဒရှင်များ၏ အမည်များထွက်ပေါ်လာခြင်းကို အာမခံရန် အားထုတ်မှုနည်းခဲ့သည်ဟု အစီရင်ခံခဲ့သည်။

လူ့အခွင့်အရေးများ ဖျက်သိမ်းခြင်း စိန်ခေါ်မှုအတွက် လုပ်ငန်းစဉ် သို့မဟုတ် ဒေသတွင် ခိုင်မြဲစွာ နိုင်ငံသားဖြစ်မှုအတည်ပြုဖို့အတွက်အချိန်မှီခြင်း။ ပွင့်လင်းမှုနှင့်မျှတသော လုပ်ငန်းစဉ်မရှိပဲ ရွေးကောက်ပွဲမတိုင်မီယခင် TRC ကိုင်ဆောင်သူများ၏ မဲပေးရန်ချက်ချင်းပိတ်ပင်ခံထားရမှုသည် အခြေခံကျသော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၏ ပြင်းထန်သော ဆန့်ကျင်မှုတစ်ခုဖြစ်သည်။[43] ဆုံးဖြတ်ချက်၏အကျိုးရလာဒ်သည်လည်း ခွဲခြားဆက်ဆံခံရမှုကို ပေါ်ထွက်လာစေသည်။ ယခင် TRC ကိုင်ဆောင် ထားသူများ၏ အဖွဲ့တစ်ခုတည်းမဟုတ်သော်လည်း ဖျက်သိမ်းခြင်းသည် ရခိုင်ပြည်နယ်၏ ဘူးသီးတောင်၊ မောင်းတောနှင့် စစ်တွေမြို့နယ်များရှိ အပြောင်းအလဲ၏ အခြေခံကျသော လွတ်လပ်ခွင့်အပါအဝင် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများ အများဆုံးအသုံးပြုခြင်းမှ ကာကွယ်ထားသော အခြေအနေတွင် နေထိုင်နေသော၊ နိုင်ငံရေးလုပ်ငန်းစဉ်မှ ဘေးဖယ်ထားသော၊ ရိုဟင်ဂျာလူဦးရေအပေါ်တွင် ကြီးစွာသော ထိခိုက်မှုဖြစ်ခဲ့သည်။[44]

## အရည်အချင်းပြည့်မီသောကိုယ်စားလှယ်လောင်း

ရွေးချယ်ခံရသောရုံးများအတွက် အခွင့်အရေးများထိရောက်စွာ စတင်အကောင်အထည်ဖော်နိုင်ခြင်းသည်မဲဆန္ဒရှင်များမှ ကိုယ်စားလှယ်လောင်းများကို လွတ်လွတ်လပ်လပ်ရွေးချယ်နိုင်မှုရှိခြင်းကို သေချာစေသည်။[45] ထို့ကြောင့်မည်သည့်အခြေအနေတွင်မဆို နေရာယူထားသော နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် အကျိုးအကြောင်းဆီလျော်ပြီး ခွဲခြားဆက်ဆံမှုကင်းမဲ့ရမည်။ [46] နိုင်ငံတကာစံညွှန်းများအရတစ်ဦးတစ်ယောက်ချင်းစီတွင်လွတ်လပ်ပြီးလူထုကြားနာမှု

---

[43] ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာချက်၏အချက်၈၊ U.N.လူ့အခွင့်အရေးကော်မတီအထွေထွေ မှတ်ချက်များ၁၈၊၂၅၊၂၆နှင့်၃၁၊ နှင့်လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအတွက် IPU ၏ကြေငြာချက်

[44] ICCPRရေးသားချက်များ၏အချက်၂၆၊"လူတိုင်းသည်ဥပဒေမတိုင်မီနှင့်ဥပဒေ၏တူညီသောအကာအကွယ်ကိုမည်သည့် ခွဲခြားဆက်ဆံမှုများမရှိပဲခံစားခွင့်ရှိရမည်။ ဤလေးစားမှုတွင်ဥပဒေသည် မည်သည့်ခွဲခြားဆက်ဆံမှုမျိုးမဆို တားမြစ်သင့်ပြီးလူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ဘာသာရေးနိုင်ငံရေးသို့မဟုတ်အခြားသော ထင်မြင်ယူဆချက်၊အမျိုးသားရေးသို့မဟုတ်လူမှုရေးအစ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေများကဲ့သို့သော ခွဲခြားဆက်ဆံမှုကိုဆန့်ကျင်၍လူတိုင်းအားတူညီပြီး အကျိုးသက်ရောက်မှုရှိသောကာကွယ်မှုကို ပေးရမည်။"

[45] ICCPR၊ အချက်၂၅အေ၊ UNHRC၊ယေဘုယျမှတ်ချက်၂၅၊ အပိုဒ်၁၅

[46] UNHRC၊ ယေဘုယျမှတ်ချက်၂၅၊ အပိုဒ်၁၅မှ၁၇

တွင်သင့်လျော်ခြင်း၊ လွတ်လပ်ခြင်းနှင့်ဘက်မလိုက်သော ခုံရုံးမှလွှဲပြောင်းတာဝန်ယူထားသောအခြေခံကျ သာ အခွင့်အရေးများကို သက်ရောက်စေသော ဆုံးဖြတ်ချက်များချရာတွင် အခွင့်ရှိသည်။[47]

**ကိုယ်စားလှယ်လောင်းကန့်သတ်ချက်များ။**အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများသည် အထွေထွေ ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများရပ်တည်ရန်အတွက် ကိုက်ညီမှုလိုအပ်ချက်များကို ဆုံးဖြတ်သည်။ မဲပေးရန် အရည်အချင်းပြည့်မီခြင်းအပြင်၊ အလားအလာရှိသော ကိုယ်စားလှယ်လောင်းသည် အနည်းဆုံး၂၅နှစ် (ပြည်နယ်/တိုင်းအဖွဲ့များနှင့် အောက်လွှတ်တော်အတွက်) သို့မဟုတ်၃၀နှစ် (အထက်လွှတ်တော်အတွက်) ရှိရမည်၊ ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံး၁၀နှစ်ဆက်တိုက် မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ရမည်ဖြစ်ပြီး မွေးဖွားသည့်အချိန်တွင် မိဘနှစ်ပါးလုံးသည် နိုင်ငံသားဖြစ်ရမည်။ မိဘများအမြဲနေထိုင်မှုနှင့် နိုင်ငံသားဖြစ်မှု လိုအပ်ချက်များသည် ၄င်းတို့အား အကျိုးအကြောင်း မဆီလျော်သော သို့မဟုတ်ခွဲခြားဆက်ဆံခြင်းခံရသော စသည့်လိုအပ်ချက်များကို မဖယ်ရှားသင့်သည့် ရွေးကောက်ပွဲအတွက် အရည်အချင်းပြည့်မီစွာ ရပ်တည်ရန်မှ မဟုတ်ရင် နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီမှုမရှိပေ။[48]

အချို့သောနိုင်ငံသားအုပ်စုများသည် ကိုယ်စားလှယ်လောင်းဖြစ်ရန် အရည်အချင်းပြည့်မီခြင်းမရှိပေ။ ထို့အပြင်"နိုင်ငံခြားအစိုးရကိုသစ္စာစောင့်သိသူများ"၊ အရပ်ဘက်လူများ (စစ်ဘက်ဆိုင်ရာခွဲတမ်း အောက်တွင် ခန့်ထားသူများမလျှောက်ထား) နှင့်နိုင်ငံသားခံယူထားသူများနှင့် လုပ်ဖော်ကိုင်ဖက်များဟု နာမည်ပိုတပ်ခံထားသူတို့ပါဝင်သည့်သူများသည်လည်းမဲပေးအခွင့်အရေးမရှိပေ။ ရွေးကောက်ပွဲဥပဒေ များသည်လည်း "တည်ဆဲဥပဒေများအောက်ရှိဥပဒေနှင့် မညီညွတ်သေသည‌အသင်းအဖွဲ့အဖြစ် အတိ အလင်း ကြေငြာခံထားရသည့်အသင်းအဖွဲ့နှင့်ဆက်သွယ်နေသည့်လူများ၊ အသင်းအဖွဲ့များနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည်ဟု ဒေသမှသတ်မှတ်ထားသည့် လူများ၊ သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆန့်ကျင်လက်နက်ကိုင် ပုန်ကန်မှုအသင်းဝင်များ" စသည့် မည်သူမဆို အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ထားသည်။ ထိုဖန်တီးမှုများ၏ အချို့သည် မဆီလျော်သော အဓိပ္ပါယ်ကောက်ယူမှုနှင့် အကြောင်းကိစ္စအနေဖြင့် အကျိုးဆက်ဖြစ်ပေါ်လာခဲ့သည်။

**ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်း။** ကိုယ်စားလှယ်လောင်းများသည် နိုင်ငံရေးဆိုင်ရာပါတီများ ကိုယ်စားသို့မဟုတ်တသီးပုဂ္ဂလအဖြစ်ရပ်တည်နိုင်သည်။ အလားအလာရှိသော ကိုယ်စားလှယ်လောင်း များသည် မှတ်ပုံတင်ကြေး၃၀၀၀၀၀ကျပ်ပေး၍ သက်ဆိုင်ရာခရိုင် ကော်မရှင်ခွဲ (တိုင်းရင်းသားဝန်ကြီး နေရာအတွက် လှုပ်ရှားနေကြသောပြည်နယ်/ခရိုင်ကော်မရှင်ခွဲ) များတွင် ၄င်းတို့၏အခြေခံ အချက်

[47] ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာချက်(အချက်၁၀)ဖော်ပြချက်များ၊" လူတိုင်းသည်၄င်းတို့၏ အခွင့်အရေးများနှင့် တာဝန်သိစိတ်များ၏ ဆုံးဖြတ်ချက်ချရာတွင်လွတ်လပ်ပြီးသမာသမတ်ကျသော ခုံရုံးမှတရားမျှတပြီးလူထုကြားနာခြင်းကို အပြည့်အဝ ညီတူညီမျှခံစားနိုင်ရမည်။ "ICCPR (အချက်၁၄.၁)၊ U.N.HRC ယေဘုယျမှတ်ချက်၃၂၊ ခုံရုံးသည်ဆုံးဖြတ်ခွင့်အာဏာရှိသော ရုံးခွဲ(အပိုဒ်၁၈)အဖြစ်လွတ်လပ်ရမည်။ မြန်မာနိုင်ငံသည် ICCPR ၏ပါတီမဟုတ်သေးသော်လည်း အာဏာပိုင်များသည်နိုင်ငံတကာ စံညွှန်းများနှင့်အညီရွေးကောက်ပွဲများ ကျင်းပရန်၄င်းတို့၏ရည်ရွယ်ချက်ကိုအတည်အကျရေးသားပြောဆိုခဲ့သည်။

[48] ထို့အပြင်၊ ယေဘုယျမှတ်ချက်၂၅၊ အပိုဒ်၁၅တွင် ဖော်ပြထားသည်မှာ" အနည်းဆုံးအသက်စသည့်ရွေးကောက်ပွဲ အတွက်ရပ်တည်ရန် အခွင့်အရေးများပေါ်တွင် မည်သည့်ကန့်သတ်များမဆိုမှန်ကန်ကြောင်းပြနိုင်သော ရည်ရွယ်ချက်နှင့်အကျိုးကြောင်း ဆီလျော်သောစံညွှန်းများရှိရမည်။

အလက်များနှင့်အတူ အမည်စာရင်းတင်သွင်းပုံစံဖြင့် တင်သွင်းရသည်။ တရားဝင်အားဖြင့် နိုင်ငံရေးပါတီများသည် အဆိုပြုလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရှိသကဲ့သို့ ရွေးကောက်ပွဲကော်မရှင်တွင်လည်း မည်သည့်စာရွက်စာတမ်းများသို့မဟုတ် စာရင်းကိုတင်သွင်းခြင်း မပြုရပေ။ အလေ့အကျင့်အားဖြင့် ပါတီခေါင်းဆောင်မှုပိုင်းသည် ကိုယ်စားလှယ်လောင်းများ (အထူးသဖြင့် ကြီးမားသော အမျိုးသားရေးပါတီများအတွင်း) ဖော်ထုတ်ရေးတွင် အရေးကြီးသော၊ ပြီးပြတ်စေသော အခန်းဂဏ္ဍအနေဖြင့် ပါဝင်နေသည်။ အဆိုပြုခံထားရသူများသည် ၄င်းတို့ မည်သည့်နိုင်ငံရေးပါတီကို ကိုယ်စားပြုကြောင်း ဖော်ပြနေပြီး အကယ်၍အဆိုပြုခံထားရသူနှစ်ဦးသည် တူညီသောမဲဆန္ဒနယ်တွင် တူညီသောနိုင်ငံရေးပါတီကို ဖော်ပြနေပါက ကော်မရှင်ခွဲသည် မည်သည့်ကိုယ်စားလှယ်မှ ထောက်ခံမှုများရရှိသည်ကို အတည်ပြုရန် ပါတီ၏ဗဟိုကော်မတီနှင့် စစ်ဆေးသည်။

**ကိုယ်စားလှယ်လောင်းစီစစ်မှုလုပ်ငန်းစဉ်။** ကိုယ်စားလှယ်လောင်းအဆိုတင်သွင်းခြင်းကာလသည် ဩဂုတ်လ၁၈ရက်နေ့တွင်ပြီးဆုံးသောအခါ ရွေးကောက်ပွဲကော်မရှင်ခွဲများသည် နိုင်ငံရေး ပါတီ၉၃ခု နှင့် တသီးပုဂ္ဂလကိုယ်စားလှယ်ပေါင်း ၃၁၃ခုကို ကိုယ်စားပြုသော ကိုယ်စားလှယ်လောင်း အဆိုတင်သွင်းသူပေါင်း ၆၁၈၉ယောက်ကိုရရှိခဲ့သည်။[49] ခရိုင်ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည် အထူးသဖြင့် ကိုယ်စားလှယ်လောင်း အရည်အသွေးအတွက် ဥပဒေဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည်ကို သေချာစေရန် အဆိုပြုခံထားရသူများကို "စေ့စပ်သေချာစွာကြည့်ရှုစီစစ်သည်"။ ကိုယ်စားလှယ်လောင်း အရည်အသွေးစီစစ်မှုကို ၂၀၁၅ခုနှစ်ဩဂုတ်လ၁၈ရက်မှ၃၁နေ့ထိ ခရိုင်ကော်မရှင်ခွဲ (သို့မဟုတ် တိုင်းရင်းသားဝန်ကြီးများအတွက် ပြည်နယ်/တိုင်းဒေသများဆိုင်ရာကော်မရှင်ခွဲ)များမှ ကျင်းပပြုလုပ်ခဲ့ကြသည်။ အဆိုပြုခံထားရသူများသည် အခြားကိုယ်စားလှယ်လောင်းများမှ ကန့်ကွက်ထားမှုကို ထည့်သွင်းစဉ်းစားရန်အတွက်နှင့် စာရွက်စာတမ်းများ ပြန်လည်ဆန်းစစ်ခြင်းအတွက် သတ်မှတ်ထားသော နေ့ရက်နှင့်အချိန်တွင် ရောက်လာရသည်။ ငြင်းပယ်ခံထားရသည့် အဆိုပြုခံထားရသူများသည်ပြည်နယ်/တိုင်းဒေသဆိုင်ရာ ကော်မရှင်ခွဲများတွင် အယူခံဝင်ရန် ခုနစ်ရက်ရသည်။[50] စုစုပေါင်း အများအားဖြင့်နိုင်ငံသားဖြစ်မှု၊ အသက်နှင့်နေထိုင်ခွင့်လိုအပ်ချက်များကြောင့် အဆိုပြုခံထားရသူ၉၄ ယောက်ငြင်းပယ်ခံခဲ့ရသည်။[51]

အရည်အချင်းမပြည့်မီသော ကိုယ်စားလှယ်လောင်းအရည်အတွက်မှာ နည်းသော်လည်း ကန့်သတ်ထားသော လိုအပ်ချက်များ၊ ရွေးချယ်ထားသော အတည်ပြုချက်များနှင့် နည်းလမ်းဆိုင်ရာ လုံခြုံမှုများ မရှိခြင်းတို့သည်လုပ်ငန်းစဉ်၏ ယုံကြည်ကိုးစားမှုမရှိခြင်း ကိစ္စအနေဖြင့်အမည်ပေးခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ရေးကတည်းက သက်သေခံစာရွက်စာတမ်းများ ရရှိရေးခက်ခဲမှုများရှိနေခြင်းနှင့်

---

[49] ထိုကိန်းဂဏန်းများသည်နိုင်ငံတော်ပါလီမန်၏ လွှတ်တော်နှစ်ရပ်လုံးအတွက်ကိုယ်စားလှယ်လောင်းများ ပါဝင်သကဲ့သို့ပြည်နယ်နှင့် တိုင်းဒေသ အသီးသီး ဆိုင်ရာအစုအဝေးများအတွက်လည်းပါဝင်သည်။

[50] ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာအစုအဝေးတွင် တိုင်းရင်းသားအုပ်စုတစ်ခုအတွက် သီးသန့်ထားသည့်အမတ်နေရာတစ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှာဖွေနေသော ကိုယ်စားလှယ်လောင်းများသည်သက်ဆိုင်ရာဒေသကော်မရှင်ခွဲမှ UEC သို့တိုက်ရိုက်အယူခံဝင်သည်။

[51] UECအရ၊ အဆိုပြုခံထားရသူ ၆၁ယောက်သည်နိုင်ငံသားဖြစ်မှုနှင့်သက်ဆိုင်သည့် အကြောင်းအရာဖြင့် ငြင်းပယ်ခံခဲ့ရသည်၊ ၁၂ယောက်သည် အသက်လိုအပ်ချက်ကြောင့်ရှုံးခဲ့ပြီး ရှစ်ယောက်သည် နေထိုင်ခွင့်ဆိုင်ရာလိုအပ်ချက်ကြောင့် ကျရှုံးခဲ့သည်။ ပါတီဆက်နွယ်မှု တိကျမှုမရှိခြင်းသို့မဟုတ်ပွားများခြင်း၊ လူထုအခြေပြုဝန်ဆောင်မှုအနေအထားမှ အငြိမ်းစားယူကြောင်းသက်သေပြမှုပျက်ကွက်ခြင်းနှင့် မှားယွင်းသောအချက်အလက်များပေးခြင်းတို့စသည့်အခြားအကြောင်းပြချက်များလည်းပါဝင်သည်။

မည်သည့်နေရာတွင် နိုင်ငံသားဖြစ်မှုကိုအကြိမ်ကြိမ်ပြန်သတ်မှတ်ရခြင်း စသည့်မိဘများ နိုင်ငံသားဖြစ်မှု သက်သေပြရခြင်းသည် အားစိုက်ရသောလုပ်ငန်းတာဝန်ဖြစ်သည်။ ခရိုင်နှင့်ပြည်နယ်/ဒေသဆိုင်ရာ အဆင့်ကော်မရှင်ခွဲများသည် ကိုယ်စားလှယ်လောင်းနှင့် သူ၏မိသားစုတွင်အမျိုးမျိုးသော နိုင်ငံသား ဆိုင်ရာ စီစစ်အတည်ပြုလုပ်ငန်းစဉ်တွင် ယခင်ကအကြောင်းကိစ္စ ရှိခဲ့ခြင်း [52] သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ မိဘများနိုင်ငံသားဖြစ်မှုစီ စစ်ရေးကတ်ပြားများ ပိုင်ဆိုင်ထားခြင်း စသည့် ထိုကဲ့သို့သော အခြေအနေများတွင် ဥပဒေ၏နိုင်ငံသားဆိုင်ရာပြဌာန်းချက်များကို တင်းကြပ်စွာ ပြဌာန်းသည်။[53] အနည်းဆုံးအကြောင်းအရာနှစ်ခုတွင် ငြင်းဆန်ခံခဲ့ရသော ကိုယ်စားလှယ်လောင်းများ သည် ဥပဒေပြုအာဏာ (UECမှအထူးသဖြင့်ပြန်လည် ရုတ်သိမ်းထားသည့်တစ်ခု) တွင် အလုပ်အကျွေး ပြုခဲ့ပြီး ဖြစ်သည်။[54]

ခရိုင်အဆင့်ကော်မရှင်ခွဲများမှ အရည်အချင်းမပြည့်ဝခြင်း ပုံစံကိုအချို့သော ကျင့်ဝတ်နှင့် ဘာသာရေး ဆိုင်ရာ လူဦးရေကို ဆန့်ကျင်၍ နိုင်ငံသားဖြစ်မှုလိုအပ်ချက်များကို ပြင်းထန်စွာတင်းကြပ်ခြင်းအားဖြင့် ပြသာခဲ့သည်။ နိုင်ငံသားဖြစ်မှု၏ အကြောင်းပြချက်များအတွက် အရည်အချင်းမပြည့်ဝခြင်းများ၏ ၆၁ဦး အနက် အဓိကသည် မူဆလင်သို့မဟုတ် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်လောင်းများ ဖြစ်နေခြင်း သို့မဟုတ် အာဆီယံမျိုးနွယ်၏ တောင်သို့မဟုတ် အရှေ့၏ တသီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်နေခြင်းဖြစ်သည်။ ခြောက်ခုသော နိုင်ငံရေးဆိုင်ရာ ပါတီများ၏ငါးခုသည် မူဆလင်ကိုယ်စားလှယ် များကို အများဆုံးကိုယ်စားပြုအရွေးခံစေပြီး အနည်းဆုံးတသီး ပုဂ္ဂလမူဆလင် ကိုယ်စားလှယ်လောင်း နှစ်ဦးသည်အရည်အချင်း ကိုက်ညီခြင်းမရှိခဲ့ပေ။[55] အဆင့်ဆင့်သော ကော်မရှင်ခွဲများက ကိုယ်စားလှယ် လောင်းများအားလုံးသည် နိုင်ငံသားဖြစ်မှုအခြေခံအပေါ်တွင် တူညီစွာစီစစ်ခံရကြောင်းနှင့် ထိုအချိန် တွင် တစ်ဦးတည်းရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်ကို ဖော်ပြနေခြင်း သို့မဟုတ် တင်သွင်းသော စာရွက်

---

[52] ၁၉၈၂ ခုနှစ်နိုင်ငံသားဆိုင်ရာဥပဒေအရနိုင်ငံသားဆိုင်ရာ စီစစ်အတည်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်သည်၁၉၈၉ခုနှစ်တွင်စတင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်တလျှောက်သွားခဲ့သူများကို ၎င်းတို့သည်ပြည့်စုံသောနိုင်ငံသားများ (ဆန့်ကျင်နိုင်ငံသားများသို့မဟုတ် ဆက်နွယ်သူများ အဖြစ်၎င်းတို့သည် ၎င်းတို့၏ဘဝတလျှောက်တွင်ဆည်းပူးခဲ့သော နိုင်ငံသားဖြစ်မှုအခြေအနေသို့မဟုတ်တဦးတည်း အပြည့်အဝနိုင်ငံသား ပါဝင်သော နိုင်ငံသားနှစ်ဦးမှမွေးဖွားခဲ့သူမဟုတ်သော) တွေ့ခဲ့လျှင်နိုင်ငံသားစီစစ်ရေးကတ်ပြားများထုတ်ပေးခဲ့သည်။ အစိုးရမှအထမ်း သမားများကို ပုံမှန်နိုင်ငံသားများအဖြစ်ဆက်ဆံခဲ့သေည်လည်း ယခင်ထုတ်ပေးခဲ့သော စီစစ်ရေးကတ်များကိုနိုင်ငံသားဖြစ်မှု သက်သေအနေဖြင့်သုံး၍မရခဲ့ပေ။ ထပ်၍နိုင်ငံသားဆိုင်ရာစီစစ်ရေးကိုလည်း လူထုအခြေပြုဝန်ဆောင်မှုနေရာများပါဝင်သော၊ တပ်မတော်နှင့် ဆက်စပ်နေသောသို့မဟုတ်ဥပဒေ၊ ဆေးပညာ ၊စက်မှုလက်မှုပညာသို့မဟုတ်အခြား ပညာများကိုလေ့လာဆည်းပူးချင်ခဲ့သော သူများပါဝင်သည့် အမျိုးမျိုးသော အချိန်များတွင်ကျင်းပပြုလုပ်ခဲ့သည်။

[53] အဆင့်ဆင့်သော ကိုယ်စားလှယ်လောင်းများသည် ကာတာစင်တာကိုအကြောင်းကြားခဲ့သည်မှာ ၎င်းတို့နှင့်၎င်းတို့၏မိဘများတွင် နိုင်ငံရေးစီစစ်ရေးကတ်များရှိခဲ့သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများကို၎င်း၏မိဘများနှင့် အဘိုးအဘွားများအားလုံးမြန်မာနိုင်ငံတွင် မွေးဖွားကြောင်းအခြေအနေပြသည့်၊ နိုင်ငံသားဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်လောင်း အဖြစ်သက်သေပြနိုင်သည့် အစိုးရမှထုတ်ပေးထားသည့်စာရွက်စာတမ်း မိတ္တူများကိုပြသခဲ့သည်။ မည်သို့ပင်ဆိုစေ၊ ကိုယ်စားလှယ်လောင်း၏ အယူခံဝင်ခြင်းကိုရခိုင်ပြည်နယ်ကော်မရှင်ခွဲမှငြင်းပယ်ခဲ့သည်။

[54] အောက်လွှတ်တော်၏ USDP အဖွဲ့ဝင်နှင့်ရိုဟင်ဂျာနိုင်ငံရေးသမားဦးရွှေမောင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိမောင်းတောမြို့နယ်တွင် တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ်လျှောက်ထားခဲ့သည်။ ရန်ကုန်ဒေသဆိုင်ရာပါလီမန်၏ အသင်းဝင်ဒေါ်စန်းစန်းမြင့်သည် အမျိုးသားရေး ဒီမိုကရေစီပါတီ အသစ်ကိုယ်စားလျှောက်ထားခဲ့သည်။ နှစ်ဦးစလုံးသည် ၂၀၁၀ခုနှစ်တွင် ရွေးချယ်ခံခဲ့ရသည်။ ဒေါ်စန်းစန်းမြင့်အား UEC မှနောက်ဆုံးတွင်ပြန်လည်ရုတ်သိမ်းခဲ့သည်။

[55] ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီနှင့် ပြည်ထောင်စုဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးပါတီသည်ပါတီတစ်ခု အတွက်အရည်အချင်းမပြည့်ဝသော အရေအတွက်အများကြီးဖြစ်သည့် ၁၅ယောက်နှင့် ၇ယောက်အသီးသီးရှိသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင်အဓိကအားဖြင့် မူဆလင်ကိုယ်စားလှယ်များကိုရိုဟင်ဂျာပါတီများကိုယ်စားအရွေးခံစေခဲ့သည်။

စာတမ်းများတွင် နိုင်ငံခြားမျိုးရိုးကို ဖော်ပြနေခြင်းအပိုင်းကို အခြေခံ၍ စီစစ်မှုအတွက် တစ်ဦးချင်းစီကို တန်းတူသဘောထားရှာဖွေခဲ့သည်။

ကနဦးစီစစ်ရေးနှင့် အယူခံဝင်မှုလုပ်ငန်းစဉ်များသည် လုံလောက်သော လုပ်ငန်းစဉ် ကာကွယ်စောင့်ရှောက်မှုမရှိခဲ့ပေ။ ဤအရာသည် နိုင်ငံသားဆိုင်ရာဆုံးဖြတ်ချက်နှင့် သက်ဆိုင်သောသက်သေဖြစ်ခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိများသည် နေထိုင်မှုနှင့်နိုင်ငံသားဖြစ်မှု ဆုံးဖြတ်ရာတွင် မသေချာသော အခန်းဂဏ္ဍအနေဖြင့်ပါဝင်ခဲ့သည်။ ရွေးကောက်ပွဲအရာရှိများသည် ထိုဆုံးဖြတ်ချက်များကို မည်သည့်အချိန်၊ မည်ကဲ့သို့လုပ်ခဲ့သည့် အကြောင်းဆန့်ကျင်သောရှင်းလင်းချက်များကို စီစဉ်ခဲ့သည်။ အဆိုပြုခံထားရသူ၏ မိဘများနိုင်ငံသားဖြစ်မှုအခြေအနေကို တည်ထောင်နေသော စာရွက်စာတမ်းများကို လျှောက်လွှာတင်ချိန်တွင် တောင်းဆိုခဲ့ခြင်းမရှိပေ။ ကိုယ်စားလှယ်လောင်းများသည် မတူညီသောချဉ်းကပ်မှုများကို သုံးသည့်ကော်မရှင်ခွဲများနှင့် အယူခံဝင်ရေး လုပ်ငန်းစဉ်များ တူညီမှုမရှိခဲ့ခြင်းများနှင့် သူတို့ကိုယ်တိုင် ကာကွယ်ပြီးရပ်တည်နိုင်ရန် အမြဲတမ်းအခွင့်အရေး ပေးခံရခြင်းမရှိပေ။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကော်မရှင်ခွဲများ ဥပမာအားဖြင့် အကြောင်းကြားအသိပေးခြင်းအတွက် တိကျသေချာသော လုပ်နည်းစဉ်များမရှိခဲ့ခြင်းနှင့် အနည်းဆုံးဆုံးဖြတ်ချက်များအတွက် စာရွက်ပေါ်တွင်သာ ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ ကြသည်။[56] ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များသို့ အယူခံဝင်ခြင်း ၆၇၏ ကိုယ်စားလှယ်လောင်း ၁၃ယောက်သည်အထူးသဖြင့် စာရင်းတင်သွင်းခဲ့သော်လည်း နိုင်ငံသားဖြစ်မှုအပေါ်တွင် အရည်အချင်းမပြည့်ဝခြင်းတစ်ဦးသာတွေ့ခဲ့ရသည်။

## ကိုယ်စားလှယ်လောင်းအရည်အချင်းမပြည့်မီခြင်းများပြန်လည်သုံးသပ်ခြင်းနှင့်အယူခံဝင်ခြင်း။

UECသည် ငြင်းပယ်ခံရသော ကိုယ်စားလှယ်လောင်း ၁၈ယောက်အတွက် အောက်အဆင့်ကော်မရှင်များ၏ ဆုံးဖြတ်ချက်များ ပြန်လည်သုံးသပ်ရန် ရွေးကောက်ပွဲဥပဒေများ၏ အပိုဒ်၅၃အောက်ရှိ အခွင့်အာဏာကို လက်တွေ့ကျင့်သုံးရန် ရွေးချယ်ခဲ့သည်။ UECသည် နိုင်ငံသားဖြစ်မှု ဘုံအခြေအနေတွင် ငြင်းပယ်ခဲ့သည် ကိုယ်စားလှယ်လောင်း ၁၀ဦးအပါအဝင် အရည်အချင်းပြည့်မီမှု မရှိဟူသော အချက်ဖြင့် ကိုယ်စားလှယ်လောင်း၁၁ဦးကို ငြင်းပယ်ရန်ဆုံးဖြတ်ခဲ့ သည်။[57] UEC၏ အရည်အချင်းမပြည့်မီခြင်းများ၏ပြန်လည်သုံးသပ်ခြင်းသည် ချီးကျူးထိုက်သော စံတစ်ခုဖြစ်ခဲ့သည်။ မည်သို့ပင်ဆိုစေ၊ လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိခဲ့ခြင်းနှင့် UECသည် အခြားအကြောင်းကိစ္စများကို ဘာကြောင့်ပြန်လည်သုံးသပ်ခြင်းမရှိခဲ့ခြင်း သို့မဟုတ် ကိုယ်စားလှယ်လောင်းများ စာရင်းတင်သွင်းသည်သို့မဟုတ် စာရင်းတင်သွင်းခြင်းမရှိသည်တို့အား ပြန်လည်သုံးသပ်ရာတွင် မည်သည့်အချက်များကို အခြေခံ၍ဆုံးဖြတ်သည်ကို ရှင်းလင်းခဲ့ခြင်းမရှိပေ။ ရခိုင်ပြည်နယ်တွင် ကနဦးငြင်းပယ်ခံခဲ့ရသော ၂၉ဦးထဲမှတစ်ဦးသာလျှင် မူဆလင်ဖြစ်သော်လည်းပြန် လည်ရုတ်သိမ်းခဲ့သော ကိုယ်စား

---

[56] အရည်အချင်းမပြည့်မီခြင်းများ၏သုံးပုံနှစ်ပုံပို၍ရန်ကုန်တိုင်းဒေသ(၃၄)နှင့်ရခိုင်ပြည်နယ်(၂၉)တွင်ဖြစ်ပွားခဲ့သည်။

[57] ၁၁ယောက်မြောက်ကိုယ်စားလှယ်လောင်းသည် အစကတည်းကပင်အနည်းဆုံးအသက်လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ငြင်းပယ်ခံ့ခဲ့ရသည်။

လုပ်လောင်းများ၏ အနည်းဆုံးခုနစ်ယောက်သည် မူဆလင်များဖြစ်ကြသည်။ [58] ရခိုင်ပြည်နယ်ရှိ မူဆလင်ကိုယ်စားလှယ်လောင်းများ အားလုံးနီးပါး အရည်အချင်းမပြည့်မီခြင်းသည် ယခင် TRC ကိုင်ဆောင်ထားသူများအတွက် မဲပေးခွင့်ဖျက်သိမ်းခြင်းကို အကြီးအကျယ်ပြုချခံခဲ့ရသော ရိုဟင်ဂျာ လူဦးရေကို ကိုယ်စားပြုသောဖြစ်နိုင်ချေများကို ကန့်သတ်ခဲ့သည်။

ပြည်နယ်/တိုင်းဒေသဆိုင်ရာကော်မရှင်ခွဲသည် ကိုယ်စားလှယ်လောင်း အရည်အချင်းပြည့်မီမှု အကြောင်းကိစ္စများအများစုတွင် အယူခံဝင်ရန် ပထမနှင့်တစ်ခုတည်းသော အဆင့်ဖြစ်သော်လည်း UEC သည် ပြည်နယ်/တိုင်းဒေသဆိုင်ရာ အဆင့်ရှိတိုင်းရင်းသား လူနည်းစုအမတ်နေရာများ (တိုင်းရင်းသားဝန်ကြီးများ) အတွက် ၎င်းတို့ငြင်းပယ်ခံရမှုအတွက် အယူခံဝင်ရမည့် အပိုင်းဖြစ်သည်။ ထူးခြားစွာဖြင့် UECသည်ငြင်းပယ်ခံထားရသော တိုင်းရင်းသားအမတ်နေရာများအတွက် ရွေးကောက်ပွဲ များတွင် အဆိုတင်သွင်းခံရသူ၊ အလားအလာရှိသော ကိုယ်စားလှယ်လောင်းများ သုံးဦး၏အယူခံဝင် မှုများကိုကြားနာခဲ့သည်။[59] စောင့်ကြည့်လေ့လာသူများအား ဖွင့်ပေးထားသော တရားဝင်ကြားနာမှုများ တွင်၊ UECမှကော်မရှင်ခွဲများ၏ အဆုံးအဖြတ်များသည် ပြောင်းပြန်ဖြစ်နေခဲ့ခြင်းနှင့် အခြေခံဥပဒေ သာမက ရွေးကောက်ပွဲဥပဒေများအရ ကိုယ်စားလှယ်လောင်းများယှဉ်ပြိုင်ခြင်းမှ ကာကွယ်သည့် အရည်အချင်းပြည့်မီမှု လိုအပ်ချက်များ ချမှတ်ထားခြင်းမရှိသည်ကို တွေ့ရှိခဲ့ကြသည်။

ခြုံငုံသောအားဖြင့် ကိုယ်စားလှယ်လောင်း စာရင်းတင်သွင်းခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေးပါတီများ အနှံ့အပြားတလျှောက် များစွာသောကိုယ်စားလှယ်လောင်း အရေအတွက်များရရှိခဲ့ သည်။ [60] ကိုယ်စားလှယ်လောင်း နှစ်ဦးသေဆုံးခြင်းနှင့် ပြန်လည်ရုတ်သိမ်းခြင်းများ အပါအဝင်စီစစ်ရေး လုပ်ငန်းစဉ်၏ အနှစ်ချုပ်အားဖြင့် နိုင်ငံရေးပါတီများ ၉၁ခုနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များကို ကိုယ်စားပြုသော ကိုယ်စားလှယ်ပေါင်း ၆၀၇၄ဦး စာရင်းပေးသွင်းခဲ့သည်။ မဲဆန္ဒနယ် အများစုတွင် မဲဆန္ဒရှင်များသည် ကျယ်ပြန့်စွာ မဲပေးခဲ့ကြသည်။

58 ရန်ကုန်ရှိမူဆလင်ကိုယ်စားလှယ်လောင်းများ အများဆုံးပါဝင်နေသောနိုင်ငံရေးပါတီများငါးခု၏ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကွန်ဂရက်ပါတီသာလျှင် ကိုယ်စားလှယ်လောင်းများပြန်လည်ရုတ်သိမ်းခြင်းခံခဲ့ရသည်။

59 အဆိုတင်သွင်းခံရသူများသည်အခြေခံအားဖြင့် ကိုယ်စားလှယ်လောင်း၏ အဖေသည်၎င်းတို့ပါဝင် ယှဉ်ပြိုင်သောကြိုတင် နေရာချထားသည့်တိုင်းရင်းသားအမတ်နေရာ၏ အရည်အချင်းပြည့်မီခြင်းမရှိသည့်အတွက်ငြင်းပယ်ခံခဲ့ရသည်။ ကော်မရှင်ခွဲများသည် UEC၏ တိုင်းရင်းသားအမတ်နေရာအတွက်မဲပေးရန်မည်သည့် မဲဆန္ဒရှင်များသည်အရည်အချင်းပြည့်မီသည်ကိုဆုံးဖြတ်သောအခါ ဖခင်ဖြစ်သူ၏ အရည်အချင်းပြည့်မီမှုကို အသုံးပြုသင့်ကြောင်းညွှန်ကြားချက်အပေါ် ၎င်းတို့၏မူရင်းဆုံးဖြတ်ချက်ကိုအခြေခံခဲ့သည်။ UEC မှ ထိုညွှန်ကြားချက်သည် ကိုယ်စားလှယ်လောင်းအရည်အချင်းပြည့်မီခြင်းအပေါ် မကျင့်သုံးရန်သတ်မှတ်ထားခဲ့သည်။ ရလာဒ်အနေဖြင့် အယူခံဝင်သူသုံးဦးသည် တိုင်းရင်းသားအမတ်နေရာများ အတွက်ကိုယ်စားလှယ်လောင်းများအဖြစ် ရပ်တည်နိုင်သော်လည်း ထိုနေရာများ အတွက် ရွေးကောက်ပွဲတွင်မဲပေးရန်အရည်အချင်းမပြည့်မီပေ။

60 ဥပဒေပြုလွှတ်တော်မှကိုယ်စားလှယ်လောင်းများပျက်ပြားမှု အထက်လွှတ်တော်-၈၈၆၊ အောက်လွှတ်တော်-၁၇၄၅၊ပြည်နယ်/တိုင်း-၃၂၈၂၊ တိုင်းရင်းသားဝန်ကြီး (ပြည်နယ်နှင့်တိုင်းများအားလုံး)၁၆၁

### မဲဆန္ဒရှင်ပညာပေးခြင်း

ပြီးပြည့်စုံပြီး ထိရောက်သော မဲဆန္ဒရှင်ပညာပေးခြင်းသည် မဲပေးမည့်သူများအားလုံးကို ၎င်းတို့၏ အခွင့်အရေးများနှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်းအဆင့်များကို မဲပေးရမည့်နေ့မတိုင်ခင် ရှင်းလင်းထားခြင်းဖြင့်နိုင်ငံသားများသည် ၎င်းတို့၏ဆန္ဒမဲပေးခြင်း အခွင့်အရေးကိုအသုံးချနိုင်မည်ဖြစ်သည်။[61]

ရွေးကောက်ပွဲမတိုင်ခင်တွင် နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် စောင့်ကြည့်လေ့လာသူများ သွားရောက်ခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ အစိုးရများသည် နိုင်ငံရေးရေချိန်နည်းပါးခြင်းနှင့် အများပြည်သူအကြား ရွေးကောက်ပွဲနှင့် ပတ်သက်သော ဗဟုသုတအပေါ် တို့တွင် သဘောထား မှတ်ချက်များပြုခဲ့ကြသည်။ ယင်းသည် ကချင်၊ ရှမ်း၊ ချင်းနှင့် ကရင်ကဲ့သို့သော နယ်စပ်ဒေသများရှိ မြန်မာဘာသာ စကားတတ်မြောက်ခြင်း မရှိပဲ ဆယ်စုနှစ်များစွာ ပြည်တွင်းပဋိပက္ခများအတွင်း မွေးဖွားလာကာ နိုင်ငံ့ ရေးရာများကို မသိရှိ၊ အစိုးရနှင့် ထိတွေ့ဆက်ဆံမှု မရှိခဲ့သော တိုင်းရင်းသား လူမျိုးစုများအတွက် ဖြစ်ခဲ့သည်။ ၂၀၁၄နှင့်၂၀၁၅တို့တွင် ပြုလုပ်ခဲ့သော ပြည်သူ့အမြင်များအား ကောက်ခံရာတွင် အများအားဖြင့် မဲပေးမည့် အခြေအနေရှိသော်လည်း မဲပေးခြင်းစနစ်နှင့် ပြည်ထောင်စုအဆင့်ရှိ အာဏာခွဲဝေမှုများ အပါအဝင်အုပ်ချုပ်မှုစနစ်နှင့် ရွေးကောက်ပွဲဆိုင်ရာ အရေးကြီးသော အချက်များကို သိရှိမှုနည်းပါးသော အခြေအနေများကို ပေါ်လွင်စေခဲ့သည်။[62]

နိုင်ငံအဆင့်နှင့် ဒေသအလိုက် အခြေပြုသော၊ အများစုမှာ ဖွဲ့စည်းပြီး မကြာသေးကာ အတွေ့အကြုံမရှိသော အရပ်ဖက် အဖွဲ့အစည်းအများအပြားသည် မြန်မာနိုင်ငံအနှံ့တွင် တစ်ခါမှ မရှိဖူးသေးသည့် မဲဆန္ဒရှင် ပညာပေးအစီအစဉ်များကို လုပ်ဆောင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများနှင့် ကွန်ယက်များ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၏ အရေအတွက်နှင့်အတိုင်းအတာသည် သတိထားမိလောက်သော အားထုတ်မှုဖြစ်ခဲ့သည်။ ၎င်းတို့သည် ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ အခြား UEC နှင့် မိတ်ဖက်အဖွဲ့များမှ အများပြည်သူသို့ ထုတ်ပြန်သည်များကို ဖြန့်ဝေခဲ့ပြီးရပ်ကွက်နှင့် ကျေးရွာများတွင် သင်တန်းများပို့ချနိုင်ခဲ့ကြသည်။ ကာတာစင်တာမှ တွေ့ရှိခဲ့ရသောမဲဆန္ဒရှင် ပညာပေး အချက်အလက်များမှာ နယ်စပ်ခရိုင်များတွင် တရုတ်ဘာသာအပါအဝင် အသိမှတ်ပြု တိုင်းရင်းသား ဘာသာစကားများဖြင့် ကျယ်ပြန့်စွာရရှိနိုင်သည်ကို တွေ့ရှိခဲ့သည်။

သို့သော်လည်းပဲ မဲဆန္ဒရှင်ပညာပေးခြင်းများကို ဦးဆောင်သူများသည် ကြိုတင်မဲပေးခြင်း၊ မဲရုံလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲအငြင်းပွားမှုတို့ အပါအဝင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ အဓိကအချက်များနှင့် ပတ်သက်၍ UEC မှ သတင်းအချက်အလက် မရရှိမှုကြောင့် တစ်ခါတရံတွင် နှောင့်နှေးခဲ့ရသည်။ UEC မှ လုပ်ငန်းစဉ် အဆင့်များနှင့်ညွှန်ကြားချက်များ ထုတ်ပြန်မှုသာ

---

[61] ICCPR အခန်း(၂၅)နှင့်UNHCR၊ အထွေထွေမှတ်ချက်၂၅၊စာပိုဒ်၁၁

[62] ၂၀၁၄မြန်မာ၊ Civic Knowledge and Values in a Changing Society၊ အာရှဖောင်ဒေးရှင်း (၂၀၁၅)၊ IFES မြန်မာနိုင်ငံရွေးကောက်ပွဲအကြိုလေ့လာဆန်းစစ်ခြင်း၊၂၀၁၅နိုဝင်ဘာ၆

မဲဆန္ဒရှင်ပညာပေးခြင်း အားထုတ်မှုများကို စတင်နိုင်မည်ဖြစ်သည်။ ထပ်မံ၍လည်း ကျေးလက်ဒေသများ၊ အထူးသဖြင့် ပဋိပက္ခဖြစ်နိုင်ခြေရှိပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များတည်ရှိရာနေရာများအထိ လုပ်ရုံသင်တန်းများနှင့် နယ်လှည့်ဟောပြောပွဲများပေါက်မြောက် ရောက်ရှိခဲ့သည် ကိုလည်း တွေ့ရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အရပ်ဖက်အဖွဲ့အစည်း အများအပြားသည် ကျေးရွာများ မဟုတ်ပဲတပ်မတော်မှ လုံခြုံရေးအားနည်းကာ မဲဆန္ဒရှင်ပညာပေးခြင်းများ လိုအပ်နေသောနေရာများနှင့် အဓိကမြို့နယ်များတွင်သာ မဲဆန္ဒရှင်ပညာပေးခြင်းများ လုပ်ဆောင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။

UECသည် အရပ်ဖက်လူမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လမ်းဖွင့်ပေးခြင် နှင့်အဆင်သင့်မှုကို ရန်ကုန်တွင် ပုံမှန်တွေ့ဆုံခြင်း၍ လုပ်ငန်းစဉ်ပုံကြမ်းများဆွေးနွေးခြင်းနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်သော ဖြေဆိုမှုများဖြင့် အစဉ်တစိုက်ပြသခဲ့သည်။ ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည် မဲဆန္ဒရှင် ပညာပေးခြင်းများတွင် ပြင်ဆင်ဆောင်ရွက်မှုမရှိခဲ့သည့် အပြင်ဖြန့်ဝေရန်အတွက် အရပ်ဖက်လူမှုအဖွဲ့အစည်းများကို အချက်အလက်များ ပေးပို့ခြင်းထက် ကျော်လွန်သော ၎င်းတို့ဆောင်ရွက်ရမည့်အစိတ်အပိုင်းဖြစ်သည်ကို ထည့်သွင်းမစဉ်းစားခဲ့ပေ။ ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်များရှိ ကော်မရှင်ခွဲများသည် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့ ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာဒေသ အဆင့်ရွေးကောက်ပွဲပြင်ဆင်မှုများနှင့် ရွေးကောက်ပွဲဥပဒေနှင့် လုပ်ထုံးများအားရှင်းလင်းခြင်းများကိုတင်ပြရန် အစည်းအဝေးများကျင်းပခဲ့သည်။

တရားဝင်မဲဆွယ်စည်းရုံးခြင်းကာလ အစမတိုင်ခင်တွင် ကော်မရှင်ခွဲများ၏ အရပ်ဖက်လူမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ထိတွေ့ခြင်းများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သိသာစွာကွဲပြားနေသည်။ ရခိုင်တွင် အလွန်နည်းပါး၍ ပဲခူး၊ မကွေးနှင့် တနင်္သာရီတို့တွင် သိသာစွာမြင့်မားနေသော်လည်းမြန်မာနိုင်ငံတဝှမ်းတွင် ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ပုံမှန်နှင့်အစဉ်တစိုက်ဖြစ် လာသည်။ ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့များမှ စောင့်ကြည့်လေ့လာသူများအား ယခင်ကာလများတွင် ကော်မရှင်ခွဲများမှာ မယုံရခြင်း (သို့) ပွင့်လင်းမြင်သာမှုမရှိခြင်းများမှကွဲလွဲကာ ကော်မရှင်ခွဲများသည် မဲဆွယ်စည်းရုံးရေးကာလအတွင်းတွင် အလွန်ကူညီပြီး ချဉ်းကပ်ရလွယ်ကူကြောင်းပြောပြခဲ့သည်။

အရပ်ဖက်လူမှုအဖွဲ့များအား လိုက်လံစွာယုံကြည်ခဲ့ကြသော ကော်မရှင်ခွဲများ၏ မဲဆန္ဒရှင်ပညာပေးခြင်းများတွင် ပြင်ဆင်ဆောင်ရွက်မှုမရှိခဲ့သော်လည်း ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများသည် မှန်ကန်သည့် မဲပေးခြင်းအဆင့်များကို အဓိကအာရုံစိုက်ကာ မဲဆန္ဒရှင်ပညာပေးခြင်းကို ၎င်းတို့မဲဆွယ်စည်းရုံးခြင်း၏ အဓိက အစိတ်အပိုင်းအနေဖြင့် ထည့်သွင်းဆောင်ရွက်ပြခဲ့သည်။ ယင်းဆောင်ရွက်ချက်များတွင် အိမ်တိုင်ရာရောက်မဲဆွယ်ခြင်းအတွင် အများပြည်သူအား ပြသနိုင်ခဲ့ခြင်း နှင့်ရိုက်နှိပ်ထားသော အချက်အ လက်များဖြန့်ဝေခြင်းတို့ ပါဝင်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ဖြည့်စွက်အားစိုက်ပါဝင်ခြင်းနှင့်၊ ပါတီနှင့် ကိုယ်စားလှယ်လောင်း မဲဆွယ်စည်းရုံးခြင်းများ၏ ကျယ်ပြန့်စွာရောက်ရှိနိုင်ခဲ့ခြင်းများသည် မဲဆန္ဒ ရှင်အများအပြားသည် ရွေးကောက်ပွဲ အဓိကအချက်များအားလေ့လာသိရှိနိုင်ခဲ့ခြင်း၏ အဓိကအနှစ်သာရ ဖြစ်ခဲ့သည်။

## ရွေးကောက်ပွဲကြိုနိုင်ငံရေးအခြေအနေနှင့်မဲဆွယ်စည်းရုံးရေးကာလ

မြန်မာနိုင်ငံ၏ဒေသများရှိ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် မတူညီသော အကျိုးသက်ရောက်မှုများကို ဖြစ်စေခဲ့သည်။ ကျေးလက်ဒေသအများအပြား၊ အထူးသဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများသည် ဆင်းရဲမှုပဋိပက္ခနှင့် တရားဥပဒေစိုးမိုးမှုနည်းပါးခြင်း ထောင်ချောက်များတွင် ပိတ်မိနေဆဲဖြစ်သည်။ သို့သော်လည်းဥပဒေများအား ထိန်းချုပ်သည့် အဖွဲ့အစည်းအပြောင်းအလဲများ၊ နိုင်ငံရေးတွင် ပါဝင်နိုင်မှုနှင့်မီဒီယာ၊ အောက်ခြေအာဏာပိုင်များမှ ပိုမိုပွင့်လင်းလာသော ချည်းကပ်မှုများနှင့်အတူ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာအသစ်များစွာ လျှင်မြန်စွာတိုးပွားလာခဲ့သည်။ များစွာသောကိစ္စရပ်များ တိုးပွားလာခြင်းနှင့်အတူ စေ့စပ်ဆွေးနွေးခြင်းအတွက်အခြေအနေသည် ပိုမိုသွက်လက်ပြီး ပွင့်လင်းသည့် မဲဆွယ်စည်းရုံးရေးကာလရလာဒ်ကို ရရှိခဲ့သည်။ သို့သော်လည်းပဲ ဟောပြောခွင့်ရရှိမှုအတိုင်းအတာနှင့် နိုင်ငံရေးလှုပ်ရှားမှုဆင့်ကဲပြောင်းလဲခြင်းသည်ပြည့်စုံမှုမရှိပေ။ အခြေခံဖြစ်သည့်လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် စီတန်းလှည့်လည်ခွင့်များသည် ရွေးကောက်ပွဲကြိုကာလတွင် ဆက်လက်ကန့်သတ်ခံခဲ့ရသည်။ ရွေးကောက်ပွဲနေ့တွင် ၉၀ရာခိုင်နှုန်းကျော်သော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများနှင့် ရွေးကောက်ပွဲကာလအတွင်းတက်ကြွလှုပ်ရှားသူများ အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရာပေါင်းများစွာမှာ တရားရင်ဆိုင်ရန်စောင့်ဆိုင်းနေခဲ့ကြရသည်။ အပြုသဘောအနေဖြင့် အစိုးရအသစ်၏ ပထမခြေလှမ်းများထဲတွင်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၁၉၉ဦးအား ဧပြီ ၈ရက်၂၀၁၆နှင့် ထပ်မံ၍ ဧပြီ၁၇တွင် ၈၃ဦးကို လွှတ်ပေးခဲ့ခြင်းဖြစ်သည်။[63]

လက်ရှိဥပဒေများ၊အများအားဖြင့်၂၀၁၂ခုနှစ်တွင်အတည်ပြုခဲ့သော ငြိမ်းချမ်းစွာစည်တန်းလှည့်လည်ခွင့်ဥပဒေနှင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သော နည်းဥပဒေများသည် နိုင်ငံရေးပါတီများနှင့် နိုင်ငံသားအဖွဲ့များမှ ဆောင်ရွက်ချက်များအား ထိန်းချုပ်ရန် အာဏာပိုင်များအား အရေးပါသည့် အလေ့အကျင့်များကို ဆက်လက်ပေးထားခဲ့သည်။ နိုင်ငံရေးအလေ့တစ်ခု အရမည်သည့်အများပြည်သူနှင့် သက်ဆိုင်သည့် နိုင်ငံရေးနှင့် အရပ်ဖက်လူမှုဆောင်ရွက်ချက်များကိုမဆိုကြိုက်နှစ်သက်မှုအပေါ်တွင် ပွင့်လင်းမှုမရှိပဲ "ခွင့်ပြုချက်" များလိုအပ်လာသည်။ အလေ့အကျင့်များ ရှိနေသော်လည်း အာဏာပိုင်များသည် မဲဆွယ်စည်းရုံးရေးကာလတွင် ယင်းအပြုအမူများကိုကျိုးကြောင်းမျှတစွာဖြင့် ကျင့်သုံးခဲ့ကြသည်။

## ရွေးကောက်ပွဲကြိုကာလနိုင်ငံရေးလုပ်နိုင်ခွင့်အခြေအနေ

၂၀၁၅ရွေးကောက်ပွဲ မတိုင်ခင်နှစ်များတွင် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ဂျာနယ်လစ်များ၏ နိုင်ငံရေးလုပ်နိုင်ခွင့်သည တိုးပွားလာပြီး ဆက်လက်တိုးတက်လျှက် ရှိသည်။

---

63 နိုင်ငံရေးအကျဉ်းသားများထောက်ပံ့ကူညီရေးအသင်း (ဗမာပြည်)အရဧပြီလအတွင်းအခြား နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၄၈ ဦးမှာကျန်ရှိနေသေးသည်။ အသေးစိတ်အားဖော်ပြပါတွင်ကြည့်ရန်
http://aappb.org.

နိုင်ငံရေးပါတီများသည် ရုံးခွဲများတည်ထောင်ကာ ကွန်ယက်များတည်ထောင်ခြင်း၊ ပါတီဝင်ဦးရေ တိုးချဲ့ခြင်း၊ ဆိုင်းဘုတ်များထောင်၍ အများပြည်သူသို့ အသိပေးခြင်း၊ ဂျာနယ်များပုံနှိပ်ခြင်းနှင့် လူထု စည်းဝေးပွဲများ ကျင်းပပြုလုပ်ခြင်းများ လုပ်ဆောင်လာနိုင်ကြသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ သည် ရေအတွက်များစွာတိုးတက်လာပြီး ပြည်တွင်းမီဒီယာများလည်း နိုင်ငံအဝှမ်းတွင်ကြီးထွားလာ သည်။

သို့သော်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ဒေသဆိုင်ရာအစိုးရများသည် အရေးပါသော အပြုအမူများကို ဆက်လက်ကျင့်သုံးကာ ဆိုင်းဘုတ်များထောင်ရန်၊ လူအများပါဝင်မည့် ပွဲများနှင့် ရုံးဖွင့်ပွဲများအတွက်မြို့နယ်မှ ခွင့်ပြုချက်များရယူရန် လိုအပ်ခြင်းအပါအဝင် အများပြည်သူနှင့် ဆိုင် သောဆောင်ရွက်ချက်များကို ကန့်သတ်ရန် (သို့) ပိတ်ပင်ရန်ကျင့်သုံးခဲ့ကြသည်။ ယခုနိုင်ငံရေးပါတီများ နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ လည်ပတ်ဆောင်ရွက်နေသည့်အနေအထားသည် သမိုင်းဝင် သတ်မှတ်ချက်များကို ကျော်လွန်၍ တိုးတက်မှုများရှိနေသော်လည်း လုံခြုံစိတ်ချရသည့် အနေအထား မဟုတ်ပေ။ အစိုးရနှင့်ပြည်ထဲရေးဝန်ကြီးဌာန (အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် နိုင်ငံသားများ နှင့် အစိုးရအကြား ပထမဆုံးထိတွေ့ရသော ဆုံမှတ်) မှတစ်ဆင့် တပ်မတော်သည် နိုင်ငံရေး လုပ်နိုင်ခွင့်ကို ပိတ်သိမ်းစေနိုင်သည့် ဥပဒေနှင့်အုပ်ချုပ်ရေးဆိုင်ရာ ခလုပ်များကို ထိန်းချုပ်ထားသည်။ မဲဆွယ်စည်းရုံးရေး ကာလအတွင်း အခြေအနေများစွာတွင် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများသည် ကာလရှည်စေ့စပ်ညှိနှိုင်းမှုများ ရင်ဆိုင်ခဲ့ကြရပြီး တစ်ခါတစ်ရံတွင် မြို့ကြီးများရှိ ပန်းခြံ၊ လမ်းနှင့် ဈေးနေရာများရှိ သိသာထင်ရှားသည့် ဆောင်ရွက်ချက်များကို ပယ်ချခံရသည်။ ဥပမာ ပဲခူးနှင့်မွန္တလေးတိုင်းဒေသကြီးများရှိမဲဆွယ်ခြင်းအကြို လွှတ်လပ်ရေးသူရဲကောင်းဗိုလ်ချုပ်အောင်ဆန်း ရာပြည့်အထိမ်းအမှတ် အောင်ပွဲခံခြင်းအခမ်းအနားအတော်များများကို မြို့နယ်အာဏာပိုင်များက ရှင်းလင်းသော အကြောင်းပြချက်မပေးပဲပယ်ချခဲ့သည်။ [64] သို့သော်လည်းပဲ နိုင်ငံရေးပါတီအများစုနှင့် အရပ်ဖက် လူမှုခေါင်းဆောင်များက ထိုပယ်ချခြင်းသည် အမြဲတစေမဟုတ်ပဲ ၎င်းတို့၏ဆောင်ရွက်ချက် များသည် အလွန်ရှားပါးစွာ ပိတ်ပင်ခံရခြင်းဖြစ်သည်ဟု သတင်းပေးခဲ့ကြသည်။

ရွေးကောက်ပွဲမတိုင်ခင်နှစ်တွင် အကြမ်းဖက်ခြင်းမရှိသော နိုင်ငံရေးဟောပြောချက်များနှင့် နိုင်ငံရေး လွတ်လပ်ခွင့် ဖွံ့ဖြိုးမှုအတွက် အပြုသဘောဆောင်သည့် မိန့်ခွန်းများကို အစိုးရ၏ ထင်ရှားသော အရေးယူမှုများ အများအပြားဖြစ်ပေါ်ခဲ့သည်။ ယင်းအခြေအနေများတွင် ၂၀၁၅မတ်လအတွင်း ပညာရေးဥပဒေသစ်နှင့်ပတ်သက်၍ ဆန္ဒပြခဲ့သောကျောင်းသားများအား ရဲတပ်ဖွဲ့ဝင်များမှ အကြမ်းဖက် ဖြိုခွဲခဲ့ခြင်းကြောင့် ရာပေါင်းများစွာသော ကျောင်းသားများ ဖမ်းဆီးခြင်းခံရခြင်း၊ ၂၀၁၅အောက်တိုဘာ အတွင်း လူမှုမီဒီယာများပေါ်တွင် တပ်မတော်အား သရော်လှောင်ပြောင်သူနှစ်ဦးအား ဖမ်းဆီး ထိန်းသိမ်းခြင်း[65]၊ ၂၀၁၅ဇွန်လတွင် NLDပြော ရေးဆိုခွင့်ရှိသူတစ်ဦးအား ၂၀၁၄အောက်တိုဘာ အတွင်း

[64] ဗိုလ်ချုပ်အောင်ဆန်းမှာအောင်ဆန်းစုကြည်၏ ဖခင်ဖြစ်သည်

[65] ပက်ထရစ်ခွန်ဂျာလီနှင့်ချောစန္ဒီထွန်းတို့သည် ထောင်ခြောက်လချထားခြင်းခံခဲ့ရသည်။ ICCPR အခန်း၁၉သည်လွတ်လပ်စွာပြောဆိုခွင့်ကို အကာအကွယ်ပေးထားသည်။ အထွေထွေမှတ်ချက်၃၄တွင်ကန့်သတ်ချက်များအား အဓိပါယ်ဖွင့်ဆိုထားသည်မှာ “စစ်တပ်(သို့) အုပ်ချုပ်ရေးများ ကဲ့သို့သော အင်စတီကျူးရှင်းများအားဝေဖန်ခြင်း”

ဗုဒ္ဓဘာသာမျိုးချစ်များအား ဝေဖန်ပြောကြားမှုများကြောင့် ဘာသာရေးယုံကြည်မှုများအပေါ် ဒဏ်ရာရစေမှုဖြင့် ထောင်၂နှစ်ကျခံစေခြင်းတို့ပါဝင်သည်။[66]

မီဒီယာဝန်းကျင်တွင်လည်းပြုပြင်ပြောင်းလဲမှုအစပိုင်းတွင်မီဒီယာအသစ်များလျင်မြန်စွာများပြားလာခြင်းနှင့်အတူ သိသာစွာတိုးတက်လာခဲ့သည်။ ယင်းသို့အများနှင့်သက်ဆိုင်သော အခြေအနေများ တိုးတက်လာခြင်းသည် ယခင်ကမီဒီယာ သတင်းပေးမှု အားနည်းခြင်းကြောင့် လွဲမှားသောသတင်း အချက်အလက်များနှင့် အလွယ်တကူပြန့်ပွားသွားသော ကောလဟာလများသည် တင်းမာမှုများကို ပိုမိုဖြစ်ပေါ်စေခဲ့သော်လည်း ရွေးကောက်ပွဲပတ်ဝန်းကျင်တွက် သတင်းအချက်အလက်နှင့် အမြင်များကိုအချိန်နှင့်တပြေးညီ ဖလှယ်လာနိုင်ခဲ့သည်။ ပုံနှိပ်မီဒီယာဝန်းကျင်ကိုကြည့်လျှင်လည်း အစိုးရသည် ရုပ်သံထုတ်လွှင့်ခြင်းကို တင်းကျပ်စွာချုပ်ကိုင်ထားဆဲဖြစ်ပြီး အထိရိုက်မခံပဲကြုံရာ တင်းကျပ်မှုများကြောင့်နိုင်ငံရေးပါတီများ၏ မိန့်ခွန်းများကိုမဲဆွယ်စည်းရုံးရေးကာလအစတွင် နိုင်ငံပိုင်TVမှထုတ်လွှင့်ခြင်းများဖြစ်ပေါ်ခဲ့သည် (အောက် တွင်ကြည့်ရန်)[67]

တင်းကျပ်ထားသော၊ ရေရာမှုမရှိသော မီဒီယာဥပဒေများ ရှိနေသေးပြီးအထိမခံသော သတင်းများကိုတင် ပြပါကလည်း လက်စားခြေခံရခြင်း (သို့) ဖမ်းဆီးခြင်းများဖြစ်နိုင်သည်။ တရားဝင်လျှို့ဝှက်ချက်များအက်ဥပဒေ၊ မီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ဖြန့်ဝေခြင်းဥပဒေ၊ အရေးယူခြင်းများသည် အများစိတ်ဝင်စားမှုရှိသော ကိစ္စရပ်များတွင် လုပ်ကိုင်လျှက်ရှိသော ဂျာနယ်လစ်များအား အကာအကွယ်ပေးထားခြင်းမရှိပေ။ဂျာနယ်လစ်များသည် လာဒ်စားမှုများနှင့် အာဏာပိုင်များ၏ အလွဲသုံးစားခြင်းများ၊ တာဝန်ရှိသူများ ကာလရှည်အသုံးပြုလာသော ဂုဏ်သိက္ခာချခြင်း၊ ကိုစွန့်စားတင်ပြကြရပြီး အားနည်းသော တရားစီရင်မှုစနစ်ကြောင့် ပိုမိုစွန့်စားခြင်းဖြစ်လာသည်။ ကိုယ်တိုင်ဆင်ဆာပြုလုပ်ရခြင်းသည်တိုင်းနှင့်ပြည်နယ်များအပေါ်တွင်အမျိုးမျိုးကွဲ ပြားသော်လည်း ကျယ်ပြန့်လာသည်။ အခြေအနေအမျိုးမျိုးတွင် ရွေးကောက်ပွဲအား သတင်းရယူသော ဂျာနယ်လစ်များက အစိုးရတာဝန်ရှိသူများအားတွေ့ရန်လက်လှမ်းမမီပဲ အစိုးရသတင်းအရင်းအမြစ်များမှာ လည်းဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း (သို့) ရယူရန်မဖြစ်နိုင်ဟု ဆိုကြသည်။

ပိုမိုပွင့်လင်းလာသော မီဒီယာအသိုင်းအဝိုင်း၏ အခက်အခဲဖြစ်စေသောအပိုင်းမှာ လူမှုကွန်ယက်နှင့်မိုဘိုင်းဖုန်းများမှ အများအပြားသော ခွဲခြားမှုများရှိသည့်ပြောဆိုမှုများ၏ ပြဿနာဖြစ်သည် (မူဆလင်လူနည်းစုများအပေါ် အများစုရိုက်ခတ်ခြင်း)။ ဂျာနယ်လစ်များ (နှင့်အခြားသူများ) သည် ဗုဒ္ဓဘာသာမျိုးချစ် အများအပြားရှိရာ ရှေးအယူများကို ဆုပ်ကိုင်ထားသော ဘုန်းကြီးအုပ်စုမှ ဦးဆောင်သည့်၊ မူဆလင်များနှင့် လူနည်းစုဘာသာဝင်များ အားမြှင့်တင်လျှက်ရှိသူများ အသိအမှတ်မပြုသော အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ) ပတ်ဝန်းကျင်တွင် ထိရိုက်လွယ်လာကြသည်။

[66] ထင်လင်းဦးမှာနိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာမှုနှင့် ဧပြီ၁၇ရက်တွင်လွှတ်ပေးခံရသော အကျဉ်းသားရ၃ဦးအနက်ပါဝင်ခဲ့သည်

[67] ICCPRအခန်း(၁၉)နှင့် ထွေထွေမှတ်ချက်၃၇တွင်ဖော်ပြထားသည်မှာလွတ်လပ်စွာထုတ်ဖော်ခွင့်အခွင့်အရေးအား မည်သည့် ကန့်သတ်ခြင်းကိုမဆို နည်းပါးစွာဖွင့်ဆိုထားပြီးအခွင့်အရေးများ (သို့)အခြားသူများ၏ကျော်ကြားမှုများ(သို့) နိုင်ငံတော်လုံခြုံရေးအား ကာကွယ်ခြင်း(သို့) ပြည်သူ့အရေး(သို့)ပြည်သူ့ကျန်းမာရေး(သို့) စိတ်ထားများအားလေးစားစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ အထွေထွေ မှတ်ချက်၃၇တွင် "လွတ်လပ်စွာထုတ်ဖော်မှုများအားအပြစ်ပေးခြင်းဖြင့် ကန့်သတ်ချက်များကိုဥပဒေတွင်ဖော်ပြခြင်းမပြုရ" ဟုဖော်ပြထား သည်။

မန္တလေးရှိ မဘသဘုန်းတော်ကြီးများ အစည်းအရုံးစင်တာမှ တက်ကြွလှုပ်ရှားသူကယင်းတို့၏ အမည်များ နှင့်ပုံရိပ်များ သည်အများပြည်သူအကြားနှင့် လူမှုမီဒီယာများအပေါ်တွင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ခံခဲ့ရပြီးလက်စားခြေခြင်းခံရမည်ကိုစိုးရိမ်းနေကြောင်း ကာတာစင်တာစောင့်ကြည့် လေ့လာသူများကို ပြောပြခဲ့သည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ၂၀၁၂နှင့်၂၀၁၃အတွင်း မူဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများက တိုင်းရင်းသားဘာသာရေးမျိုးချစ် အားအရှိန်မြှင့်ပေးပြီးနောက်တွင် ဂျာနယ်လစ်တစ်ဦးသည် ဘုန်းကြီးများမှ ဦးဆောင်ပြီးခြိမ်းခြောက်မှု အသွင်ဆောင်သည့် လှုပ်ရှားမှုသည် နိုင်ငံရေးတွင် ဘာသာရေးအား အသုံးချသည်ဟူသော ဝေဖန်ရေး ဆောင်းပါးရေးသားပြီးနောက်တွင် ယင်းလူထု အကြားမှခတ္တတိမ်းရှောင်ခဲ့ရသည်။[68] ဤအဖြစ်အပျက်များသည် ဘာသာရေးပုံရိပ်များနှင့် ပတ်သက်၍ အထိမခံသောခြေအနေများ၏ ရှေ့ပြေးနိမိတ်များဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဝတ်စုံမဲ့အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့သည် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုခေါင်းဆောင်များနှင့် ဂျာနယ်လစ်များ၏ဘဝများတွင် ဆက်လက်အရေးပါနေဆဲဖြစ်သည်။ အထူးအဖွဲ့၏လူထုအပေါ်စောင့်ကြည့်ခြင်း အလုပ်များသည် စစ်တပ်ထောက်လှမ်းရေး၏ ဆောင်ရွက်ချက်များနှင့် ထပ်လျှက်ရှိသည်။ ယင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ကာတာစင်တာ၏ ပြည်တွင်းသက်ဆိုင်သူ များနှင့်ပြုလုပ်သော အစည်းအဝေးများအား ပုံမှန်တက်ရောက်ရန် ကြိုးစားလေ့ရှိသလို ကာတာစင်တာဝန်ထမ်းများထံမှလည်း အသေးစိတ် အချက်အလက်များကို တောင်းခံလေ့ရှိသည်။ နိုင်ငံသားများ၏ ကိုယ်ရေးကိုယ်တာဘဝများအပေါ် ဆိုးဝါးစွာဆက်ဆံရန် အရည်အချင်းပိုင်းတွင်စစ်ဆေးခြင်းထားခြင်းမရှိသော အထူးအဖွဲ့နှင့် စစ်တပ်ထောက်လှမ်းရေးများသည် မည်သည့်ပြောင်းလဲခြင်းအစပြုခြင်းကိုမဆိုစိန်ခေါ်လျှက်ရှိသည်။ ယင်းတို့၏ ဒေသအဆင့်တွင်ရှိနေခြင်းသည် ပုံမှန်အားဖြင့်သွယ်ဝိုက်ပြီး နိုင်ငံသားများ နိုင်ငံသားနှင့် နိုင်ငံရေးရပိုင်ခွင့်များကိုကြိုးစားခြင်းအပေါ် ခြိမ်းခြောက်နေသော ပတ်ဝန်းကျင်အဖြစ် ဆက်ရှိနေသည်။

၂၀၁၁ခုနှစ်မှ စတင်ပွင့်လင်းလာသော နိုင်ငံရေးလုပ်နိုင်ခွင့်နှင့်နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့များ၊ မီဒီယာများအများအပြား ပေါ်ထွက်လာခြင်းသည်ပိုမိုသက်ဝင်ပြီး ပွင့်လင်းသော ရွေးကောက်ပွဲမဲဆွယ်ခြင်းများကိုပြုလုပ်လာနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးထားသည်။ သို့သော်လည်းပဲ နိုင်ငံရေး ရပိုင်ခွင့်များကို အပြည့်အဝအသုံးချနိုင်ခြင်းသည် ကန့်သတ်မှုများရှိသော ဥပဒေများ၊ ပြည်သူ့လှုပ်ရှားမှုများအား ကန့်သတ်တားဆီးသော ဒေသဆိုင်ရာအစိုးရများ၏ အရေးပါသောအမူအကျင့်များ၊ ရွေးကောက်ပွဲ မတိုင်မီ နှစ်အတွင်း အကြမ်းမဖက်သော ဟောပြောမှုများနှင့် မိန့်ခွန်းများအား အစိုးရ၏ လူသိများသောဖြိုခွဲမှုများကြောင့် အခက်အခဲများဖြစ်ပေါ်နေခဲ့သည်။ ငြိမ်းချမ်းသောနိုင်ငံရေးနှင့် အရပ်ဖက်လုပ်ဆောင်ချက်များ အအလားတူကြောက်စိတ်များမရှိပဲ ပြုလုပ်နိုင်သောဝန်းကျင်များအား ဖြစ်စေရန် ပိုမိုဖြေလျှော့ပေးသော နိုင်ငံရေးလုပ်နိုင်ခွင့်များလိုအပ်သည်။

[68] ထိုဂျာနယ်လစ်ကိုပင်ပစ်မှတ်ထားကာ ၂၀၁၆မတ်လအတွင်း ၎င်း၏နေအိမ်နှင့်ရုံးခန်းတို့တွင် ပေါက်ကွဲမှုများဖြစ်ပွားကာတိုက်ခိုက်ခဲ့သည်။

**မဲဆွယ်စည်းရုံးခြင်းကာလ**

လူတိုင်းပါဝင်ပြီး ပွင့်လင်းမြင်သာမှုအပြင် စစ်မှန်သောဒီမိုကရေစီကျ ရွေးကောက်ပွဲသည် လွတ်လပ်သော ထင်မြင်ခွင့်နှင့် ဖော်ပြနိုင်ခွင့်၊ အသင်းအဖွဲ့လွတ်လပ်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှား သွားလာနိုင်ခွင့်၊ လူများ၏လုံခြုံရေး၊ သတင်းအချက်အလက်များအား လက်လှမ်းမီရယူနိုင်ခြင်း တို့ကို အလေးထားသည့် မဲဆွယ်စည်းရုံးခြင်းကာလနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်သူများ၏ ထောက်ပံ့ ပေးခြင်းများလိုအပ်သည်[69]

**နိုင်ငံရေးပါတီများ။** ရွေးကောက်ပွဲတွင် စုစုပေါင်းနိုင်ငံရေးပါတီ ၉၁ခုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အကြီးဆုံးပါတီ နှစ်ခုမှာ လူသိများထင်ရှားသောမဲဆွယ်စည်းရုံးခြင်းနှင့် နိုင်ငံအဝှမ်းပါဝင်ယှဉ်ပြိုင်သူ ကိုယ်စားလှယ် လောင်းအများဆုံးဖြစ်ကြ သောNLDနှင့်USDPတို့ဖြစ်ကြသည်။ တိုင်းရင်သားလူမျိုးစု များကို ကိုယ်စားပြုသော ပါတီပေါင်း ၅၉ခု ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတိုင်းရင်သား လူမျိုးပါတီများ အကြား ကွဲပြားနေသော အုပ်စုတစ်စုသည် ၂၀၁၀ ရွေးကောက်ပွဲအား သပိတ်မှောက်ယှဉ်ပြိုင်ခြင်း မရှိသော NLDနှင့်အတူ ပူးပေါင်းခဲ့ပြီး ၂၀၁၀တွင်ပါဝင်ယှဉ်ပြိုင်ခဲ့သော အများအပြားသည် ပထမဆုံး အကြိမ်ဖြစ်ကြသည်။ နောက်ဆက်တွဲအနေ ဖြင့်အဓိကတိုင်းရင်သား လူမျိုးစုများသည် မဲများရရှိရန် အတွက်ပြိုင်ဘက်ပါတီအများအပြားရှိခဲ့သည်။ ဤအခြေအနေသည် တိုင်းရင်သားများ၏ မဲအများစုကို ကွဲပြားသွားစေပြီး မဲအများဆုံးရရှိသူ အနိုင်ရသည့်စနစ်အရ တိုင်းရင်သားပါတီများ၏ ကိုယ်စားပြုမှုများ နည်းပါးစေခဲ့သည်။ [70] သိသာထင်ရှားသောချွင်းချက်မှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး၊ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် (ALD) သည် ပါတီသစ်ဖြစ်သော ရခိုင်တိုင်းရင်းသား များဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP) နှင့် ပူးပေါင်းကာ ရခိုင်တိုင်းရင်းသားများပါတီ(ANP) ဟူသောရခိုင် တိုင်းရင်သားပါတီတစ်ခု ဖြစ်လာခြင်း ဖြစ်သည်။ ယင်းကဲ့သို့ဖွဲ့စည်းခဲ့သော ပါတီများအနက် NLDပါတီမှ နုတ်ထွက်ခဲ့သူများ တည်ထောင်ခဲ့ပြီး ၂၀၁၀တွင် နေရာအများအပြား အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအင်အားစု (NDF)၊ ဗုဒ္ဓဘာသာမျိုးချစ်များ အဖြစ်မြင့်တင်ပေးသောပါတီများဖြစ်သည့် ၂၀၁၅ခုနှစ်တွင်ဖွဲ့စည်းခဲ့သော အမျိုးသားတိုးတက်ရေးပါတီ (NDP) နှင့်၊ ဆင်းရဲနွမ်းပါးပြီး နိုင်ငံမဲ့ဖြစ်နေသော ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာမူဆလင်များအား ကိုယ်စားပြုသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရေစီပါတီ (NDPD) နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ(DHRP)တို့ဖြစ်ကြသည်။

**မဲဆွယ်စည်းရုံးခြင်းနည်းဥပဒေများ။** ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းသည် စက်တင်ဘာရက်တွင် စတင်ခဲ့သည်။ ဥပဒေအရ ကန့်သတ်မှုအခြေအနေများ ရှိနေချိန်တွင် အာဏာပိုင်များသည် ယင်းအပြုအမူများကို လက်တွေ့တွင် မဲဆွယ်စည်းရုံးရေးကာလအတွင်း ကျိုးကြောင်းမျှတစွာ ကျင့်သုံးခဲ့ သည်။ လွန်ခဲ့သောလများက ထက်နိုင်ငံရေးအခြေအနေမှာ ပိုမိုပွင့်လာခဲ့ပြီး ပိုမိုလွယ်ကူစွာ

---

[69] ICCPRအခန်း၉၊၁၂၊၁၉နှင့်၂၂နှင့်UNHRCအထွေထွေမှတ်ချက်၂၅၊ အပိုဒ်၊၂၅တွင်ဖော်ပြသည်မှာ "လွတ်လပ်စွာဖော်ထုတ်ခြင်း၊ စီတန်းလှည့်လည်ခွင့်နှင့် အသင်းအဖွဲ့လွတ်လပ်ခွင့်များသည် မဲပေးခွင့်အခွင့်ရေးအားထိအကျိုးရှိစွာကျင့်သုံးနိုင်ရန်အတွက် နှင့်အပြည့်အဝ အကာအကွယ် ပေးရန်ဖြစ်သည်။"

[70] ဥပမာ၊၂၀၁၀တွင် ဝင်ရောက်မယှဉ်ပြိုင်ပဲ သပိတ်မှောက်ခဲ့သည့် SNLD သည် ၂၀၁၀ တွင် နေရာများရခဲ့သော ရှမ်းအမျိုးသားများ ဒီမိုကရက်တစ် ပါတီ(SNDP) နှင့်မဲဆန္ဒနယ်အတော်များများတွင်ယှဉ်ပြိုင်ခဲ့သည်။

မိတ်ဖွဲ့ခြင်းနှင့် ယခင်ကမြို့ပြများရှိ အများပြည်သူနေရာများတွင် ပွဲများပြုလုပ်ရန် ကြာရှည်စွာညှိနှိုင်းပြီး အောင်မြင်ရန် အာမခံချက်မရှိသည်များမှာပိုမိုလွယ်ကူလာခဲ့သည်။

၂၀၁၄ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော မဲဆွယ်စည်းရုံးခြင်းလမ်းညွှန်သည် ( ၂၀၁၅ တွင်မဲဆွယ်စည်းရုံးခြင်း ကာလကိုရက်ပေါင်း ၆၀ အထိ တိုးချဲ့ပြင်ဆင်ခဲ့သည်) အရေးကြီးပြီးလိုရာ အသုံးပြုနိုင်သောအခွင့်အာဏာကို UEC နှင့်ရွေးကောက်ပွဲကော်မရှင်ခွဲများအား ပေးအပ်ခဲ့သည်။ တင်ပြတောင်းဆိုထားသောမဲဆွယ်စည်းရုံးခြင်း လုပ်ငန်းအားခွင့်ပြုရာတွင် ၎င်းတို့သည်ပွဲများ ကျင်းပမည့် အချိန်နှင့်နေရာ၊ "လုံခြုံရေး၊ ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး"အား ထိပါးနိုင်သော မည်သည့် အခြေအနေမျိုးကိုမဆို ဖျက်သိမ်းရန် တွန်းအားပေးနိုင်သည်။ ထပ်မံ၍လည်း ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ရက်ပေါင်း ၆၀ မဲဆွယ်စည်းရုံးရေးအစီအစဉ်တစ်ခုလုံးအား သက်ဆိုင်ရာကော်မရှင်ခွဲများထံ ကိုယ်စားလှယ်လောင်း အတည်ပြုချက်ရယူပြီးသည့် ၁၅ရက်အတွင်း တင်ပြရန်လိုအပ်သည်။ လမ်းညွှန်ချက်သည် ဟောပြောချက်(သို့)အပြုအမူများ ကြောင့် "တိုင်းပြည်၏ဂုဏ်သိက္ခာ" သို့မဟုတ် "တပ်မတော်၏ဂုဏ်သိက္ခာ" အား ပျက်စီးစေမှု၊ "ငြိမ်းချမ်းစွာသင်ယူမှု" သို့မဟုတ် "ပြည်သူ့ဝန်ထမ်းများမှ ယင်းတို့၏ တာဝန်ကျေပြွန်မှု" ကို ထိခိုက်စေသည့် စသည်တို့ ပါဝင်သည့် လွတ်လပ်စွာ ဟောပြောခွင့်ကို ကန့်သတ်ထားသည်။

ယင်းကန့်သတ်ချုပ်ချယ်ထားသော နည်းဥပဒေများရှိနေသော်လည်း မြန်မာနိုင်ငံတဝန်းရှိ ကိုယ်စားလှယ်လောင်းများမှ ကာတာစင်တာစောင့်ကြည့်လေ့လာသူများကို ၎င်းတို့၏ မဲဆွယ် စည်းရုံးရေး အစီအစဉ်များမှာ ပယ်ချခံရခြင်း (သို့) ပြောင်းလဲခြင်းမရှိခဲ့ကြောင်း ပြောကြသည်။ ချီးကျူးရမည်မှာ တာဝန်ရှိသူများသည် ရက်ပေါင်း၆၀မဲဆွယ်ခြင်းအစီအစဉ် အပြည့်အစုံကိုကြိုတင် မကြာခဏ တွန်းအားမပေးခဲ့ခြင်းဖြစ်သည်။[71] ယင်းအစားကော်မရှင်ခွဲသို့ တင်ပြရသောအစီအစဉ်များမှာ တစ်ကြိမ်လျှင်တစ်လ၊ တစ်ရက်တာပွဲ အစီအစဉ်များတင်ပြရခြင်းဖြစ်သည်။ သိသာသောကိစ္စများမှာ ကိုယ်စားလှယ်လောင်းများ တင်ပြထားသောစင်မြင့်ထက်ဟောပြောခြင်းပွဲများ ခွင့်ပြုချက်အတွက် တစ်ရက်၊ နှစ်ရက်သာ ကြိုတင်နိုင်ခြင်းဖြစ်သည်။ တင်ပြထားသော ကိုယ်စားလှယ်လောင်းများ၏ အစီအစဉ်များ တိုက်နေလျှင်လည်း အရင်လာသူဦးစားပေးစနစ်ဖြင့် နောက်မှတင်လာသူ ကိုယ်စားလှယ်လောင်းအား ပြန်လည်၍ အချိန်ပြင်ဆင်ခြင်း (သို့) နေရာပြန်ရွေးစေ ခြင်းဖြင့် မျှတစွာဖြေရှင်းပေးသည် ကိုတွေ့ရသည်။ ကိုယ်စားလှယ်လောင်းအများစု၏ ခွင့်ပြုချက်တောင်းခံခြင်း လုပ်ငန်းစဉ်များမှာ ကယားပြည်နယ်ကဲ့သို့ အဖွဲ့အစည်းစွမ်းရည်ကန့်သတ်ချက်များ ရှိနေသော တိုင်းရင်းသားပါတီငယ်များမှလွဲ၍ ထည့်သွင်းစဉ်းစားခြင်းမရှိပေ။

ရန်ကုန်နှင့်မန္တလေးတို့ကဲ့သို့သောမြို့ပြစင်တာများရှိ လူအများနှင့်ပြုလုပ်သောနေရာများတွင် ပိုမိုတင်းကျပ်သောလုပ်ထုံးများရှိသည်။ ထိုအခြေအနေတွင်သတ်မှတ်ထားသော မဲဆွယ်စည်းရုံးခြင်း

---

[71] ၁၉၆၆ ICCPR အခန်း၂၁တွင်အာမခံထားသည်မှာ ကန့်သတ်မှုများမရှိပဲငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကိုဖြစ်သည်။ ၁၉၆၆ ICCPR စာပိုဒ်၁၂၊ UNHRC အထွေထွေမှတ်ချက် ၂၅တွင် "လွတ်လပ်စွာဖော်ထုတ်ခြင်း၊ စီတန်းလှည့်လည်ခွင့်နှင့် အသင်းအဖွဲ့ လွတ်လပ်ခွင့်များသည်မဲပေးခွင့်အခွင့်ရေးအားထိအကျိုးရှိစွာ ကျင့်သုံးနိုင်ရန်အတွက်နှင့် အပြည့်အဝအကာအကွယ်ပေးရန်ဖြစ်သည်။"

နေရာနှင့်အချိန်နာရီများမှာမူ တွန်းအားပေးခံရသည်၊ သို့သော်မြို့တော်၏ လူနေအိမ်ရာများနှင့် စီးပွားရေးအချက်အခြာများတွင် မဲဆွယ်ခြင်းမပြုရန် တာမြစ်ထားခြင်းမျိုး မဟုတ်ပေ။ ၎င်း ကန့်သတ်ချက်များမှာ အလယ်အလတ် နှင့်မြို့အသေးများတွင် ဖိအားပေးခြင်းမရှိပေ။ အများပြည်သူ ပြယုဒ်နေရာများဖြစ်သော ရန်ကုန်ရှိပြည်သူ့ ဥယျာဉ် နှင့် ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနားရှိ မနောကွင်းများတွင် NLD နှင့် မိတ်ဖက်များမှ အကြီးအကျယ်ပြုလုပ်ဖွယ်ရှိသော နေရာများအား အာဏာပိုင်များမှ ငြင်းပယ်ခဲ့သည်။ ယင်းအခြေအနေနှစ်ခုပေါ်တွင် NLD သည် အခြားဆုံးဖြတ်နိုင်မှု နည်းသောနေရာများကို တွေ့ရှိခဲ့သည်။

မဲဆွယ်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံရေးပါတီများ ကျင့်ဝတ်ဖြင့် ကိုယ်တိုင် စည်းမျဉ်း များရေးဆွဲခဲ့သည်။ စာရင်းသွင်းထားသော နိုင်ငံရေးပါတီ ၉၁ခု အနက် ၂၀၁၅ဇွန်လတွင် ၈၈ပါတီသည် UECနှင့် ပါတီများအကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးခဲ့ကြသူများသည် ၎င်းတို့၏မဲဆွယ်စည်းရုံးခြင်း ကာလအတွင်း ဘာသာရေးကို အသုံးချခြင်းနှင့် လူမျိုးရေးခွဲခြားသောစကားများ အသုံးပြုခြင်း၊ နိုင်ငံတော် အရင်းအမြစ်များ အသုံးပြုခြင်း၊ မဲဆန္ဒရှင်များအားခြိမ်းခြောက်ခြင်း(သို့) ဖိအားပေးခြင်းများအား ရှောင်ရှားရန် သဘောတူ ကြသည်။ ကျင့်ဝတ်ဆိုင်ရာစောင့်ကြည့်ခြင်း ကော်မတီသည်ယင်းကျင့်ဝတ်အရ ဖွဲ့စည်းခဲ့ပြီး လက်မှတ်ထိုးခဲ့သော နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များပါဝင်ပြီး ကျင့်ဝတ်များအား လေးစား လိုက်နာရန် ဆောင်ရွက်ရသည်။ ကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ ရခိုင်နှင့်ရှမ်းပြည်နယ်များသို့ သွားရောက်ခဲ့ကာ အများပြည်သူသို့ ကြေငြာချက်နှစ်ခုထုတ်ပြန်ခဲ့သော်လည်း အငြင်းပွားမှုများအား ဖြေရှင်းရာတွင် တက်ကြွသော အခန်းကဏ္ဍကိုမတွေ့ရပေ။ ပဋိပက္ခများကို အောက်ခြေအဆင့်တွင် ဖြေရှင်းရန် UEC သည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သော ညှိနှိုင်းဖြန်ဖြေရေး ကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီများသည် အငြင်းပွားမှုအနည်းငယ်ကို ဖြေရှင်းရာတွင် ပါဝင်ခဲ့ပြီး ရာဇဝတ်ကန့်ကွက်မှုများအဖြစ်မှ ရုတ်သိမ်းနိုင်ခဲ့သည် (အောက်ရှိရွေးကောက်ပွဲအငြင်း ပွားမှုများ ဖြေရှင်းခြင်းတွင်ကြည့်ပါ)။

**မဲဆွယ်စည်းရုံးခြင်းများပြုလုပ်ခြင်း။** မဲဆွယ်စည်းရုံးခြင်းသည် အစပိုင်းတွင် အေးစက်နေခဲ့ပြီး အချိန် ကြာလာသည်နှင့်အမျှ အရှိန်ရလာခဲ့သည်။ ကာတာစင်တာသည် နိုင်ငံတဝန်းရှိ NLDနှင့်USDPတို့၏ တက်ကြွသောမဲဆွယ်စည်းရုံးမှုများကို လေ့လာရောက်ရှိရာ နေရာတိုင်းနှင့် တိုင်းရင်းသားပြည်နယ်များ ရှိ တိုင်းရင်းသားပါတီ၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံမှုနှင့်အတူ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုကို ကျယ်ပြန့်စွာစောင့်ကြည့်လေ့လာခဲ့သည်။ NLDပါတီ သည် ရန်ကုန်ရှိ လူ(၁၀၀၀၀၀)ခန့်တက်ရောက်သည့် ပွဲအပါအဝင်ကြီးမားသော မဲဆွယ်စည်းရုံးပွဲများ ကို နိုင်ငံအနှံ့ကျင်းပခဲ့သည်။ USDPသည်လည်း လူထောင်ချီပါဝင်သော စုဝေးပွဲများကျင်းနိုင်ခဲ့သည်။ ပါတီကြီးများ အနေဖြင့် မီဒီယာများအသုံးပြုခဲ့ကြပြီး ၎င်းတို့၏စုဝေးလှည့်လည်ပွဲများသည် အလှ ဆင်ထားသော မော်တော်ယာဉ်များ သီဆိုဖျော်ဖြေခြင်းများနှင့် အကအလှများဖြင့် တန်ဆာဆင်ထား သည်။ သေးငယ်သောတိုင်းဒေသကြီး/ ပြည်နယ်များ (သို့) တိုင်းရင်းသားပါတီများ၏ ကြီးမားသော စုဝေးပွဲများမှာရှားပါးသည်။ အဲ့သြစရာကောင်းသည်မှာအားလုံးသောနိုင်ငံရေးပါတီများ၊ သေးငယ်သော စုဝေးပွဲများ၊ အစည်းအဝေးများ၊ အိမ်တိုင်ရာ ရောက်မဲဆွယ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း

သည် ကိုယ်စားလှယ်လောင်းများ၏ ကျေးလက်ရှိမဲဆန္ဒရှင်များထံသို့ရောက်ရှိရန် အဓိက နည်းလမ်းဖြစ်ခဲ့သည်။ ကချင်နှင့်ရှမ်းပြည်နယ်များရှိပဋိပက္ခများ ဖြစ်ပေါ်ရာဇုန်များမှလွဲ၍ မဲဆန္ဒရှင်များသည် ယှဉ်ပြိုင်နေသောကိုယ်စားလှယ်လောင်းများနှင့်အမြင်များ အားလက်လှမ်းမီခဲ့ကြသည်။

မဲဆွယ်စည်းရုံးခြင်းများ အေးချမ်းစွာစတင်ချိန်တွင် အများစုသောအဖြစ်အပျက်များမှာအဝေးတွင် ရှိနေပြီးတင်းမာမှုများ သိသာစွာမြင့်တက်ခြင်းမရှိသော်လည်း ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မြင့်တက်လာသည်။ မဲဆွယ်ကာလအတွင်း ရဲတပ်ဖွဲ့သည် ပါတီထောက်ခံသူများအား ကိုယ်ထိ လက်ရောက်တိုက်ခိုက်ခြင်း (သို့) ခြိမ်းခြောက်ခံရခြင်း ၁၅မှုအပါအဝင်အဖြစ်အပျက် ၁၀၀ကျော်ခန့် တိုင်ကြားစာများရရှိခဲ့သည်။ NLDသည်ကာတာစင်တာအား ၎င်းတို့၏ကိုယ်စားလှယ်လောင်း ဦးနိုင်ငံလင်းအား ရန်ကုန်တွင်ဓားဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်း အပါအဝင် NLD ထောက်ခံသူများ တိုက်ခိုက်ခံရခြင်း (သို့)ခြိမ်းခြောက်ခံရခြင်းအမှုငါးခုကိုကာတာစင်တာသို့အကြောင်းကြားခဲ့သည်။

ကျေးရွာအဆင့်ရှိ အောက်ခြေခေါင်းဆောင်များသည် အာဏာပိုင် အခန်းကဏ္ဍဖြင့်မဲဆွယ်ခြင်းကို ကူညီပံ့ပိုးခဲ့သည်။ အထူးသဖြင့် ပါတီများတွင် တာဝန်ခံမရှိသည့် ကျေးရွာများတွင် ကိုယ်စားလှယ်လောင်းများ သည်၎င်းတို့၏မဲဆွယ်စည်းရုံးပွဲများတွင် ပြည်သူများ တက်ရောက်မည့် ပွဲများကို ကျင်းပရန်၎င်းတို့အသိပေး အကြောင်းကြားရသော ယင်းအာဏာပိုင်များ အပေါ်တွင် မှီခိုခဲ့ကြသည်။ ဤအခန်းကဏ္ဍကိုအများအားဖြင့်ထွေအုပ်လက်အောက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဆောင်ရွက်ခဲ့သော်လည်း ယင်းကဏ္ဍအား အထူးသဖြင့်မဲဆွယ်ပွဲများအား ဘုန်းကြီးကျောင်း များတွင်ပြုလုပ်ရာ (မဲဆွယ်ရာတွင် ဘာသာရေးကိုအသုံးချ ခြင်းမပြုရန်ကန့်သတ်ချက်များ ရှိနေသော် လည်း) တစ်ခါတစ်ရံ ဝါကြီးသော ဘုန်းတော်ကြီးများနှင့် အာဏာပိုင်စာရေးများမှ ဆောင်ရွက်ကြသည်။ ကချင်၊ရှမ်း၊ကယားနှင့်ကရင်ပြည်နယ်များအပါအဝင် သမိုင်းကြောင်း အရပဋိပက္ခများရှိနေသော တိုင်းရင်းသား လူမျိုးဒေသများတွင် တိုင်းရင်သားလက်နက်ကိုင်ခေါင်းဆောင်များသည် ထိုကဏ္ဍအား တာဝန်ယူပြီး ၎င်းတို့၏သဘောထားမှာ ကိုယ်စားလှယ်လောင်းများမဲဆွယ်ရန်အတွက် မရှိမဖြစ်လိုအပ် သည်။

ယင်းပုံမှန်မဟုတ်သည့်လုပ်ပိုင်ခွင့်အာဏာသည် မည်သည့်ကိုယ်စားလှယ်လောင်းများသည် ကျေးလက် တွင် မဲဆွယ်ခွင့်ရမည်ဆိုသည်ကို ဆုံးဖြတ်ရာတွင် ဘက်လိုက်မှုများဖြစ်ပေါ်လာရန် လမ်းဖွင့် ပေးသကဲ့ သို့ဖြစ်စေသည်။ သို့သော်လည်းပဲ ကာတာစင်တာမှ မေးမြန်းခဲ့သော ကိုယ်စားလှယ်လောင်း အများစု မှာအုပ်ချုပ်ရေးမှူးများနှင့် ဦးဆောင်ဆရာတော်များများသည် ယေဘုယျအားဖြင့် ဘက်လိုက်မှုမရှိ မျှတစွာဆောင်ရွက်ပေးသည်ဟု ရှင်းလင်းခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင်များသည် ယင်းတို့၏လွှမ်းမိုးနိုင်မှုကို အသုံးချကာပါတီအချို့အား မဲဆွယ်စည်းရုံးပွဲ အတွက် လူအများတက်ရောက်ရန် ဦးစားပေးဆောင်ရွက်သည်ဟု ပုံမှန်စောဒကတက်မှုများရှိ နေခဲ့သည် (ခြိမ်းခြောက်ခြင်း/အကျပ်ကိုင်သည်အဖြေရှာရခက်သည့်အပြင် ပိုမိုဆိုးဝါးသော ချိုးဖောက်မှု ဖြစ်သည်)။ ရှားပါးသောအမှုများတွင်သာ ယင်းကဲ့သို့မဲဆွယ်ပွဲများအား တားဆီးခြင်း ကိစ္စရပ် များဖြစ်ပေါ်ခဲ့သည်။ ယင်းအဖြစ်အပျက်ဖြစ်ပွားမှုကို တွေ့ရှိရသောဥပမာတစ်ခုမှာ အစိုးရနှင့် မဟာမိတ်ဖွဲ့ထားသော ကချင်ပြည်သူ့စစ်ခေါင်းဆောင် ဇခုန်တိန့်ယိန်းမှခြိမ်းခြောက်မှုနှင့် ဆိုးရွားစွာ

အကြမ်းဖက်ခြင်းတွင် ၎င်းကိုယ်စားလှယ်လောင်းအဖြစ်ပါဝင်ယှဉ်ပြိုင်သော ကချင်ပြည်နယ် ဝေးလံသောဒေသတွင် NLD ကိုယ်စားလှယ်လောင်း လာရောက်မဲဆွယ်ခြင်းမပြုနိုင်ရန် ရည်ရွယ်ချက်ရှိရှိပိတ်ပင်ခဲ့သည်။ (ထိုအမှုအတွက် "ရွေးကောက်ပွဲနှောင်းပိုင်းကာလကန့်ကွက်မှုများ"တွင် ကြည့်ပါ)

မဲဆွယ်စည်းရုံးရေးများတွင် အမျိုးသမီးများသည် အထူးသဖြင့် အောက်ခြေအဆင့်မဲဆွယ်ခြင်းနှင့် အိမ်တိုင်ရာရောက် မဲဆွယ်ခြင်းများတွင် တက်ကြွစွာပါဝင်ခဲ့သည်ကို ကာတာစင်တာစောင့်ကြည့်လေ့လာသူများ မှတ်တမ်းတင်ခဲ့သည်။ ပါတီ၏ဦးဆောင်သူနှင့် လူအများလေးစားသော ပုံရိပ်ရှိသည့် အောင်ဆန်းစုကြည်သည် NLD၏နိုင်ငံတဝှမ်းမဲဆွယ်စည်းရုံးပွဲများ၏ တည်ချက်ဖြစ်ခဲ့သည်။ သို့သော်လည်း အမျိုးသမီးများမှာ မဲဆွယ်ပွဲများ(သို့)မဲဆွယ်ခြင်း အချက်အလက်များတွင် အရေးကြီးသော အခန်းကဏ္ဍတွင်ရှိမနေခဲ့ပေ။

**မဲဆွယ်စည်းရုံးရေးတွင်မီဒီယာ၏ဖြန့်ကြက်နိုင်မှု။** မီဒီယာနှင့်ရွေးကောက်ပွဲအတွက် နိုင်ငံတကာစည်းမျဉ်းများတွင် လွတ်လပ်သောသဘောထားနှင့် ဖော်ပြနိုင်ခွင့်၊ မီဒီယာများမှတစ်ဆင့် သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ လက်ခံခွင့်ရှိရမည်ဟုပါဝင်သည်။ [72] ကာတာစင်တာမှ အသေးစိတ်သော မီဒီယာစောင့်ကြည့်ခြင်းမပြုလုပ်ချိန်တွင် စောင့်ကြည့်လေ့လာရေး အဖွဲ့တွေ့ရှိရသည်မှာ ရွေးကောက်ပွဲကာလအတွင်း မီဒီယာများသည် မဲဆန္ဒရှင်များ၏ယှဉ်ပြိုင်နေမှုအပေါ် လက်လှမ်းမီရရှိအောင် လွတ်လပ်သောဝန်းကျင်အတွင်း လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အထက်တွင်ပြောခဲ့သလိုမီဒီယာများအပေါ်ကန့်သတ်ချက်များ ရှိနေသောဥပဒေများမှလွဲ၍ မီဒီယာများအပေါ် မည့်သည့်ပါတီကမှ လွှမ်းမိုးမှုမရှိရေးအတွက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှ လမ်းညွှန်ချက်ပြုစုခဲ့သော်လည်း မီဒီယာများမှရွေးကောက်ပွဲကာလအတွင်း ပါဝင်ပတ်သက်မှုကိုအုပ်ချုပ်မည့် အရာတစ်ခုမှ ဖော်ပြထားခြင်းမရှိပေ။ [73] အရပ်ဖက်လူမှုမီဒီယာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာအင်စတီကျူဒ်ဖော် ဒီမိုကရေစီ (MID) မှမီဒီယာအများစုသည် မဲဆန္ဒရှင်များအား မျှတသော မဲဆွယ်ပွဲများအကြောင်း မပေးနိုင်ခဲ့ပဲ ပုဂ္ဂလိကမီဒီယာများသည် NLDအား အသားပေးဖော်ပြကြပြီး နိုင်ငံပိုင်မီဒီယာများသည် USDP အား အသားပေးကာ အသေးစိတ်နိူက်နိူက်ချွတ်ချွတ်ဖော်ပြခဲ့ကြသည်ကို တွေ့ရှိခဲ့သည်။ [74] သို့သော်လည်း MID တွေ့ရှိရသည်မှာ မီဒီယာများသည်ခြုံငုံကြည့်ပါကရွေးကောက်ပွဲတွင်ယှဉ်ပြိုင်သူများ၏ အခြေခံအချက်အလက်များကိုဖော်ပြနိုင်ခဲ့သည်။

မီဒီယာများသည် ရွေးကောက်ပွဲဖြစ်စဉ်များအပေါ်တွင် လွတ်လပ်စွာဝေဖန်ထောက်ပြနိုင်ခဲ့ကြပြီး ကောင်းမွန်စွာလက်လှမ်းမီခဲ့ကြသည်။ မြေသိမ်းမှုများ၊ အုပ်ချုပ်ရေးတွင်စစ်တပ်၏ကဏ္ဍ၊ ဗုဒ္ဓဘာသာမျိုးချစ်များ၏ လှုပ်ရှားမှုစသော အထိမခံသည့်အကြောင်းအရာများကို တင်ပြသောဂျာနယ်လစ်များရင်ဆိုင်ခဲ့ရသောစွန့်စားမှုကိုကြည့်လျှင် ရွေးကောက်ပွဲဖြစ်စဉ်များအပေါ် သတင်းရယူတင်ပြမှု အတွက်

[72] ICCPRအခန်း၁၉၊UNHRCအထွေအထွေမှတ်ချက် ၂၅၊ စာပိုဒ်၂၅

[73] မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊"ရွေးကောက်ပွဲ အတွင်းမီဒီယာလမ်းညွှန်"

[74] မြန်မာအင်စတီကျူဖော်ဒီမိုကရေစီမှမဲဆွယ် စည်းရုံးရေးကာလအတွင်း မီဒီယာစောင့်ကြည့်ခြင်းအစီရင်ခံစာသုံးခုထုတ်ပြန်ခဲ့သည်

ထိန်းသိမ်းခံရသော ဂျာနယ်လစ်များအကြောင်း သတင်းတစ်ခုမျှမတွေ့ရပေ။ ကာတာစင်တာမှ မေးမြန်းခဲ့သော ဂျာနယ်လစ်များက ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် ရွေးကောက်ပွဲပြင်ဆင်မှု အသေးစိတ်များအား လက်လှမ်းမီနိုင်မှုမှာတိုးတက်လာသည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း ထုတ်လုပ်ဖြန့်ချီရေး မီဒီယာအပေါ် အစိုးရ၏ထိန်းချုပ်မှုသည် သိသာထင်ရှားသော လွတ်လပ်စွာဖော်ပြခြင်းအား တားမြစ်ထားခြင်းတစ်ခုအား ခွင့်ပြုပေးခဲ့သည်။ [75] နိုင်ငံရေးပါတီ အသီးသီးသည် ၎င်းတို့၏လမ်းကြောင်းများကို အများပြည်သူသို့ ရုပ်မြင်သံကြားမှတစ်ဆင့် တင်ပြရန် အခွင့်အရေးပေးခြင်းခံရသည်။ သို့သော်ဟောပြောမည့် အကြောင်းအရာများသည် UECနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှကြိုတင် ခွင့်ပြုချက်ရယူရန်ဖြစ်ပြီး ကိုယ်စားလှယ်များသည် တပ်မတော်အားသိက္ခာချခြင်း(သို့)အစိုးရအားဆန္ဒပြခြင်းကိုလှုံ့ဆော်မှုအပြုရန်တားမြစ်ခဲ့သည်။ [76]ကြိုတင်ခွင့်ပြုချက်ရယူကာဟောပြောမည့် အကြောင်းအရာအပေါ် တာဆီးချက်များသည် လွတ်လပ်စွာဖော်ပြနိုင်မှုအပေါ် ဆိုးဝါးစွာ ပိတ်ပင်တားဆီးထားမှုဖြစ်သည်။[77]

### ရွေးကောက်ပွဲဖျက်သိမ်းခြင်းနှင့်လက်နက်ကိုင်အဖွဲ့များချုပ်ကိုင်ရာဒေသများတွင်မဲဆွယ်စည်းရုံးခြင်း။

ငြိမ်းချမ်းရေးဖော်ဆောင်ရာ လုပ်ငန်းစဉ်မှတစ်ဆင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အကြား၂၀၁၅အောက်တိုဘာ၁၅တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း (NCA) ရလာဒ်ရရှိခဲ့သည်။ အချို့နေရာများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး ရွေးကောက်ပွဲဖြစ်စဉ်များ အပေါ်သက်ရောက်ပမှုများရှိခဲ့သည်။ ရှမ်းနှင့်ကချင်ပြည်နယ် အစိတ်အပိုင်းများတွင် ငြိမ်းချမ်းရေး လုပ်ငန်းများဆောင်ရွက်နေသော်လည်း တပ်မတော်နှင့် NCA လက်မှတ်မထိုးခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော်၊ ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း) နှင့်တအောင်းတိုင်းရင်းသာများ တပ်မတော်များ အပါအဝင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အကြားတင်းမာမှုများ တဖန်ပြန်လည်မြင့်တက်လာသည်။ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးခဲ့သော ရှမ်းပြည်နယ် တပ်မတော် (တောင်ပိုင်း) များ အကြားတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ၁၂ရက်တွင် လုံခြုံရေးအခြေအနေအရ ဒေသအချို့တွင် ရွေးကောက်ပွဲကျင်းပခြင်းမရှိကြောင်း ကြေငြာခဲ့သည်။ ဆုံးဖြတ်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်

---

75 UDHRအခန်း၁၉တွင်"လူတိုင်းသည်လွတ်လပ်သော သဘောထားနှင့်ဖော်ပြနိုင်ခွင့်ရှိသည်၊ ယင်းအခွင့်အရေးများတွင် နှောက်ယှက်ခြင်းမပြုနိုင်ပဲ သဘောထားများကိုင်စွဲခွင့်နှင့် သတင်းအချက်အလက်များနှင့်စိတ်ကူးများအား မီဒီယာမှတစ်ဆင့်နယ်စပ်ဒေသများ အထိရှာဖွေ၊ လက်ခံ၊ ဖြန့်ဝေခြင်းများပါဝင်သည်"

76 UECကြေငြာချက်အမှတ်၅၂/ ၂၀၁၅၊ရက်စွဲ၂၀၁၅ဩဂုတ်လ၂၇ရက်

77 ICCPRအခန်း(၁၉)နှင့် ထွေထွေမှတ်ချက်၃၇တွင် ဖော်ပြထားသည်မှာလွတ်လပ်စွာထုတ်ဖော်ခွင့် အခွင့်အရေးအားမည်သည့်ကန့်သတ်ခြင်းကိုမဆို နည်းပါးစွာဖွင့်ဆိုထားပြီးအခွင့်အရေးများ (သို့)အခြားသူများ၏ကျော်ကြားမှုများ (သို့)နိုင်ငံတော်လုံခြုံရေးအားကာကွယ်ခြင်း(သို့)ပြည်သူ့အရေး(သို့) ပြည်သူ့ကျန်းမာရေး(သို့)စိတ်ထားများအား လေးစားစေလိုသောရည်ရွယ်ချက်ဖြစ်သည်။ အထွေထွေမှတ်ချက်၃၇တွင် "လွတ်လပ်စွာထုတ်ဖော်မှုများအား အပြစ်ပေးခြင်းဖြင့်ကန့်သတ်ချက်များကို ဥပဒေတွင်ဖော်ပြခြင်းမပြုရ" ဟုဖော်ပြထားသည်။

များမှ ကျေးရွာပေါင်း၄၀၄ရွာ ပါဝင်ခဲ့သည်။[78] ပြီးနောက်မြို့နယ်ငါးခုတွင် ပဋိပက္ခ အခြေအနေ မဟုတ်သော်လည်း အစိုးရအုပ်ချုပ်မှုရှိမနေပဲ လက်နက်ကိုင်အဖွဲ့များ၏ထိန်းချုပ်မှု (အင်အားကြီးသော "ဝ"နှင့် ကိုးကန့်ပြည်သူ့စစ်များကြောင့်) မဲပေးခြင်းများကို ရုတ်သိမ်းခဲ့သည်။ အောက်တိုဘာ၂၇ရက်တွင် ရှမ်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း)တို့ အကြား တိုက်ပွဲများဖြစ်ပွားလျှက်ရှိသည့် နောက်ထပ်မြို့နယ်နစ်ခုဖြစ်သော (xxx) မြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အားလုံးတွင်ရွေးကောက်ပွဲပြုလုပ်တော့မည်မဟုတ်ကြောင်း ဒုတိယအကြိမ် ကြေငြာခဲ့သည်။[79] ယင်းဒေသများတွင် ဥပဒေလုံခြုံရေးကိစ္စရပ်များရှိနေသော်လည်း အချို့ဒေသများတွင် မရေရာသည့် သတ်မှတ်ချက်များနှင့် ဆွေးနွေးချက်များ မရှိခြင်းသည်သံသယများ မြင့်တက်လာစေသောအကြောင်းဖြစ်ပြီးမီဒီယာများတွင်ဖော်ပြသည်မှာယင်းဒေသများတွင်လုံခြုံရေး အကြောင်းပြချက်ကြောင့်မဟုတ်ပဲ နိုင်ငံရေးရွေ့ကွက်များကြောင့်ဖျက်သိမ်းခြင်းဖြစ်သည်ဟု ဖော်ပြကြသည်။ ဖျက်သိမ်းလိုက်ခြင်း များ၏ ရလာဒ်အနေဖြင့်ပြည်ထောင်စုလွှတ်တော်ရှိ အောက်လွှတ်တော်တွင် ခုနစ်နေရာနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင်၁၄နေရာလွတ်သွားခဲ့သည်။

ရှမ်း၊ ကချင်နှင့် ကရင်ပြည်နယ်များရှိ ပြည်နယ်အဆင့်မဟုတ်သော လက်နက်ကိုင်အဖွဲ့များရှိနေခြင်းသည် ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးလုပ်နိုင်ခွင့်နှင့် ပတ်သက်၍ ကျယ်ပြန့်သောဆိုးကျိုးသက်ရောက်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့တည်ရှိနေခြင်းကြောင့် လုံခြုံမှုမရှိသော အခြေအနေသည် ကိုယ်စားလှယ်လောင်းများအား ကချင်နှင့်ရှမ်းပြည်နယ်များရှိ ကျေးလက်ဒေသအုပ်စုများတွင်မဲဆွယ်ခြင်းများပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ ဥပမာအားဖြင့်ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပအိုဝ်အမျိုးသားတပ်မတော်မှ ယင်းတို့၏ ပအိုဝ်အမျိုးသားပါတီနှင့် ယှဉ်ပြိုင်လာသောကိုယ်စားလှယ်များအား အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ ယာဉ်တန်းများအား ကျောက်တုံးများဖြင့်ပစ်ပေါက်ခြင်း၊ မဲဆွယ်ပိုစတာများအားဖျက်ဆီးခြင်းစသည့် အကြမ်းဖက်ခြင်းများနှင့် ပတ်သက်သော သတင်းများရရှိခဲ့သည်။ အခြားသောပါတီများမှ ကိုယ်စားလှယ်များက ကျေးရွာတော်တော်များများတွင် မဲဆွယ်စည်းရုံးရန်လုံလောက် သည့်ဘေးကင်းမှုမျိုးမခံစားခဲ့ရပဲ ဒေသကြားခံများမှ တစ်ဆင့်သာ လက်ကမ်းစာစောင်များ ဝေငှခဲ့ရသည်ဟု ဆိုကြသည်။ ထိုကဲ့သို့ဒေသများရှိသော လုံခြုံမှုမရှိခြင်းသည် အမျိုးသားအဆင့်ပါတီများထက် ပုံမှန်မဟုတ်သော ဒေသအဆင့်ကွန်ယက်များကိုသာ မှီခိုနေရပြီး ဘာသာစကားအခက်အခဲမရှိပဲ လက်နက်ကိုင်အဖွဲ့များနှင့် ရင်းနှီးမှုရှိသည့် တိုင်းရင်းသားပါတီများအပေါ်ပိုမိုသက်ရောက်မှုရှိခဲ့သည်။

**မဲဆွယ်စည်းရုံးရေးကာလအတွင်း ဘာသာရေးကွဲပြားမှုများအပေါ် လက်ခံနိုင်မှုမရှိခြင်း။** မဲဆွယ်စည်းရုံးရေးစတင်သည့်လ အတွင်းမှာ ပင်ကာတာစင်တာစောင့်ကြည့်လေ့လာသူများသည် မျိုးချစ်ဗုဒ္ဓဘာသာအဖွဲ့များအနေဖြင့် မဲဆန္ဒရှင်များအပေါ် လွှမ်းမိုးရန် (သို့) ရပ်ရွာလူထုအတွင်း တင်းမာမှုများဖြစ်ပေါ်လာရန်လုပ်ဆောင်ဖွယ်ရှိသည်ဟူသော ကျယ်ပြန့်သည့်စိုးရိမ်မှုများကို တွေ့ခဲ့ရသည်။ နိုင်ငံရေးနှင့် ဘာသာရေးရော ထွေးခြင်းကိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေများမှ

[78] UECကြေငြာချက်အမှတ်၆၁-၆၅/၂၀၁၅၊ ၂၀၁၅ခုနှစ်အောက်တိုဘာ ၁၂ရက်

[79] UECကြေငြာချက်အမှတ်၆၇/၂၀၁၅၊ ၂၀၁၅ခုနှစ်အောက်တိုဘာ ၂၇ရက်

တားဆီးထားသော်လည်း [80] အစိုးရ၏ အစွန်းရောက်ဗုဒ္ဓဘာသာများ၏ ပြောဆိုမှုနှင့် တက်ကြွလှုပ်ရှားမှုများအပေါ် အချည်းကပ်မှုသည်ယုံကြည်မှု များဖြစ်ပေါ်လာရန် အားကျစရာ မဖြစ်ခဲ့ပေ။ NLD အဖွဲ့ဝင်များသည် ယင်းတို့အား အမျိုးသားရေးဆန့်ကျင်သူများ (သို့) ဗုဒ္ဓဘာသာကို အားမပေးသူများအဖြစ် ပစ်မှတ်ထားခံလာရခြင်းကိုစိုးရိမ်ကြောင်းဖော်ပြခဲ့ကြသည်။

မဘသသည်အမျိုးဘာသာ သနာကာကွယ်စောင့်ရှောက်ရေး ဥပဒေအတည်ပြုချက်ရရှိပြီးနောက်တွင်နိုင်ငံ တဝှမ်းပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့တော်များ(ချင်းပြည်နယ်မှလွဲ၍) တွင် စက်တင်ဘာနှင့် အောက်တိုဘာအစအတွင်း ထောင်ချီသောလူအုပ်ကြီးများဖြင့် အောင်ပွဲခံခြင်းအစီအစဉ်ကိုပြုလုပ်ခဲ့သည်။ မဲဆွယ်စည်းရုံးရေးကာလ တည့်တည့်တွင် ချိန်သားကိုက်ပြုလုပ်ကာ ယင်းတို့ကိုဆန့်ကျင်သည့်ရွေး ကောက်ခံကိုယ်စားလှယ်များ၏ ဆိုင်းဘုတ်များကိုဖျက်ဆီးခဲ့ပြီး အများအပြားကို နှောင့်ယှက်ဟန့်တားခဲ့သည်။

ကိုယ်စားလှယ်လောင်းအချို့ကို ပစ်မှတ်ထားကာမဘသ၏ အချက်အလက်များဖြန့်ဝေခြင်း အပါအဝင် မဲဆွယ်ကာလအတွင်း ဘာသာရေးကိုအလွဲသုံးစား ပြုခြင်းကြောင့် အနည်းဆုံးတရားဝင်တိုင်ကြားချက်(၇)ခုရှိခဲ့သည်။ ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်မဘသမှ NLD နှင့် အောင်ဆန်းစုကြည်တို့အား ဗုဒ္ဓဘာသာအပေါ် ဆန့်ကျင်မှုကြောင့် စွပ်စွဲထားသော ပုံနှိပ်စာရွက်များကို ကာတာစင်တာစောင့် ကြည့်လေ့လာသူများ အားပြသခဲ့ကြသည်။ သို့သော်လည်းမဲဆွယ်ကာလ အတွင်းဘာသာရေးနှင့်ဆက် စပ်သောအကြမ်းဖက်ခြင်းကို တွေ့မြင်ခဲ့ရခြင်း (သို့) စောင့်ကြည့်လေ့လာသူများသို့ အကြောင်းကြားမျိုးမရှိခဲ့ပဲ မဘသအနေဖြင့် နောက်လိုက်များအား အောက်ခြေလုပ်ငန်းစဉ်များအား အသေးစိတ်မစစ်ဆေးခဲ့ပေ။ မဲဆွယ်ခြင်းများဆက်လက်လုပ်ဆောင်နေချိန်တွင် မျိုးချစ်များ၏ပြောဆိုရေးသားမှုများသည် ကြောင်းကြောင်းကြောင့် လျော့ကျလာသည်။

အချုပ်အားဖြင့် လက်ရှိနှစ်များရှိမြန်မာနိုင်ငံ၏ အားပါပြီးကန့်သတ်မှုများ လျော့နည်းလာသော မဲဆွယ်စည်းရုံးရေးကာလ ရရှိခဲ့သော နိုင်ငံရေးလုပ်နိုင်ခွင့် အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှုမှာအရေးကြီးသော တိုးတက်လာမှုဖြစ်သည်ကို ထင်ရှားစွာတွေ့နိုင်သည်။ အစိတ်အပိုင်းအတော်များများတွင် အာဏာပိုင်များသည် ၎င်းတို့၏အပြုအမူများကို နိုင်ငံတကာ၏ကျင့်ထုံးများအတိုင်း ကျိုးကြောင်းညီညွတ်စွာ ကျင့်သုံးခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဥပဒေမူဘောင်များသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် အသင်းအဖွဲ့လွတ်လပ်ခွင့်တို့ကို လုံလောက်စွာ အကာအကွယ်မပေးပဲ ပြန်လည်ပြင်ဆင်သင့်သည်။ လူ့အခွင့်အရေး ကာကွယ်သူများနှင့် ဂျာနယ်လစ်များအားနှောင့်ယှက်စော်ကားခြင်းများသည် နိုင်ငံရေးဝန်းကျင်အတွင်း နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် အညီအဆုံးသတ်သင့်နေပြီဖြစ်သည်။ လူမျိုးရေးနှင့်ဘာသာရေးအရ အမုန်းစကားများသည် ပြဿနာများ အဖြစ်ရှိနေဆဲ

[80] ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်၃၆၄တွင် "နိုင်ငံရေးရည်ရွယ်ချက်အတွက်ဘာသာရေးအား အလွဲသုံးစားခြင်းမပြုရန်"နှင့် ရွေးကောက်ပွဲဥပဒေအပိုဒ်၅၈ (ဂ)တွင်မည်သူ့ကိုမဆိုမဲပေးခွင့်ပေးခွင့်ပြုရန်ခက်ခဲမည့် အခြေအနေ(သို့)ဘာသာရေးဆိုင်ရာများအား မဲပေးခြင်းမပြုရန် ဖော်ပြထားသည်။

ဖြစ်ပြီး ရွေးကောက်ပွဲဖျက်သိမ်းခြင်းများတွင် ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်းများ မရှိသေးပေ။

**မဲဆွယ်စည်းရုံးမှုမပြုလုပ်ရခြင်းကာလ။** မဲဆွယ်စည်းရုံးခြင်းမပြုလုပ်ရမည့် ကာလမှာနိုင်ငံများစွာတွင် ဥပဒေအရ မဲဆန္ဒရှင်များသည် ၎င်းတို့မည်ကဲ့သို့ မဲပေးမည်ကို စဉ်းစားချိန်ရရန်နှင့် မဲဆွယ်စဉ် ကာလအတွင်း ဖြစ်ပေါ်စေခဲ့သောတင်းမာမှုများကို သွေးအေးသွားစေရန်ကာလကို မဖြစ်မနေ ပြုလုပ်ပေးရသည်။ မြန်မာနိုင်ငံ၏ မဲဆွယ်ခြင်းတိတ်ဆိတ်ရမည့် ကာလသည် နိုဝင်ဘာ ၆ရက် ညလယ်ခေါင်မှ စတင်သည်။ ကာတာစင်တာတွေ့ရှိရသည်မှာ မဲဆွယ်ခြင်းတိတ်ဆိတ်ရမည့်ကာလကို နိုင်ငံအနှံ့တွင် တလေးတစားရှိသည်ကိုတွေ့ရသည်။ ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ မဲဆွယ်ခြင်းအစီအစဉ်များ ရပ်တန့်ခဲ့သလိုနှင့်မဲဆွယ် စည်းရုံးရာတွင် အသုံးပြုသည်များကို လိုအပ်ချက် အရ ပြန်လည်သိမ်းယူရသည်။ သို့သော်လည်း နိုဝင်ဘာ ၇ရက်တစ်နေ့လုံးတွင် နိုင်ငံပိုင်မီဒီယာမှ အာဏာရပါတီ USDP ၏ မဲဆွယ်ခြင်းဆောင်ဘုတ်ဖြစ်သော နိုင်ငံတော်သမ္မတမှ မဲဆန္ဒရှင်များအား တည်ငြိမ်မှုရှိစေရေးမဲပေးရန် ခေါ်နေသည့် "မဲသွားပေးစို့" ကြော်ငြာအား ဆက်လက်ထုတ်လွှင့် နေခဲ့သည်။

## မဲဆွယ်စည်းရုံးရေးကုန်ကျငွေစီမံမှု

ပွင့်လင်းမြင်သာပြီး မျှတမှုရှိသောမဲဆွယ်စည်းရုံးရေး ကုန်ကျငွေစီမံမှုသည် နိုင်ငံသားများ၏ ပြည်သူ့ရေးရာများတွင် ပါဝင်ပါတ်သက်ခွင့်နှင့် ကိုယ်စားလှယ်လောင်း၊ ပါတီများအကြား ညီမျှမှုတို့ အကြား နိုင်ငံ၏ထိန်းညှိပေးခြင်းအတွက် အရေးကြီးသော အဓိပါယ်သက်ရောက်သည်။[81]

မြန်မာနိုင်ငံတွင် မဲဆွယ်စည်းရုံးရေးကုန်ကျငွေ စီမံမှုစည်းမျဉ်းများကို ရွေးကောက်ပွဲဥပဒေများနှင့် UEC၏ ဥပဒေများထဲတွင် ထည့်သွင်းဖော်ပြထားသည်။ စည်းမျဉ်းများသည် မဲဆွယ်မှုအသုံးငွေများနှင့် ရံပုံငွေအရင်းအမြစ်များအား ကန့်သတ်ခြင်း၊ မဲဆွယ်ခြင်းကုန်ကျငွေများအား အစီရင်ခံတင်ပြရန် လိုအပ်ခြင်း၊ တင်ပြရန် ပျက်ကွက်သော ကိုယ်စားလှယ်လောင်းများအား အရည်အချင်း ပျက်ယွင်းသူအဖြစ် အမိန့်ချမှတ်နိုင်ခြင်းတို့ဖြစ်သည်။ UEC အနေဖြင့် ဥပဒေများနှင့် ကိုက်ညီမှုနှင့် မဲဆွယ်ခြင်းများအား စည်းမျဉ်းများမှ အုပ်ချုပ်နိုင် ခြင်းအားစောင့်ကြည့် ကြီးကြပ်နိုင်သည့် အာဏာရှိသော်လည်း ယင်းစည်းမျဉ်းများ၏ အကျိုးသက်ရောက်မှုကို ကန့်သတ်ပြီးမဲဆွယ်ခြင်းအတွက် ဝင်ငွေ၊ ထွက်ငွေများအား စောင့်ကြည့်ခြင်းအတွက် အစီအမံမရှိပေ။ မဲဆွယ်ခြင်းကုန်ကျငွေစီမံခြင်း သတင်းအချက်အလက်များ၏ ရွေးကောက်ပွဲကြို လျှို့ဝှက်ချက်များအတွက် လိုအပ်ချက် တစ်စုံတစ်ရာ

---

[81] UNHRCအထွေထွေမှတ်ချက်၂၅၊ စာပိုဒ်၁၉တွင်"ယုတ္တိရှိသောကန့်သတ်ချက်များအားမဲဆွယ်ခြင်း ကုန်ကျငွေစီမံမှုအပေါ်တွင် မဲဆန္ဒရှင်များ၏ လွတ်လပ်စွာမဲပေးခြင်းကို သေချာစေရန်လိုအပ်ခြင်း (သို့)မည်သည့်ပါတီ၊ ကိုယ်စားလှယ်လောင်းကိုမဆိုယင်းတို့၏ သုံးစွဲငွေများအားနှိုင်းယှဉ်ရာတွင် ဒီမိုကရေစီနည်းလမ်းဖြင့်ပုံဖော်ခြင်းဖြင့် ထိန်းညှိနိုင်သည်"။ လာဒ်စားမှုများနှင့်ပတ်သက်၍ကုလသမဂ္ဂ၏ ကြေငြာစာတမ်းအပိုဒ်(၇.၃)တွင်"နိုင်ငံအသီးသီးသည်သင့်တင့်သော ဥပဒေနှင့်အုပ်ချုပ်ရေးစံတိုင်းတာခြင်းများအား စဉ်းစားသင့်ပြီး... ရွေးကောက်ခံရသူများ၏ ရန်ပုံငွေအားပိုမိုပွင့်လင်းမြင်သာစေရန်နှင့်...နိုင်ငံရေးပါတီများ၏ရန်ပုံငွေ"

မရှိပဲ မဲဆွယ်စဉ်အသုံးပြုခဲ့သော ငွေကြေးလှူဒါန်းမှုများအတွက် ကိုယ်စားလှယ်လောင်းများမှ ရွေးကောက်ပွဲအပြီးတင်ပြရန်လိုအပ်သည်။

**ရံပုံငွေရင်းမြစ်များနှင့် မဲဆွယ်ကုန်ကျစားရိတ်များ။** ဥပဒေအရ ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးတွင် ငွေကျပ်သိန်း၁၀၀အထိ (အမေရိကန်ဒေါ်လာ၈၀၀၀ခန့်) သုံးစွဲနိုင်သည်။ ရံပုံငွေများသည် မြန်မာနိုင်ငံသားများ၊ ကုန်ပဏီများ(သို့) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များ၏ ကိုယ်ပိုင်ထည့်ဝင်ငွေများမှရရှိနိုင်သည်။ တစ်ဦးချင်းထည့်ဝင်ငွေများ၏ ပမာဏအား ကန့်သတ်ချက်များမရှိခြင်း၊ ပမာဏများများအလှူရှင်၏ အမည်အားလှူဒါန်းပေးရန် လိုအပ်ချက်မရှိခြင်း (သို့) ပါတီမှကိုယ်စားလှယ်တစ်ဦး အားရံပုံငွေမှ မဲဆွယ်ခြင်း အသုံးစားရိတ်အတွက် တိုက်ရိုက်ချထားပေးခြင်းအား ကန့်သတ်ချက်များမရှိပေ။ သေးငယ်သော ပါတီများက အသုံးစားရိတ်အတွက်ပါတီနှင့် ကိုယ်စားလှယ်လောင်းအကြား ရှင်းလင်းမှုမရှိခြင်း အပေါ်အင်အားပိုကြီးသော ပါတီများ၏ ကိုယ်စားလှယ်လောင်းများမှ မမျှတစွာအခွင့်ကောင်းယူသည် ဟုကန့်ကွက်ခဲ့ကြသည်။ အင်အားကြီးပါတီများမှ ကိုယ်စားလှယ်အနည်းငယ်က မဲဆွယ်စည်းရုံးရေးကုန် ကျငွေများအား ကန့်သတ်ခြင်းကြောင့် ၎င်းတို့၏ မဲဆွယ်ခြင်းတွင် အတားအဆီးများရှိနေသည် ဟုရှုမြင်ကြသည်။ NLD၊USDP ကဲ့သို့ သောပါတီအနည်းစု၏ တန်ဆာဆင်ထားသောယာဉ်များ ပါဝင်သည့် လှည့်လည်ပွဲများကဲ့သို့သော လူသိများသည့်မဲဆွယ်စည်းရုံးများမှ လွဲ၍အများစု၊ အထူးသဖြင့် တိုင်းရင်းသားပါတီများမှာ ယင်းပမာဏ၏ အနည်းငယ်သာ သုံးစွဲခဲ့ကြောင်းတင်ပြခဲ့ကြသည်။

မဲဝယ်ခြင်း(သို့) ပစ္စည်းများထောက်ပံ့ခြင်း (သို့)အခမဲ့ဝန်ဆောင်မှု များပေးခြင်းစသည်တို့ကို ဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားသော်လည်း ငွေးကြေးကြွယ်ဝသော၊ ပုံရိပ်ကြီးသော ကိုယ်စားလှယ်လောင်းများသည် (အများစုမှာတစ်သီးပုဂ္ဂလ (သို့) USDP မှ ဖြစ်သည်) ငွေအများအပြားကိုလှူဒါန်းခြင်း (သို့) အသေးစားဖွံ့ဖြိုးမှု စီမံချက်ပုံစံများဖြင့်မဲဆွယ်ခြင်း မတိုင်မီ၎င်းတို့ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များတွင် အလျှင်အမြန် ဦးစားပေးအဖြစ်ဆောင်ရွက်ခဲ့ကြသည်။ ကာတာစင်တာသည် ယင်းသို့သော အခြေအနေများ အကြောင်းကို နိုင်ငံ၏မဲဆန္ဒနယ်တစ်ခုလျှင် မဲဆန္ဒရှင်အနည်းဆုံးအရေအတွက်သာ ရရှိခဲ့သော (မည်သည့် "မဲဝယ်ခြင်း" နည်းလမ်းများကိုမဆိုပိုမို အကျိုးသက်ရောက်စေနိုင်သည့်) ကယားပြည်နယ်မှ မထင်မှတ်ပဲအများအပြားတွေ့ရှိခဲ့သည်။ ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများ မှတ်သားခဲ့ရသည်မှာ တရားဝင်မဲဆွယ်ခြင်းများ မစတင်မီမဲဆွယ်ခြင်း လုပ်ငန်းများရှိခဲ့ခြင်းနှင့် သုံးစွဲငွေကြေးများ အတွက်စည်းမျဉ်းမရှိခဲ့မှုကြောင့် မျှတမှုနှင့်ပွင့်လင်းမြင်သာမှု များကန့်သတ်ခံခဲ့ရခြင်းဖြစ်သည်။

**အစီရင်ခံတင်ပြခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်း။** ဥပဒေများတွင် ဖော်ပြထားသည်မှာ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသည် ရလာဒ်များအားကြေငြာပြီး ရက်ပေါင်း ၃၀ အတွင်း ယင်းတို့၏ မဲဆွယ်ခြင်းကုန်ကျငွေ အစီရင်ခံစာများအား ၎င်းတို့ ကိုယ်စားလှယ်လောင်း အဖြစ်စာရင်းသွင်း ရာကော်မရှင်ခွဲထံ တင်သွင်းရသည်။ အစီရင်ခံစာများအား အများပြည်သူသို့သိရှိနိုင်ရန် လမ်းဖွင့်ပေးထား သော်လည်းမဲဆန္ဒရှင်များက ထိုအစီရင်ခံစာများအား စစ်ဆေးလို၍

ဖြစ်စေ၊ ပွားယူလို၍ဖြစ်စေငွေအနည်း ငယ်ပေးသွင်းရမည်။ [82] UEC သည် မဲဆွယ်ခြင်း ကုန်ကျငွေ အစီရင်ခံစာများအား စာရင်းစစ်ဆေးခြင်း (သို့) အသုံးစားရိတ် များအား စောင့်ကြည့်ခြင်းမပြုလုပ်ပေ။ ယင်းသည် ကိုယ်စားလှယ်လောင်းတစ်ဦးမှ အကယ်၍ သူ/သူမ၏ အသုံးစားရိတ် ကန့်သတ်ချက် အတွင်းဝင်သည်ကို ဖော်ပြထားသည့် အစီရင်ခံစာ တင်သွင်းခဲ့ပါက စည်းမျဉ်းများအား လိုက်နာသည် ဟုဆုံးဖြတ်ခြင်းသည် တာဝန်ခံမှုများ အတားအဆီးဖြစ်စေသည်။ ကိုယ်စားလှယ်၏ မဲဆွယ်ခြင်း အသုံးစားရိတ် အစီရင်ခံစာများအား အများပြည်သူသို့ ထုတ်ပြန်ရန်မလိုအပ် ခြင်း(သို့) မဲဆွယ်ခြင်း အတွက် ထည့်ဝင်ခြင်းနှင့် အသုံးပြုခြင်းတို့အား အများပြည်သူသိရှိနိုင်ရန်သတင်း ထုတ်ပြန်ပေးခြင်း တို့တွင် နိုင်ငံတကာ၏ ကောင်းမွန်သောကျင့်ထုံးများ၏ ဆန့်ကျင်ဖက်အဖြစ် ရှိနေသည်။[83]

ကော်မရှင်ခွဲများသည် အချိန်မီတင်ပြခြင်းမရှိသူများကို အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ပေး ရန်သဘောထား မှတ်ချက်များပြုလုပ်ရသည်။ ရွေးကောက်ပွဲနောင်းပိုင်းကာလတွင် UEC မှ ဖွဲ့စည်းထား သောခုံရုံးများမှ ရွေးကောက်ခြင်းမခံရသလို မဲဆွယ်ခြင်းကုန်ကျစားရိတ် အစီအရင်ခံစာများအား အချိန်မီမတင်သူ ၁၇၅ ဦး အား အရည်အချင်းပျက်ယွင်းသူအဖြစ် ဆုံးဖြတ်ခဲ့ပြီး ၁၅၉ ဦးသော ကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူအဖြစ် မှတ်ချက်ပြုခဲ့သည်။ [84] ကြားနာမှုများအား အများပြည်သူ၊ စောင့်ကြည့် လေ့လာသူများနှင့် မီဒီယာများအား လမ်းဖွင့်ပေးခဲ့ပြီး မျှတစွာကြားနာ ခဲ့သည်ကိုတွေ့ရသည်။ ခုံရုံးအဖွဲ့ဝင်များသည်မဲဆွယ်ခြင်း ကုန်ကျစားရိတ် အစီရင်ခံစာများ အချိန်မီ တင်သွင်းနိုင်ခဲ့ခြင်း မရှိသည့် အကြောင်းအရာအတွက် လျှောက်လဲချက် စာရွက်စာတမ်းများအား ထည့်သွင်းစဉ်းစားခဲ့သည်။ UEC မှ မဲဆွယ်ခြင်းကုန်ကျစားရိတ် ခုံရုံးများသည် ဆက်စပ်သော စာရွက် စာတမ်းများ လုံလောက်စွာတင်ပြခြင်းနှင့် အချိန်နှင့် တပြေးညီ စစ်ဆေးရန် အကန့်အသတ်များ ရှိနေသည်ဟု ကာတာစင်တာအား ပြောကြားခဲ့သည်။ ခုံရုံးများသည် တင်ပြထားသော အကြောင်းအရာ များ၏ တိကျ မှန်ကန်မှု(သို့) ပြည့်စုံမှုရှိမရှိတို့အား မေးခွန်းထုတ်ခဲ့ခြင်းမရှိပေ။

အနာဂတ် ရွေးကောက်ပွဲများအတွက် မဲဆွယ်ခြင်းကုန်ကျစားရိတ်များ အတွက်လိုအပ်ချက်များသည် ပိုမိုအားပြုပြင်မှုများစွာမှ တစ်ဆင့်အားဖြည့်လာနိုင်သည်။ ယင်းတွင်မဲဆွယ်စည်းရုံးရေး ကာလမတိုင်မီ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ အသုံးစားရိတ်များ၊ တစ်ဦးချင်းအလှူများ၏ ပမာဏအား ကန့်သတ်ခြင်း၊ ပမာဏများစွာထည့်ဝင်မှုများ၏ အလှူရှင်အချက်အလက်များအား အစီရင်ခံစာများတွင် ထည့်သွင်း ဖော်ပြခြင်း၊ မဲဆွယ်ခြင်းကုန်ကျစားရိတ်များအား စာရင်းစစ်ဆေးနိုင်မည့် လုပ်နည်းလုပ်ဟန်

[82] ၂၀၁၆ဇန်နဝါရီ၁ရက်တွင်၊လွှတ်တော်သည် ဥပဒေအားပြင်ဆင်ကာအရည်အချင်းပျက်ယွင်းသည် ဟုကြေငြာခြင်းခံရသူများအား လက်ရှိနှင့်အနီးစပ်ဆုံးရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခြင်းမှလက်ရှိရွေးကောက်ပွဲတစ်ခုသာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းသို့ လျှော့ချပေးခဲ့သည်။ လက်တွေ့အကျိုးဆက်အနေဖြင့် လက်ရှိတွင်ပိတ်ပင်ခံထားရသူများသည် ၂၀၂၀ မတိုင်ခင်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဦးမည်မဟုတ်ပဲ ၂၀၂၀ ထွေထွေရွေးကောက်ပွဲတွင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

[83] ကုလသမဂ္ဂလာဒ်စားမှု တိုက်ဖျက်ရေးကြေငြာစာတမ်းအပိုဒ် ၇.၃

[84] UECကြေငြာချက်အမှတ်၅/၂၀၁၆၊ ရက်စွဲ၂၀၁၆ခုနှစ်ဖေဖော်ဝါရီ၂၆ရက်။ လူတစ်ဦးသည် ကိုယ်စားလှယ်တစ်ယောက်အဖြစ် ခန့်အပ်ခံရပါကယင်းကိုယ်စားလှယ်သည် မဲဆွယ်ခြင်းကုန်ကျငွေအစီရင်ခံစာများတင်ပြရမည်ဖြစ်သည်။ အစီရင်ခံရန် ပျက်ကွက်သူများအား ကော်မရှင်များမှနောက်လာမည့်ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်မပေးခြင်းဖြင့်အရည်အချင်းပျက်ယွင်းသူအဖြစ် ထောက်ခံချက်ပေးနိုင်သည်။ ဤရွေးကောက်ပွဲများတွင်ခုံရုံးများသည် ကိုယ်စားလှယ် ၃၂ ဦးအားအရည်အချင်းပျက်ယွင်းသူအဖြစ်ဆုံးဖြတ်ခဲ့ပြီး၂၄ ဦးအားအရည်အချင်းပျက်ယွင်းသူအဖြစ် ကြေငြာရန် UEC အားအကြံပြုခဲ့သည်။

များတည် ဆောက်ထားခြင်း၊ ကုန်ကျစားရိတ်အစီရင်ခံစာများအား အများပြည်သူသို့ ထုတ်ပြန်ခြင်းနှင့် မဲဆွယ်ခြင်း ကုန်ကျစားရိတ်စည်းမျဉ်းများအား ချိုးဖောက်မှုများအတွက် ပိတ်ပင်ခြင်း အတိုင်းအတာများအား မိတ်ဆက်ပေးခြင်းတို့ပါဝင်သည်။

## မဲပေးခြင်း၊ ရေတွက်ခြင်း နှင့် မဲရလာဒ်များထည့်သွင်းခြင်း

ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းဆောင်တာများ၏ အရည်အသွေးနှင့် ဒီမိုကရေစီ ကျရွေးကောက်ပွဲများကျင်းပရန်နိုင်ငံတစ်ခုသည် ၎င်း၏ စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရန် အခြေခံရွေးကောက်ပွဲ အခွင့်အရေးအား လေးစားလိုက်နာရန် အထူးလိုအပ်သည်။ ယင်းသို့လိုက်နာရာတွင် ကမ္ဘာလုံးဆိုင်ရာ မဲပေးပိုင်ခွင့် များအတိုင်းရွေးကောက်ပွဲများ ကျင်းပရမည့်နိုင်ငံတကာ ဥပဒေအောက်ရှိ ပင်မစည်းမျဉ်းများ၊ လျှို့ဝှက်မဲ ပေးခြင်း၊ဖိအားပေးမှုမှ လွတ်လပ်စေခြင်းနှင့် "လူတစ်ဦးတစ်မဲ" အခြေခံစည်းမျဉ်းအတိုင်းဆောင်ရွက်ရန်ဖြစ်သည်။ [85] ခြုံကြည့်ပါက ယင်းတိုင်းတာမှုများသည် မဲဆန္ဒရှင်တစ်ဦးထည့်လိုက်သော မဲသည်နိုင်ငံရေးကစားကွက်နှင့် ခြိမ်းခြောက်မှုများနှင့် ဆက်စပ်ခြင်းမရှိပဲ မဲလက်မှတ်အသီးသီးသည်တူညီသောတန်ဘိုးရှိ ကာလူအများ၏ သဘောဆန္ဒကို လွတ်လပ်စွာဖော်ပြခြင်းကို သေချာစေရန်အကူအညီပေးသည်။ မြန်မာနိုင်ငံရှိ နိုဝင်ဘာ(၈)ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် တပ်မတော်သားမဲဆန္ဒရှင်များအတွက် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း လုပ်ငန်း အဆင့်များ၏ ပွင့်လင်းမြင်သာမှုနှင့် ယခင်ယာယီနိုင်ငံသား ကိုင်ဆောင်သူထောင်နှင့် ချီသူများအား အထူးအခွင့်အရေးပေးခဲ့ခြင်း စသောအရေးကြီးသည့် ချွင်းချက်များမှလွဲ၍ ယင်းစံနှုန်းများနှင့် တော်တော်များများ ကိုက်ညီခဲ့သည်။

UEC မှ ထုန်ပြန်သော စာရင်းဇယားများအရ ၂၀၁၅ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရှိမဲပေးခွင့်ရှိသူ ၃၄.၃ သန်း အနက် ၆၉ ရာခိုင်နှုန်းမှာ မဲပေးခဲ့ကြသည်။ [86] ရွေးကောက်ပွဲများအား ရှမ်းပြည်နယ်ရှိ (၇)မြို့နယ်နှင့် လုံခြုံရေးအရမဲပေးခြင်းများ ဖျက်သိမ်းခဲ့ရသော ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာ ၄၁၆ ခု တို့မှလွဲ၍ တိုင်းနှင့်ပြည်နယ် ၁၄ ခု တွင် ကျင်းပနိုင်ခဲ့သည်။[87]

ကာတာစင်တာသည် ကြိုတင်မဲပေးခြင်း ကာလမှ စတင်ကာရလာဒ်များ ထုတ်ပြန်သည်အထိ မဲပေးခြင်း လုပ်ငန်းအဆင့်ဆင့်ကို စောင့်ကြည့်လေ့လာခဲ့သည်။ ကာတာစင်တာသည် တိုင်းနှင့်ပြည်နယ် ၁၄ ခု နှင့်နေပြည်တော်ပြည်ထောင်စုနယ်မြေများရှိ မဲဆွယ်ခြင်းမပြုလုပ်ရသည့်ကာလ၊ မဲရုံဖွင့်ခြင်း၊ မဲပေးခြင်း၊ ရေတွက်ခြင်းနှင့် မဲရလာဒ်များ ထည့်သွင်းခြင်းတို့အား စောင့်ကြည့်ရန် စောင့်ကြည့်လေ့လာသူ ၆၂ ဦး

---

[85] UDHRအခန်း၂၁(၃)၊ ICCPR အခန်း၂၅(ခ)၊ UNHRC အထွေထွေမှတ်ချက်၂၅၊ စာပိုဒ်၂၀ "နိုင်ငံများသည်ရွေးကောက်ပွဲများ အတွင်းမဲပေးခြင်းအဆင့်များတွင် လိုအပ်သည်များကို အာမခံခြင်းအတွက်တိုင်းတာရမည်... ယင်းသည်မဲဆန္ဒရှင်များ၎င်းတို့မည်သို့မဲပေးရန်(သို့)မည်သို့မဲပေးခဲ့သည်နှင့် မဲပေးခြင်းအဆင့်များတွင် အနှောင့်အယှက်များမှ ကာကွယ်ပေးရန်ဖြစ်သည်"။ UNHRC အထွေထွေမှတ်ချက်၂၅အပိုဒ်၂၁တွင် "လူတစ်ဦးတစ်မဲစနစ်ကျင့်သုံးရမည်...."

[86] UECဝက်ဘ်ဆိုက်အရ၊ မဲပေးခွင့်ရှိသူ ၃၄.၂၉ သန်း အနက် ၂၃.၉၁သန်း(သို့) ၆၉.၇၂ ရာခိုင်နှုန်းသောမဲန္ဒရှင်များ မဲပေးခဲ့ကြသည် [http://uecmyanmar.org/ index.php/2014-02-11-08-31-43/884-1-12-2015-pyithuhluttaw](http://uecmyanmar.org/index.php/2014-02-11-08-31-43/884-1-12-2015-pyithuhluttaw)

[87] UEC ကြေငြာချက်အမှတ်၆၁-၆၅/2015၊ ရက်စွဲ၂၀၁၅အောက်တိုဘာလ၁၂ရက်နှင့်67/ ၂၀၁၅၊ရက်စွဲ၂၀၁၅အောက်တိုဘာ၂၇

စေလွှတ်ခဲ့သည်။ စင်တာ၏ စောင့်ကြည့်လေ့လာခြင်း နည်းလမ်းအရ အဖွဲ့တစ်ခုတွင် ကြည့်ရမည့် စာရင်းများအား စင်တာ၏ အယ်လ်မို (ELMO) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး ဆော့ဖ်ဝဲ အသုံးပြုပြီး ပူးပေါင်းတင်ပြရခြင်းနှင့်အတူ တစ်ဖွဲ့လျှင် နှစ်ဦး (သို့) နှစ်ဦးထက်ပိုသောအဖွဲ့ များအား စေလွှတ်ခဲ့သည်။ စာရင်းများအတွင်းရှိ စောင့်ကြည့်လေ့လာခဲ့သော အသေးစိတ်များကို အလယ်တစ်နေရာတွင် စုကာတွက်ချက်အဖြေထုတ်ခဲ့သည်။

**ကြိုတင်မဲပေးခြင်း**

နိုင်ငံတကာ စံနှုန်းများအောက်တွင် ကိုက်ညီခြင်းမရှိ ချိန်တွင်ကြိုတင်မဲပေးခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အတွက်ရပိုင်ခွင့်၊ မဲပေးရန်ရပိုင်ခွင့်နှင့် အခွင့်အရေး၊ ရွေးကောက်ပွဲနေ့တွင် မည်သို့ပင်ဖြစ်စေ မဲပေးခွင့်ရှိသော မဲဆန္ဒရှင်များ၏ ပါဝင်ခွင့်များအား မြှင့်တင်ပေးသည်။ သို့သော်လည်း မဲဆန္ဒရှင်များ၏ အခွင့်အရေးများရရှိ ရန်အာမခံခြင်းနှင့် ၎င်းတို့၏မဲများအား သေချာစွာရေတွက်ခြင်း ရှိစေရန် လုံလောက်သော ရိုးသားမှုနှင့် တိုင်းတာနိုင်သောပွင့်လင်းမြင်သာရှိမှုများရှိရန် မရှိမဖြစ်လိုအပ်သည်။

ကြိုတင်မဲပေးခြင်းသည် အထူးသဖြင့် တပ်မတော်သားများ၏ မဲများနှင့်ကြိုတင်မဲများအားခြယ်လှယ် ခြင်းများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများ၏ အဓိကနည်းလမ်းဖြစ်ခဲ့ခြင်းကြောင့် နိုင်ငံရေးပါတီများနှင့် စောင့်ကြည့်လေ့လာသူများ၏ အဓိကစောင့်ကြည့်ရာဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကြိုတင်မဲပေးခြင်းပုံစံနှစ်မျိုးရှိသည်၊ (၁)ဆေးရုံတက် ရောက်နေခြင်း၊ ထိန်းသိမ်းပြုပြင်ရေး စင်တာများနှင့် ရွေးကောက်ပွဲနေ့တွင် ခရီးသွားနေသူများကဲ့သို့သော မဲဆန္ဒနယ်အတွင်းမှ ပြည်တွင်း မဲဆန္ဒရှင်များ၊ (၂)တပ်မတော် အမှုထမ်း၊ ရဲ၊ သင်တန်းသား၊ ကျောင်းသားများနှင့် ရွေးကောက်ပွဲနေ့တွင် နိုင်ငံရပ်ခြားတွင်ရှိနေသူများကဲ့သို့ သောမဲဆန္ဒနယ်ပြင်ပ ရောက်မဲဆန္ဒရှင်များ။ "မဲပေးရမည့်နေရာ ပြင်ပတွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများ အပါအဝင် အခြားမဲဆန္ဒရှင်များ"၏ ကြိုတင်မဲပေးခြင်းကိုလည်း ခွင့်ပြုပေးထားသည်။

ရွေးကောက်ပွဲနေ့ မတိုင်မီကြိုတင်၍ ကာတာစင်တာနှင့် အခြားသူများမှ သဘောထားမှတ်ချက်များ ပေးထားသော်လည်း တပ်မတော်သားများ၏ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းများတွင် သိသာထင်ရှားသော တိုးတက်မှုမရှိခဲ့ပေ။ ရွေးကောက်ပွဲလုပ်ငန်းအဆင့်များတွင် ယင်းအစိတ်အပိုင်းသည် ပွင့်လင်းမြင်သာမှု မရှိခဲ့ပေ။ UEC သည်ကြိုတင်မဲပေးရန် တောင်းဆိုမှုအရေအတွက်၊ မဲပေးမည့် တည်နေရာ (သို့) မဲပေးမည့်အချိန် စာရင်းတို့၏ သတင်းအချက်အလက်များအား အများပြည်သူသို့ မထုတ်ပြန်ခဲ့ပေ။ ကာတာစင်တာနှင့်အခြား နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ၊ အခြားပြည်တွင်း စောင့်ကြည့် လေ့လာသူများနှင့် ပါတီကိုယ် စားလှယ်များမှတောင်းဆိုမှုများ ပြားခဲ့သော်လည်း မဲဆန္ဒနယ်ပြင်ပ၊ တပ်တွင်းကြိုတင်မဲပေးခြင်းတွင် မဲပေးနေခြင်းများကို စောင့်ကြည့်လေ့လာခွင့် မပြုခဲ့ပေ။ ထို့ကြောင့်ယင်းမဲပြားများသည် လျှို့ဝှက်စွာမဲပေးခြင်း၊မဲဆန္ဒရှင်က ခြိမ်းခြောက်ခြင်းမခံရပဲ အမှန်တစ်ကယ်မဲပေးခဲ့ခြင်းတို့အား ဆန်းစစ်နိုင်ခြင်းမရှိပေ။

စောင့်ကြည့်လေ့လာသူများနှင့် ကိုယ်စားလှယ်များအား အောက်တိုဘာ ၂၉ရက်မှ စတင်သော မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းများကို စောင့်ကြည့်လေ့လာခွင့်ပေးခဲ့သည်။ ကာတာစင်တာ စောင့်ကြည့်လေ့ လာခဲ့သောနေရာများတွင် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း၏ အုပ်ချုပ်ရေးသည် လုပ်ငန်းစဉ်အဆင့်ဆင့်များနှင့် ကိုက်ညီမှုမရှိခဲ့ပေ။ မဲဆန္ဒရှင်စာရင်းများအားအမြဲမစစ်ဆေးခြင်း၊ မဲလက်မှတ်များတွင် သေချာစွာ လက်မှတ်မထိုးထားခြင်းနှင့် လျှို့ဝှက်နိုင်မှုကို အမြဲသေချာအောင် မပြုလုပ်နိုင်ခဲ့ပေ။ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်တစ်ခုတွင် ကြိုတင်မဲပေးခွင့်မရသူများမှ မဲပေးခဲ့ကြောင်း တွေ့ရှိရ၍ မဲလက်မှတ ၁၂၉ ခုအားပယ်ဖျက်ခဲ့သည်။ ပါတီကိုယ်စားလှယ်များနှင့် စောင့်ကြည့် လေ့လာသူများအား ကြိုတင်မဲပေးရန် တောင်းဆိုမှုများအား(သို့) အရေအတွက်နှင့် တောင်းဆိုရာ အရင်းအမြစ်များ၏ အချက်အလက်များအား ကြည့်ရှုခွင့်မပြုထားပေ။ မဲဆန္ဒနယ်အတွင်းနှင့် ပြင်ပ နှစ်ခုစလုံး၏ ကြိုတင်မဲပေးခြင်းအချက်အလက်များ မရရှိခြင်းသည် မဲဆန္ဒရှင်များအကြား လုပ်ငန်းစဉ် များနှင့်ပတ်သက်၍ မယုံကြည်မှုများကိုတိုးပွားစေခဲ့သည်။

ရွေးကောက်ပွဲကာလ တစ်ခုလုံးတွင် ကာတာစင်တာမှ တောက်လျှောက်ကြား သိရသည်မှာ စပ်ဆိုင်သူများ အားလုံးသည် ကြိုတင်မဲပေးခြင်းစနစ်နှင့် ပတ်သက်၍စိုးရိမ်မှုများ ရှိကြောင်းပြောဆို ခဲ့ကြသည်။ အချို့မှာ ကြိုတင်မဲပေးခြင်းသည် ရွေးကောက်ပွဲတွင် ပြဿနာအများဆုံးရှိသော ရှုထောင့်ဖြစ်သည်ဟု ဆန်းစစ်ခဲ့ကြသည်။ မဲဆန္ဒနယ် ပြင်ပကြိုတင်မဲပေးခြင်းအတွင်း ပွင့်လင်းမြင်သာမှု ရှိရန် ထောက်ပံ့မပေးနိုင်ခဲ့ခြင်းကြောင့် ယင်းလုပ်ငန်းစဉ်သည် အလွဲသုံးစားပြုလုပ်ရန် ဘီးတပ်ခြင်း ဖြစ်သည် ဟူသောအမြင်ကိုတိုးပွားလာစေသည်။ ၎င်းအခြေအနေသည် စစ်တပ်အများစု တည်ရှိရာ မဲဆန္ဒနယ်များတွင်အမှန်တစ်ကယ်ဖြစ်ပြီးဥပမာအားဖြင့်ဒေသဆိုင်ရာကွပ်ကဲရေးစင်တာများတည်ရှိရာမဲ ဆန္ဒနယ်များဖြစ်သည်(ရှမ်းပြည်နယ်ရှိတောင် ကြီးနှင့်ကျိုင်တုန်(သို့)ရခိုင်ပြည်နယ်အန်းတို့ကဲ့သို့)။

အထူးသဖြင့် တပ်မတော်သားများအတွက် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းများ ကျင်းပပေးခြင်းသည် မဲပေးခြင်းလုပ်ငန်းစဉ်များ၏ အားအနည်းဆုံး အပိုင်းဖြစ်ခဲ့သည်။ ပွင့်လင်းမြင်သာမှု လုံးဝကင်းမဲ့ခြင်း သည် နိုင်ငံတကာစံနှုန်းများအတိုင်း မဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းသည်အနာဂတ် ရွေးကောက်ပွဲများတွင် အရေးတကြီး ပြုပြင်ရမည့်အပိုင်းဖြစ်သည်။

## ရွေးကောက်ပွဲနေ့

**လုပ်ငန်းအဆင့်ဆင့်။** မြန်မာတစ်နိုင်ငံလုံးနှင့် တိုင်း/ပြည်နယ် ဥပဒေပြုရေးအတွက် (၁၁၅၀)သော ကိုယ်စားလှယ်လောင်းများကို ရွေးကောက်တင်မြှောက်ရန် မဲရုံပေါင်း (၄၁၀၀၀)ကျော် ဖွင့်လှစ်ခဲ့သည်။ မဲဆန္ဒရှင်များသည် အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်)၊ အထက်လွှတ်တော် (အမျိုးသား လွှတ်တော်)၊ ၎င်းတို့၏ တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်များ၏ ကိုယ်စားလှယ်များ၊ နှင့်အကယ်၍ လိုအပ်ပါကတိုင်း/ ပြည်နယ်များရှိ တိုင်းရင်းသားရေးရာ ဝန်ကြီးများအား မဲထည့်ခြင်း အားဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ မဲရုံအသီးသီးအားလည်း ရပ်ကွက်(သို့)ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ခွဲ (၁၅၈၇၀)မှ စီမံခန့်ခွဲခဲ့သည်။ မဲရုံအသီးသီးတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အနည်းဆုံး အခြားဝန်ထမ်းရှစ်ဦးမှ တာဝန်ယူဆောင်ရွက်သည်။ စည်းမျဉ်းများတွင်မဲရုံဝန်ထမ်း

အနည်းဆုံးဆယ်ဦးရှိရမည်ဖြစ်သော်လည်း မဲပေးသူ(၃၀၀)ထက်ကျော်သော မဲရုံများတွင် ပိုမိုသော ဝန်ထမ်းများအား ချထားတာဝန်ပေးနိုင်သည်။

UEC မှ ထုတ်ပေးသောမဲဆန္ဒရှင် လက်မှတ်အပါအဝင် မဲဆန္ဒရှင်များသည် အထောက်အထားပြနိုင်သော်လည်း အထောက်အထား မပြနိုင်သည်များတွင် တစ်စုံတစ်ဦးမှ မဲဆန္ဒရှင်အား အတည်ပြုခြင်းကို ပြုလုပ်နိုင်သည်။ ပြီးနောက် မဲဆန္ဒရှင်အမည်များအား မဲပေးမည့်သူ စာရင်းတွင် အမှားခြစ်လိုက်သည်။ မဲဆန္ဒရှင်များသည်မတူညီသော မဲလက်မှတ်များရရှိခဲ့သည်။ ၎င်းတို့သည် မဲလက်မှတ်တွင် မှင်တံဆိပ်တုံး ရိုက်နှိပ်ပြီး နောက်ထပ် မဲလက်မှတ်မရယူခင် သက်ဆိုင်သည့် မဲပုံးအတွင်း ထည့်ခြင်းဖြင့် ကျန်မဲပုံးများတွင် ယင်းအတိုင်း ထပ်မံပြုလုပ်ရသည်။ မဲလက်မှတ်များအား စည်းမျဉ်းများအတိုင်း လျှို့ဝှက်စွာ တံဆိပ်ရိုက်နှိပ်ခဲ့ရပြီး မသန်စွမ်းသူမဲဆန္ဒရှင်များမှာ အကူအညီဖြင့် မဲထည့်နိုင်သည်။ ဤရွေးကောက်ပွဲအတွက် တီထွင်မှုအဖြစ် နောက်ဆုံးအဆင့်တွင် ထပ်မံမဲပေးခြင်းမပြုလုပ်နိုင်ရန် မဲဆန္ဒရှင်များ၏ လက်ချောင်းတွင် မင်တို့ပေးခဲ့ရသည်။

မဲလက်မှတ်များအား မဲရုံတွင်ရေတွက်ခဲ့ကြသည်။ မဲရုံရှိရလာဒ် မိတ္တူများကို မဲရုံတွင်ကပ်ထားရပြီး လုပ်ငန်းစဉ်များ၏ မိတ္တူကိုပါတီကိုယ်စားလှယ်များ (သို့) စောင့်ကြည့်လေ့လာသူများ လက်ခံရရှိနိုင်ရန် ဖော်ပြမထားပေ။ မဲရလာဒ်များထည့်သွင်းခြင်း ရလာဒ်လုပ်ငန်းစဉ်များမှာ မြို့နယ်ကော်မရှင်ခွဲများတွင် ပြုလုပ်ခဲ့သည်။ မြို့နယ်မှရလာဒ်များအား ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မရှင်ခွဲများထံ ပေးပို့ရသည်။ အထက်လွှတ် တော်မဲဆန္ဒနယ်အတွက် မြို့နယ်နှစ်ခုပေါင်းထားသော နေရာများတွင် မြို့နယ်မှ ရလာဒ်များအား ခရိုင်ကော်မရှင်ခွဲများသို့ ပေးပို့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ကော်မရှင်ခွဲများသည် အောက်ခြေကော်မရှင်ခွဲများ၏ ရလာဒ်များအားပြန်လည်သုံးသပ်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီး များ၏ တရားဝင်ရလာဒ်များအား ထုတ်ပြန်ကြေငြာခဲ့သည်။ UECမှ လည်းတရားဝင်ရလာဒ်များအား အများပြည်သူသို့ ထုတ်ပြန်ခဲ့သည်။

**ဖွင့်လှစ်ခြင်း။** ရွေးကောက်ပွဲနေ့တွင် မဲရုံဝန်ထမ်းများသည် မနက်၆နာရီတွင် မဲဖွင့်လှစ်ခြင်းမတိုင်မီ ရောက်ရှိခဲ့ကြသည်။ မဲရုံဖွင့်လှစ်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် မဲစာရင်းများ၊ မဲလက်မှတ်များ၊ မဲပုံးများ၊ မဲပုံးချိပ်များ၊ မဲလက်မှတ်များပေါ်တွင် ရိုက်နှိပ်ရန်မှင်နှင့် တံဆိပ်တုံးများ၊ မဲဆန္ဒရှင်များ၏ လက်ချောင်းများတွင် မှတ်သား ရန်ဖျက်ရန်မလွယ်သည့် မှင်များ၊ လျှို့ဝှက်အခန်းများနှင့် အခြား ပစ္စည်းများအပါအဝင် မဲရုံတစ်ခုတွင်လိုအပ်သည့် ပစ္စည်းများလက်ခံရရှိမှုအတွက် လုပ်ရသည့် အဆင့်ဆင့်နှင့် မဲရုံအားပြင်ဆင်ခြင်းတို့ပါဝင်သည်။ ကာတာစင်တာသည် မဲရုံ ၂၄ရုံ ၏ ဖွင့်လှစ်ခြင်းများတွင်ရောက်ရှိနေခဲ့သည်။

ခြုံကြည့်ပါက မဲရုံများသည်အချိန်မီဖွင့်လှစ်ခဲ့ကြပြီး ပြဿနာအချို့ဖြစ်ပွားခဲ့သည်။ ကာတာစင်တာစောင့်ကြည့်လေ့လာသူများသည် မဲရုံဖွင့်လှစ်ချိန်တွင် တက်ရောက်ခဲ့သည့် မဲရုံအားလုံးရှိ ရွေးကောက်ပွဲ ပတ်ဝန်းကျင်နှင့် မဲရုံဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းတွင် ကောင်းမွန်စွာသုံးသပ်နိုင်ခဲ့သည် သွားရောက်ခဲ့သည့် မဲရုံတစ်ခုတွင် မနက်၆နာရီခွဲထက် နောက်ကျပြီးမှ သာမဲစတင်ပေးခဲ့ပြီး ပြင်ဆင်မှု မရှိခဲ့ခြင်းနှင့် ပါတီကိုယ်စားလှယ်များ နောက်ကျခြင်းကြောင့် ဖြစ်သည်ဟုသိခဲ့ရသည်။ စောင့်ကြည့်

လေ့လာသူများသည် ရွေးကောက်ပွဲနေ့တွင် မဲရုံများမဖွင့်လှစ်ခြင်း (သို့) မဲရုံဖွင့်လှစ်ခြင်းနှင့် ဆက်စပ်၍ တရားဝင် တိုင်ကြားမှုများအား မကြားသိခဲ့ပေ။ မဲရုံဖွင့်လှစ်ခြင်းများအား သွားရောက်လေ့လာခဲ့ရာတွင် ပစ္စည်းလုံလောက်မှုမရှိခြင်း (သို့) ပျောက်ဆုံးမှုကြောင့် သိသာသော ရှုပ်ထွေးမှုတစ်စုံတစ်ရာမရှိခဲ့ပေ။

မဲရုံဖွင့်လှစ်ချိန်တွင် မဲရုံဝန်ထမ်းများသည် မဲပုံးများ လုံခြုံရေးအတွက် လုပ်ငန်းစဉ်များအတိုင်း မလိုက်နာသည့် အဓိကအပိုင်းဖြစ်ခဲ့သည်။ ရွေးကောက်ပွဲနေ့အတွင်း စောင့်ကြည့်ခဲ့သော မဲရုံများအနက် ၁၇ရာခိုင်နှုန်းတွင် မဲရုံဝန်ထမ်းသည် ချိပ်ပိတ်ရန် အသုံးပြုရမည့် နံပါတ်များ အသုံးမပြုခဲ့ခြင်း (သို့) ချိပ်နံပါတ်များအား ဖြည့်သွင်းရမည့်ပုံစံတွင် မဖြည့်သွင်းခြင်းများရှိခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် သွားရောက်ခဲ့သော မဲရုံများအနက် ၈ရာခိုင်နှုန်းတွင် ချိပ်နှစ်ခုသာ ပိတ်ထားခဲ့ခြင်း၊ ချိပ်များသည်ပျက်စီးနေခြင်း (သို့) မဲရုံတာဝန်ရှိသူများများ လုပ်ငန်းစဉ်များအတိုင်း ပြည့်ပြည့်ဝဝ မလိုက်နာခြင်းအား ကာကွယ်ခြင်းပြဿနာများ စသောမဲရုံချိပ်ပိတ်ခြင်းနှင့် ပတ်သက်သော ပြဿနာများ ရှိခဲ့သည်။

**မဲပေးခြင်း။** ကာတာစင်တာစောင့်ကြည့်လေ့လာသူများသည် မဲရုံ၂၄၅ရုံအားမြို့ပြ (၅၁ရာခိုင်နှုန်း)နှင့် ကျေးလက်(၄၉ရာခိုင်နှုန်း)တွင် အနီးစပ်ဆုံးတူညီစွာ သွားရောက်လေ့လာခဲ့သည်။ နံနက်အစောပိုင်းတွင် ကာတာစင်တာစောင့်ကြည့်လေ့လာသူများသည် မဲရုံများရှိမဲပေးရန် စိတ်အားထက်သန်မှုများစွာနှင့် လူတန်းရှည်များကိုတွေ့ရှိခဲ့သည်။ အချို့နေရာများတွင် မဲပေးသူများသည် ၎င်းတို့မဲထည့်နိုင်ရန်အတွက် သုံးနာရီခန့်စောင့်ဆိုင်းခဲ့ရသည်။ နေ့လည်ပိုင်းတွင် လူတန်းရှည်များသည် တိုလာခဲ့ပြီး မဲပေးသူများသည် မိနစ်များစွာစောင့်ဆိုင်းရန် မလိုအပ်တော့ပေ။ သွားရောက်လေ့လာခဲ့သောမဲရုံများ၏ ၉၇ရာခိုင်နှုန်းတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ ရှိနေခဲ့ပြီး ၇၅ရာခိုင်နှုန်းတွင် NLDနှင့် USDPနှစ်ခုလုံးမှ ကိုယ်စားလှယ်များ ရှိနေခဲ့သည်။ သွားရောက်လေ့လာခဲ့သော် မဲရုံများမှ ၃၀ရာခိုင်နှုန်းတွင် အရပ်ဖက်လူမှုအဖွဲ့များမှ စောင့်ကြည့်လေ့လာသူများ ရှိနေခဲ့သည်။ သွားရောက်ခဲ့သော်မဲရုံများ၏ ခြောက်ဆယ့်နှစ်ရာခိုင်နှုန်းသော မဲရုံဝန်ထမ်းများသည် အမျိုးသမီးများဖြစ်ကြသည်။

အချုပ်အားဖြင့် ကာတာစင်တာ စောင့်ကြည့်လေ့လာသူများ သွားရောက်ခဲ့သော မဲရုံအားလုံး၏ ၉၅ရာခိုင်နှုန်းတွင် မဲပေးခြင်းလုပ်ငန်းစဉ်များမှာ ကောင်းစွာဆောင်ရွက်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယင်းဆန်းစစ်ခြင်းများအား ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းမှုရှိခြင်း၊ မဲပေးခြင်းတွင် လွယ်ကူချောမွေ့မှုရှိခြင်း၊ မဲရုံဝန်ထမ်းများ၏ မျှတစွာဆောင်ရွက်နိုင်မှု၊ မဲရုံအများစုတွင် လုံလောက်သော ပစ္စည်းများရှိမှုတို့အပေါ်တွင် အခြေခံထားခဲ့သည်။

စောင့်ကြည့်လေ့လာသူများ တွေ့ခဲ့ရသည်မှာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းများသည် စည်းမျဉ်းများ အတိုင်း ဆောင်ရွက်ခဲ့ပြီး အလွဲသုံးစားမှုမဖြစ်ရန် အထောက်အထားဖြင့် တိုက်စစ်သော လုံခြုံရေးလုပ်ထုံးများသည် ထိရောက်မှုရှိခဲ့သည်ကို တွေ့ရှိရသည်။ မဲပေးသူ အများအပြားသည် လုံခြုံမှုအားနည်းသော၊ အထောက်အထား ခိုင်လုံမှုတစ်ခုတည်းအဖြစ် သတ်မှတ်ထားသော မဲပေးခွင့်လက်မှတ်များပြနိုင်ခဲ့ကြသည်။ သို့သော်လည်း စောင့်ကြည့်လေ့လာသူများသည် ဖော်ထုတ်ရန်ခက်ခဲသည့် အကြိမ်များစွာ မဲပေးခဲ့ခြင်းများ၊ မဲဆန္ဒ ရှင်အယောင်ဆောင်၍ မဲပေးခြင်း၊ (သို့)ဆက်စပ်နေသော မှားယွင်းမှုများ

အကြောင်းကို လက်ခံရရှိခဲ့သည်။ သွားရောက်လေ့လာခဲ့သော မဲရုံအားလုံး၏ ၉၇ ရာခိုင်နှုန်းသော မဲပေးခဲ့ကြသူများအား ပုံစံတူသက်ရောက်မှုရှိစွာ မှင်တို့ပေးခဲ့သည်ကို စောင့်ကြည့်လေ့လာသူများ တွေ့ရှိခဲ့သည်။ သို့သော်လေ့လာခဲ့သော မဲရုံများ၏ ထက်ဝက်ခန့်ရှိ မဲရုံတာဝန်ရှိသူများကသာ မဲဆန္ဒရှင်များ၏ လက်များအား မဲပေးပြီးသူ ဟုတ်မဟုတ် စစ်ဆေးခဲ့သောကြောင့် မှင်တို့ခြင်း၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေခဲ့သည်။

မဲဆန္ဒရှင် စာရင်းတိကျမှုမရှိခြင်းနှင့် အမည်များမပါဝင်လာခြင်းများသည် ရွေးကောက်ပွဲကြိုကာလ အတွင်း သက်ဆိုင်သူများအားလုံး၏ အဓိက စိုးရိမ်မှုများဖြစ်ခဲ့သည်။ သို့သော် ရွေးကောက်ပွဲနေ့တွင်မူ မဲစာရင်းမတိကျမှုကြောင့် လူအများအပြားမဲမပေးခဲ့ရသည်ဟူသော သတင်းများမရှိခဲ့ပေ။ လေ့လာခဲ့သောမဲရုံများ၏ (၇)ရာခိုင်နှုန်းတွင်သာ မဲပေးသူများသည် မဲစာရင်းတွင်အမည် မပါဝင်ခြင်းကြောင့် မဲမပေးခဲ့ရပဲ ယင်းမဲရုံအသီးသီးတွင် လူအနည်းငယ်ကိုသာလျှင် သက်ရောက်ခဲ့သည်။ မဲရုံရှစ်ခုတွင် မဲစာရင်းအားမဲရုံအပြင်တွင် လိုအပ်ချက်အတိုင်းမကပ်ထားခဲ့ပေ။ ကာတာစင်တာ စောင့်ကြည့်လေ့လာသူများ သွားရောက်လေ့လာခဲ့သော မဲရုံများတွင် တာဝန်ရှိသူများအား မဲစာရင်းပြဿနာများနှင့် ပတ်သက်၍ တရားဝင်ကန့်ကွက်ခြင်းများ မရှိခဲ့ပေ။

မဲပေးခွင့်လက်မှတ်များသည် မဲပေးမည့်သူများ မဲစာရင်းတွင် အမည်များရှာဖွေရာတွင် ကူညီပေးခြင်းကဲ့သို့သောမဲပေးခြင်း လုပ်ငန်းစဉ်များအား အကူအညီပေးခဲ့သည်။ သို့သော်လည်း အချို့သော မဲရုံဝန်ထမ်းများ သည်ယင်းမဲပေးခွင့်လက်မှတ်များသည် မရှိမဖြစ်လိုအပ်ခြင်း မဟုတ်သည်ကို နားမလည်သော ဖြစ်ရပ်များရှိခဲ့သည်။ စောင့်ကြည့်လေ့လာသူများ ကြားသိရသည်မှာ မဲရုံ၁၃ခုတွင် မဲပေးသူများသည် မဲပေးခွင့်လက်မှတ်မရှိခြင်းကြောင့် မဲပေးခွင့်မရခဲ့ခြင်းများဖြစ်သည်။ တူညီစွာပင်မဲရုံအများအပြားတွင် အထောက်အထားမရှိပါက တတိယလူတစ်ဦး၏ သက်သေခံချက်ဖြင့် မဲပေးခွင့်ပြုထားသည်ကို ဝန်ထမ်းများကမသိရှိသော ကြောင့်မဲဆန္ဒရှင်များ မဲပေးခွင့် ငြင်းပယ်ခံရခြင်းများဖြစ်ခဲ့သည်။

ပစ္စည်းများ လိုအပ်ခြင်း(သို့) မလုံလောက်ခြင်းကြောင့် ရွေးကောက်ပွဲနေ့တွင် သွားရောက်ခဲ့သော မဲရုံများအနက် (၁၇)ရုံတွင် ပစ္စည်းများလိုအပ်နေခြင်းကြောင့် နောက်အယှက်ဖြစ်ခြင်း (သို့)သိသာစွာ မဲပေးရန် နောက်ကျခြင်းများ မဖြစ်ပေါ်ခဲ့ပေ။ အများဆုံးလိုအပ်သော ပစ္စည်းများတွင် အရေးကြီးမဟုတ်သည်များဖြစ်ကြပြီး သက်ဆိုင်သောကော်မရှင်ခွဲများနှင့်အတူ ဖြေများရှာဖွေ သွားမည့်ဟု မဲရုံဝန်ထမ်းများမှစောင့်ကြည့်လေ့ လာသူများအားပြောခဲ့သည်။ သွားရောက်ခဲ့သော မဲရုံများအနက် ၅ရာခိုင်နှုန်းသည် မဲပေးခြင်းလုပ်ငန်းစဉ်များတွင် အနှောက်လက္ခဏာ ဆောင်ခဲ့သည်ကို စောင့်ကြည့်လေ့လာသူများက ဆန်းစစ်ခဲ့ကြသည်။ ယင်းမှာ အများအားဖြင့် လူများပြားခြင်း (သို့) သေချာစီတန်းခြင်း မလုပ်နိုင်မှုတို့ကြောင့် မဲပေးရာတွင် ကြန့်ကြာခဲ့ပြီး အချို့နေရာများတွင် လျှို့ဝှက်မဲပေးခြင်းအား ထိခိုက်စေနိုင်သောအခြေအနေများဖြစ်ပေါ်ခဲ့သည်။သွား ရောက်ခဲ့သော မဲရုံများ၏ ၁၆ရာခိုင်နှုန်းမှာ မဲပေးခြင်းအားနောက်ယှက်သော အခြေအနေများဖြစ်ပေါ်ခဲ့သော်လည်း ယင်းအခြေအနေများမှာ မဲရုံများရှိမဲပေးခြင်းလုပ်ငန်းစဉ်များ၏ ရိုးသားမှုအပေါ် မေးခွန်းထုတ်ရန်အတွက် ဆိုးဝါးခြင်းမရှိခဲ့ပေ။ စောင့်ကြည့်လေ့လာသူများ မှတ်ချက်ပြုကြသည်မှာ တန်းစီနေမှုအပေါ်ပုံ

မှန်မဟုတ်သော စီမံခန့်ခွဲခြင်း၊ လူအများအပြားဖြစ်လာခြင်းနှင့် မဲရုံအတွင်း ထွေထွေအပိုင်းတွင်စီမံမှု မရှိခြင်းသည်အနောက်အယှက်များ ဖြစ်ပေါ်ခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ခဲ့သည်။ မဲရုံ ၅ခု အတွင်း (သွားရောက်ခဲ့သောမဲရုံများ အနက်၂ရာခိုင်နှုန်း) သိသာသောပုံမှန် မဟုတ်ခြင်းများအား တွေ့ရှိခဲ့ရသည်။ မဲရုံအ ခင်းအကျင်းအားနည်းခြင်းနှင့် မဲပေးသူများ၏မဲပေးနှုန်းကို ထိခိုက်စေသော နေရာ မလုံလောက်မှုနှင့်သွား ရောက်လေ့လာခဲ့သော မဲရုံများ၏ ၆ရာခိုင်နှုန်းတွင် မဲပေးခြင်းလုပ်ငန်း စဉ်တွင် သက်ရောက်မှုရှိခဲ့သည်။

ရွေးကောက်ပွဲနေ့တွင် ပုံမှန်မဟုတ်ခြင်း အခြေအနေ ၄၀အား စောင့်ကြည့်လေ့လာသူများက တွေ့ရှိခဲ့သည်။ အများစုမှာချွင်းချက်ရှိသော မိသားစုမဲပေးခြင်းများ (သို့) မဲပေးသူများအား ဥပဒေနှင့်မညီသော ကူညီပေးမှု ဖြစ်သည်။ ပါတီကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ စောင့်ကြည့်လေ့လာခဲ့ပြီး မဲရုံနှစ်ခုတွင် မဲပေးခြင်းများအား ကူညီပေးသကဲ့သို့ မဲရုံတစ်ခု တွင် မဲပေးသူများအား ပါတီတစ်ခုအတွက်မဲပေး ရန်ပြောဆိုနေခြင်းများ ဖြစ်ကြသည်။ မဲရုံနှစ်ခုရှိ မဲဆန္ဒရှင်တစ်ဦးတွင် မဲပေးခွင့်လက်မှတ်များစွာ ရှိနေသည်ကိုတွေ့ရှိခဲ့သည်။ သွားရောက်ခဲ့သော မဲရုံများတွင် ပုံမှန်မဟုတ်ခြင်းများနှင့် ဖြစ်ပွားခဲ့သောပြဿနာများနှင့် ပတ်သက်သော တရားဝင် ကန့်ကွက်ခြင်း စုစုပေါင်း(၇)ခုအား စောင့်ကြည့်လေ့လာသူများ တွေ့ရှိခဲ့သည်။ နိုဝင်ဘာ ၉ရက် သတင်းစာရှင်းလင်းပွဲတွင် UEC မှ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်အယောင်ဆောင်ခြင်း နှင့် မဲဆန္ဒရှင် များအား ခြိမ်းခြောက်ခြင်းများ အပါအဝင် တစ်နိုင်ငံလုံးအနှံ့ချိုးဖောက်ကျူးလွန်မှု ၄၈ခု ရှိခဲ့သည်ဟု ကြေငြာခဲ့သည်။

ကာတာစင်တာ စောင့်ကြည့်လေ့လာသူများ သွားရောက်ခဲ့သော်မဲရုံများ၏ ၁၂ရာခိုင်နှုန်း နီးပါသည် မဲပေး ခြင်းအဆင့်များအား လုံလောက်စွာနားမလည်သည်ကို တွေ့ရှိခဲ့ရသည်။ မဲဆန္ဒရှင်များ၏ မဲပေးခြင်းအဆင့်များအပေါ် ရောထွေးနေခြင်း၊ လျှို့ဝှက်မဲပေးခြင်း လိုအပ်ချက်များအား ချိုးဖောက်ခြင်းများ၊ မဲပေးသူများမှ မှန်ကန်စွာတံဆိပ်တုံး မရိုက်နိုပ်ခဲ့ခြင်းကြောင့် များပြားသော ပယ်မဲ လက်မှတ်များ အပါအဝင်များပြားသော အနောက်အယှက်များ (သို့)တွေ့ရှိရသော ပြဿနာများသည် ယင်းအခြေ၏ အနည်းဆုံးအကြောင်းအရင်းများမှ ဖြစ်သည်။ ထိုကိစ္စရပ်များသည် အနာဂတ် ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်ပညာပေးခြင်းများ ပိုမိုတိုးတက်လုပ်ဆောင်ရန် လိုအပ်သည်ကို မီးမောင်းထိုးပြနေသည်။

မသန်စွမ်းသူများအား ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်စွာ လက်လှမ်းမီရရှိရန်နှင့် ၎င်းတို့ အပြည့်အဝ ပါဝင်နိုင်ရန် အကူအညီပေးမည့် လိုအပ်သော အသိပညာပေးခြင်းများတွင် သိသာ ထင်ရှားသော အားစိုက်ထုတ်မှုများပြုလုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ မဲရုံများတွင် ကိုယ်အင်္ဂါမသန်စွမ်းသူ မဲဆန္ဒရှင်များအား အထောက်အကူပြုရန် မဲရုံများတွင် လိုအပ် သည်များအား စတင်မိတ်ဆက်ရန် UECနှင့် အတူတစ်ကွ ဆောင်ရွက်ခဲ့သည်။ ယင်းအားထုတ်မှုများ ရှိသော်လည်း လက်လှမ်းမီရရှိမှုနှင့် ပတ်သက်၍ တိုးတက်မှုများစွာပြုလုပ်ရန် လိုအပ်နေသေးသည်။ ကာတာစင်တာ စောင့်ကြည့်လေ့လာသူများ သွားရောက်ခဲ့သော မဲရုံများ၏ အနည်းဆုံး ၄၀ရာခိုင်နှုန်း တွင် မသန်စွမ်းသူများအမှီအခိုကင်းစွာမဲပေးနိုင်ရန် လက်လှမ်းမီမှု မလုံလောက်ခြင်းများရှိခဲ့သည်။

လွယ်ကူစွာ ဝင်ထွက်နိုင်ခြင်း မရှိသောမဲရုံများ၊ လှေကားနှင့်အထစ်များ (သို့)ကုန်းလျှောလမ်းများ မရှိခြင်းများ အဓိကအတားအဆီးများ ဖြစ်ခဲ့သည်။ အခြားသောမဲရုံ အများအပြားမှာလည်း ခင်းထားသော လျှောက်လမ်းများနှင့်အဝေးတွင်တည်ရှိနေခြင်း(သို့)မတ်စောက် သောကုန်းများတွင် တည်ရှိနေခြင်းများကြောင့် လွယ်ကူစွာဝင်ထွက်သွားလာနိုင်ခြင်းမရှိခဲ့ပေ။

ကာတာစင်တာ စောင့်ကြည့်လေ့လာသူများ၏ ဆန်းစစ်မှုအပေါ်အခြေခံ၍ ရွေးကောက်ပွဲနေ့မဲပေးခြင်း အဆင့်များအား ခြုံငုံကြည့်ပါက အများစုမှာ နိုင်ငံတကာပင်မစံနှုန်းများနှင့် ကိုက်ညီခဲ့သည်။ မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်များမှာ မဲထည့်ခဲ့နိုင်ပြီး မဲဆန္ဒရှင်တိုက်စစ်ခြင်းမှာ အကြိမ်များစွာ မဲပေးခြင်းအား ကာကွယ် နိုင်ခဲ့သည်။ လျှို့ဝှက်စွာမဲပေးခြင်းအား အခြေခံအားဖြင့် လိုက်နာခဲ့သည်။ မဲပေးခြင်းအဆင့်များမှာရှုပ်ထွေးပြီး တာဝန်ရှိသူများမှာလွဲမှားစွာ ဆောင်ရွက်ခြင်းထက် မဲရုံဝန်ထမ်းများ အတွေ့အကြုံ အားနည်းခြင်းကြောင့် ယင်းရလာဒ်များ ထွက်ပေါ်လာသည်ကို လေ့လာတွေ့ရှိရသည်။ နောင်လာမည့် ရွေးကောက်ပွဲများအတွက် မဲရုံဝန်ထမ်းများ၏ နားလည်သဘောပေါက်မှုကို တိုင်းတာ နိုင်သော မဲဆန္ဒရှင်တိုက်ဆိုင်စစ်ဆေးခြင်းလို အပ်ချက်များနှင့် အခြားစည်းမျဉ်းများ၊ မဲရုံများအတွင်း မဲပေးနေသူများ၏များအား စီမံခန့်ခွဲခြင်းနှင့် မဲလက် မှတ်များအပေါ် အမှတ်အသားပြုလုပ်ခြင်း မဲဆန္ဒရှင်ပညာပေးခြင်း စသည်တို့တွင် တိုးတက်အောင်ပြုလုပ်သင့်သည်။ မသန်စွမ်းသူမဲဆန္ဒရှင်များ၏ လက်လှမ်းမီလွယ်ကူစွာ မဲပေးနိုင်ရန်အားထုတ်မှုများကို ဆက်လက် ဖော်ဆောင်သွားရန် ဖြစ်သည်။

**မဲရုံပိတ်ခြင်းနှင့်မဲရေတွက်ခြင်း။** မဲရေတွက်မှုတိကျခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ စစ်မှန်သော ဒီမိုကရေစီဖြစ်ခြင်းနှင့် မဲဆန္ဒရှင်များ၏ အလိုဆန္ဒကို ရောင်ပြန်ဟပ်စေသည့် မရှိ မဖြစ်သော အခန်းကဏ္ဍတစ်ခု ဖြစ်သည်။ နိုင်ငံတကာတာဝန်များအနေဖြင့် တရားမျှတသော၊ ဘက်မလိုက်သောနှင့် ပွင့်လင်းမြင်သာသော မဲရေတွက်ခြင်း လုပ်ငန်းစဉ်ဖြစ်ရန်လိုအပ်သည်။ [88] မြန်မာနိုင်ငံ၏ လက်ရှိဥပဒေမူဘောင်သည် မဲရေတွက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို လုံလောက်စွာ စည်းမျဉ်းသတ်မှတ် ထားခြင်းမရှိပေ။ လက်တွေ့အနေဖြင့် စင်တာမှ စောင့်ကြည့် လေ့လာခဲ့သည့် အခြေအနေများစုတွင် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှုမရှိကြောင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်အတွင်း ဖရိုဖရဲဖြစ်မှုများကို ဦးတည်နေကြောင်းတွေ့ရှိခဲ့သည်။ သို့သော်ငြားလည်း စောင့်ကြည့်လေ့လာသူများ တွေ့ရှိခဲ့သည်မှာ ၄င်းပြဿနာများသည် လုပ်ငန်းစဉ်ပြည့်စုံမှုကို သိသိ သာသာ အကျိုးသက်ရောက်မှု မရှိပဲမဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို စောင့်ကြည့် လေ့လာခဲ့သောမဲရုံ ၂၆ရုံအနက်မှ ၂၅ရုံ (၉၆ရာခိုင်နှုန်း)တွင် မဲရေတွက်ခြင်းသည် အပြုသဘော ဆောင်ကြောင်း အကဲဖြတ်နိုင်ခဲ့သည်။

မဲရုံများသည် ညနေ၄နာရီတွင်ပိတ်ခဲ့ပြီး ဥပဒေနှင့်အညီ မဲဆန္ဒရှင်များအားလုံးကို စီတန်းပြီး မဲပေးရန်ခွင့်ပြုခဲ့သည်။ ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများသည် လေ့လာခဲ့သော မဲရုံ၂၆ရုံ အနက်၂၄ရုံတွင်မဲရုံပိတ်သည့်ချိန်၌ စီတန်းနေသော မဲဆန္ဒရှင်များ ရှိမနေခြင်းနှင့် ကျန်မဲရုံနှစ်ရုံတွင် မူစီတန်းနေ သောမဲဆန္ဒရှင်များ ၁၀ယောက်ထက် မကျော်သည်ကို တွေ့ရှိခဲ့ကြသည်။ ထို့နောက်

---

[88] UDHR, အချက် ၂၁၊ ICCPR, အချက် ၂၅ဘီ၊ UNHRC ယေဘုယျမှတ်ချက် ၂၅၊အပိုဒ် ၂၀။

မဲရုံဝန်ထမ်းများသည် မဲရုံပိတ်ခြင်း လုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင်ဆောင်ရွက်ခဲ့ကြသည်။ မဲရုံတစ်ရုံကိုသာ စောင့်ကြည့်ခဲ့သော်လည်း မဲရုံဝန်ထမ်းများသည် မဲရုံအားလုံးတွင် ပထမဦးစွာ အသုံးမပြုသော မဲများကိုတစ်ခုချင်းစီ ပေါ်အထက်မှ အောက်ခြေသို့ အမှတ်အသားပြုလုပ်ခြင်းအားဖြင့် ဖျက်သိမ်းခဲ့သည်။ ထို့နောက်သက်သေများကို မဲရေတွက်ခြင်း လုပ်ငန်းစဉ်ကိုစောင့်ကြည့်ရန် ခန့်အပ်ခဲ့သည်၊ လေ့လာခဲ့သော မဲရုံ၂၆ရုံအနက် ၁၈ရုံတွင် လုပ်ငန်းစဉ်များအား လိုက်နာခဲ့ကြသည်။ ပါတီကိုယ်စားလှယ်များသည် လေ့လာခဲ့သည့် မဲရုံအားလုံး နီးပါးတွင် မဲရေတွက်ခြင်းကို စောင့်ကြည့်ရန်ရှိနေကြပြီးလေ့လာခဲ့သော မဲရုံ၂၆ရုံအနက် ၂၀ရုံတွင် NLD နှင့် USDP မှပါတီကိုယ်စားလှယ်များ ရှိနေခဲ့သည်။ လေ့လာခဲ့သော မဲရုံ၂၆ရုံအနက် ၈ရုံတွင်နိုင်ငံသား စောင့်ကြည့်လေ့လာသူများ ရှိနေခဲ့သည်။

လုပ်ငန်းစဉ်၏ အလုံးစုံပြည့်စုံမှုသည် ဘေးသင့်ရောက်ခြင်း မရှိသော်လည်းလေ့လာခဲ့သော မဲရုံခြောက်ရုံ တွင်မဲရေတွက်ခြင်းသည် လုပ်ထုံးလုပ်နည်းအတိုင်း အနီးကပ်လိုက်နာခြင်းမရှိသည်ကို စောင့်ကြည့်လေ့လာသူများ တွေ့ရှိခဲ့သည်။ မဲရေတက်ခြင်းသည် အမျိုးမျိုးသော ဖြစ်စဉ်များတွင် အလျင်စလိုပြု လုပ်ပြီးဖရိုဖရဲဖြစ်နေကြောင်း ဖော်ပြနေသည်။ မဲရုံတစ်ရုံတွင်တစ်ကြိမ်လျှင် လူမျိုးနှစ်မျိုးရေတွက်ခဲ့ သည်။ [89] အခြားမဲရုံတစ်ခုတွင် မဲရေတွက်ခြင်းသည် အလျင်စလိုပြုလုပ်နေခဲ့ပြီး စောင့်ကြည့်လေ့လာသူများနှင့် ကိုယ်စားလှယ်များကို စနစ်တကျဖော်ပြခဲ့ခြင်းမရှိပေ။ မဲရုံသုံးရုံတွင် မဲရေတွက်ခြင်းကို ပြီးရန်အလျင်စလိုပြုလုပ်ခြင်းသည် ထပ်တလဲလဲအမှားများပြုလုပ်သည်ကို ဦးတည်နေခဲ့သည်။ ထိုမဲရုံများထဲမှ တစ်ရုံသည်မဲရေတွက်ခြင်းကို ပြန်၍ပြုလုပ်ရန်လိုအပ်သည်၊ ဒုတိယတစ်ရုံတွင် မဲများအား မှားယွင်းစွာစုပုံခဲ့ပြီး တတိယရုံတွင် မဲရုံဝန်ထမ်းများသည် ပုံစံများမပြည့်စုံခင် ပျောက်ဆုံးနေသောမဲများကို စနစ်တကျပြန်လည် နေရာကျအောင်မလုပ်ခဲ့ပေ။ ထိုအရာများသည် ပါတီကိုယ်စားလှယ်များမှ မဲရေတွက်ရာတွင် နေရာယူနေခြင်း တနည်းအားဖြင့် လုပ်ငန်းစဉ်တွင် ဝင်ရောက်စွက်ဖက်ခြင်း၏ သာဓကများလည်း ဖြစ်သည်။

မဲမှားနေခြင်းသည် စောင့်ကြည့်ခဲ့သော မဲရုံများတဝက်ကျော်တွင် သတိထားစရာ ပြဿနာဖြစ်နေခဲ့သည်။ တင်းကြပ်သောညွှန်ကြားချက်များ ဆိုလိုသည်မှာ မဲဆန္ဒရှင်များ၏ ရည်ရွယ်ချက်/မဲပေးထားချက်ကို ရှင်းလင်းပြတ်သားခဲ့လျှင် တောင်မှမဲရုံဝန်ထမ်းများသည် တံဆိပ်နှစ်ခါထုထားသော မဲများကို ပယ်မဲများ အဖြစ်ထားခဲ့သည်။ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်များ၏ မဲပေးထားချက် ရှင်းလင်းပြတ်သားသော်လည်း တံဆိပ်နှစ်ခါထုထားခြင်းအတွက် ပယ်မဲများအဖြစ် နှစ်ဒါဇင်ကျော်ကြောင်း စောင့်ကြည့်လေ့လာသူများမှ သတိထား မိခဲ့သည်။ [90] အခြားမကြာခဏ လေ့လာတွေ့ရှိခဲ့သည့် ပြဿနာမှာ ပယ်မဲအဖြစ် သတ်မှတ်ခံရခြင်းသည် မဲကိုခေါက်သော အခါအခြားတစ်ဝက်တွင် မှင်များစွန်းထင်းခဲ့ခြင်းကြောင့်ဖြစ်သည်။ တံဆိပ်ထုနှိပ်ခြင်း လုပ်ထုံးလုပ်နည်းများသည် စောင့်ကြည့်လေ့လာသူများ

---

[89] မဲရေတွက်ခြင်းလုပ်ထုံးလုပ်နည်းများတွင် ပြဌာန်းထားသည်မှာလူမျိုးအားလုံးအတွက် ကြိုတင်မဲဆန္ဒရှင်များမှ စတင်ပြီးနောက်မဲဆန္ဒနယ်များတွင် ကျင်းပခဲ့သောမည်သည့် တိုင်းရင်းသားကိုယ်စားလှယ်လောင်းများ၊ ပြည်နယ်/တိုင်းဒေသဆိုင်ရာအင်းအဖွဲ့များ၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်များမှ အစီအစဉ်တကျတစ်ကြိမ်လျှင်လူမျိုးတစ်မျိုးသာရေတွက်ရမည်ဖြစ်သည်။

[90] တံဆိပ်နှစ်ခါထုခြင်းသည်ပယ်မဲဖြစ်ခြင်းဖြစ်စဉ် အများစုတွင် မဲဆန္ဒရှင်သည်၎င်းတို့၏ ပထမတံဆိပ်ပေါ်တွင် လေးနက်စေရန်ထိုပေါ်တွင် နောက်ထပ်တံဆိပ်ထပ်ထုခဲ့ကြခြင်းဖြစ်သည်။

လေ့လာခဲ့သော ၁၀ရာခိုင်နှုန်းထက် ပိုသောမဲရုံများတွင် မဲဆန္ဒရှင်များအတွက် အခက်အခဲနှင့် နောက်ထပ်မဲဆန္ဒရှင် ပညာပေးများ စတင်ခြင်းပို၍ အကျိုးဖြစ်စေရန်အတွက် လိုအပ်ချက်သက်သေ အဖြစ် ဖော်ထုတ်ခဲ့သည်။

လူမျိုးတစ်ခုချင်းစီ ရေတွက်ပြီးနောက် ရလာဒ်များကို ပုံစံ၁၆သို့မဟုတ်၁၆(အေ)တွင် မှတ်တမ်းတင်ခဲ့သည်။[91] စောင့်ကြည့်လေ့လာခဲ့သော မဲရုံအများစုတွင် ထိုပုံစံများကို စနစ်တကျဖြည့်ထားခဲ့ကြပြီး မဲရုံဝန်ထမ်းနှင့် သက်သေများမှ လက်မှတ်ထိုးထားခဲ့ကြသည်။ ထို့နောက် ထိုပုံစံများမိတ္တူကို မြို့နယ်ကော်မရှင်ခွဲ၊ ရက်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲများသို့ပေးပို့ခဲ့ကြပြီး မဲရုံတွင်မှတ်တမ်းအဖြစ် သိမ်းဆည်းပြီးနေရာချခဲ့ကြသည်။ ကော်မရှင်ခွဲများမှ မှတ်တမ်းများရရှိခြင်းမရှိဟု အစီရင်ခံခဲ့သော ဖြစ်စဉ်များမရှိခဲ့ပေ။ သို့သော်ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများမှ UEC၏ မဲရုံလမ်းညွှန်ချက်များနှင့် ဆန့်ကျင်နေခြင်း၊ ရလာဒ်မှတ်တမ်းများကို ရွေးကောက်ပွဲည နှင့် ရွေးကောက်ပွဲပြီး နောက်နေ့များတွင်လေ့လာခဲ့သောမဲရုံများ၌ အမြဲကပ်ထားခြင်းမရှိသည်ကို တွေ့ရှိခဲ့ကြသည်။[92] ဤအချက်ကို အခြားစောင့်ကြည့်လေ့လာအဖွဲ့များမှလည်းအတည်ပြုခဲ့ကြသည်။[93] စောင့်ကြည့်လေ့လာသူများနှင့်ပါတီကိုယ်စားလှယ်များမှ ရလာဒ်မှတ်တမ်းမိတ္တူများကို ကူးယူပိုင်ခွင့်မရှိသောကြောင့် မဲရုံတွင်အများပြည်သူဆိုင်ရာ ရလာဒ်များပြသခြင်းသည်အရေးကြီးသော ပွင့်လင်းမြင်သာမှု အစိတ်အပိုင်းဖြစ်သည်။

မဲရေတွက်ခြင်း လုပ်ငန်းစဉ်အဆုံးတွင် ပစ္စည်းများကို စီစဉ်တကျထုတ်ပိုး၊ ပိတ်စည်း၊ တံဆိပ်ကပ်ခဲ့ပြီးနောက် မြို့နယ်ကော်မရှင်ခွဲများသို့ပို့ခဲ့ကြသည်။ မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်းနှင့် မဲပေးပစ္စည်းများ ပို့ဆောင်ရေးအတွက် လိုအပ်သည့် ပစ္စည်းများမလုံလောက်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများစသည့် ပြ**ဿ**နာအနည်းငယ်ရှိခဲ့သည်။ မြို့နယ်အဆင့်သို့ ပို့ဆောင်သော ပစ္စည်းများအကြောင်း စောင့်ကြည့်လေ့လာသူများကို သိသာထင်ရှားသော ပြဿနာများကို အစီရင်မခံထားပေ။

မြန်မာနိုင်ငံ၏ လက်ရှိဥပဒေမူဘောင်သည် မဲရေတွက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို လုံလောက်စွာထိန်းညှိမပေးပေ။ ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများသည် စောင့်ကြည့်ခဲ့သော မဲရေတွက်ခြင်း အများစုသည် အပြုသဘောဆောင်ကြောင်း အကဲဖြတ်ခဲ့သော်လည်း ထိုလုပ်ထုံးလုပ်နည်းများ လစ်ဟာခြင်းသည် လုပ်ထုံးလုပ်နည်းများ မလိုက်နာသော ဖြစ်စဉ်များနှင့်

91 ပုံစံ၁၆ဆိုသည်မှာမဲရုံ ဝန်ထမ်းများမှအထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့်ပြည်နယ်/ တိုင်းလူမျိုးအသင်းအဖွဲ့များတွင်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီမှ ရရှိသောမဲဆန္ဒရှင်အရေအတွက်ကို မှတ်တမ်းတင်ခြင်းဖြစ်သည်။ ပုံစံ၁၆(အေ)သည်မဲရုံဝန်ထမ်းများမှ ပြည်နယ်/တိုင်းလူမျိုးအသင်းအဖွဲ့အတွက် တိုင်းရင်းသားကိုယ်စားပြု ကိုယ်စားလှယ်လောင်းများမှ ရရှိသည့်မဲ အရေအတွက်ကို မှတ်တမ်းတင်ရန်ဖြစ်သည်။

92 မဲရုံအရာရှိ၊လက်ထောက်မဲရုံအရာရှိနှင့် မဲရုံအသင်းအဖွဲ့ဝင်များအတွက် လမ်းညွှန်လုပ်ဆောင်ချက်များ၊ အချက်၅(ဒီ)(၁၆)၊

93 PACEမှမဲရုံများ၏ဂုရာခိုင်နှုန်းတွင် ပုံစံ၁၆ကိုမဖော်ပြကြောင်းခန့်မှန်းခဲ့သည်။PACE ၂၀၁၅ ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာ၊ စာမျက်နှာ၅၄၊ ကြည့်ရှုရန် http://pacemyanmar.org/wp-content/uploads/2016/02/PACE-Final-Report-Myanmar-Elections-2015-English.pdf.

မဲရေတွက်ခြင်း လုပ်ငန်းစဉ်အတွင်း အစီအစဉ်မကျခြင်း ဆီသို့ဦးတည် နေခဲ့သောသာ ဧကများအဖြစ် သတိထားမိခဲ့သည်။ မဲသက်တမ်းပေါ် တင်းကြပ်စွာညွှန်ကြားချက်များကြောင့် ပယ်မဲများကို စောင့်ကြည့် လေ့လာခဲ့သည့် မဲရေတွက်ခြင်းတဝက်ကျော်တွင် သတိထားစရာပြဿနာ ဖြစ်နေခဲ့သည်။ ပိုတိကျ သောနည်းလမ်းများနှင့် အပိုဆောင်းလေ့ကျင့်ရေးများသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးကြီးရှုထောင့်ကို ပိုမိုကောင်းမွန်စေရန် လိုအပ်သည်။

## မဲများကိုဇယားကွက်တွင်ထည့်သွင်းဖော်ပြခြင်း

မဲရလာဒ်များကို ဇယားကွက်တွင် ထည့်သွင်းဖော်ပြခြင်းသည် မဲဆန္ဒရှင်များ၏ အလိုကိုရောင်ပြန်ဟပ် စေသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်ရရှိစေရေးအတွက် အရေးကြီးသော အခန်းဂဏ္ဍတစ်ခု အနေဖြင့် ဖော်ပြနေသည်။ ဇယားကွက်တွင်ထည့်သွင်း ဖော်ပြခြင်းလုပ်ငန်းစဉ်များ တရားမျှတရန်၊ ဘက်လိုက်မှုမရှိ ရန်နှင့်ပွင့်လင်းမြင်သာစေရန် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများလိုအပ် သည်။ [94] သတင်းအချက် အလက်စုဆောင်းခြင်းနှင့် ဇယားကွက်တွင်ထည့်သွင်း ဖော်ပြခြင်းလုပ်ငန်း စဉ်များအတွင်း စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ တည်ရှိနေခြင်းသည် ရွေးကောက်ပွဲပြည့်စုံမှုနှင့် ပွင့်လင်းမြင်သာမှုများ သေချာစေခြင်း၏ အရေးပါသောအပိုင်းဖြစ်သည်။ [95]ရလာဒ်များအတွက်အပြည်ပြည်ဆိုင်ရာ ကောင်းသောအလေ့အကျင့်သည် ၎င်းတို့ကို ပွင့်လင်းမြင်သာ မှုအာမခံရန်ဆုံးဖြတ်ထားပြီး မကြာမီ အများပြည်သူများထံသို့ ဖော်ထုတ်ပြခဲ့ခြင်းဖြစ်သည်။ [96] အချို့ မြို့နယ်များတွင် ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများသည် ဇယားကွက်တွင်ထည့်သွင်း ဖော်ပြခြင်း ညွှန်ကြားချက်များနှင့် အစီအစဉ်မကျ ကြောင်းဝန်ထမ်းများကြားရှုပ်ထွေးနေကြောင်း သတိထားခဲ့သည်။ ထိုမဲဆန္ဒနယ်များသည် လုပ်ငန်းစဉ်အားလုံး၏ ပြည့်စုံမှုကို အကျိုးသက်ရောက် စေရန် ပေါ်ထွက်လာခြင်းမရှိခဲ့ပေ။

ကာတာစင်တာသည် မြို့နယ် ၂၂ မြို့နယ်တွင် ဇယားကွက်တွင် ထည့်သွင်းဖော်ပြခြင်းနှင့် တိုင်းဒေသ ကြီးသုံးခုရ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲများ ရေတွက်ခြင်းတို့ကို စောင့်ကြည့်လေ့လာခဲ့

[94] UDHR,အပိုဒ်၂၁၊ ICCPR,အပိုဒ်၂၅(ဘီ)၊ UNHRC ယေဘုယျမှတ်ချက်၂၅၊စာပိုဒ်၂၀

[95] UDHR,အချက်၂၁၊ ICCPR, အချက်၂၅(ဘီ)၊ UNHRC ယေဘုယျမှတ်ချက်၂၅၊စာပိုဒ်၂၀

[96] UNHRC အထွေထွေမှတ်ချက်၃၄မှ ICCPR ၏ ပုဒ်မ၁၉၊ အပိုဒ်၁၉တွင်အသေးစိတ် ဖော်ပြထားသည်မှာ "သတင်းအခက်အလက်များရယူ သုံးစွဲခွင့်ကိုအကျိုးသက်ရောက်မှုပေးရန်၊ ပြည်ထောင်စုပါတီများမှအများပြည်သူအကျိုးစီးပွား၏ အများပြည်သူစိုးမိုးအုပ်ချုပ်ခွင့်ရှိသော အစိုးရ၏သတင်းအချက်အလက်များကို တက်ကြွစွာတင်သွင်းသင့်သည်။ "ထို့အပြင်အပိုဒ်၁၈တွင်အသေးစိတ်ဖော်ပြထားသည်မှာ ပုဒ်မ ၁၉ ကို အများပြည်သူရေးရာသတင်း အချက်အလက်များကိုရယူနိုင်ခွင့်သေချာစေရန်ပုဒ်မ ၂၅နှင့် တွဲဖက်ဖတ်ရန်ဖြစ်သည်။ ကောင်းသော အလေ့အကျင့်၏ ဥပမာတစ်ခုအဖြစ်ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများတွင် ဗင်းနစ်ကော်မရှင်၏ ကောင်းသောအလေ့အကျင့်၊ အပိုင်း၃.၂.(၁၄)တွင်ဖော်ပြထားသည်မှာ"ရလာဒ်များကိုပွင့်လင်းသောနည်းဟန်ဖြင့်မြင့်မားသောအဆင့်သို့ထုတ်လွှင့်ခွင့်ရှိရမည်။"

သည်။ [97] အဓိကကာတာစင်တာ စောင့်ကြည့်လေ့လာသူအသင်းများသည် သတင်းအချက်အလက် စုဆောင်းခြင်းနှင့် ဇယားကွက် တွင်ထည့်သွင်းဖော်ပြခြင်း လုပ်ငန်းစဉ်များကို လုံထောက်စွာ စောင့်ကြည့် လေ့လာနိုင်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။ သို့သော်လည်း မြို့နယ်လေးမြို့နယ်တွင် စောင့်ကြည့်လေ့လာ သူများသည် လုပ်ငန်းစဉ်ကိုလေ့လာ ကြည့်ရန်ငြင်းပယ်ခံခဲ့ရခြင်း သို့မဟုတ် ၎င်းတို့၏ စွန်းရည်ကို အကျိုးရှိစွာ လေ့လာစောင့်ကြည့်ရာတွင်တား မြစ်ခံခဲ့ရသည်။ အထူးသဖြင့်ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်၌ မဲဇယားကွက်တွင် ထည့်သွင်းဖော်ပြခြင်းကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် ခွဲရုံးတွင် တံခါးပိတ်လုပ်ဆောင်ခဲ့ကြပြီး ကိုယ်စားလှယ်လောင်းများနှင့် စောင့်ကြည့်လေ့လာသူများအား လေ့လာကြည့်ရှုရန် ငြင်းပယ်ခဲ့ကြသည်။ ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများသည် ချင်းပြည် နယ်ရှိ သဲဒင်း၊ ရှမ်းပြည်နယ်ရှိ ကလောနှင့် ရခိုင်ပြည်နယ်ရှိ မြောက်ဦးတို့တွင် ဇယားကွက်ထည့်သွင်း ဖော်ပြခြင်း လေ့လာခွင့်ကို တားမြစ်ခံခဲ့ရသည်။

ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ကာတာစင်တာ၏ စောင့်ကြည့် လေ့လာသူများရှိနေခဲ့သော နေရာအများစုတွင် ဇယားကွက်ထည့်သွင်း ဖော်ပြခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာရန် ခွင့်ပြုခံခဲ့ရသည်။ သို့သော် ထိုပြည်တွင်း စောင့်ကြည့်လေ့လာသူများသည် ရှမ်းပြည်နယ်ရှိ ကျိုင်းတုံနှင့် ချင်းပြည်နယ်ရှိ သဲဒင်းတို့တွင် ဇယားကွက်ထည့်သွင်း ဖော်ပြခြင်း လုပ်ငန်းစဉ် လေ့လာခွင့်တားမြစ်ခံခဲ့ရသည်ကို ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိခဲ့သည်။ PACEသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာသူများကို စေလွှတ်ထားခဲ့သည့် မြို့နယ် စင်တာ (၄၁)ခုတွင် ဇယားကွက်ထည့်သွင်းဖော်ပြခြင်း လုပ်ငန်းစဉ်ကို” စောင့်ကြည့် လေ့လာခြင်းကို ဖွင့်ထားသည်” အဖြစ်လေ့လာခွင့်ရခဲ့သော်လည်း မဲရုံရလာဒ်များပုံစံ များကိုကြည့်ရန် အမြဲပေးခံခဲ့ခြင်း မရှိသည်ကိုဂရုပြုခဲ့သည်။[98]

အပြီးသတ် မဲဆန္ဒနယ်ရလာဒ်များ (ပုံစံ၁၉) ကို ပြည်ထောင်စုအဆင့် စစ်ဆေးမှုမလုပ်ခင် မြို့နယ်အဆင့်ရလာဒ်များကို အများပြည်သူထံသို့ မဖော်ထုတ်ရန် နိုဝင်ဘာ၄ရက်နေ့တွင် ထုတ်ပြန်ခဲ့သော UEC ၏ညွှန်ကြားချက်နှင့် အညီ နေရာအမြောက်အမြားတွင် ဖော်ထုတ်ပြသခြင်း မလုပ်ခဲ့ပေ။[99]

---

97 ကာတာစင်တာမှစောင့်ကြည့်လေ့လာသူများသည် ထိုလုပ်ငန်းစဉ်များကိုနိုဝင်ဘာလ၈ရက်မှ၁၀ရက်နေ့ထိစောင့်ကြည့်လေ့လာခဲ့သည်။

98 PACE၏၂၀၁၅ရွေးကောက်ပွဲများစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ၊ စာမျက်နှာ၅၅၊ www.pacemyanmar.org/တွင်ရယူနိုင်သည်။}

99 PACEမှနိုဝင်ဘာ၉ရက်နေ့တွင်ပုံစံ၁၉များကို စောင့်ကြည့်လေ့လာခဲ့သောဇယားကွက်ထည့်သွင်းဖော်ပြခြင်း၏ ”ထက်ဝက်ထပ်အနည်း ငယ်ပို၍” ဖော်ပြခဲ့သည်ဟုခန့်မှန်းခဲ့သည်။ PACE ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ၊ စာမျက်နှာ ၁၃ကို http://pacemyanmar.org/wp-content/uploads/2016/02/PACE-Final-Report-Myanmar Elections 2015 English . pdf တွင်ရရှိနိုင်သည်။

ပုံစံ၁၉၏ ပြည်သူကြားထုတ်ဖော်ပြမှုမရှိခြင်းသည် ကိုယ်စားလှယ်လောင်းများ၊ ပါတီကိုယ်စားလှယ်များနှင့် သာမန်နိုင်ငံသားများ၏ စွမ်းရည်ကိုမြို့နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ထုတ်ခဲ့သည့်ပုံစံများကို ဆန့် ကျင်**၍**မဲရုံရလာဒ်များကို အမှီခိုကင်းစွာ ထောက်ခံအတည်ပြုရန် ကန့်သတ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိဥပဒေမူဘောင်သည် ဇယားကွက်ထည့်သွင်း ဖော်ပြခြင်း၏ရလာဒ်များအတွက် လုပ်ထုံးလုပ်နည်းများအား လုံလောက်စွာ ထိန်းညှိမပေးနိုင်ပေ။ လက်တွေ့ဇယားကွက်ထည့်သွင်း ဖော်ပြခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် ပညာရှင်ပီသသောနည်းဟန်ဖြင့် အပိုင်းအများစုကိုဦးစီး ပြုလုပ်နေစဉ်တွင် လုပ်ထုံးလုပ်နည်းများ မရှိခြင်း သို့မဟုတ် ဇယားကွက် ထည့်သွင်းဖော်ပြခြင်း ဆောင်ရွက်နေစဉ် မဆီလျော်သော ညွှန်ကြားချက်များပါဝင် အကြံပြုခဲ့ကြသည်။ ဇယားကွက်ထည့်သွင်းဖော်ပြခြင်းလုပ်ထုံးလုပ်နည်းကို သင်တန်းပေးသကဲ့သို့ ရှင်းလင်းပြီးပြည့်စုံ စေ့စပ်သော ညွှန်ကြားချက်သည် နောင်ရွေးကောက်ပွဲများ အကြိုစောင့်ကြည့်လေ့လာခဲ့သည့် ပြ**ဿ**နာများ ပြောဆိုရာတွင် ကူညီနိုင်လိမ့်မည်။

## ရလာဒ်များကြေငြာခြင်း

ရလာဒ်များ ဇယားကွက်ထည့်သွင်း ဖော်ပြခြင်းပြီးနောက် မြို့နယ် နှင့် တိုင်းဒေသကြီးအဆင့် ကော်မရှင်ခွဲများသည် ပြည်နယ်နှင့် တိုင်းကော်မရှင်ခွဲများသို့ စစ်ဆေးအတည်ပြုရန်နှင့် တရားဝင်ထုတ်ပြန်ရန်ပေးပို့ခဲ့သည်။ ပြည်နယ်နှင့် တိုင်းကော်မရှင်ခွဲများမှ တရားဝင်ရလာဒ်များရရှိသည်နှင့် တပြိုင်နက် နိုဝင်ဘာ၉ရက် နေ့မှစတင်ကာ UECသည် တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ မဲဆန္ဒနယ်အုပ်စုများဆီသို့ ထိုရလာဒ်များကို ထုတ်ပြန်ကြေငြာခဲ့ပြီး ဝေးလံခေါင်းဖျားသောနေရာများမှ နောက်ဆုံးရလာဒ်များကို နိုဝင်ဘာလ၂၀ရက်နေ့တွင် ကြေငြာခဲ့သည်။ [100] ကာတာစင်တာသည် အချို့သော မဲဆန္ဒနယ်များမှ ရလာဒ်များအစီရင်ခံခြင်းသည် နောက်ကျကြောင်း မီဒီယာတွင်အချို့ ဝေဖန်မှုများ ဖြစ်စေကာမူ မဲဆန္ဒနယ်ရလာဒ်များကို အချိန်မီ ထုတ်ပြန်ခဲ့ကြောင်းတွေ့ရှိခဲ့သည်။ သို့သော် လုပ်ငန်းစဉ်ပွင့်လင်းမြင်သာမှု မြင့်မားလာစေရန်အတွက် မဲရုံရလာဒ်ကို လူသိရှင်ကြားလုပ်နိုင်ခြင်းသည် နောင်ရွေးကောက်ပွဲများအတွက် အရေးကြီးသည်။

NLDသည် ပြည်နယ်နှင့် တိုင်းဒေသဆိုင်ရာ အသင်းအဖွဲ့များ ၁၄ခု၏ ၁၀ခုတွင် အရေးကြီး အမတ်နေရာများနှင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်များတွင် တင်မြောက်ခဲ့သည့် အမတ်နေရာများ၏ ၇၉ရာခိုင်နှုန်းထက်ပို၍ ရယူခဲ့ပြီးရွေးကောက်ပွဲတွင် အကြီးမားဆုံးအနိုင်ရသူအဖြစ် ပေါ်ထွက်လာခဲ့သည်။ [101] USDPသည်အထက်နှင့် အောက်လွှတ်တော်များတွင် ရွေးကောက်

---

[100] မဲဆန္ဒနယ်မှရလာဒ်များအပြည့်အစုံ (ဗမာဘာသာဖြင့်)ကို www.uecmyanmar.org.တွင်ရနိုင်သည်။

[101] NLDသည်အမျိုးသားရေးဥပဒေပြုလွှတ်တော်တွင် ပါတီများကိုပေးသော စုစုပေါင်းအမတ်နေရာ ၃၉၀တွင် အောက်လွှတ်တော်အမတ်နေရာပေါင်း၂၄၅ နေရာနှင့်အထက်လွှတ်တော်အမတ် နေရာပေါင်း၁၃၅နေရာတို့အားအနိုင်ရခဲ့သည်။}

တင်မြောက်ခဲ့သည့် အမတ်နေရာများ၏ ရှစ်ရာခိုင်နှုန်းကိုအနိုင်ရခဲ့သည်။ [102] အထက်လွှတ်တော်တွင် အမတ်နေရာတစ်နေရာအနိုင်ရခဲ့သော အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (NUP)၏ချွင်းချက်နှင့် အတူအမျိုးသားဒီမိုကရက်တစ် အင်အားစုကဲ့သို့ သောယခင်ဥပဒေပြဌာန်းချက်များဖြင့် ဆုပ်ကိုင်ခဲ့သောအမတ်နေရာများ အပါအဝင်တိုင်းရင်းသား မဟုတ်သော အမျိုးသားရေးပါတီများသည် အမျိုးသားရေး ဥပဒေပြဌာန်းချက်ဖြင့် အမတ်နေရာများ အနိုင်ရခဲ့ခြင်းမရှိပေ။

တိုင်းရင်းသားပါတီများသည် ပြည်နယ်အဖွဲ့များနှင့် အမျိုးသားရေးဥပဒေပြဌာန်းချက်တွင် မျှော်မှန်းထားသည်ထက်နည်းသော အမတ်နေရာများအနိုင်ရခဲ့သည်။ အမျိုးသားရေးလွှတ်တော်အတွက် ကိုယ်စား လှယ်လောင်းများလျာထားသည့် တိုင်းရင်းသားပါတီ (၅၅)ခု၏ လေးဆယ့်ငါးခုသည် အမတ်နေရာတစ်နေရာကိုမှ အနိုင်ရခဲ့ခြင်းမရှိပဲ ပြည်နယ်အဆင့်၌ အဓိကတစ်နေရာမှ အနိုင်မရခဲ့ပေ။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ဒီမိုကရေစီအတွက် ရှမ်းတိုင်းရင်းသားလူမျိုးများ ပေါင်းစပ်ဖွဲ့စည်းထားသော အသင်း(SNLD)တို့သည်ရွေးကောက်ပွဲတွင် အအောင်မြင်ဆုံး တိုင်းရင်းသားပါတီများဖြစ်သည်။ ANP သည် ရခိုင်ပြည်နယ်အဖွဲ့တွင်အများ (၄၇နေရာ၏၂၃နေရာ)နှင့် အမျိုးသားရေးဥပဒေပြုလွှတ်တော်တွင် အမတ်နေရာ၂၂နေရာကို အနိုင်ရခဲ့သည်။ SNLDသည် ရှမ်းပြည်နယ်အဖွဲ့တွက် နေရာအမြောက်အမြားနှင့် အမျိုးသားရေးဥပဒေပြုလွှတ်တော်တွင် အမတ်နေရာ ၁၅နေရာကို အနိုင်ရခဲ့သည်။ သို့သော် ဒေသအများစုတွင် NLD အတွက်ပျံ့နှံ့စွာ မဲပေးခဲ့သည့် တိုင်းရင်းသားလူဦးရေများ ပေါ်ထွက်ခဲ့သည်။တိုင်းရင်းသားပါတီခေါင်း ဆောင်အများစုကို ရလာဒ်များ လက်ခံရန်နှင့် အာဏာလွှဲပြောင်းခြင်းချောမွေ့စေရန်အတွက်ခေါ်ခဲ့သည်။

မည်သည့် ပါတီမှ မူဆလင်မဟုတ်သော ကိုယ်စားလှယ်လောင်းများသည် ပါလီမန်၏အထက်နှင့် အောက်လွှတ်တော်များ သို့မဟုတ် ပြည်နယ်နှင့်တိုင်းဒေသအဖွဲ့များတွင် အမတ်နေရာကို အနိုင်ရခဲ့သည်။

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တွင်အမျိုးသမီးများပူးပေါင်းပါဝင်ခြင်း

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် အနည်းငယ်ဆက်စပ်နေသော ပါတီဖြစ်သော်လည်း နိုင်ငံကို အမျိုးသမီးများအားဆန့်ကျင်သော ခွဲခြားဆက်ဆံရေးပုံစံအားလုံးကို ဖျက်သိမ်းရေးပေါ်သဘောတူညီချက်ကို အတည်ပြုခဲ့သည်။ CEDAWသည်နိုင်ငံ၏ အများပြည်သူ့ဘဝနှင့် နိုင်ငံရေးဆိုင်ရာများတွင် အမျိုးသမီးများကို ဆန့်ကျင်သောခွဲခြားဆက်ဆံမှုကို

[102] USDPသည်အောက်လွှတ်တော်အမတ်နေရာ ၃၀နှင့်အထက်လွှတ်တော်အမတ်နေရာ၁၁၊စုစုပေါင်း အမတ်နေရာပေါင်း၄၁နေရာကို အနိုင်ရခဲ့သည်။

ဖျက်သိမ်းရန်နှင့် အမျိုးသမီးများကိုယ်စားလှယ် လောင်းအဖြစ် မဲပေးနိုင်ခွင့်ရှိစေရန်၊ အများပြည်သူ မူဝါဒတွင်ပါဝင်ရန်နှင့် အမျိုးသားများနှင့် တန်းတူအစိုးရ မဟုတ်သော အဖွဲ့အစည်းများတွင်ပါဝင်ရန် မြန်မာနိုင်ငံကို လွှဲအပ်ခဲ့သည်။[103]

## နိုင်ငံရေးတွင်ပါဝင်ခြင်း

၂၀၁၅ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုအဆင့်၌ ရွေးကောက်တင်မြှောက်မည့် အမတ်နေရာများ၏ ၁၃ရာခိုင်နှုန်းနှင့်ပြည်နယ်နှင့် တိုင်းအဆင့်၌ ၁၂.၅ရာခိုင်နှုန်းနှင့် ညီမျှသော အမျိုးသမီးများအားလုံးပေါင်း ၁၄၆ဦး (ပြည်ထောင်စုအဆင့်တွင် ၆၇ဦးနှင့် ပြည်နယ်နှင့် တိုင်းဒေသဆိုင်ရာ အဆင့်တွက် ၇၉ဦး)သည်ရွေးချယ်ခြင်းခံခဲ့ရသည်။ ရွေးကောက်တင်မြှောက်ခဲ့သည် တိုင်းရင်းသားရေးရာ ဝန်ကြီးများ၂၉ဦး၏ ငါးဦး(၁၇.၂ရာခိုင်နှုန်း)သည် အမျိုးသမီးများဖြစ်ကြသည်။ ရွေးကောက်တင်မြှောက်ခဲ့သည့်အမျိုးသမီးများအရေအတွက်သည် အပြည့်အဝတန်းတူပါဝင်ခဲ့သည်နှင့် ယှဉ်လျှင် နည်းနေသော်လည်းဤသည်မှာယခင်ပါလီမန်လွှတ်တော်မှတိုးတက်လာမှုတစ်ခုဖြစ်သည်။

ကိုယ်စားလှယ်လောင်းများအဖြစ် အမျိုးသမီးများပါဝင်လာခြင်းသည် ပုံစံပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ ကိုယ်စားလှယ်လောင်းများ ၆၀၃၉ဦးအနက် ၈၀၀ဦး သို့မဟုတ် ၁၃ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြသည်။ ဤသည်မှာ အမျိုးသမီးကိုယ်စားလှယ်ပေါင်း ၁၀၀ဦးကျော်သာ ရှိခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲကျော် တိုးတက်မှုတစ်ခုအဖြစ် ကိုယ်စားပြုနေသော်လည်း အမျိုးသမီးများပါဝင်ခြင်း တိုးပွားလာရန်အတွက် သိသိသာသာနယ်ပယ်အဖြစ်ကျန်နေသေးသည်။[104]

အမျိုးသမီးများသည် အထူးသဖြင့် အိမ်တိုင်ရာရောက် စည်းရုံးလှုံ့ဆော်ခြင်းနှင့် အခြေခံ လူတန်းစား စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ချက်များတွင် တက်ကြွစွာပါဝင်သည်ကို ကာတာစင်တာ၏ စောင့်ကြည့်လေ့လာသူများမှ သတိပြုမိခဲ့သည်။ လေးစားကြည်ညိုထိုက်သော ပါတီ၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် NLD ၏ တနိုင်ငံလုံးဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးအဓိက အချက်ဖြစ်ခဲ့သည်။ သို့သော်အမျိုးသမီးများသည် စည်းရုံးလှုံ့ဆော်ရေးအဖြစ်အပျက်များ သို့မဟုတ် စည်းရုံးလှုံ့ဆော်ရေး ကဏ္ဍများတွင် ပေါ်ပေါ်လွင်လွင် ထင်ရှားနေခြင်းမရှိခဲ့ပေ။ အမျိုးသမီးများသည် ရွေးကောက်ပွဲနေ့တွင် အရပ်ဖက်အသိုင်းအဝိုင်းစောင့် ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များအနေဖြင့် အရေအတွက်အများအပြားပါဝင်ခဲ့ကြသည်။

---

[103] CEDAW,အချက်၇

[104] ၂၀၁၀တွင်အမျိုးသမီးကိုယ်စားလှယ်အရေအတွက်ကိန်း ဂဏန်းသည်ရင်းမြစ်ကြောင့်အမျိုးမျိုးဖြစ်သည်၊ ၁၀၁မှ၁၂၇ကြားရှိသည်။

**ရွေးကောက်ပွဲအုပ်ချုပ်ရေး**

အမျိုးသမီးများသည် အစိုးရထူထောင်ခြင်းများ တလျှောက်ကိုယ်စားပြုခြင်း များမရှိခဲ့ခြင်း၏ ပြန်လည်သုံးသပ်စရာဖြစ်နေခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာအပိုင်းများတွင် ကိုယ်စားပြုခြင်း သည်အောက်၌သာ ဖြစ်နေခဲ့သည်။ ကာတာစင်တာမှလေ့လာခဲ့သော ပြည်နယ်နှင့် တိုင်းဒေသဆိုင်ရာ ကော်မရှင်ခွဲများတွင် ယေဘူယျအားဖြင့် အမျိုးသမီးအရေအတွက် တစ်ဦးနှင့်သုံးဦးကြားရှိနေစဉ် နေပြည် တော်ရှိ UEC တွင် ဒေါက်တာဒေါ်မြင့်ကြည်ဟု ခေါ်သောအမျိုးသမီးအဖွဲ့ဝင်တစ်ဦးသာ ရှိနေသည်။ (ရှမ်း ပြည်နယ်ရှိ ကိုယ်တိုင်အုပ်ချုပ်ရေး ဖုံပအိုနှင့်မန္တလေးရှိ ကျောက်ဆည်တွင် ငါးဦးနှင့် ဧရာဝတီတိုင်းရှိ ဇလွန်တွင် အမျိုးသမီးအသင်းသားဖြေယောက်ကဲ့သို့သော) နေရာတို့တွင် အပြုသဘော ချွင်းချက်များ ရှိနေသော်လည်း မြို့နယ်ကော်မရှင်ခွဲအဆင့်၌ အမျိုးသမီးများ ကိုယ်စားပြုခြင်းသည် တူညီစွာဆင်းရဲကြသည်။ ထိုအ ရာသည်နေရာအများအပြားတွင် အမျိုးသမီးများအများစု ရှိနေသောရွေးကောက်ပွဲနေ့တွင် မဲရုံဝန်ထမ်းများ ဖွဲ့စည်းမှုနှင့်ကြီးမားစွာနှိုင်းယှဉ်နိုင်သည်။ လေ့လာခဲ့သောမဲရုံများ ၇၅ရာခိုင်နှုန်းတွင်များ သောအားဖြင့် ဆရာမများကို မဲရုံဝန်ထမ်းများအဖြစ် ခန့်ထားသည့်အချက်ကြောင့် တာဝန်ရှိသူများသည် အဓိကအားဖြင့် အမျိုးသမီးများဖြစ်နေခဲ့သည်ကို စင်တာစောင့်ကြည့် လေ့လာသူများမှ တွေ့ရှိခဲ့သည်။

ရွေးကောက်ပွဲအကြို ကာလတွင် UEC သည် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကိုတိုးမြှင့်ရန် အစဦးချဲ့ထွင်ခဲ့ကြသည်။ UEC သည်၎င်းကျား/မ ဆိုင်ရာမူဝါဒအကြမ်းကို နောက်ဆုံးသတ်ခဲ့ပြီး အရပ်ဖက်လူမှု အသိုင်းအ ဝိုင်းအဖွဲ့အစည်းများတွင် ထင်မြင်ချက်များအတွက် ၂၀၁၅ခုနှစ်မတ်လတွင်ပျံ့နှံ့စေခဲ့သည်။ ထိုမူဝါဒသည်UEC ၏ အလုပ်မဏ္ဍိုင်များကို ဖြတ်၍ကျား/မညီမျှရေး အမည်တပ်ထားသော လုပ်ဆောင်ချက်များဟုခေါ်သည်။ ဥပဒေနှင့်လက်တွေ့ နှစ်ခုလုံးတွင် ကျား/မ ညီမျှမှုသေချာစေရန် CEDAW အောက်ရှိနိုင်ငံ၏ အပြည် ပြည်ဆိုင်ရာ တာဝန်များကို အသိပေးခြင်းသည် UEC မူဝါဒကို လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်းနှင့်ခွဲခြား ဆက်ဆံခြင်းမူဝါဒများ၊ သင်တန်းများနှင့် ရွေးကောက်ပွဲရုံးများစုဆောင်းခြင်း နှင့်ပြန်လည်ပြုပြင်ဖွဲ့စည်းချိန်တွင် ကျား/မ ညီမျှစေရန် လိပ်မှုသည်ကို အတည်ပြုစေသည်။ UEC ၏ မူဝါဒတွင်အမျိုးသမီးများကိုနစ်နာစေ ခြင်းမရှိခြင်း၊ မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအဖြစ် အမျိုးသမီးများ ပူးပေါင်းပါဝင်ခြင်းကို တိုးမြှင့်ရန်နှင့် သတ်မှတ်ထားသော မဲဆန္ဒရှင်ပညာပေးဆောင်ရွက်ချက်များမှ တဆင့်သတင်းအချက်အလက်များကို လက်လှမ်းမီခြင်း သေချာစေရန်တို့ပါဝင်ခဲ့သည်။

အနှစ်ချုပ်အားဖြင့်၊ ကိုယ်စားလှယ်လောင်းများအဖြစ် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ခြင်းနှင့် ရွေးကောက်တင်မြှောက်သည့် အပိုင်းများတွင်၎င်းတို့၏ ကိုယ်စားပြုမှုသည်တိုးတက်မှုအတွက်

သိသာထင်ရှားသော နယ်ပယ်ဖြစ်သော်လည်း ယခင်ရွေးကောက်ပွဲများကို ကျော်လွန်တိုးမြှင့် လာခဲ့သည်။ ထည့်သွင်းစဉ်းစား ခြင်းအတွက်ဆောင်ရွက်ချက်များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ခြင်းကို အားပေးရန်နိုင်ငံရေးဆိုင်ရာ ပါတီနှင့်စည်းရုံးလှုံ့ဆော်ရေး ငွေကြေးပြဌာန်းချက်များ အထူးသဖြင့် အများပြည်သူငွေကြေးထောက်ပံ့မှု ပြဌာန်းချက်၊ နောင်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ပူးပေါင်းပါဝင်ရန်ထည့်သွင်း စဉ်းစားထားသူ အမျိုးသမီးများအတွက် သင်တန်းများနှင့်UEC၊ ကော်မရှင်ခွဲများနှင့်အစိုးရ၏ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသအဆင့်များရှိ ခေါင်းဆောင်မှုနေရာများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုခြင်း တိုးတက်လာစေရန် အစိုးရမူဝါဒတို့ ပါဝင်နိုင်သည်။

## ရွေးကောက်ပွဲလုံခြုံရေး

လူများလုံခြုံခွင့်တွင် အကျပ်ကိုင်မှုခြောက်လှန့်မှုနှင့် အကြမ်းဖက်မှုတို့မှ စောင့်ကြည့်လေ့လာသူများ၊ မဲရုံအရာရှိများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များ၏ အကာအကွယ်တို့ပါဝင်သည်။[105]

ရွေးကောက်ပွဲအကြိုကာလ၏ လုံခြုံရေးအစီအစဉ်သည် အကဲဖြတ်ရန်ခက်ခဲခဲ့သည်။ ရွေးကောက်ပွဲလုံခြုံမှုစီမံခန့်ခွဲရေး ကော်မတီများစတင်ဖွဲ့စည်းခြင်းကို တရားဝင်ခွင့်ပြုထားသည့် ရွေးကောက်ပွဲမတိုင်မီ အများပြည်သူအားအမြဲ မလုပ်ခဲ့သောညွှန်ကြားချက်ကို တိုတောင်းစွာ ထုတ်ပြန်အစီရင်ခံခဲ့သည်။ ကော်မတီများသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသဆိုင်ရာ နယ်စပ်နှင့်လုံခြုံရေးရာဝန်ကြီး၊ GADအရာရှိများပါဝင်သော အသင်းဝင်များ၊ ရဲ၊ တပ်မတော်နှင့် ရွေးကောက်ပွဲကော်မရှင်ခွဲ၏ ကိုယ်စားလှယ်များအားဖြင့် နေရာယူထားသည်။ ကာတာစင်တာမှစောင့်ကြည့်လေ့လာသူများမှ ထိုကော်မတီများ၏ အခန်းကဏ္ဍသည်လက်တွေ့ တွင်မရှင်းလင်းသော်လည်း နိုင်ငံတလျှောက်ကော်မတီများဖွဲ့စည်းထားခဲ့သည်ကို အတည်ပြုခဲ့သည်။ စင်တာစောင့်ကြည့်လေ့လာသူများလေ့လာခဲ့သည့် နေရာအများအပြားတွင် ဒေသရွေးကောက်ပွဲအပိုင်းများတွင် ရဲများမှလုံခြုံရေးနှင့်ဆိုင်သောမေးခွန်းများ ထုတ်ခြင်းကိုရှောင့်ဆိုင်းခဲ့ပြီး ယေဘုယျအားဖြင့် ရွေးကောက်ပွဲနေ့ လုံခြုံရေးအတွက် တာဝန်ရှိသည်ဟု အခိုင်အမာဆိုခဲ့သည်။ ရွေးကောက်ပွဲနေ့လုံခြုံရေးအတွက် အထူးရဲများ ၄၀၀၀၀ခန့်အပ်ခြင်းသည်လည်း ရွေးချယ်ခန့်အပ်ခြင်းလုပ်ငန်းစဉ်၊ အရည်အချင်းလိုအပ်ချက်များ၊

[105] ICCPR,အချက်၉နှင့်၂၅၊ UNHRC, ယေဘုယျမှတ်ချက်၂၅၊ ”လူများသည်ရွေးကောက်ပွဲ အတွက်မဲဆန္ဒရှင်၏ အလိုဆန္ဒကို တားဖြစ်ခြင်းသို့မဟုတ် မှောက်လှန်ခြင်းဖြစ်စေသော မည်သည့်အကြမ်းဖက်မှုသို့မဟုတ်လွန်ကဲလွှမ်းမိုးမှုများ မပါပဲမည်သည့် ကိုယ်စားလှယ်လောင်းကို မဆိုမဲပေးနိုင်ခွင့်၊ ဆန္ဒခံယူပွဲများအတွက်သို့မဟုတ် ဆန့်ကျင်သောမည်သည့်အဆိုပြုလွှာကိုမဆိုတောင်း ဆိုခြင်းနှင့်အစိုးရကို လွတ်လပ်စွာထောက်ခံခြင်းသို့မဟုတ် ဆန့်ကျင်ခြင်းများကိုလုပ်ကိုင်နိုင်ခွင့်ရှိသည်။ မဲဆန္ဒရှင် များသည်အကြမ်းဖက်မှု သို့မဟုတ်ခြိမ်းခြောက်မှု၊ မဖြစ်မနေလုပ်ရခြင်း၊ လာဘ်ထိုးခြင်းသို့မဟုတ် လွှမ်းမိုးမှုကိုကြိုးကိုင်ခြင်းများမှ ကင်းဝေးခြင်းပြီးလွတ်လပ်စွာထင်မြင်ချက်များ လုပ်ဆောင်နိုင်ရမည်။”

သင်တန်းနှင့် အများပြည်သူနှင့် စောင့်ကြည့်လေ့လာသူအဖွဲ့များသို့ လုံလောက်စွာ ရှင်းလင်းခြင်းများ ဘယ်သောအခါမှ မလုပ်ခဲ့သောထိုအရန်ရဲများအတွက် ၎င်းတို့၏လုပ်ပိုင်ခွင့်အတိုင်းအတာများ စသည့် စိုးရိမ်ပူပန်မှုများကိုမြင့်တက်စေသည်။

ရွေးကောက်ပွဲနေ့သည် ရွေးကောက်ပွဲများဖျက်သိမ်းခံခဲ့ရသည့် နေရာများမှလွဲ၍ မဲရုံများဖွင့်ခဲ့သည့် မြန်မာနိုင်ငံတဝှမ်းတွင်အလွန်ပင်ငြိမ်းချမ်းခဲ့သည်၊ ပတ်ဝန်းကျင်မှ မဲဆန္ဒရှင်များအား ၎င်းတို့ မဲပေးခွင့်ကို လက်တွေ့လုပ်ဆောင်ရန် ခွင့်ပြုခဲ့ကြသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ အချို့နေရာများတွင် ရွေးကောက်ပွဲနေ့တဝိုက် လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအဖွဲ့များကြား တိုက်ခိုက်ခြင်းများ ဖြစ်ခဲ့သော်လည်း ၎င်းတို့ ဖွင့်လှစ်ခဲ့သည့် မဲရုံများကိုသွားခြင်းမှ မဲဆန္ဒရှင်များအား ကာကွယ်ထားသော တိုက်ခိုက်ခြင်းအစီရင်ခံခြင်းများမရှိခဲ့ပေ။ဖျက်သိမ်းခြင်းများအတွက်ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုမရှိ ခြင်းနှင့်အတူ အချို့နေရာများတွင် ဒေသကျေနပ်ခြင်းများ မရှိစေကာမူမဲရုံများ ဖျက်သိမ်းခဲ့သော နေရာများတွင် လုံခြုံမှုမရှိသည်ကိုအစီရင်ခံခြင်းများလည်းမရှိခဲ့ပေ။

သီးခြားဖြစ်သော မဲရုံများတွင်အဓိက အနှောင့်အယှက်များနှင့်ဖြစ်ရပ်များ မဟုတ်ပဲ အနည်းငယ်သော ဖြစ်ရပ်များသာလျှင် ရွေးကောက်ပွဲနေ့တဝိုက်နှင့် ရွေးကောက်ပွဲနေ့တွင်အစီရင်ခံခဲ့ရသည်။ နေရာအများ စုတွင်လက်နက်ကိုင်ဆောင်ထားခြင်း မရှိသောယာယီအထူးရဲများကို မဲရုံတစ်ရုံတွင် အရာရှိ တစ်ယောက်ထားခဲ့ပြီး အချိန်ပြည့်ရဲများကို ထောက်ပံ့ပေးသော အခန်းကဏ္ဍအနေဖြင့် ပါဝင်ခဲ့သည်။ ထိုအထူးရဲများမှလုပ်ငန်း စဉ်တွင်ပါဝင်စွက်ဖက် ခဲ့ကြသည်ဟု အစီရင်ခံခဲ့ရခြင်းမရှိပဲ ၎င်းတို့သည် ပညာရှင်ပီသစွာ ၎င်းတို့၏ အလုပ်ကိုလုပ်ဆောင်ခဲ့ကြသည်ဟုပေါ်လွင်နေသည်။

အချုပ်အားဖြင့် ရွေးကောက်ပွဲသည် နိုင်ငံတကာ စံညွှန်းမှားနှင့် အပြောင်းအလဲမရှိပဲမဲပေးခြင်းများလုပ် ဆောင်ခဲ့သော နေရာများတွင် အဓိကလုံခြုံရေးဖြစ်ရပ်များမရှိပဲ မဲဆန္ဒရှင်များ၏ လုံခြုံရေးကို သေချာစေသော နည်းလမ်းဖြင့် ကျင်းပပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင်ပွင့်လင်းမြင်သာမှု မရှိခြင်းသည်အပြင်ပန်းအားဖြင့် လုံခြုံရေးအကြောင်းပြချက်အတွက် ဖျက်သိမ်းခြင်းနှင့် ဒေသဆိုင်ရာလုံခြုံရေး ကော်မတီများအတွက် လုပ်ဆောင်နေသော လုပ်ထုံး လုပ်နည်းများ၊ အပြည်ပြည်ဆိုင် ရာကောင်းသော အလေ့အကျင့်များ ကျဆင်းခြင်းများသို့ ဦးတည် နေခဲ့သည်။

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းများအားဖြင့် ပွင့်လင်းမြင်သာမှုများ ပေးခဲ့ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြည့်စုံမှု၏ အရေးကြီးသောအစိတ်အပိုင်း တစ်ခုဖြစ်သည်။ နိုင်ငံသားများ ၎င်းတို့နိုင်ငံ၏ အများပြည်သူအရေးကိစ္စများတွင် ပူးပေါင်းပါဝင်ခွင့်သည် ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲများအတွက် အခြေခံကျသော အပြည်ပြည်ဆိုင်ရာတာဝန်ဖြစ်သည်။ [106] ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းသည် အများပြည်သူအရေးကိစ္စများတွင် နိုင်ငံသားများ ပူးပေါင်းပါဝင်ခြင်း၏ အခြေခံပုံစံတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွင် စိတ်ချယုံကြည်မှုကို အားပေးရန် အရေးကြီးသော ပွင့်လင်းမြင်သာသောဆောင်ရွက်ချက် ဖြစ်သည်။[107]

ရွေးကောက်ပွဲ ဥပဒေများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအတွက် အတိအလင်းခွင့်မပြုသော်လည်း ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ပထမဆုံးအကြိမ်ဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို ကျယ်ပြန့်စွာစောင့်ကြည့်နိုင်ခဲ့သည်။ [108] ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အများပြည်သူယုံကြည်မှုနှင့် သမာဓိကို တိုးမြှင့်နိုင်ကတည်းက ၎င်းသည်အရေးကြီးသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ခဲ့ပြီး အယောင်ဆောင်လက်တွေ့လုပ်ဆောင်ချက်များကိုဟန့်တားရန်အစွမ်းရှိသည်။၂၀၁၅ခုနှစ်မတ်လတွင်UECသည်အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ အသီးသီးလုပ်ခဲ့ပြီးနောက် ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်နှင့် တရားဝင်အသိအမှတ်ပြု လုပ်ထုံးလုပ်နည်းများအား အတည်ပြုခဲ့သည်။

ကာတာစင်တာအား စောစီးစွာဖိတ်ကြားမှုသည် ယခင်ရွေးကောက်ပွဲများ အလွန်၂၀၁၅ ရွေးကောက်ပွဲများ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်စေရန် UEC ၏ ရည်ရွယ်ချက်ကို အချက်ပြသော၊ အပြုသဘာဆောင်သော လုပ်ဆောင်ချက်တစ်ခုဖြစ်ခဲ့သည်။ ထို့အပြင်UECသည် ရွေးကောက်ပွဲနေ့အကြို တစ်နှစ်နီးပါးတွင် နိုင်ငံတလျှောက်စင်တာ၏ စောင့်ကြည့်လေ့လာခြင်း အားစိုက်မှုများကို လွယ်ကူချောမွေ့စေရန်တက်ကြွစွာလုပ် ဆောင်ပေးခဲ့ကြသည်။

---

106 ICCPR,အချက်၂၅(အေ)၊UNHRC,ယေဘုယျမှတ်ချက်၂၅၊ အပိုဒ်၈

107 UNHRC, ယေဘုယျမှတ်ချက်၂၅၊ အပိုဒ်၂၀

108 ၂၀၁၂ခုနှစ်ကြားဖြတ် ရွေးကောက်ပွဲအတွက်မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN)၊ အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံနှင့် အခြားစောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားခဲ့သည်။ သို့သော်ဖိတ်ကြားမှုများသည် ရွေးကောက်ပွဲနေ့လုပ်ဆောင်မှုများကို ထိရောက်စွာစောင့်ကြည့်လေ့လာရန်အလွန် နောက်ကျပြီးမှထုတ်ပြန်ခဲ့သည်။ "ဗမာ့ဧပြီလ၁ရက်နေ့ပါလီမန်ကြားဖြတ် ရွေးကောက်ပွဲ "www.ifes.org/~/media/Files/Publications/Reports/2012/Burma_April1_Parliamentary_By-Elections.pdf.တွင်ကြည့်ပါ။

## အရပ်ဖက်လူမှုစောင့်ကြည့်လေ့လာသူများအဖွဲ့အတွက်အခွင့်အလမ်း

UEC သည် စောင့်ကြည့်လေ့လာခြင်း လုပ်ရှားမှုများတွင် ယခင်အတွေ့အကြုံမရှိ လုနီးပါးနိုင်ငံ၏ အရေးပါ သောနေရာများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ၅၂ ဖွဲ့ နှင့်ပြည်တွင်း တစ်ဦးချင်း စောင့်ကြည့်လေ့လာသူများ ၁၁၄၄၅ ဦးတို့ကို တရားဝင်အသိအမှတ်ပြုခဲ့သည်။ ပူးပေါင်းပါဝင်ပြီး အတိုင်ပင်ခံ လုပ်ငန်းစဉ်တွင် UEC သည် လျှောက်ထားခဲ့သည့် ပြည်တွင်းအဖွဲ့အစည်း များအားလုံးကို တရားဝင်အသိအမှတ်ပြုမှုများ ခွင့်ပြုခဲ့ပြီး တရားဝင်အသိအမှတ်ပြုထားသော စည်းမျဉ်းများကို ဖွံ့ဖြိုး စေခဲ့သည်။[109]

အချို့သော ပြည်တွင်းစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများသည် ရွေးကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲပြီးနောက်နစ်မျိုးလုံတွင် ရေရှည်စောင့်ကြည့်လေ့လာသူများကို ဖြန့်ကျက်စေလွှတ် ခဲ့သည်။ PACEသည် စည်းရုံးလှုံ့ဆော်မှုဝန်းကျင်၊ ရွေးကောက်ပွဲမတိုင်မီ မဲဆန္ဒရှင်စာရင်းပြုပြင် မွမ်းမံခြင်း ကဏ္ဍများနှင့် ရွေးကောက်ပွဲပြီး နောက်တိုင်ကြားမှုများကို စီရင်ဆုံးဖြတ်ချက်များကို စောင့်ကြည့်လေ့လာရန် မြို့နယ် ၁၂၉ မြို့နယ်တွင် ရေရှည်စောင့်ကြည့်လေ့လာသူ ၁၂၉ ဦးကို ဖြန့်ကျက်စေလွှတ်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး မြန်မာ(၁၃)၊ ဟွန်ဘေးအဖွဲ့အစည်း (၁၀)၊ ဒါနရှေ့ဆောင် မြန်မာ(၃၅)ပါဝင်သည့် အခြားအဖွဲ့အစည်းများမှ ရေရှည် စောင့်ကြည့်လေ့လာသူများကို ဖြန့်ကျက်စေလွှတ်ခဲ့ကြသည်။

ရွေးကောက်ပွဲနေ့တွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများသည် အချို့ကိုPACEကဲ့သို့ ကြီးမားသော ပြည်ထောင်စုကွန်ရျာများ၏ အစိတ်အပိုင်းကဲ့သို့နှင့် အခြားသူများကို ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ အခြေခံထားသည့် အဖွဲ့အစည်းများ၏ အစိတ်အပိုင်းကဲ့သို့ပြည်နယ်နှင့် တိုင်းဒေသများအားလုံးတွင် ဖြန့်ကျက်စေလွှတ်ထားခဲ့သည်။ PACE၊ ဖန်တီးအိမ်၊ ဒါနရှေ့ဆောင် မြန်မာ (COM)၊တိုင်းရင်းသား လူငယ်များကွန်ရျာအဖွဲ့၊ ရွေးကောက်ပွဲပညာပေးနှင့် စောင့်ကြည့်လေ့လာခြင်း မိတ်ဖက်များ (EEOP) နှင့် အမျိုးသားလူငယ်ကွန်ဂရက် တို့ပါဝင်သည့် အဖွဲ့များသည် ကာတာစင်တာစောင့်ကြည့် လေ့လာ သူများလေ့လာခဲ့သည့် မဲရုံများ တွင်မကြာခဏတည်ရှိ နေသည်။ ပြည်တွင်းစောင့်ကြည့်လေ့လာသူ အသင်းအများစုသည် မဲရုံဖွင့်ခြင်းမှမဲ ရေတွက်ခြင်းတလျှောက် ၄င်းတို့ကျန်ရှိနေခဲ့သော မဲရုံတစ်ရုံဆီသို့ ဖြန့်ကျက်စေလွှတ်ခဲ့သည်။ ကာတာစင်တာစောင့်ကြည့်လေ့လာသူများသည် မဲရုံဖွင့်ခြင်းအတွက် လေ့လာခဲ့သည့် ၃၅ရာခိုင်နှုန်းသော မဲရုံများ၊ မဲပေးနေစဉ် လေ့လာခဲ့သည့် ၃၀ရာခိုင်နှုန်းသောမဲရုံများ၊ မဲရေတွက်နေစဉ် လေ့လာခဲ့သည့် ၃၁ရာခိုင်နှုန်း သောမဲရုံများနှင် မဲများကိုဇယားကွက်တွင် ထည့်သွင်း

[109] UECသည်တစ်ဦးချင်းစောင့်ကြည့်လေ့လာသူနစ်ဦးကို၄င်းတို့၏ နိုင်ငံသားမဟုတ်ခြင်းကြောင့် တရားဝင်ခွင့်ပြုမှုကိုငြင်းပယ်ခဲ့သည်။

ဖော်ပြခြင်းအတွင်း လေ့လာခဲ့သည့် ၄၅ ရာခိုင်နှုန်း သောကော်မရှင်ခွဲများ၌ အရပ်ဖက်လူမှုရေး စောင့်ကြည့်လေ့လာသူများနှင့် တွေ့ဆုံခဲ့သည်။

မဲရုံဖွင့်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများအတွင်း မဲရုံများတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူ ဝင်ရောက်ခွင့်နှင့် သက်ဆိုင်သောကြီးမားသော ပြဿနာများ အစီရင်ခံထားခြင်းမရှိခဲ့ပေ။ သို့သော်အချို့ကိစ္စများတွင် မဲရုံဝန်ထမ်းများမှ စောင့်ကြည့်လေ့လာသူများကို ၎င်းတို့ဝင်ရောက်နိုင်ခွင့် အဆင့်ကို မည်မျှပေးသင့်ကြောင်းမသေချာခဲ့ပေ။ လေ့လာခဲ့သော မဲရုံတစ်ရုံတွင် မဲရုံဝန်ထမ်းတစ်ဦးသည် အစဦးစွာစောင့်ကြည့်လေ့လာသူများကို ပြည်တွင်းစောင့်ကြည့်လေ့လာ သူများသည် မဲရေတွက်ခြင်းကိုသာ စောင့်ကြည့်လေ့လာရန် ခွင့်ပြုထားကြောင်း စောင့်ကြည့်လေ့လာ သူများအား ပြောဆိုခဲ့သော်လည်း နောက်ပိုင်းတွင်သူ၏ ရာထူးနှင့် လုပ်ငန်းစဉ် တစ်ခုလုံးကို ခွင့်ပြုထား ခဲ့သည့် အခွင့်ကိုနောက်ဆုတ်ခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများနှင့် အရပ်ဖက်လူမှုစောင့်ကြည့်လေ့လာသူ အဖွဲ့များကို မြို့နယ်အများစုတွင် မဲဇယားကွက်တွင် ထည့်သွင်းဖော်ပြခြင်း လုပ်ငန်းစဉ်ကိုဝင်ရောက်ခွင့်ကိုငြင်းပယ်ခံခဲ့ရသည်။

နိုင်ငံရေးဆိုင်ရာ ပါတီကိုယ်စားလှယ်များသည်လည်း ရွေးကောက်ပွဲနေ့ ပွင့်လင်းမြင်သာမှုကို လုပ်ဆောင်ရာတွင်အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်နေခဲ့သည်။ အထက်တွင် သတိထား ခဲ့မိသည့်အတိုင်း ကာတာစင်တာမှစောင့်ကြည့်လေ့လာသူများသည် လေ့လာခဲ့သည့်အဓိက မဲဇယား ကွက်တွင်ထည့်သွင်းဖော်ပြခြင်းစင်တာများနှင့် မဲရုံအားလုံးအများစုတွင် ပါတီကိုယ်စားလှယ်များရှိနေ လသည်ကို တွေ့ရှိခဲ့သည်။

## နိုင်ငံတကာစောင့်ကြည့်လေ့လာခြင်း

UECသည် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကို အချိန်နှင့်တပြေးညီဖိတ်ကြားခဲ့ပြီး ရွေးကောက်ပွဲများ စောင့်ကြည့်စစ်ဆေးရန် စိတ်ဝင်စားကြောင်းဖော်ပြခဲ့သော စောင့်ကြည့်လေ့လာသာ အဖွဲ့များနှင့် တက်ကြွစွာ အလုပ်လုပ်ခဲ့သည်။ UECသည် စောင့်ကြည့်လေ့လာသူအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်နှင့် ပြည့်စုံသောတရားဝင် အသိအမှတ် ပြုထားသော လုပ်ထုံးလုပ်နည်းများကို မူကြမ်းရေးဆွဲခဲ့ပြီး စတင်အကောင်အထည်ဖော် ခဲ့သည်။[110]

---

110 တရားဝင်အသိအမှတ်ပြုထားသောလုပ်ထုံးလုပ်နည်းများဆိုသည်မှာ "လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအတွက် လုပ်ထုံးလုပ်နည်းများ"(အကြောင်းကြားစာ၇/၂၀၁၅)နှင့် ၂၀၁၅ခုနှစ်မတ်လ၁၉ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည့် "နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအတွက် ကျင့်ဝတ်များ"(အကြောင်းကြားစာ၂/၂၀၁၅)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများစောင့်ကြည့်စစ်ဆေးရန် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူပေါင်း ၁၀၀၀ကျော်ကို တရားဝင်အသိအမှတ်ပြုခဲ့သည်။[111] ကာတာစင်တာနှင့် ပေါင်းစပ်၍ ဥရောပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းအဖွဲ့နှင့် လွတ်လပ်သော ရွေးကောက်ပွဲများ အတွက် အာရှကွန်ယက်(ANFREL)တို့သည် ရွေးကောက်ပွဲနေ့ စောင့်ကြည့် လေ့လာခြင်းနှင့် ရေရှည်စောင့် ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်လုပ်ဆောင်ခဲ့ပါသည်။ နိုင်ငံတကာ ကျား/မ သောကများ၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက် လူမှုရေးနှင့်ကျန်းမာရေး၊ ပညာရေးနှင့် နိုင်ငံရပ်ခြား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဩစ တြေးလျလူမျိုးများ (APHEDA)တို့သည် ရွေးကောက်ပွဲနေ့ စောင့်ကြည့် လေ့လာခြင်း လုပ်ဆောင်ရန်စောင့် ကြည့်လေ့လာသူများကို ဖြန့်ကျက်စေလွှတ်ခဲ့သည်။ အရှေ့တောင် အာရှနိုင်ငံများအသင်း (ASEAN)ကို လည်းရွေးကောက်ပွဲများ စောင့်ကြည့်ရန်နှင့် အစီရင်ခံရန်ASEAN အတွင်းရေးမှူး မှလည်းပဲASEANပူး ပေါင်းပါဝင်သော နိုင်ငံများတွင် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းများမှ ကိုယ်စားပြုခြင်းများ အနေဖြင့်စေလွှတ်ခဲ့သည်။ မြန်မာနိုင်ငံရှိသံရုံးများကိုလည်း ရွေးကောက်ပွဲများတွင် သက်သေခံရန်နှင့်အစီရင်ခံရန်လူ များကိုဖြန့်ကျက်စေလွှတ်ခဲ့သည်။

ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသို့ အစိုးရနှင့် UECရဲ့ချဉ်းကပ်နည်းသည် နိုင်ငံတကာ စံညွှန်းများနှင့် ကောင်းသော အလေ့အကျင့်များနှင့် ထုံးစံအတိုင်းအပြောင်းအလဲ မရှိခဲ့ပေ။ တရားဝင်အသိအမှတ်ပြုထားသော အုပ်ချုပ်နေသည့်စည်းမျဉ်းများကို အကြံပေးသည့်နည်းဟန်နှင့် ၎င်းတို့ကို နိုင်ငံတကာကောင်းသော အလေ့အကျင့်များနှင့် ယေဘုယျအားဖြင့် ကိုက်ညီခဲ့သော အရာများဖြင့် ဖွံ့ဖြိုးစေခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် ဟန့်တားပိတ်ပင်ခြင်း မရှိပဲလုပ်ငန်းစဉ် ၏ အပိုင်းအများစုကိုလေ့လာနိုင်ခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားခွင့်များရှိခဲ့သည်။ သို့သော်လည်း စောင့်ကြည့် လေ့လာသူများသည် မဲဆန္ဒနယ်ပြင်ပရှိကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ် အထူးသဖြင့် တပ်မတော်မဲပေးခြင်းနှင့် မဲဇယားကွက်တွင် ထည့်သွင်းဖော်ပြခြင်း၏ ရလာဒ်များသည် အပြည့်အဝ ပွင့်လင်းမြင်သာမှုအတွက် နိုင်ငံတကာစံညွှန်းများအောက်ကျ ရောက်နေသော အချို့နေရာများတွင် လေ့လာ လုပ်ဆောင်နိုင်ခွင့်မရခဲ့ပေ။

## ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း

ထိရောက်သော ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု ဆုံးဖြတ်ချက်ယန္တရားများသည် ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းစဉ်အတွင်း လူများ၏အလိုအတိုင်း ထောက်ခံခဲ့မှုသည် သေချာခြင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ခုံရုံးမတိုင်မီလူထုကြားနာခြင်းနှင့် တရားမျှ၏ ပြဌာန်းချက်အပါအဝင် ထိုကဲ့သို့သော

[111] ၎င်းတွင်နိုင်ငံတကာစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများ(၄၆၈)ဖွဲ့၊ရွေးကောက်ပွဲကူညီပံ့ပိုးသူများ(၁၈၃)ဦးနှင့် သံတမန်ရေးရာ လူစု (၅၂၆) စုတို့ဖြန့်ကျက် စေလွှတ်ထားခြင်းများပါဝင်ခဲ့သည်။

ယန္တရားများ၏ ထိရောက်မှုသည်အခြေခံကျသော အခွင့်အရေးများ ချိုးဖောက်ခြင်းများကို ပြန်လည်ပြုပြင်ရန်ထိရောက် သောကုစားမှုများရရှိရေး သေချာစေရန် မရှိမဖြစ်လိုအပ်သည်။[112]

မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲအငြင်းပွားမှုများ၏ ဆုံးဖြတ်ချက်အတွက် ဥပဒေမူဘောင်သည် ၎င်းတို့အခွင့်အရေးများ၏ ချိုးဖောက်ခြင်းအတွက် ထိရောက်သောနှင့် အချိန်မီကုစားနိုင်သော တရားလိုများကို အာမမခံပေ။ ရွေးကောက်ပွဲဥပဒေများသည် ကိုယ်စားလှယ်လောင်း စာရင်းပေးသွင်းခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းနှင့် စောင့်ကြည့်လေ့လာသူ တရားဝင်အသိအမှတ်ပြုထားခြင်းသော မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ခြင်းနှင့် သက်ဆိုင်သော အယူခံဝင်ခြင်း၏ ဆုံးဖြတ်ချက်များအတွက် ထောက်ပံ့ထားသော်လည်းရွေးေကာက်ပွဲ အကြိုကာလအတွင်းအခြား ချိုးဖောက်ခြင်းများ အကြောင်း တိုင်ကြားရန် ယန္တရားတစ်ခုမထောက်ပံ့ထားပေ။ ချိုးဖောက်ခြင်းများစွပ်စွဲချက်များကို ၎င်းတို့ကိုယ်တိုင် ကနဦးစုံစမ်းစစ်ဆေးနိုင်သော်လည်း ပြန်လည်သုံးသပ်ခြင်းအတွက် အချန်ဇယား မရှိသော၊ ပြန်ကြားရန်မလိုအပ်သော UEC သို့မဟုတ် ကော်မရှင်ခွဲများသို့ အစီရင်ခံနိုင်သည်။ ဥပဒေချိုးဖောက်ခြင်းများကိုလည်း ရဲသို့အစီရင်ခံနိုင်သည်။ ရွေးကောက်ပွဲမတိုင်မီ အချိန်တိုတွင်း ဖွဲ့စည်းခဲ့ကြသော ဒေသခံဖြန်ဖြေရေးကော်မတီများသည်လည်း အချို့ကိစ္စများတွင် အငြင်းပွားမှုများ ဖြေရှင်းရန် အခန်းကဏ္ဍအနေဖြင့် ပါဝင်ခဲ့သည်။

UEC သည် တရားဝင်လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရန်၊ မြင့်တက်လာသော အငြင်းပွားမှုအတွက် ရရှိနိုင်သော ယန္တရားများကိုနိုင်ငံရေးဆိုင်ရာ ပါတီများအား ပညာပေးရန်နှင့် ဒေသအဆင့်ဖြန်ဖြေရေး ကော်မတီများကဲ့သို့သော အငြင်းပွားမှုလျော့ပေါ့ပေးရန် လျှောက်လဲခြင်း အပိုင်းများကို စတင်မိတ်ဆက်ရန် အားထုတ်မှုများလုပ်ခဲ့သည်။ ထိုအားထုတ်မှု အပိုင်းအနေဖြင့် UEC သည် ရွေးကောက်ပွဲအငြင်းပွားမှု လက်စွဲကို ထုတ်ပြန်ကြေငြာခဲ့ပြီး အရပ်ဖက်လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာပါတီများနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းမှုများတွင် အငြင်းပွားမှုဆုံးဖြတ်ချက်များ ကိုဆွေးနွေးခဲ့ကြသည်။ ထိုလက်စွဲသည်အထွေထွေအများ ပြည်သူများထက်အရပ်ဖက် လူမှုနှင့် နိုင်ငံရေးဆိုင်ရာပါတီများကို ရည်မှန်းခဲ့စဉ်အတွင်း ဥပဒေစတင်လုပ်ဆောင်ခြင်း၏ အာမခံသူအဖြစ် ကော်မရှင်၏ အခန်းကဏ္ဍကျယ်ပြန့်လာခဲ့ပြီး ရှင်းလင်းသောလုပ်ထုံးလုပ်နည်းများကို ထုတ်ဖော်နိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူရဲ၊ ရွေးကောက်ပွဲကော်မရှင်များနှင့် အခြားအပိုင်းများ၏ သင့်တော်သော တရားစီရင်ပိုင်ခွင့် အကြောင်းရှင်းလင်းပြတ်သားမှုများ မရှိခဲ့ပေ။

[112] ICCPR,အချက်၂(၃)၊”ဒေသပါတီတစ်ခုစီ၏ တည်ရှိမှုအောက်တာဝန်ယူဆောင်ရွက်မှုများမှာ (အေ)

## ရဲတိုင်ကြားချက်များနှင့်ဖြန်ဖြေရေးကော်မတီများ၏အခန်းကဏ္ဍ

ရွေးကောက်ပွဲ ဥပဒေများဖောက်ဖျက်ခြင်းများကို ရဲသို့မကြာခဏ အစီရင်ခံနိုင်သည်။ ကံဆိုးစွာဖြင့် ဥပဒေသည် ရာဇဝတ်မှုများကြားရှင်းလင်းစွာခွဲခြား သိမြင်နိုင်ခြင်းမရှိပဲ UECသို့ အကြောင်းကြား နိုင်သည်။ ရလာဒ်အနေဖြင့် အကြောင်းကိစ္စအများစုကို ရဲသို့အစီရင်ခံခဲ့သည့်အစား UEC သို့ အကြောင်း ကြားခဲ့ပြီးကုစားစေခဲ့သည်။

ရွေးကောက်ပွဲပြီးနောက် ဥပဒေစိုးမိုးရေးအရာရှိများက ရွေးကောက်ပွဲဥပဒေ ဖောက်ဖျက်ခြင်းများကို စွပ်စွဲထားသော တိုင်းကြားချက် ၄၀၀ကျော်နှင့် ရွေးကောက်ပွဲတလျှောက် ဥပဒေစိုးမိုးရေးနှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ရာဇဝတ်မှုလုပ်ဆောင်ချက်များကို တင်သွင်းခဲ့သည်ကို ကြေငြာခဲ့ ပါသည်။[113]စည်းရုံးလှုံ့ ဆော်မှုကာလတွင်း ဘာသာရေးဆိုင်ရာ အလွဲသုံးစားပြုမှုစွပ်စွဲချက်နှင့် စည်းရုံး လှုံ့ဆော်သူများအပေါ် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ ပါဝင်သောကြီးမားသော အမှုများအဖြစ်သို့ စုံစမ်း စစ်ဆေးမှုများကို ရွေးကောက်ပွဲပြီးနောက် လပေါင်းများစွာတိုင်အောင်လုပ်ဆောင်ခဲ့ကြသည်။

UEC သည် စည်းရုံးလှုံ့ဆော်ကာလအတွင်း ဖြန်ဖြေရေးဆုံးဖြတ်ချက်များကို ဦးစားပေးအနေဖြင့် မြင်ခဲ့သည်။ ပဋိပက္ခများဖြေရှင်းရန် UECသည် ရွေးကောက်ပွဲကော်မရှင် အဆင့်တစ်ဆင့်ခြင်းစီ၌ ဝင်ရောက်ယှဉ်ပြိုင် သောနိုင်ငံရေးပါတီများ၏ ကိုယ်စားပြုမှုများနှင့် ဖြန်ဖြေရေးကော်မတီများကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုကော်မတီများသည် ရာဇဝတ်မှုတိုင်ကြားချက်များ၏ ရုပ်သိမ်း ခြင်းအတွက်ရရှိလာသော အချို့အငြင်းပွားမှုများဖြေရှင်းရာတွင် ထိရောက်စွာအစီရင်ခံခဲ့သည်။ ဥပမာ အားဖြင့် ကချင်ပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များ စိုးမိုးခြယ်လှယ်ခဲ့သည့် ဒေသတွင် ကိုယ်စားလှယ် လောင်းများ ဝင်ရောက်ခွင့်ကိုခွင့်ပြုရန်သ ဘောတူညီချက်များ လက်လှမ်းခံခဲ့ကြသည်။ အငြင်းပွားမှုများကို ရခိုင်ပြည်နယ်၌ ANP နှင့် USDP ကြား၊ ရောဝတီ၌ NLDနှင့် ကော်မရှင်ခွဲ အသင်းသားကြားနှင့် ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသားပါတီနှစ်ခုကြားတို့တွင် ထိရောက်စွာ ဖြေရှင်းနိုင်ခဲ့သည်။ ကာတာစင်တာသည်မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တွင်ရွေး ကောက်ပွဲပြီး နောက်အငြင်းပွားမှုများကို အကြောင်းကြားရာတွင် ဖြန်ဖြေရေးကော်မတီများသည် အခန်းကဏ္ဍတစ်ခု အဖြစ်ပါဝင်ခဲ့သည်ကိုလည်း သတိပြုမိခဲ့သည်။

113 ရွေးကောက်ပွဲဥပဒေများဖောက်ဖျက်ခြင်းများသည် ထောင်ဒဏ်တစ်နှစ်နှင့်အထက်နှင့်ငွေဒဏ် ကျပ်၁သိန်းနှင့်အထက်(၈၀ဒေါ်လာ) အပြစ်ဒဏ်ချမှတ်နိုင်သည်။ ရွေးကောက်တင်မြှောက်ခံရသည် ပါလီမန်လွှတ်တော်၏ ထောင်ဒဏ်ချမှတ်ခံရခြင်းသည် လွတ်လပ်သော အမတ်နေရာတွင် ကြားဖြတ်ရွေးကောက်ပွဲများလိုအပ်လာနိုင်သောရလာဒ်ဖြစ်လာနိုင်သည်။

## ရွေးကောက်ပွဲပြီးနောက်ကန့်ကွက်တိုင်ကြားခြင်းများ

ရွေးကောက်ပွဲပြီးနောက် တိုင်ကြားချက်များနှင့် အယူခံဝင်ခြင်းများအတွက် UECသည် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် အခြေခံဖွဲ့စည်းခဲ့သော ရွေးကောက်ပွဲခုံရုံးများကို တည်ထောင်ခဲ့သည်။ ကိုယ်စားလှယ်လောင်းများ သို့မဟုတ် မဲဆန္ဒရှင်များသည် တရားဝင်ရလာဒ်များ ကြေငြာပြီးနောက် ၄၅ရက်အတွင်း ရွေးကောက်ပွဲ ဥပဒေဖောက်ဖျက်ခြင်း ရွေးကောက်ပွဲရလာဒ်စွပ်စွဲချက်များကို စောဒကဝင်ရန် တင်သွင်းနိုင်သည်။ တိုင်ကြားချက်များနှင့် ၎င်းတို့အားတန်ပြန်ပြောဆိုချက်များ တင်ရန်ဆန္ဒရှိပါက တင်သွင်းကြေးကျပ်ငါးသိန်း(ဒေါ်လာ၄၀၀နီးပါး)ကို ပေးရန်လိုသည်။

ခုံရုံးများကို ရွေးကောက်ပွဲကော်မရှင် သုံးဦး သို့မဟုတ် ကော်မရှင်တစ်ဦးနှင့် မှီခိုခြင်းကင်းသော ကျွမ်းကျင်သူ နှစ်ဦးဖြင့်ဖွဲ့စည်းပါဝင်နိုင်ပြီး ထိုစိန်ခေါ်ချက်များကို စီရင်ဆုံးဖြတ်ခြင်းအတွက် ထူထောင်ခဲ့သည်။ ခုံရုံးများ၏ ဆုံးဖြတ်ချက်များကို ထိုဆုံးဖြတ်ချက်များကို နောက်ဆုံးနှင့် တရားရေးဆိုင်ရာ အယူခံဝင်ရန်အ ကြောင်းကိစ္စမရှိသော UEC သို့ အယူခံဝင်နိုင်သည်။ ဤမှီခိုကင်းသော တရားစီရင်ရေးအခွင့်အာဏာသို့ အယူခံဝင်ခြင်းမရှိခြင်းသည် ထိရောက်သောကုစားခွင့်ကို အာမခံသော နိုင်ငံတကာစံညွှန်းများနှင့် ညီညွတ်ခြင်းမရှိပဲ နောင်ရွေးကောက်ပွဲပြန်လည်ပြုပြင်ရာတွင် အကြောင်းကြားသင့်သည်။[114]

ရွေးကောက်ပွဲနေ့ပြီးနောက် UEC သို့တရားဝင်တိုင်ကြားမှုများ ၄၅ခုကိုတင်ပြခဲ့သည်။ (အကြောင်းကိစ္စတစ်ခုကို နောက်ပိုင်းတွင်ရုပ်သိမ်းခဲ့သည်။) USDP နှင့် NLD မှ အကြီးမားဆုံးတင်ပြခဲ့ခြင်းနှင့် အမျိုးမျိုးသော ပါတီများမှကိုယ်စားလှယ်များက တိုင်ကြားမှုများတင်ပြခဲ့သည်။[115]ရှမ်း နှင့် ကချင်ပြည်နယ်များမှလာသော အကြီးမားဆုံးအရေအတွက်များဖြစ်သော တိုင်ကြားမှုများတွင် အောက်လွှတ်တော်အမတ်နေရာ၁၄နေရာ၊ အထက်လွှတ်တော်အမတ်နေရာ ခြောက်နေရာနှင့်ပြည်နယ် သို့မဟုတ် တိုင်းဒေသဆိုင်ရာ အသင်းအဖွဲ့မဲဆန္ဒနယ်များ ၂၅ခုပါဝင်ခဲ့သည်။ [116] ဆက်စပ်နေသော တိုင်းကြားမှုများ အနည်းငယ်သည် ပါတီအများစုအထူးသဖြင့် NLD နှင့် USDP မှ ဆုံးဖြတ်ချက်ကို

---

114 UNDHR, အချက်၈၊ ”လူတိုင်းသည်ဥပဒေ သို့မဟုတ်ဖွဲ့စည်းပုံအားဖြင့်ထိရောက်စွာ ကုစားနိုင်ရန်အခွင့်အရေးရှိသည်။ ”UDHRC,အချက်၁၀၊” လူတိုင်းသည် အခွင့်အရေးနှင့်တာဝန်များဆုံးဖြတ်ရာတွင် မှီခိုကင်းပြီးဘက်မလိုက်သောခုံရုံးအားဖြင့်တရားမျှတပြီး အများပြည်သူကြားနာခြင်းသို့ ပြည့်ဝစွာညီတူညီမျှခေါင်းစဉ်တပ်ခွင့်ရှိသည်။ ”ICCPR,အချက်၂၊” ဤနေရာတွင် ဖောက်ဖျက်ခံခဲ့ရသည်ဟု အသိမှတ်ပြုခံရသော အဘယ်သူ၏အခွင့်အရေး သို့မဟုတ် လွတ်လပ်မှုကိုထိရောက်သော ကုစားမှုရှိသင့်သည်။ ”ICCPR,အချက်၁၄.၁၊” လူတိုင်းသည်ဥပဒေဖြင့် တည်ထောင်ခဲ့သည့် အခွင့်အာဏာရှိသော၊ အမှီခိုကင်းသောနှင့်ဘက်လိုက်မှုမရှိသောခုံရုံးမှတရားမျှတပြီး အများပြည်သူကြားနားနိုင်မှုကို ရရှိသင့်သည်။”

115 USDP(၂၆)၊ NLD(၈)၊ ဝစည်းလုံးညီညွတ်ရေးပါတီ(၃)၊ SNLD(၂)၊ အမှီခိုကင်းသော ကိုယ်စားလှယ်များ(၂)၊ ပအို့အမျိုးသားရေးအဖွဲ့အစည်း (၁)၊ANP(၁)၊ မဲဆန္ဒရှင်များမှတင်သွင်းခဲ့သောတိုင်ကြားမှုနှစ်ခု

116 ရှမ်း(၉)၊ ကချင်(၈)၊စစ်ကိုင်း(၇)၊ရခိုင်(၆)၊ရန်ကုန်(၆)၊မကွေး(၃)၊မန္တလေး(၃)၊ပဲခူး(၁)၊ချင်း(၁)၊ကရင်(၁)

ရောင်ပြန်ဟပ်စေသည်၊အချို့နေရာများတွင်ရွေးကောက်ပွဲနှင့်ဆက်စပ်နေသောဖောက်ပျက်ခြင်းများ၏မီဒီယာစွပ်စွဲချက်များ ဖြစ်စေကာမူ အရေးပါသောအတိုင်းအတာပေါ်တွင် ရလာဒ်များစိန်ခေါ်ရန်မရှိပေ။ တိုင်ကြားမှုများမှ အကျိုးဆက်ဖြစ်ပေါ်စေခဲ့သော ဖြစ်ရပ်များသည်လည်း UEC နှင့်ရဲကြား တရားစီရင်ပိုင်ခွင့်ထပ်နေခြင်းနှင့် ဆက်စပ်ကုန်ကျစရိတ်များကြောင့် အကျိုးသက်ရောက်မှုရှိခဲ့သည်။ ရာဇဝတ်မှုနှင့်ဆိုင်သော တိုင်ကြားခြင်းများအတွက် ကုန်ကျစားရိတ်မလိုအပ်ပေ။

တိုင်းကြားမှုများသည် ပြစ်မှုဆိုင်ရာဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ အမျိုးမျိုးသော ဖောက်ပျက်ခြင်းများကို စွပ်စွဲထားခဲ့သည်။ တိုင်ကြားမှုတစ်ခုသည် စွပ်စွဲချက်များမျိုးစုံကို ပြုလုပ်ခဲ့ပြီး တစ်ချို့အကြောင်းများတွင် ထပ်တူညီသော သို့မဟုတ် ဆင်တူသောစွပ်စွဲချက်များသည် တိုင်ကြားမှုများ၏အကြောင်းအရာ ဖြစ်ခဲ့သည်။ [117] ဥပဒေနှင့် အညီတိုင်ကြားမှုများကို လိုအပ်သော ထုတ်ဖော်ကာလ ၁၅ရက်အတွက် လူသိရှင်ကြားဖော်ပြခဲ့သည်။ သို့သော်တိုင်ကြားမှုများသည် ယေဘုယျအားဖြင့် အများပြည်သူများမှမရရှိနိုင်ပေ အဘယ်ကြောင့်ဆိုသော် တရားခံများအားစာဖြင့် အသိပေးသော်လည်း နေပြည်တော်ရှိ UEC ရုံတွင်သာ တိုင်ကြား ချက်များကိုဖော်ပြခဲ့သည်။

ဥပဒေသည် ခုံရုံးရှိအမတ်နေရာ သုံးနေရာအနက်နှစ်နေရာကို ပြင်ပဥပဒေကျွမ်းကျင်သူများဖြင့် ဖြည့်ရန်ခွင့်ပြုထားသော်လည်း ခုံရုံးအားလုံးကို UECကော်မရှင်အဖွဲ့ဝင်များ အထူးသီးသန့်ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။ UEC သည်ကာတာစင်တာကို အကြောင်းကြားခဲ့သည်မှာ ပြင်ပဥပဒေကျွမ်းကျင်သူများကို အဆင်သင့်မရနိုင်သကဲ့သို့ ထိုဥပဒေကျွမ်းကျင်သူများသည် ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်မရှိခြင်းကြောင့် လုပ်ငန်းစဉ်ကြန့်ကြာနိုင်သောအကြောင်းကိစ္စဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အမှီခိုကင်းသောဥပဒေကျွမ်းကျင်သူများအား အထူးသဖြင့် ရွေးကောက်ပွဲအရာရှိများမှ ဥပဒေချိုးဖောက် ခြင်းစွပ်စွဲထားသည့် အကြောင်းကိစ္စများအတွက် အသုံးပြုခြင်းသည် ခုံရုံးများ၏အမှီခိုကင်းမှုအများယုံ ကြည်လက်ခံနိုင်စွမ်းနှင့် စွမ်းရည်တို့ကို တိုးတက်မြင့်မား လာနိုင်စေသည်။

လုပ်ငန်းစဉ် အရှည်နှင့်ပြန်လည်သုံးသပ်ရန် အချိန်ကာလမရှိခြင်းသည် အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ်၏ အကျိုးသက်ရောက်မှုကိုကန့်သတ်စေခဲ့သည်။ [118] ကန့်သတ် ထားသောတင်သွင်းချိန်

---

[117] စွပ်စွဲချက်များတွင်ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများမှမဲရုံလုပ်ထုံးလုပ်နည်းများချိုးဖောက်ခြင်း၊ dayofsilence သို့မဟုတ်ရွေးကောက်ပွဲနေ့အတွင်း တရားမဝင်စည်းရုံးလှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများနှင့် ကိုယ်စားလှယ်လောင်းများ၏ခြိမ်းခြောက်မှု၊ ဘာသာတရားအလွဲသုံးစားပြုမှု (အဓိကအားဖြင့် NLD ဆန့်ကျင်သောစည်းရုံးလှုံ့ဆော်ရေးပစ္စည်းများ)၊ မဲရုံးများတွင်ခွင့်ပြုချက်မရှိသော ပုဂ္ဂိုဟ်များရှိနေခြင်း၊ ကြိုတင်မဲများရေတွက်ရာတွင်မှန်ကန်မှုမရှိခြင်း၊ အသရေဖျက်သော ထုတ်ပြန်ချက်များသို့မဟုတ်ပစ္စည်းများ၊ စစ်ဘက်ဝန်ထမ်းများ၏မဲအရေအတွက်အပေါ် စစ်ဘက်တပ်မှူးများ၏ဩဇာလွှမ်းမိုးမှု၊ မမှန်ကန်သောမဲများတလွဲစီမံခန့်ခွဲခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံသားဖြစ်မှုစိန်ခေါ်ချက်များ၊ ကိုယ်စားလှယ်လောင်းကိုယ်စားကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကိုအသုံးပြုခြင်း၊ ကိုယ်စားလှယ်လောင်းလိမ်လည်မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်မထားသော မဲဆန္ဒရှင်များမှမဲပေးခြင်းတို့ပါဝင်ခဲ့သည်။

[118] ရွေးကောက်ပွဲအငြင်းပွားမှုများကို အချိန်နှင့်တပြေးညီပြန်လည်မသုံးသပ်နိုင်ခြင်းသည် ICCPR၏အချက်၂နှင့်အညီထိရောက်သောကုစားမှုအတွက်မလုပ်ဆောင်နိုင်ပေ။ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲများအတွက်စံညွှန်းများ

၄၅ရက်နှင့် ပြန်လည်သုံးသပ်မှုအတွက် အချိန်ကာလကန့်သတ်မထားခြင်း ရလာဒ်အနေဖြင့် အောင်မြင်သော စိန်ခေါ်မှုများသည်စည်းဝေးခြင်း အသစ်စုဝေးကျင်းပပြီးနောက်တွင် ကိုယ်စားလှယ်လောင်းတစ်ဦး၏ရုံးမှဖယ်ရှား ခြင်းတွင်အကျိုးဆက်ဖြစ်ပေါ်လာ နိုင်သည်။ [119] ၂၀၁၁ခုနှစ်တွင် ခန့်အပ်ထားသည့် UEC အသင်းဝင်များ၏ အချိန်ကာလပြီးဆုံးပြီး နောက်နှင့် ဥပဒေပြုလွှတ်တော်များ အသစ်ထိုင်ခဲ့ပြီးနောက် ၂၀၁၆ခုနှစ်မတ်လ နောက်ပိုင်းတွင် တရားစီရင်ရေးများကိုအမှုနှစ်မှုတွင် သည်ငှားရမ်းခဲ့ကြသည်။ ကျန်အမှုအကြောင်းကိစ္စများကို UEC အသစ်လက်ထဲသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ကြားနာမှုအများစုကို နေပြည်တော်ရှိ UEC ရုံးများတွင် ကျင်းပခဲ့ကြသည်။ ကြားနာမှုများကို မီဒီယာ၊ ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် စိတ်ပါဝင်စားသောအများပြည်သူများသို့ ဖွင့်လှစ်ပေးခဲ့သည်။ ကာတာစင်တာမှ စောင့်ကြည့်လေ့လာသူများသည် ခန့်မှန်းခြေအားဖြင့် ကြားနာမှုပေါင်း ၁၅၀ခန့်ကို တက်ရောက်ခဲ့သည်။ ဥရောပပြည်ထောင်စုမှ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကဲ့သို့ပင်ငြိမ်းချမ်းရေးနှင့်တရားမျှတရေးမြန်မာနှင့်ဒါနရှေ ့ဆောင်မြန်မာမှ ပြည်တွင်းစောင့်ကြည့်လေ့လာသူများသည်အကြောင်းအရာအမှုကိစ္စများကိုတက်ရောက်ခဲ့ကြသည်။ ယေဘုယျအားဖြင့် ဒေသအဆင့်တွင်လူအများစုအား သက်သေကြားနာခြင်းများ ကျင်းပပြုလုပ် ခဲ့သော်လည်း နေပြည်တော်ရှိကြားနာမှုများကိုအများ ပြည်သူများမှ တက်ရောက်ခြင်းမရှိခဲ့ပေ။ အမျိုးမျိုးသော မြင့်မားသည့် ကိုယ်ရေးအကြောင်းကိစ္စများတွင် အများပြည်သူ၏ အသင်းသားများမှ မြင့်မားစွာလှည့်ထွက်သွားခဲ့ကြသည်။

လုပ်ငန်းစဉ်၏ စည်းမျဉ်းများကို အခြေခံအားဖြင့်တိုင်ကြားသူများနှင့် ဖြေဆိုသူများ နှစ်ဘက်စလုံးမှနားလည်မှုမရှိသော်လည်း နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ရှေ့နေချုပ်ရုံး၏အကူအညီဖြင့် တရားစွဲဆိုခြင်းများသည် စနစ်တကျနှင့်ကျွမ်းကျင်သော နည်းဟန်ဖြင့်သွားနေခဲ့ပါသည်။ ခုံရုံးအသင်းဝင်များသည်ကြား နာမှုများကိုတရားမျှတသော နည်းဟန်ဖြင့်ကျင်းပပြုလုပ်နိုင်ရန် အားထုတ်ခဲ့ပါသည်။ အချို့အမှုကိစ္စများတွင် ကြားနာမှုများကို တိုင်ကြားသူများမှ ဥပဒေဆိုင်ရာကိုယ်စားပြုမှုများ ရှာရန်သို့မဟုတ် ဖြေဆိုသူများမှ တန်ပြန်အဆိုကိုပြင်ဆင်ရန်အတွက် အချိန်ခွင့်ပြုရန်ရွှေ့ဆိုင်းခဲ့ကြသည်။ ပါတီအားလုံးသည် ၎င်းတို့၏အဆိုများကို ထောက်ပံ့သောသက်သေများ တင်သွင်းခြင်းနှင့် သက်သေများခေါ်ခဲ့နိုင်ပြီး ခုံရုံးအသင်းဝင်များသည် ဘက်မလိုက်သော နည်းဟန်ဖြင့်ကြားနာမှုများကို ကျင်းပပြုလုပ်ခဲ့ကြသည်။ တန်ပြန်တိုင်ကြားမှုများ တင်သွင်းခြင်းအတွက် အချိန်ကာလသတ်မှတ်ခြင်းကဲ့သို့သော အချို့စည်းမျဉ်းများသည် ခြားနားသောခုံရုံးများနှင့် အမှုကိစ္စများအလျောက်ကိုက်ညီမှုမရှိစွာ လုပ်ဆောင်ရန် ပေါ်ပေါက်လာခဲ့သည်။

---

တရားဝင်ကြေငြာချက်အချက်၄(ဇ)အရ" ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်နှင့် ဆက်စပ်နေသောတိုင်ကြားချက်များနှင့် လူ့အခွင့်အရေးများချိုးဖောက်ခံခြင်းများ သေချာနေသော ပြည်နယ်များကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏အချိန်ကာလ အတွင်းချက်ချင်းအဆုံးအဖြတ်ပေးရမည်။"...

[119] ၂၀၁၆ခုနှစ်ဖွန်လ ၂၄ဂုက်နေ့တွင်UEC ခုံရုံးသည်ထိုင်နေသောပါလီမန်လွှတ်တော်အမတ် (ဒီမိုကရေစီဆန်သော လက်နက်ကိုင်ကချင်စစ်ဝန်ထမ်းခေါင်းဆောင်နှင့်)ဇခုန်တိန့်ယိန်း၏ ရွေးကောက်ပွဲရလာဒ်ကိုမှောက်လန်ခဲ့သည်။ သူသည်ခုံရုံး၏ဆုံးဖြတ်ချက်ကို အယူခံဝင်ခဲ့သည်။

ရွေးကောက်ပွဲရလာဒ်များကို စိန်ခေါ်ခြင်းများသည် မဲဆန္ဒနယ်တွင်အအနိုင်ရသော ကိုယ်စားလှယ်လောင်းကို ဆန့်ကျင်သော တိုင်ကြားမှုများဖြစ်ဆက်ဆံခံရသည်။ ရလာဒ်အနေဖြင့် စိန်ခေါ်မှုများအားလုံးတွင် ဖြေဆိုသူများရှိသည်။ ဥပဒေတွင်အတိအကျမဖော်ပြထားသော်လည်း UECနှင့် တရားစီရင်ရေး အရာရှိများ သည်စိန်ခေါ်မှုကိုတုံ့ပြန်ရန် အနိုင်ရသော ကိုယ်စားလှယ်လောင်း၏ ကျရှုံးမှုသည်ရလာဒ်ကို မှောက်လန် ထားသောတိုင်ကြားမှု၏ ကျေနပ်မှုကိုရစေနိုင်သည်ဟု ရှင်းပြခဲ့ကြသည်။ ဥပဒေသည်ရွေးကောက်ပွဲအရာရှိများ၏ ဥပဒေချိုးဖောက်ခြင်း သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကိုအခြေခံသောရလာဒ်များ၏ စိန်ခေါ်မှုအတွက် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပေ။ ၎င်းသည်နောက်ထပ် ထိရောက်သောကုစားမှုတွင်ပါဝင်သူများ၏ အခွင့်အရေးကို ကန့်သတ်ထားသည်။

အငြင်းပွားမှုဖြေရှင်းခြင်း ယန္တရားကိုဝင်ရောက်နိုင်ခွင့်သည် နေပြည်တော်ရှိ အဓိကကြားနာမှုများကိုကိုင်ပြီး တိုင်ကြားမှုများပြုလုပ်ခြင်းနှင့် ဆက်စပ်နေသည့်တင်သွင်းကြေးအားဖြင့် အများအပြားကန့်သတ်ထားခဲ့သည်။ [120] အလားအလာရှိသော တိုင်ကြားသူတော်တော်များများမှ ကာတာစင်တာစောင့်ကြည့်လေ့လာသူများအား ပြောခဲ့သည်မှာ တင်သွင်းကြေးမြင့်မားခြင်းသည် တိုင်ကြားမှုတစ်ခုတင်သွင်းခြင်း မပြုရန်၎င်းတို့၏ ဆုံးဖြတ်ချက်များတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ခဲ့သည်။[121] တိုင်ကြားသူများသည် ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏ ရှေ့နေများနှင့် ၎င်းတို့ခေါ်ရန် ရွေးချယ်ထားသောသက်သေများအတွက် နေပြည်တော်သို့ ခရီးသွားရခြင်းနှင့် သက်ဆိုင်သော၊ ကြားနာမှုများ၏ အရှည်နှင့်အချိန်မသေချာမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများပေါ်မကြာခဏ ရွှေ့ဆိုင်းခြင်းများကြောင့် ပိုကုန်ကျနိုင်သော ကုန်ကျစရိတ်အားလုံးကိုလည်း တာဝန်ယူရသည်။ ပါဝင်ပတ်သက်သူများမှ ကာတာစင်တာစောင့်ကြည့်လေ့လာသူများကို အကြောင်းကြားခဲ့သည်မှာ နေပြည်တော်သို့ သက်သေတစ်ဦးခေါ်ဆောင်လာခြင်း၏ ကုန်ကျစရိတ်သည် တစ်ညလျှင်တစ်ဦးကို ကျပ် ၅၀၀၀၀ မှ ကျပ် ၃၀၀၀၀၀ (ခန့်မှန်းခြေ၄၀-၂၅၀ဒေါ်လာ) အထိရှိသည်။

၂၀၁၆ခုနှစ်မတ်လတွင် UEC သည်ပြည်နယ်အဆင့်၌ အမှုကိစ္စပေါင်း၁၂ခု (ရှမ်းပြည်နယ်တွင် ၄မှုနှင့် ကချင် ပြည်နယ်တွင် ၈မှု)ကို ကြားနာမှုများကျင်းပပြုလုပ်ခဲ့သည်။ ဤသည်ထိုအမှုကိစ္စများတွင် အငြင်းပွားနေ သောပါတီများ အတွက်ကြီးမားစွာကုန်ကျစရိတ် လျော့ကျခဲ့ပြီးဖွံ့ဖြိုးတိုးတက်ရေးကို ကြိုဆိုမှုတစ်ခုဖြစ်ခဲ့သည်။ ၎င်းသည်သက်သေ၏ သက်သေခံထွက်ဆိုချက် လွယ်ကူချောမွေ့စေရန် အောင်မြင်သော အားစိုက်မှုအဖြစ်လည်း ပေါ်လွင်ခဲ့သည်။

---

[120] UNHRC အထွေထွေမှတ်ချက်၃၂မှ ICCPR ၏ အချက်၁၄၊” ဥပဒေအကူအညီမရှိခြင်း သို့မဟုတ်မရခြင်းသည် အဓိပ္ပါယ်ရှိသောနည်းတွင်၎င်းတို့ပါဝင်ခြင်း သို့မဟုတ်သက်ဆိုင်သော တရားစွဲခြင်းများကို လူတစ်ဦးတစ်ယောက်ကဝင်ရောက်နိုင်ခြင်းရှိ/မရှိကို မကြာခဏစီရင်ဆုံးဖြတ်ပေးသည်။ အလားတူစွာတရားမျှတရန်၎င်းတို့၏ လုပ်ဆောင်နိုင်ခွင့်ကိုလက်တွေ့အားဖြင့် ကာကွယ်ထားသော တရားစွဲဆိုခြင်းများကိုပါတီများပေါ်ဝန်ဆောင်ခစည်းကြပ်ခြင်းသည်အချက်၁၄၊အပိုဒ်၁အောက်ရှိငြင်းချက်များကိုမြင့်တက်လာစေလိမ့်မည်။”(အပိုဒ်၁၀နှင့်၁၁)

[121] မြန်မာအတွက်ပိတ်ပင်တားမြစ်ရာရောက်သော ပမာဏဖြစ်နေသေးသော်လည်း UEC သည်ကနဦး ကျပ်တစ်သန်းမှ ဝန်ဆောင်ခလျှော့ချရန် ရွေးကောက်ပွဲမတိုင်မီရွေးကောက်ပွဲဆိုင်ရာဥပဒေများကိုပြင်ဆင်ချက်ထုတ်ခဲ့သည်။

ပြည်နယ်အဆင့်ကြားနာမှုများသည် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ကြားနာမှုများထက် အများ ပြည်သူများပိုမိုကြီးမားစွာ တက်ရောက်လာအောင် ဆွဲဆောင်နေပြီး သူတို့သည် ဟန့်တားပိတ်ခြင်းမရှိပဲ ဆွေးနွေးခဲ့သည်။ ဆတ်ဆတ်ထိမခံသော အမှုကိစ္စများအပါအဝင် နှစ်ဘက်စလုံးသည် သက်သေများကိုအ ပြန်အလှန်ဆန်းစစ်နိုင်ပြီး တင်သွင်းနိုင်ခဲ့သည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်ရှိ အမှုကိစ္စတစ်ခုတွင် သက်သေများမှ သက်သေခံချက်ထွက်ဆိုခဲ့သည်မှာ စစ်ဝန်ထမ်း နှင့် ဆက်စပ်နေသည့် အနိုင်ရသောအမှီခိုကင်းသော ကိုယ်စားလှယ်လောင်း ဇခုန်တိန့်ယိန်းသည် အခြားပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကိုခြိမ်း ခြောက်ခဲ့ပြီး ရုပ်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်းများရှိခဲ့သည်။ ထိုအမှုပေါ်တွင် UECခုံရုံး၏ နောက်ဆုံးစီရင်ချက်သည် ဇခုန်တိန့်ယိန်း၏ ပါလီမန်ရွေးကောက်ပွဲရလာဒ်သည် ပြောင်းပြန်မှောက်ခုန် ဖြစ်ခဲ့ပြီး သူ၏ပြိုင်ဘက် ဦးယောနကို အမတ်နေရာချီးမြှင့်ပေးခဲ့သည်။ ရှမ်းပြည်နယ်ရှိအခြားအမှုကိစ္စတွင် စစ်ဘက်တာဝန်ထမ်းဆောင် နေသောလူများကို စစ်ဘက်ဆိုင်ရာရာထူး အပ်နှံခြင်းအတွင်း ရွေးကောက်ပွဲများကျင်းပခြင်း အကြောင်း သက်သေခံရန် ခေါ်ခံခဲ့ရသည်။

၄င်းတို့ကိုယ်တိုင် တရားစွဲဆိုခြင်းများကို ပညာရှင်ပီသသော နည်းဟန်ဖြင့် ကျင်းပခဲ့ကြသော်လည်း အနည်းဆုံးသက်သေခံတစ်ဦးသည် သူ၏မိသားစုကို ခြိမ်းခြောက်ခြင်း အဆိုအရ ကချင်ပြည်နယ် ရှိကြားနားမှု တစ်ခုမှထွက်ပြေးခဲ့သည်။ ထိုသက်သေခံသည်နေပြည်တော်ရှိ နောက်ပိုင်းကြားနာမှုကို တက်ရောက်ခဲ့ပြီးသူ၏ မိသားစုကိုလုံခြုံကာကွယ်ရေးတွင်ခုံရုံး၏ အကူအညီကိုတောင်းခံခဲ့သည်။ ထိုသူကိုရဲမှ အကူအညီရယူရန် အကြံဉာဏ်ပေးခဲ့သည်။ ထိုအမှုသည် အထူးသဖြင့် ထိုလက်နက် ကိုင်အဖွဲ့များ ပါဝင်ပတ်သက်နေသော၊ သက်သေခံကာကွယ်မှု ဆိုင်ရာယန္တရားများမရှိခြင်းကို ဆတ်ဆတ်ထိမခံသော အမှုကိစ္စများကိုင်တွယ်ရာတွင် ကာကွယ်မှုဆိုင်ရာ ကိစ္စရပ်များကို မီးမောင်း ထိုးပြနေသည်။

နိဂုံးချုပ်အားဖြင့် ရွေးကောက်ပွဲပြီး အငြင်းပွားမှုပြန်လည်ဖြေရှင်းခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာ ကောင်းသောအလေ့အကျင့်နှင့် ပြောင်းလဲမှုမရှိပဲ တစ်ခုလုံးအားဖြင့် ပွင့်လင်းမြင်သာပြီး ပညာရှင် ပီသသော နည်းဟန်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြသည်။ သို့သော်မှုဘောင်ဖြင့် အုပ်ချုပ်နေသော ရွေးကောက်ပွဲ အငြင်းပွားမှုများသည် အဓိကအားဖြင့် အမှီခိုကင်းသော တရားစီရင်ရေးအာဏာသို့ အယူခံဝင်ရန်အတွက် ပြဌာန်းချက်မရှိခြင်း၊ ပြန်လည်ဖြေရှင်းခြင်း အမှုကိစ္စများအတွက် အချိန် ကန့်သတ်ချက်မရှိခြင်းနှင့် တိုင်ကြားချက်များ တင်သွင်းရန် မလိုအပ်စွာကြီးမားသော အတားအဆီး တစ်ခုဖန်တီးထားသည့် ပိုမိုသောဝန်ဆောင်ခများစသည်တို့သည် နိုင်ငံတကာစံညွှန်းများ အောက်ကျ ရောက်နေသည်။

## ရွေးကောက်ပွဲပြီးဆွေးနွေးညှိနှိုင်းပွဲများ

ချီးကျူးထိုက်စွာ UEC သည် ရွေးထုတ်ထားသော နယ်မြေများပို၍ တိုးတက်ကောင်းမွန် လာစေရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရန်

အစည်းအဝေးများ ဆက်တိုက်ကျင်းပခဲ့သည်။[122] ရန်ကုန်နှင့်နေပြည်တော်၊ ကရင်၊မွန်နှင့် ရှမ်းပြည်နယ်များတွင် ကာတာစင်တာ လေ့လာစောင့်ကြည့်ခဲ့သည့် နှစ်ရက်တာ အစည်းအဝေးများတွင် ကော်မရှင်ခွဲများအတွင်း၊ အရပ်ဖက်အသိုင်းအဝိုင်းနှင့် နိုင်ငံရေးဆိုင်ရာပါတီများနှင့် ဆွေးနွေးခြင်းများနှင့် ညှိနှိုင်းခြင်းများပါဝင်ခဲ့သည်။ လုပ်ငန်းစဉ်သည် နိုင်ငံတကာနှင့် အရပ်ဖက်အသိုင်းအဝိုင်း စောင့်ကြည့်လေ့လာသူအဖွဲ့များတက်ရောက်ပြီး ထောက်ခံချက်များ တင်ပြခဲ့သည့် ဖေဖော်ဝါရီလ၂၉ရက် နှင့် မေလ၁ရက်နေ့ တိုင်းပြည်အဆင့် ပြန်လည်သုံးသပ်သော ညီလာခံတွင်ဆုံးခန်းတိုင်ခဲ့သည်။ ဤဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်ရလာဒ်များသည် ဝင်လာသောလွှတ်တော်များနှင့် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုအတွက် အရေးကြီးသောအရင်းအမြစ်တစ်ခုအနေဖြင့်ရှိသည်။

## အကြံပြုချက်များ

အနာဂတ် ရွေးကောက်ပွဲများ အကြို၊ကာတာစင်တာမှ အခြေခံဥပဒေနှင့် တရားဥပဒေစီရင် ပြဌာန်းချက်များ၏ လိုအပ်လာမည့်ပြုပြင်ချက်များဖြစ်သောအောက်ပါအကြံပြုချက်များပြုလုပ်သည်။

### မြန်မာအစိုးရနှင့်ပြည်ထောင်စုလွှတ်တော်သို့

### အခြေခံဥပဒေမူဘောင်

- အခြေခံဥပဒေဆိုင်ရာ ပြန်လည်ပြုပြင်ရေး ကြိုးပမ်းအားထုတ်မှု အစိတ်အပိုင်းအနေဖြင့် နိုင်ငံ၏ အများပြည်သူရေးရာများတွင် လူ့အခွင့်အရေးနှင့် ဆက်စပ်နေသည့် ပူးပေါင်းပါဝင်ခြင်း၊ ၎င်းဖယ်ရှားခဲ့သည့် အခွင့်အရေးများကို လွန်ကဲစွာ ကန့်သတ်ခြင်းများနှင့် အာမခံထားသည့် ၎င်းအခွင့်အရေး များ၏လွတ်လပ်စွာ အုပ်ချုပ်ခြင်းများကို ရှင်းလင်းစွာပြဌာန်းသင့်သည်။ အထူးသဖြင့်:
- အနည်းဆုံး လွှတ်တော်တစ်ခု၏ အမတ် များအားလုံးသည် တိုက်ရိုက်မဲပေးခြင်းမှ အရွေးချယ်ခံရသင့်သည်။ တပ်မတော်မှခန့်အပ်ခြင်းခံရသူများအတွက် အမတ်နေရာများ သီးသန့်ထားခြင်းကို ရပ်တန့်သင့်သည်၊
- လွတ်လပ်မှုနှင့် ဘက်မလိုက်မှုကိုသေချာစေသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအပိုင်းအတွက် ကြိုတင်သတ်မှတ်ထားသော နည်းလမ်းများကို စတင်ရာတွင် စဉ်းစားဆင်ခြင် သင့်သည်၊
- မဲများအား တူညီစေရန်အလို့ငှာ အုပ်ချုပ်ရေးနယ်နိမိတ်တစ်ခုတည်းအစား လူဦးရေ သို့မဟုတ် မှတ်တမ်းတင်ထားသည့် မဲဆန္ဒရှင်များ အရေအတွက်ပေါ်အခြေခံသင့်သည်၊

[122] ၂၀၁၄၊ ၂၀၁၈မဟာဗျူဟာအစီအစဉ်နှင့်အညီ၊UEC သည် ၂၀၁၅ ဒီဇင်ဘာလနှင့်၂၀၁၆ဖေဖော်ဝါရီ အကြားတွင် ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာမြို့တော်များတွင် ရွေးကောက်ပွဲများအတွက်ဆွေးနွေးညှိနှိုင်းမှုများဆက်တိုက်ကျင်းပပြုလုပ်ခဲ့သည်။

- တနိုင်ငံလုံးမဲပေးနိုင်ခွင့်မြှင့်တင်ရန်အလို့ငှာ အချက်၃၉၂ကို ပယ်ဖျက်ခြင်းအပါအဝင် မဲပေးရန်အခွင့်အရေးပေါ်တွင် အကြောင်းပြချက်မရှိပဲ ကန့်သတ်ချက်များကိုဖယ်ရှားသင့်သည်၊

- ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်မှုနှင့် နိုင်ငံသားဖြစ်မှုတို့တွင် နိုင်ငံသားဖြစ်မှုအပေါ်တွင် အခြေခံ၍ခွဲခြားထားခြင်းများကို ဖယ်ရှားခြင်းဖြင့်ပြင် ဆင်သင့်သည်၊

- ဤသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆုံးဖြတ်ချက်များ၏ အယူခံဝင်ခွင့်မှ တရားစီရင်ရေး အခွင့်အာဏာသို့ထောက်ပံ့ပေးခြင်းဖြစ်သင့်ပြီး

- တိုင်းတစ်ပါးနိုင်ငံသားဖြစ်နေသော မိဘ၊ ခင်ပွန်း/ဇနီး သို့မဟုတ် ကလေးမည်သူမဆို သမ္မတနေရာဆုပ်ကိုင်ခြင်းမှတားမြစ်ချက်ကိုပြန်၍စဉ်းစားသင့်သည်။

**အပြည်ပြည်ဆိုင်ရာညီလာခံများနှင့်သဘောတူချက်များအတည်ပြုလက်မှတ်ရေးထိုးခြင်း**

- မြန်မာနိုင်ငံသည် အရပ်ဖက်နှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများပေါ် အပြည်ပြည်ဆိုင်ရာအစည်းအဝေးများနှင့် ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲများအတွက် စံများအတည်တကျဖြစ်စေသည့် အခြားအပြည် ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းများ၊ နိုင်ငံရေးဆိုင်ရာပါဝင်ခြင်းများနှင့် အခြားလူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများ အတည်ပြု လက်မှတ်ရေးထိုးရာတွင် စဉ်းစားသင့်သည်။

**လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်း၊စုဝေးခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်း**

- ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲများ ကျင်းပရန်အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်သေချာစေရန် အခြေခံဥပဒေတွင် ပြဌာန်းထားသည့် လူထုစုဝေးခြင်းနှင့် အသင်းအဖွဲ့များ၏လွတ်လပ်မှုများကို လက်တွေ့အာမခံသင့်သည်။ ကိုယ်စားလှယ်လောင်း များနှင့်နိုင်ငံရေးဆိုင်ရာပါတီများကို လွန်ကဲကန့်သတ်ချက်များ သို့မဟုတ် ကြိုတင်ခွင့်ပြုချက်အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်စေသောလိုအပ်ချက်များ မရှိပဲစည်းရုံးလှုံ့ဆော်ရန် ခွင့်ပြုသင့်သည်။ လိုအပ်သော လုံခြုံရေးပြင်ဆင်မှုများပြုလုပ်ရန် ဥပဒေအရအတည်ပြုချက်အတွက် စည်းရုံးလှုံ့ဆော်ရေး အခမ်းအနားများလုပ် ဆောင်ရန်အခြေအနေများကို သက်ဆိုင်ရာအာဏာပိုင်များသို့ အချိန်မီ သတင်းပေးရန်ကန့်သတ်ထားသင့်သည်။ ပါတီများအတွက် မီဒီယာအချိန်ကို လွတ်လက်စွာသုံးရန် ကိုယ်စားလှယ်လောင်း မိန့်ခွန်းပါအကြောင်းအရာများ ကြိုတင်ခွင့်ပြုချက် ယူရန် မလိုအပ် သင့်ပေ။

- အရပ်ဖက်လူထု အသိုင်းအဝိုင်းနှင့် ဂျာနယ်လစ်များ အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် အပြစ်ဒဏ်များ ကြောက်ရွံ့မှုမှလွတ်လပ်စွာ အလုပ်လုပ်နိုင်ရန် ခွင့်ပြုထားသော ကာကွယ်မှုများကိုဥပဒေပြဌာန်းခြင်းဖြင့် အားစိုက်ထုတ်သင့်သည်။ အသေရေဖျက်မှုသည် ပြစ်မှုမမြောက်သင့်ပေ၊

လူထုအခြေပြုတာဝန်ယူမှုကိုလည်း ကန့်သတ်ထားသင့်ပြီး အချိုးကျ ထိရိုက်နစ်နာစေသည်။ နိုင်ငံပိုင်မီဒီယာများသည် ရွေးကောက်ပွဲပြိုင်ပွဲဝင်သူများအား မျှမျှတတ လွှမ်းခြုံနိုင်ဖို့လိုအပ်ပြီး ရွေးကောက်ပွဲပြိုင်ပွဲဝင်သူများအားလုံးသည်လည်း အများပြည်သူနှင့် ပုဂ္ဂလိကမီဒီယာများကိုသာ တူညီမျှဝင်ရောက်ခွင့် ရှိသင့်သည်။

- နိုင်ငံပိုင်မီဒီယာသည် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ကြသူများအကြား တူညီစွာဖော်ပြပေးပြီးယှဉ်ပြိုင်သူများသည် အများပိုင်နှင့်ပုဂ္ဂလိက မီဒီယာများနှင့် တူညီစွာဆက်ဆံခွင့်တို့အား ထိန်းညှိပေးသင့်သည်
- ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အပါအဝင် နိုင်ငံရေးဆိုင်ရာပါတီများ၊ မီဒီယာနှင့် အရပ်ဖက်အသိုင်းအဝိုင်းများသည်လုံခြုံရေးတပ်ဖွဲ့များမှဝင်ရောက်စွက်ဖက်ခြင်းသို့မဟုတ်စောင့်ကြည့်ရန် အကြောင်းအရင်းမရှိသင့်ပဲခြိမ်းခြောက်မှုကင်းစွာ အလုပ်လုပ်နိုင်သင့်သည်။ ထိုစောင့်ကြည့်သည့် အထူးဌာနခွဲများ၏ ဆောင်ရွက်လုပ်ရှားမှုများကိုအဆုံးသတ်သင့်သည်။

**ရွေးကောက်ပွဲအုပ်ချုပ်ရေး**

- ယခုလက်ရှိ UEC၏တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့်အတွင်းရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများကို ထိန်းညှိရန်ရွေးကောက်ပွဲ ဥပဒေများပြင်ဆင်ရေးအား စဉ်းစားဆင်ခြင်ခြင်းများ ပြုလုပ်သင့်သည်။ ၄င်းတို့မှာ-
  - ရွေးကောက်ပွဲများနှင့်စည်းရုံးလှုံ့ဆော်ပွဲများအတွက်အချိန်ဇယား
  - ရွေးကောက်ပွဲကော်မရှင်ခွဲများ၏အသင်းဝင်ခန့်အပ်ခြင်း
  - ကြိုတင်မဲပေးခြင်းအတွက်မဲဆန္ဒရှင်အရည်အချင်းပြည့်မီမှုပါဝင်သောကြိုတင်မဲပေး ခြင်း
  - မဲသက်တမ်းဆုံးဖြတ်ခြင်း
  - ရလာဒ်များစီမံခန့်ခွဲမှုနှင့်ဇယားကွက်တွင်းဖြည့်သွင်းခြင်း
  - စည်းရုံးလှုံ့ဆော်မှုအသုံးစရိတ်အားငွေစာရင်းစစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း
- ကော်မရှင်ခွဲများ၏ လွတ်လပ်စွာတွေးခေါ်ထင်မြင်နိုင်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပို၍လွတ်လပ်သော တွေးခေါ်ခြင်းများဖန်တီးခြင်းဖြင့် တိုးမြှင့်နိုင်သည်။ ၄င်းအားသီးခြား ရုံးခန်းနှင့် ဝန်ထမ်းများအတွက် ထပ်ပေါင်းထားသော ဘတ်ဂျက်ခွဲတမ်းမှတဆင့်ရရှိနိုင်သည်။
- အဆင့်တိုင်းတွင်ဟန်ချက်ညီသော၊ဘက်မလိုက်သောရွေးကောက်ပွဲအုပ်ချုပ်ရေးဖြစ်စေရန် ကော်မရှင်ခွဲအဖွဲ့ဝင်များ ခန့်အပ်ရေးအတွက် လုပ်ထုံးလုပ်နည်းအသစ်များကို မြန်မာနိုင်ငံ၏ တိုင်းရင်းသား မတူကွဲပြားမှု ကိုယ်စားပြုရန်နှင့်ရွေးကောက်ပွဲကော်မရှင်ခွဲများ၏ ဖွဲ့စည်းမှုသည် ကျား/မ မျှတကြောင်း သေချာစေရန်ကြိုတင်စဉ်းစားသင့်သည်။ စဉ်းစားတွေးတောခြင်းများကို ကျွမ်းကျင် ကော်မရှင်များတည်ထောင်ခြင်း သို့မဟုတ် အရပ်ဖက်အသိုင်းအဝိုင်းများ၏ ကိုယ်စားပြုခြင်းများ ပါဝင်မှုတွင်ပေးနိုင်သည်။

- စစ်ဘက်ဆိုင်ရာ မဲပေးခြင်းအပါအဝင် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များအားလုံး၏ ပွင့်လင်းမြင်သာမှုကို ဥပဒေဖြင့် ၅အာခြေခိုင်စေသင့်သည်။ ဤတွင်ကြိုတင်မဲပေးခြင်း၏ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းအတွက်ပြဋ္ဌာန်းချက်များပါဝင်သင့်သည်။

**ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ၏ဆုံးဖြတ်ချက်**

- ရွေးကောက်ပွဲရလာဒ်များ စီရင်ချက်အမိန့်စိန်ခေါ်မှုများနှင့် လုပ်ငန်းစဉ်တွင်ပါဝင်နိုင်ခွင့် ဆုံးဖြတ်ချက်များ အပါအဝင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် နောက်ဆုံး ပြန်လည်သုံးသပ်ရန် တရားရုံးရှေ့တော်မရောက်ခင် ထည့်သွင်းစဉ်းစားသင့်သည်။
- ထိုအရာသည် ရွေးကောက်ပွဲပြီး အငြင်းပွားမှုဆုံးဖြတ်ချက်စနစ်ကို ပြန်လည်သုံးသပ်ခြင်း ဖြစ်သင့်သည်။ အသုံးပြုနိုင်စွမ်းသည် ပါဝင်သူများခရီးသွားလာရခြင်း လျှော့ချခြင်း၊ အမှုတွဲကြေးများဖျက်သိမ်းခြင်းနှင့် အငြင်းပွားမှုများယူဆောင်လာခြင်းအတွက် ပါဝင်သူများအတွက် အဆင်ပြေသော ဖိုရမ်တစ်ခုလုပ်ဆောင်ခြင်းအားဖြင့် တိုးတက်နိုင်သည်။ စနစ်အကျိုး ရှိခြင်းသည် အသစ်ရွေးချယ်ခံထားရသောအပိုင်းများ၏ပထမဆုံးအစည်းအဝေးမတိုင်ခင်ဆုံးဖြတ်ချက်များနှင့်စီရင်ချက်အမိန့်မှရေးသားထားသောတုံ့ပြန်မှုအတွက် လိုအပ်ချက်အပါအဝင် အငြင်းပွားမှုများ ပြန်လည်သုံးသပ်ရေးအတွက် အချိန်ဇယားများစတင်ခြင်းအားဖြင့် တိုးတက်စေနိုင်သည်။

**အမျိုးသမီးများ၏ပါဝင်မှု**

- ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ပါလီမန်လွှတ်တော်၊ နိုင်ငံရေးဆိုင်ရာပါတီများနှင့် အရပ်ဖက်အသိုင်းအဝိုင်းများအား အပြည့်ပြည့်ဆိုင်ရာ တူညီစွာပါဝင်ခြင်း စံနှုန်းဆီသို့သိသာထင်ရှားသောတိုးတက်မှုပြုလုပ်ရန် နည်းလမ်းများ ဆန်းသစ်ဖို့အားပေးသည်။ ဤတွင် ရွေးကောက်ပွဲ၌ အမျိုးသမီးအရေအတွက်များ ပိုကြီးမားရန်နှင့် ပို၍အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ပေါ်ထွက်လာစေရန် အဆင့်များပါဝင်သည်။
- အဆင့်တိုင်းတွင် ရွေးကောက်ပွဲကော်မရှင်အရာရှိများကို ခန့်အပ်ရာတွင် ကျား/မ လိုအပ်ချက်များကို စတင်ရာ၌ စဉ်းစားသင့်သည်။

**မဲဆန္ဒရှင်နှင့်ကိုယ်စားလှယ်လောင်းအရည်အချင်းပြည့်မီမှု**

- ဒေဝါလီခံရသူများနှင့်သာသနာ့ ဘောင်အတွင်းရှိဝန်ထမ်းများ၊ ဘုန်းတော်ကြီးများ မဲပေးနိုင်ခွင့်ကို ငြင်းပယ်ခြင်း အပါအဝင် မဲဆန္ဒရှင်အရည်အချင်းပြည့်မီမှုအပေါ် အကြောင်းပြချက်မရှိသော ကန့်သတ်ခြင်းများအား ဖယ်ရှားသင့်သည်။

- နိုင်ငံသားဖြစ်ခွင့်ကို ထိခိုက်စေသော ဥပဒေသည် နိုင်ငံတကာစံညွှန်းနှင့် အညီလုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံ၏ ဥပဒေရေးရာအဆင့်အတန်းကို အကျင့်ဖြစ်နေသော ဒေသခံများအထူးသဖြင့် ယခင်ယာယီမှတ်ပုံတင်ကိုင်ဆောင်ထားသူများကို ခွဲခြားဆက်ဆံမှုမရှိသော လုပ်ငန်းစဉ်မှ တဆင့်တူညီသော အခွင့်အရေးများရရှိစေရန် ဆုံးဖြတ်သင့်သည်။ နိုင်ငံသားအဖြစ် စစ်ဆေးအတည်ပြုခြင်းနှင့် သက်သေခံစာရွက်စာတမ်းများ လုပ်ဆောင်ခြင်းသည် ပွင့်လင်းမြင်သာစေ၊ ခွဲခြားဆက်ဆံမှုမရှိသော၊ တရားမျှတသောနှင့် အချိန်နှင့်တပြေးညီသော နည်းဟန်အဖြစ် ဖော်ထုတ် လုပ်ဆောင်သင့်သည်။
- ပင်ကိုနိုင်ငံသားဖြစ်မှုပေါ် အခြေခံသော ရေရှည်နေထိုင်ခွင့်လိုအပ်ချက်နှင့် ကွက်လပ်ကန့်သတ်ခြင်း အပါအဝင်ရုံးအတွက်ရပ်တည်ပိုင်ခွင့်အပေါ် လွန်ကဲကန့်သတ်ချက်များကို ဖယ်ရှားသင့်သည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဌာန်းချက်ကို တရားရေးရာ အာဏာပိုင်တွင် အယူခံဝင်ခွင့် အရည်အချင်း မပြည့်ဝခြင်းနှင့် ကိုယ်စားလှယ်လောင်း စီစစ်မှုလုပ်ငန်းစဉ်တွင် ကာကွယ်စောင့်ရှောက်မှုများ အာမခံ နိုင်ရန်ပြောင်းလဲသင့်သည်။

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း

- ရွေးကောက်ပွဲဥပဒေပြဌာန်းချက်ကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအတွက် ပေးသင့်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တသ်ခုလုံးအား စောင့်ကြည့်လေ့လာသူများ ရောက်နိုင်ရန် အာမခံပေးသင့်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့

## ပွင့်လင်းမြင်သာသောနှင့်ထိရောက်သောရွေးကောက်ပွဲအုပ်ချုပ်ရေး

- UECသည် ဒေသများရှိနိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်များဆီသို့ ဖြန့်ကျက်မှုကို တိုးမြှင့်နိုင်သည်။ ဤတွင် ရွေးကောက်ပွဲဆိုင်ရာ ပြက္ခဒိန်များ ထုတ်ဝေခြင်း၊ UEC၏ ဆုံးဖြတ်ချက်အားလုံးကို အများပြည်သူများကို အသိပေးခြင်း၊ လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲများ ဖျက်သိမ်းခြင်း အတွက်စံများ ရှင်းလင်းပြခြင်း၊ ရွေးကောက်ပွဲနေ့ သက်သေခံလိုအပ်ချက်သတင်းများကို အများပြည်သူများထံ အသိပေးခြင်းနှင့် တိုင်းကြားမှုများနှင့်အယူခံဝင်ခြင်းလုပ်ငန်းစဉ်အပေါ် မဲဆန္ဒရှင်ပညာပေးများပြုလုပ်ခြင်းတို့ ပါဝင်သည်။
- တသမတ်တည်းကျသော ဥပဒေညွှန်ကြားချက်များနှင့် အကျိုးဖြစ်ထွန်းစေသော ရွေးကောက်ပွဲအုပ်ချုပ်မှုပိုမိုရရှိရန် UEC နှင့် ကော်မရှင်ခွဲများကြား အတွင်းကြားဆက်သွယ်ခြင်း

စီမံခန့်ခွဲရေးအတွက် စနစ်သည် ဆုံးဖြတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကော်မရှင်ခွဲများသို့ ညွှန်ကြားချက်၊ သတင်းပို့ ချက်များကို ချက်ချင်းဆောင်ကြဉ်းပေးသင့်ပြီး ကော်မရှင်ခွဲများကိုသာ လွန်သောရွေးကောက်ပွဲကော်မရှင်များမှလမ်းညွှန်ချက်များရှာရန်အားပေးသင့်သည်။

## မဲဆန္ဒရှင်စာရင်းများ

- UECသည် စာရင်းများတိကျမှန်ကန်မှု တိုးတက်စေရန်နှင့် မဲဆန္ဒရှင်များပေါ်တွင် ဝန်ထုပ်ဝန်ပိုး လျှော့ချရန် မဲဆန္ဒရှင်စာရင်းများ မွမ်းမံခြင်းအတွက် ပို၍လိုလားတက်ကြွစွာ တာဝန်ယူဆောင်သင့်သည်။ မှတ်တမ်းများထပ်နေခြင်း သို့မဟုတ် မှားနေခြင်းကို စုံစမ်းစစ်ဆေးသင့်သည်။ မှတ်တမ်းများအတည်ပြုခြင်း လုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာနိုင်သင့်သည်။ ဒစ်ဂျစ်တယ် မဲဆန္ဒရှင်မှတ် တမ်းစာရင်းမှ ဆွဲထုတ်ထားသော မဲဆန္ဒရှင်စာရင်းများကို အများပြည်သူ စီစစ်ရေးအတွက် အခါအားလျော်စွာ ဖော်ပြသင့်သည်။ တသမတ်တည်း နည်းလမ်းဖြင့် စာရင်းများ ထုတ်ဖော်ပြသခြင်းသည် မဲဆန္ဒရှင်ရှုပ်ထွေးမှုများကိုကန့်သတ်နိုင်သည်။
- UECသည် ဒစ်ဂျစ်တယ်မဲဆန္ဒရှင်မှတ်တမ်း စာရင်းအသစ်ကို တိကျစွာထိန်းသိမ်းထားခြင်းအား သေချာအောင်လုပ်သင့်သည်။ အဆုံးမှသာ UECသည် အခြားအစိုးရအေဂျင်စီများမှ ထောက်ပံ့ ထားသော အချက်အလက်များကဲ့သို့ ၄င်းတို့၏ ကိုယ်ပိုင်အချက်အလက်ကို အသုံးပြုပြီးပုံမှန် ကြားကာလများ၌ မဲဆန္ဒရှင်မှတ်တမ်းစာရင်းကို ပြုပြင်မွမ်းမံသင့်သည်။ မဲဆန္ဒရှင်စာရင်း ပြုလုပ်ခြင်းကို ထောက်ပံ့ရန် UECနှင့်ကော်မရှင်ခွဲများတွင် လုံလောက်သော ဝန်ထမ်းအင်အားများ ရှိသင့်သည်။
- ပြဿနာများကြောင့် နိုင်ငံသားအခွင့်အရေး ရုပ်သိမ်းမှုများကို လျှော့ချရန် IDPများ ၄င်းတို့၏ မဲပေးနေရာများ ပြောင်းလဲရန် သို့မဟုတ် ၄င်းတို့၏မူလနေရာတွင်ပင် ရွေးကောက်ပွဲအတွက် မဲပေးရန်အတွက် နည်းလမ်းများအတည်ပြုသင့်သည်။ UECသည် IDPများနှင့် ရွှေ့ပြောင်း လုပ်သားများ မဲဆန္ဒရှင်စာရင်းတွင်ပါဝင် ကြောင်းသေချာရန် တိုးမြှင့်ကြိုးပမ်းအားထုတ်သင့်သည်။

## ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းနှင့်စီစစ်မှု

- UEC မှ ကိုယ်စားလှယ်လောင်းအရည်အချင်းပြည့်မီခြင်း စီစစ်မှုအတွက် နည်းလမ်းများသည် ဆုံးဖြတ်ချက်များအတွက် မည်သည့်စာရွက်စာတမ်းများသည် အခြေခံဖြစ်ကြောင်း ဖော်ထုတ်ခြင်း အပါအဝင်ခွဲခြားဆက်ဆံမှုမရှိသော လုပ်ပုံလုပ်နည်းများဖြင့် အားလုံးသော ကိုယ်စားလှယ်များ အပေါ်တွင်တသမတ်တည်း အသုံးချကြောင်း သေချာအောင်လုပ်သင့်သည်။ အရည်အချင်း မပြည့်မီ ကြောင်းဆုံးဖြတ်ချက်များသည် အကျိုးအကြောင်းဆီလျော်သင့်ပြီး ငြင်းပယ်ခံရသည့် ကိုယ်စားလှယ်များသည် အယူခံဝင်ရန်အခွင့်အရေးပေးသင့်သည်။ ခွဲခြားဆက်ဆံခြင်း

မြင့်တက်နေခြင်း၏ စွပ်စွဲချက်အကြောင်း ကိစ္စများတွင် UEC သည် ကော်မရှင်ခွဲများ၏ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန် ၎င်းတို့၏ ဆုံးဖြတ်ခွင့်အာဏာကို လက်တွေ့အသုံးချသင့်သည်။

**မဲဆွယ်စည်းရုံးခြင်းနှင့်မဲဆွယ်ခြင်းငွေကြေးစီမံမှု**

- စည်းရုံးလှုံ့ဆော်မှုတွင် ဘာသာရေးဆိုင်ရာ အလွဲသုံးစားမှုစွပ်စွဲချက်များကို ချက်ချင်းဖြေရှင်းသင့်သည်။ အဆိုပါကိစ္စများသည UEC၏ အခွင့်အာဏာအတွင်း မရှိပါက ကိုယ်စားလှယ်လောင်းများသည် ထိုကဲ့သို့သော တိုင်ကြားချက်များအတွက် သင့်တော်သောဖိုရမ်ကို အကြောင်းကြားသင့်သည်။
- စည်းရုံးလှုံ့ဆော်မှုငွေကြေးဆိုင်ရာ စည်းမျဉ်းများ၏ အကျိုးသက်ရောက်မှုကို အထက်ဖော်ပြပါ threshold အပေါ်တွင် လှူဒါန်းသူများ၏ မည်သူကမည်မျှပံ့ပိုးပေးသည်ကို ထုတ်ဖော်မှုနှင့် အစီရင်ခံ စာများထုတ်ဝေမှု၊ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာပံ့ပိုးမှုများနှင့် စည်းရုံးလှုံ့ဆော်ကာလအတွင်းသုံစွဲခဲ့ခြင်းပေါ်တွင် အစီရင်ခံရန်လိုအပ်ချက်ဖြစ်သော စောင့်ကြည့်လေ့လာခြင်း လုပ်ထုံးလုပ်နည်း မိတ်ဆက်ခြင်းမှ တဆင့်တိုးမြှင့်နိုင်သည်။

**မဲဆန္ဒရှင်ပညာပေးခြင်း**

- UECသည် နောက်လာမည့် ရွေးကောက်ပွဲများတွင်မဲဆန္ဒရှင်ပညာပေး လှုပ်ရှားမှုများကို တိုးမြှင့်သင့်သည်။ ယခုရွေးကောက်ပွဲတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ကောင်းသောအဆင့်မှပူ ပေါင်းလုပ်ဆောင်နေစဉ်တွင် UECနှင့်အထူးသဖြင့် ၎င်းကော်မရှင်ခွဲများသည် မဲဆန္ဒရှင်များဆီသို့ ၎င်းတို့၏ အဝေးရောက်နေမှုကိုပို၍ အဆင်သင့်ဖြစ်နေသင့်သည်။ မဲဆန္ဒရှင်ပညာပေး၏ အကျိုးသက်ရောက်မှုပိုများစေရန် ပုံနှိပ်မီဒီယာတွင် ကြော်ငြာခြင်းနှင့် မီဒီယာထုတ်လွှင့်ခြင်း ကဏ္ဍများအသုံးပြုမှုမြှင့်တင်ခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။ CSOများနှင့် စေ့စပ်လုပ်ဆောင်နေသော မဲဆန္ဒရှင်ပညာပေးပူးပေါင်းမှုတွင် UEC သည် ထို CSO များကို အချိန်နှင့်တပြေးညီစည်းကမ်းများနှင့်နည်း လမ်းများအကြောင်းသက်ဆိုင်ရာ သတင်းအချက် အလက်များကို ပေးသင့်သည်။

## ကြိုတင်မဲပေးခြင်း

- ကြိုတင်မဲပေးခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ခြင်းကို လိမ်လည်မှုဖြစ်စဉ်အား နည်းလာစေရန်နှင့် မဲပေးခြင်းလုပ်ငန်းစဉ်အပိုင်းတွင် လူထုစိတ်ချ ယုံကြည်မှုမြင့်မားလာစေရန် ကျင်းပသင့်သည်။
  - စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ အပါအဝင်ကြိုတင်မဲပေးရန်တောင်းဆိုထားသည့် မဲဆန္ဒရှင်များစာရင်း ကြေငြာခြင်း။
  - မဲများပို့ခဲ့ခြင်းနှင့် လက်ခံရရှိခဲ့ခြင်းတို့အတွက် ယူဆနိုင်သော တိုင်းတာမှုများမိတ်ဆက်ခြင်း၊
  - ကြိုတင်မဲပေးခြင်းတောင်းဆိုမှု စစ်ဆေးခြင်းအတွက် ခွင့်ပြုပေးခြင်း၊
  - ကြိုတင်မဲပေးရန်တောင်းဆိုသော အရေအတွက်နှင့် မည်သည့်နေရာတွင် ပြုလုပ်မည်ကို ပုံနှိပ်ထုတ်ဝေခြင်း၊
  - ကြိုတင်မဲဆန္ဒရှင်များ၏အရိပ်အခြေ၊
  - ရွေးကောက်ပွဲနေ့တွင် အသုံးပြုမည့်မဲဆန္ဒရှင်စာရင်းတွင် ကြိုတင်မဲပေးသူများ ပယ်ဖျက်ထားရန်လိုအပ်သည့် အတည်ပြုချက်။
- ဆုံးဖြတ်မဲ အပါအဝင်ကြိုတင်မဲပေးခြင်းအားလုံးကို အသိအမှတ်ပြုထားသည့် စောင့်ကြည့်လေ့လာသူများနှင့် ပါတီ/ကိုယ်စားလှယ်လောင်းများမှ စောင့်ကြည့်လေ့လာခြင်းကို အပြည့်အဝဖွင့်လှစ်ထားသင့်သည်။

## မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလာဒ်များအားဖြည့်သွင်းခြင်း

- အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များ၏ အလားအလာရှိသော disenfranchisement ကို ကန့်သတ်ရန်ရွေးကောက်ပွဲနေ့ မဲဆန္ဒရှင်ခွဲခြားဖော်ထုတ်ခြင်း လိုအပ်ချက်များသည် ရွေးကောက်ပွဲနေ့မတိုင်မီ လူထုကြား ကောင်းမွန်စွာရှင်းလင်းဖော်ထုတ်ပြီး ဆက်သွယ်ထားသင့်သည်။ မဲပေးစာရွက်များကို ဆက်၍သုံးမည်ဆိုပါက လုပ်ထုံးလုပ်နည်းများကို တူညီစွာပုံသေဘောင်ခတ်ထားပြီး အသုံးချသင့်သည်။
- ဇယားကွက်တွင် မဲစာရင်းများဖြည့်သွင်းခြင်း လုပ်ငန်းစဉ်ပွင့်လင်းမြင်သာမှု တိုးမြင့်စေရန်မြို့နယ်ကော်မရှင်ခွဲများအတွက် လုပ်ထုံးလုပ်နည်းများကို အားစိုက်ထုတ်သင့်သည်။ လုပ်ငန်းစဉ်တစ်ခုလုံးကိုစောင့်ကြည့်ရန် စောင့်ကြည့်လေ့လာသူများနှင့် ကိုယ်စားလှယ်လောင်းများ အပြည့်အစုံဝင်ရောက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ လိုအပ်သင့်သည်။ ရလာဒ်များကို မဲရုံများနှင့်

မြို့နယ်အဆင့်များတွင် ချက်ချင်းကြေငြာသင့်ပြီး ရလာဒ်များကို မဲရုံမှ ကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြု နိုင်အောင်ပြုလုပ်ထားသင့်သည်။

**မသန်စွမ်းသူအခွင့်အရေးများနှင့်လက်လှမ်းမီနိုင်မှု**

- မသန်စွမ်းသူများမှ မဲရုံများဝင်ခွင့်ရခြင်းတိုးမြင့်လာစေရန် အားစိုက်မှုများဆက်၍ လုပ်ဆောင်သင့်သည်။ အဟန့်အတားများ သို့မဟုတ် ဝင်ခွင့်မရှိသည့်နေရာများကို သင့်တော်သောနေရာထိုင်ခင်းများပြုလုပ်ခြင်း သို့မဟုတ် ပြန်လည်ဆုံးဖြတ်ခြင်းများ ပြုလုပ်သင့်သည်။

**သင်တန်းနှင့်စွမ်းရည်တည်ဆောက်ခြင်း**

- မဲရုံဝန်ထမ်းများ၏ စွမ်းရည်တိုးတက်စေရန်နှင့် လုပ်ငန်းစဉ်ပို၍ အကျိုးဖြစ်ထွန်းစေရန် အာဏာပိုင်များသည် မဲရုံဝန်ထမ်းများအတွက် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပြောကြားချက်များ ရှာဖွေရန်အခွင့်အလမ်း အထောက်အပံ့ဖြစ်သော သင်တန်းအစီအစဉ် တိုးမြှင့်လုပ်ဆောင်ရန် စဉ်းစားသင့်သည်။ မဲရေတွက်ခြင်းလုပ်ထုံးလုပ်နည်းနှင့် မဲသက်တမ်းဆုံးဖြတ်ရာတွင် အထူးအားရုံစိုက်သင့်သည်။ တိုင်းပြည်ပြင်ပမဲပေးခြင်း စီမံခန့်ခွဲမှုသည် UEC နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကြားတွင် ပူးပေါင်းစွမ်းရည်တည်ဆောက်ရေး ကြိုးပမ်းမှုများအားဖြင့် တိုးတက်နိုင်သည်။

## စကားလုံး၊ ဝေါဟာရနှင့် အတိုကောက်များ

| | |
|---|---|
| **ALD** | Arakan League for Democracy (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| **Amyotha Hluttaw** | Upper House of the Legislature<br>(ဥပဒေပြုရေး၏အထက်လွှတ်တော်) |
| **ANFREL** | Asian Network for Free Elections |
| **ANP** | Arakan National Party (ရခိုင်အမျိုးသားပါတီ) |
| **APHEDA** | Australian People for Health, Education and Development Abroad |
| **ASEAN** | Association of Southeast Asian Nations<br>(အရှေ့တောင်အာရှနိုင်ငံများအသင်းချုပ်) |
| **BSPP** | Burma Socialist Programme Party<br>(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) |
| **COM** | Charity-Oriented Myanmar (ဒါနရှေ့ဆောင်မြန်မာ) |
| **DHRP** | Democracy and Human Rights Party<br>(ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ) |
| **EAG** | Ethnic Armed Group (တိုင်းရင်းသားလက်နက်ကိုင်အုပ်စု) |
| **EEOP** | Election Education and Observation Partners<br>(ရွေးကောက်ပွဲပညာပေးရေးနှင့်စောင့်ကြည့်လေ့လာရေးမိတ်ဖက်များ) |
| **GAD** | General Administration Department<br>(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) |
| **ICCPR** | International Covenant on Civil and Political Rights<br>(နိုင်ငံတကာအရပ်ဖက်နှင့်နိုင်ငံရေးအခွင့်အရေးများကြေငြာစာတမ်း) |
| **IDP** | Internally displaced person (ဒုက္ခသည်) |
| **IFES** | International Foundation for Electoral Systems |
| **IPU** | Inter-Parliamentary Union |
| **KIA** | Kachin Independence Army (ကချင်လွတ်မြောက်ရေးတပ်မတော်) |

| | |
|---|---|
| **LTO** | Long-Term Observer<br>(ရေရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ) |
| **Ma Ba Tha** | Association for the Protection of Race and Religion<br>(အမျိုးဘာသာ၊သာသနာစောင့်ရှောက်ရေးအသင်း) |
| **MID** | Myanmar Institute for Democracy |
| **MILI** | Myanmar Independent Living Initiative<br>(မြန်မာနိုင်ငံမသန်စွမ်းသူများအရှေ့ဆောင်အဖွဲ့) |
| **NCA** | Nationwide Ceasefire Agreement<br>(တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်) |
| **NDF** | National Democratic Force (အမျိုးသားဒီမိုကရေစီအင်အားစု) |
| **NDP** | National Development Party (အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ) |
| **NDPD** | National Democratic Party for Development<br>(ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားဒီမိုကရေစီပါတီ) |
| **NLD** | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| **NUP** | National Unity Party (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) |
| **PACE** | People’s Alliance for Credible Elections |
| **Pyithu Hluttaw** | Lower House of the Legislature |
| **RNDP** | Rakhine Nationalities Development Party<br>(ရခိုင်အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ) |
| **SLORC** | State Law and Order Restoration Council |
| **SNDP** | Shan Nationalities Democratic Party<br>(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီပါတီ) |
| **SNLD** | Shan Nationalities League for Democracy<br>(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) |
| **STO** | Short-Term Observer (ရေတိုရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ) |
| **Tatmadaw** | Myanmar’s Armed Forces (မြန်မာ့တပ်မတော်) |

| | |
|---|---|
| **TRC** | Temporary Registration Certificate (ယာယီနိုင်ငံသားစိစစ်ရေးကတ်) |
| **UDHR** | Universal Declaration of Human Rights (ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း) |
| **UEC** | Union Election Commission (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) |
| **UNHRC** | United Nations Human Rights Committee (ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ) |
| **USDP** | Union Solidarity and Development Party (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) |